www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ပုဏ္ဏာမိ

## ရည်ရွယ်ခဲ့သူရဲ့ဇာတ်လမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၂၇၁၆၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၂၆၀၀၀၇

၂၀၀၇ ခုနှစ်၊ ဇွန်လ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၁၃၈၈၇)
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး၊ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# ပုဏ္ဏမိ





စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

အဆောက်အအုံကြီးရဲ့ ဆိုင်းဘုတ်ကြီးကို တစ်ချက်မော့ကြည့်လိုက်ပြီးမှ **"ထိန်ထိန်"**က ပခုံးလေးတစ်ချက်တွန့်ကာ ပြုံးလိုက်မိပါသည် ...။ ထိန်ထိန့်မျက်နှာကို လှမ်းမြင်လိုက်ရရင် ဖြစ်ပျက်သွားမည့် **"မသက်ပိုင်"**ရဲ့ မျက်နှာကြီးကိုပါ စဉ်းစားလိုက်မိလျှင်တော့ ... ထိန်ထိန့်ရဲ့ အပြုံးကလေးတို့က ရယ်ကျဲကျဲအသွင်သို့ပါ ကူးပြောင်းလာရတော့သည် ...။

မသက်ပိုင်ဟာ သူ့အလုပ်လုပ်ရာရုံးသို့ ထိန်ထိန်တစ်ယောက် မပြောမဆို "ဘွား"ခနဲပေါက်,ပေါက်ချလာရင် ... တစ်စက်ကလေးမှ မနှစ်မြို့က် မကြည်ဖြူတတ်သည့် အစ်မတော်ဘုရားလေ ...။ ထိန်ထိန်ကလည်းပဲ ... ထိန်ထိန် ...။ အဲသလို မကြိုက်သူမှန်းလည်းပဲ သိသိကြီး ဖြစ်ပါရက် ... ဆင်ဆင်ခြင်ခြင် မရှိတဲ့ အပြင် ... မရောက်မဖြစ် ...၊ မပေါက်မဖြစ်တဲ့ ကိစ္စရပ်တွေက ... အလိုလိုနေရင်းကို ပေါ်ပေါ်လာရတာ ...။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကတော့ ... ဒေါ်ထိန်ထိန် ... ဟာ အလွန် တရားမှုကို မေ့တတ် လျော့တတ် ...၊ လျှပ်ပြာပြာ နိုင်တတ်တဲ့ သူငယ်မ အမျိုးအစားလေ ...။ ကျူရှင်တွေ သင်တန်းတွေတက်ဖို့ ထိန်ထိန်တို့ရဲ့အိမ် ရှစ်မိုင် မရမ်းကုန်းကနေ ... မြို့ထဲထိထွက် လာပြီးပြီဆိုမှ ... မြို့ထဲရောက်ပြီးကာမှ ...၊ ပိုက်ဆံတစ်ပြားမှ ပါမလာရတာနဲ့ ...၊ အိမ်သော့တက်ချင်လာရတာနဲ့ ...၊ သူများတကာရဲ့ အိမ်က ရေစက်မော်တာကြီးကို ကူညီပြီး (အမှန်ကတော့ရှည်လျား ပြီး) သွားဖွင့်တင်ပေးခဲ့ပြီးကာမှ ပြန်ပိတ်ဖို့ကျ ... မေ့ခဲ့ရတာနဲ့ ...။

ထိန်ထိန်ရဲ့ ကျူရှင်သင်တန်းများနဲ့ မသက်ပိုင်ရဲ့ ရုံးတည်ရှိရာ နေရာတို့ကလည်း ... ထိန်ထိန် အဖို့ကတော့ ကံ အားလျော်စွာ ... မသက်ပိုင် အဖို့ဆိုရင်တော့ ... ကံဆိုးစွာ ...၊ တော်တော်ကလေးကို နီးနေကြပြီး ကပ်ရက်လိုလိုတွေကို ဖြစ်နေ ကြတာကိုး ...။ "ခြံချင်းကပ်၊ အိမ်ချင်းကပ်ရက် ဝမ်းကွဲညီမတော် ရဲ့ဒဏ်ကို အိမ်မှာနေရင် ... လိမ့်နေအောင် ခံရဖူးပြီမို့ ... အလုပ် ချိန်လေးအတွင်းလောက်တော့ ... လွတ်မြောက်နေပြီး ... လွတ် လွတ်လပ်လပ် ရှိချင်တာပေါ့ ..."လို့ ပေါ်တင်ထုတ်ညည်းထားတဲ့ မသက်ပိုင်ဟာ ... သူ့ရုံးနားမှာမှ သင်တန်းတွေ လာရှိနေလေတဲ့ ထိန်ထိန့်ကို ... "တမင်များ လိုက်လုပ်နေလား မသိပါဘူး ..." ဟုကို သံသယကြီးနှင့်ပါ ...။

"ဟုတ်တယ် ... မျက်စိအောက်က အလွတ်ပေးထားလို့ ဘယ်ဖြစ်မလဲ ... ထိန်ထိန့် ကွယ်ရာမှာ မသက်ပိုင် ဘာ



BURMESE CLASSIC .com



တွေများ လုပ်နေပြီလဲ ဆိုတာ အမြဲမပြတ် လိုက်ချောင်းနေ နိုင်မှ ... တန်ကာကျမှာပေါ့ ..."

ထိန်ထိန်ကလည်း မဟုတ်တန်းတရားတွေကို တမင် တကာ ပြန်ရွဲ့ပြီး ပြောထားကာ ... ကိုယ့်ရဲ့မေ့လျော့၊ နမော်နမဲ့ နိုင်မှုတွေအတွက် ... မသက်ပိုင်တို့ရုံးကို ဝင်ရပြီဆိုရင် ... "မသက် ပိုင်ရေ ... လာချောင်းတာ ... ဟဲ ဟဲ ဟဲ ..."ဆိုရင်ပဲ ... မသက် ပိုင်မှာ မကျေမနပ် ငြူငြူစူစူနှင့် ဗျစ်တောက် ဗျစ်တောက်တွေ ဖြစ်ပြီ ...။

တကယ်တမ်းကျတော့ သူ့မိဘတွေက သမီးဖြစ်သူ ကို တထွတ်တမြတ်နှင့် နာမည်ရှေ့က "မ"တပ်ပြီး ... မိဘများ ကိုယ်၌က "မသက်ပိုင်"ရယ်လို့ စခေါ်ထားကြလို့သာ ... တစ်မျိုး လုံး တစ်ဆွေလုံး ... သူ့ထက် ကြီးကြီးငယ်ငယ် ... "မသက်ပိုင်" ရယ်လို့ပဲ ဖြစ်နေကြရတာ ...။ ထိန်ထိန်နှင့် မသက်ပိုင်တို့က ညီမနဲ့ အစ်မ ဆိုပေမဲ့ ... ဒီလောက်လည်း ကွာကြလှတာမဟုတ်။ မိးဝင်မီးထွက်ဟုတောင် ပြောရင်ရနိုင်ကာ ... ကွာလှမှ ... လပိုင်း။

အဲဒါကိုပဲ သူက အဘင်းကြီး တည်ငြိမ်သလိုလို ... ဣန္ဒြေကြီးသလိုလိုနဲ့ လူကြီး,ကြီး ဖမ်းလုပ်ထားလေတော့ ... ထိန်ထိန့်ခမျာမှာ(ကိုယ်ကလည်း အဲသလိုပဲ လုပ်ချင်ချင် ... အကြိုက် ကကျကျနဲ့ ...) ညီအစ်မနှစ်ယောက်မှာမှ ... ကိုယ်က ... အသက် ကွာပြီး တအားပဲ ငယ်သလိုလို ...၊ ပေါတာကြီးလိုလိုနဲ့ ... ကလေး ဆိုးကြီးကို ဖြစ်လို့ ...။ အသက်တွေ ... နှစ်ဆယ့်တစ်နှစ် အိုယ်စိ



www.burmeseclassic.com

www.burmeseclassic.com



မှာ ... ဘွဲ့တစ်ခုစီ ပြိုင်တူရပြီးကြတာချင်းတူတူ ... "တက်လို့ရသမျှသင်တန်းတွေ ... ဆက်တက်နေကြရအောင်ပါ ... ဒီအရွယ်က ပညာပဲရှာရဦးမှဲ့ အရွယ်ပါ ..."ဘာဘာညာညာ ... နဲ့ ထိန်ထိန်က ဘယ်လိုဆွယ်ဆွယ် ... အဲဒီ မသက်ပိုင်ဟာ အတင်းကြီး ... အလုပ်ဝင်လုပ်ပစ်တာ ကြည့်ပါလား ...။

ခုဂျတော့ ... ဘွဲ့ရပြီးကြလို့ တစ်နှစ်အတွင်း ... ထိန်ထိန်က သင်တန်းများ ... ကျူရှင်များနဲ့ ချာလပတ်ယမ်း ... လုံးလည်ချာလည် လိုက်နေစဉ်မှာ ... သူကတော့ ... ရာထူးတွေဘာတွေပင် တစ်ဆင့်ထပ်တက်လိုက်သေးကာ ... အပျိုကြီးမမလိုလို ...၊ လူကြီးသူမ လိုလို အချိုးကလေးနဲ့ ... ခြံချင်းသုံးခြံကပ်ရက် ... အမျိုးတစ်သိုက်တို့ရဲ့ အလယ်မှာ ... လူကြီးကြိုက် ... တည်ငြိမ် ... အခြေကျ၊ ဣန္ဒြေရရ ...။ ထိန်ထိန်ကတော့ အမေတွေကြီးတော်တွေရဲ့ မျက်စောင်းအောက်မှာ "ဝေလေလေ" ပေါ့လေ။

အို ... ဘာပဲဖြစ်ဖြစ် ...။ လောကမှာ ... ငယ်တုန်း၊ ရွယ်တုန်း ... စိတ်ချမ်းသာဖို့ကသာ အရေးကြီးပါတယ် ...။ မသက်ပိုင်လည်း ... သူ စိတ်ချမ်းသာသလို သူရပ်တည်နေတာ ...။ ထိန်ထိန်လည်း ဝေလေလေ ... မက,လို့ ...၊ကလေးဆိုး ပေါတာကြီး ... မက,လို့ ဘာပဲဖြစ်ဖြစ် ...။

"မသက်ပိုင် ... ဟီး ဟီး ဟီး ဟီး ..."

မသက်ပိုင် အမြဲထိုင်နေကျ ... Front Desk ကောင်တာလေးရှိရာ ... ထောင့်ချိုးကွေ့လေးဆီသို့တောင် မသွားလိုက်





ရပါ ...။ သူတို့ကုမ္ပဏီရုံးခန်းတွေရဲ့ ... Lobby ထဲမှာတင် ... စာရွက်လေးတစ်ထပ်ကို ကိုင်ပြီးလျှောက်လှမ်းလာနေသည့် မသက်ပိုင်ကို မြင်လိုက်ရတာမို့ ထိန်ထိန်က "တဟီးဟီး"နှင့် လှမ်းရယ်ပြလိုက်သည်။ ...။ မသက်ပိုင်ရဲ့ မျက်နှာကလည်း ခါတိုင်းလိုပဲ (အဲ ... ခါတိုင်းထက်တောင် နည်းနည်းပိုဆိုးနေသေးသလားလို့ ...) မကျေမနပ် ပုံစံကြီးနှင့် ... ပျက်ထွက်သွားကာ ...

"ထိန်ထိန် ... ငါ ကြိုပြောတယ်နော် ... ဒီကနေ ရုံးအဆင်းကျ ... ငါ တစ်နေရာဝင်ချင် ဝင်ရဦးမှာ ... ငါ့မှာလည်း ပိုက်ဆံက သိပ်ပါလာတာ မဟုတ်ဘူး ..."

"အာ ... ပိုက်ဆံမေ့ကျန်ခဲ့လို့ ... လာချေးတာမဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ ... နင်တို့ သင်တန်းစုတ်က ... သင်တန်းကြီးတစ်ခုလုံး ဖွင့်ထားပြီးမှ အိမ်သာလေးတစ်လုံးတောင် ထည့်ဆောက်မထားနိုင်လို့လား ... နင်က ငါ့ရုံးကိုပဲ အများပိုင် လမ်းဘေးက ဘုံအိမ်သာလိုလို ... ဘာလိုလို ... အချိုးနဲ့ ..."

"တူမှ မတူတာ ... သူများတို့ သင်တန်းတွေက ဟာတွေက ညစ်ပတ်ကြီး ... ရွံစရာ ...။ သူတို့ရုံးကဟာကကျတော့ ... လှဲအိပ်နေလို့တောင် ရနိုင်တယ် ... မွှေးပျံ့သန့်ရှင်းပြီး အေးစိမ့်နေတာ ...။ လှပဲ ... အကောင်းပဲကြိုက်တော့မှာပေါ့ ...။ ဒါပေမဲ့ ... အခုဟာက ... အိမ်သာတက်ချင်လို့ ဝင်လာတာလည်း မဟုတ်ရပါဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



မသက်ပိုင်က ထပ်မမေးတော့ဘဲ ..."ဘာပါလိမ့်" ဟုသည့် ပုံစံနှင့် စဉ်းစားနေပုံသာ ရပါသည် ...။ ထိန်ထိန်ကား ... ခြဲချင်းကပ် အတူနေ ညီအစ်မတွေ ဖြစ်ကြပါရက် ... သူ့ရုံးသို့ ခဏတဖြုတ်လေးလောက် ရောက်,ရောက် လာမိသည့် အဖြစ်ကိုပဲ ... မဖော်ရွေ၊ မကြုံဆိုလိုဟန်ကြီး ဆီး,ဆီးပြတတ်သည့် မသက်ပိုင်ကို ... စိတ်ထဲ ... ဘယ်နှယ်မှ မရှိမိတဲ့အပြင် ... ရယ်ချင်စိတ်ဟို့ပင် ရှိရပါသေးသည် ...။ ဘာလို့ဆို ... အဲသလို ဆီးကြိုတတ်ရခြင်း အဖြစ်အပျက်မှာ ... မသက်ပိုင်ရဲ့ အလွန်မရှိ...။ ထိန်ထိန့် အပြစ်တွေချည်းသာ ... ဆိုတာ ... ကိုယ့်ဘာသာလည်း ကိုယ်သိနေပြီးသားမို့လေ ...။

"ပိုက်ဆံအိတ် မေ့ကျန်ခဲ့လို့ ..."ဟု ... ပိုက်ဆံဝင် ချေးတတ်သော ထိန်ထိန်ဟာ ... တစ်ခါတလေကျ ... တားမရ... ဆီးမရ ...(အများမျက်စိရှေ့မှောက် အောက်မှာမို့)ဟန်ကလေး လောက်နဲ့ အော်ငေါက်မရ ...၊ "မသက်ပိုင်က ... နေ့လယ်စာ ကော်ဖီလည်း ရုံးကတိုက်တာပဲ ...။ အပြန်ကျလည်း ဖယ်ရီပေါ် တန်းတက်ရမှာ ... ဘာသုံးစရာရှိရမှာလဲ ... ပေးလိုက်စမ်းပါ ... အကုန်လုံးပဲ ..."ဟု ... ပိုက်ဆံအိတ် တစ်ခုလုံး ... မှောက်သွန်ချ ယူငင်သွားပြီးမှ ... အိမ်ကျရင် ပြန်ဆပ်ဖို့မေ့နေ(မသက်ပိုင်ရဲ့ အပြောအရတော့ ... အမေ့ခံ)ချင် မေ့နေတတ်တာ ...။

အိမ်သာ လာဝင်တက်တာလောက်ကတော့ ... သူ့ရုံးမှာ မျက်နှာနာစရာ ပူစရာ မရှိသေးပေမဲ့ ... အိမ်သာတက်





ပြီးတာနဲ့ ... လက်ဆေး၊ အခြောက်ခံစက်နဲ့ အခြောက်ခံပြီးရင် ရုံးသူရုံးသားတွေတောင် ... ကိုယ့်အသိတရားလေးနဲ့ကိုယ် ... ကြည့်ကျက်သုံးရသော ... Hand Cream လို ဟာမျိုးတွေကို ... ထိန်ထိန်က ... အနံ့ဟထောင်းထောင်း ထွက်နေအောင် တစ်ကလော်ကြီး နှိုက်,နှိုက်ပြီး ... အားရပါးရ သုံးသွားတတ်တာကိုကျ မသက်ပိုင် ခမျာ ... မျက်နှာပူ ... အရှက်ရ,ရတာမျိုး ရှိချင်လည်း ရှိမှာပေါ့လေ ...။ ထိန်ထိန်ကလည်း ... သုံးချင်တာကိုးလို့ ...။ သူ့ဟာလေးက လက်ကလေးကို မွှေးမွှေးအေးအေးလေးနဲ့ နူးညံ့ပြီး ကျန်ရစ်တာကိုး ...။ ပြီးကျ ... ရုံးအိမ်သာခန်းထဲက လက်ဆေးကြွေဇလုံရှေ့မှာ ချထားပေးကတည်းက ... သုံးစေချင်လို့ မဟုတ်ဘူးလား ... ဟဲ ဟဲ ...။

တစ်ခါတလေကျပြန်တော့ ... ကိုယ့်အိမ်မှာ၊ မသက်ပိုင်တို့အိမ်မှာ၊ ကြီးကြီးတို့အိမ်မှာ ... မီးဖွင့်၊ ရေပိုက်ခေါင်းကြီးဖွင့်၊ ရေစက်ကြီးဖွင့်၊ ရေခဲသေတ္တာတံခါးကြီးဖွင့် ...၊ အိမ်ရှေ့တံခါးမကြီး ... ခြံတံခါးကြီးတွေဖွင့် ...။ အဲသလို ဖွင့်,ဖွင့်ပစ်ခဲ့မိပြီး ... မေ့ကျန်ရစ်တာကို ... အိမ်ရှိလူများထံ အသိပေး ပြန်ပိတ်ခိုင်းဖို့ရာမှာ ... ထိန်ထိန်က ... ကိုယ့်ဘာသာ ဘယ်တော့မှ ဖုန်းပြန်မဆက်။

ဘယ်ဆက်မလဲ ...။ ကိုယ်ဆက်လိုက်လို့ ... အိမ်က, ကလေးမတွေနဲ့ မတိုးဘဲ ... လူကြီးတွေနဲ့ပဲ တန်းတိုးနေရင်... အပြီးမေ့သွားတာ မဟုတ်ဘဲ ... သတိလည်း ပြန်ပေးရသေး ဆုံးမ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဩဝါဒတွေ ချွေနေလိုက်ကြတာ ... ကျူရှင်ချိန်တောင် လွန်ထွက်သွားနိုင်သည် ...။ ဒီတော့ ... မသက်ပိုင်ပဲ ဆက်ပေး ... ဟီဟီ။

အဲသလောက်ဟာမျိုးတွေကို ဗျစ်တောက်ဗျစ်တောက်နှင့် မျက်နှာကြီးပျက်ပြီး ... မကျေနပ်ဟန်သာ ရှိတတ်တဲ့ မသက်ပိုင်က ... သူ့ရုံးရှိရာ (ဒီအဆောက်အအုံကြီးရဲ့ ပထမထပ်) အထပ်ရဲ့ အောက်က မြေညီထပ်နဲ့ ... အပေါ်က ဒုတိယထပ်တို့မှာရှိတဲ့ ... တခြားကုမ္ပဏီကြီးတွေရဲ့ အရောင်းပြခန်းနေရာတွေထဲ ... ဝင်,ဝင်မွှေပြီး ... လျှောက်ဒိုးနေတတ်ရင်တော့ ... အတော်ကြီးကို မခံမရပ်နိုင်တွေဖြစ်ကာ ... အိမ်မှာပါ ကြီးကြီးနဲ့ မေမေတို့ထံ ပြန်,ပြန်တိုင် ... အတို့အထောင် လုပ်တတ်လေသည်။

"သက်ပိုင်ရဲ့ ရုံးကိုလည်း ခဏ ... ခဏ ... ကဒီး ကဒီး ဝင်,ဝင်လာနေတယ် ဆိုတာ သိပ်မကောင်းပေမဲ့ ... အဲဒါက ထားလိုက်ဦး ... သက်ပိုင်ရှိလို့ လာတာ... ဆိုရင် ... ဘယ်လို မဆို အကြောင်းရှိသေးတယ် ... တင့်တယ်သေးတယ် ... ခုဟာကကျတော့ မြေညီထပ်နဲ့ ဒုတိယထပ်က သက်ပိုင်ရဲ့ရုံးလည်း မဟုတ် ... တခြားသီးသန့်ကုမ္ပဏီတွေရဲ့ ရုံးခန်း၊ အရောင်းပြခန်းတွေ ... သူ ဘာဝင်,ဝင်သွားစရာ အကြောင်းရှိရမှာလဲ ... သိပ် စိတ်ကုန်စရာကောင်းတာပဲ ..."

"ဘာလဲ ... အဲဒါက ဘယ်သူမဆို ဝင်ထွက်ကြည့်နေလို့ရနေတဲ့ နေရာတွေပဲဟာ ... သူဌေးမင်းပဲ ဖြစ်ဖြစ် ... သူတောင်းစားပဲ ဖြစ်ဖြစ် ... ဘယ်သူ့အတွက်မဆို တံခါးဖွင့်ပေးထားတဲ့ အရောင်းပြခန်းတွေပဲဟာကို ... ဝင်လို့ရလို့ဝင်တာပဲ ... တတိယထပ်တို့၊ စတုတ္ထထပ်တို့ ... တခြားကုမ္ပဏီတွေရဲ့ ရုံးခန်းတွေ ... ရှိတဲ့နေရာတွေ ... ကိုယ့်အသိမရှိရင် ... အပြင်လူ ဝင်လို့မရဘူး ...ဘာမှမဆိုင်ဘူး ... အဲလိုနေရာမျိုးတွေကျ ... သွားဝင်နေလို့လား ..."

မသက်ပိုင်တို့ ရုံးတည်ရှိရာ ငါးထပ်အဆောက်အအုံကြီးဟာ ... တစ်ထပ်ချင်းစီကို ... ကုမ္ပဏီတစ်ခု(သီးသန့်ရုံးတစ်ခု)စီကို ငှားထားသည့် အဆောက်အအုံကြီး ဖြစ်ပါသည် ...။

"အဲဒီအထပ်တွေထဲပါ ကလေးလိုလို ... ခွေးလိုလိုနဲ့ လျှောက်ဝင်နေရင်လည်း ... ငါတောင် ဘာမှပြောနေစရာမလိုတော့ဘူး ... နင့်ကို ဟိုက အလစ်သုတ်မဲ့သူ မှတ်လို့ ရိုက်ထုတ်လိုက်ကြရုံပဲ ... ခုဟာတွေကလည်း လူတကာဝင်ကြည့်လို့ရတဲ့ အရောင်းပြခန်းတွေ ဆိုပေမဲ့ ... နင်နဲ့ဘာဆိုင်လဲ ... နင်ဝယ်မှာလည်း မဟုတ်ဘဲနဲ့ ... ဝင်ကြည့်လိုက် ... ပြန်ထွက်လာလိုက် လုပ်နေတာ ... မရှက်ဘူးလား၊ ခဏ ခဏ အဲလို ဝင်,ဝင်ကြည့်နေတာ ... နင့်ရုပ်တောင် မှတ်မိနေကြတော့မယ် ... ငါ့ညီမမှန်းပါ သိသွားကြရင် ... ငါပါရှောအရှက်ရမယ် ..."

"ဝယ်ချင် ဝယ်မှာပေါ့ ... ခုမဝယ်သေးတောင် ... နောင်ဝယ်မလို့ ... ဝင်,ဝင်စုံစမ်းနေရတာလည်း ဖြစ်နိုင်တာပဲ"






www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ကရ မပြောနဲ့ ... နင် ..."

မသက်ပိုင်နဲ့ ထိန်ထိန်တို့ရဲ့ "ဝယ်မယ် ... မဝယ်ဘူး" ငြင်းခုန်ချက်က ပြင်းထန်လာသော အခါမှာတော့ ... သုံးခြံစလုံးမှာ အာဏာအကြီးဆုံး၊ စကားအတည်ဆုံးဖြစ်ကာ ... ဆုံးဖြတ်ချက်တွေကို ချပေးတတ်မြဲဖြစ်တဲ့ ကြီးကြီးက ဝင်ပြီး ... "ဘာတွေရောင်းဖို့ ပြထားတာမို့လို့လဲ"လို့ ဝင်မေးရတဲ့ အထိ ဖြစ်လာပါသည် ...။

"မြေညီထပ်က စက်တွေပါ ကြီးကြီးရယ် ... ရေစုပ်စက်တို့၊ ပင့်တင်စက်တို့၊ ကျောက်ခွဲစက်တို့၊ မီးစက်တို့ ... အဲဒါတွေ ... တစ်ထပ်လုံး အတုံးလိုက်ကြီးတွေ ပုံချပြထားတာ ... သူ့လိုပုံစံနဲ့ မိန်းကလေးတွေ တစ်ယောက်မှဝင်မကြည့်ဘူး ... သူသာ ဂလေရိုက်ရပြီးရော ... ဘာမှစိတ်ဝင်စားစရာ မရှိတာတွေကိုပဲ ... အခေါက်ခေါက် အခါခါ ဝင်,ဝင်ကြည့်နေတာ ..."

မေမေရဲ့ မျက်စောင်းက ထိန်ထိန့်ထံသို့ "ဒိုင်း" ခနဲ ...။

"ဒုတိယထပ်ကကျတော့ ... မီးဆိုင်းတွေပါ ..."

"အဲဒါတွေ ... ဝယ်ချင် ဝယ်မှာပေါ့"

"မဖြစ်နိုင်တာ မပြောနဲ့ ... ကြီးကြီးနဲ့ အန်တီလေးရယ် ... မီးဆိုင်း ဆိုတာကလည်း ကြည့်ဦးလေ ... မသက်ပိုင်တို့အိမ်တွေလို ရိုးရိုးအိမ်တွေမှာ တပ်ကြတဲ့ မျက်နှာကြက်





မီးဆိုင်း၊ မီးလုံးတို့ ... နံရံကပ်မီးပွင့်လေးတွေတို့လိုဟာမျိုးတွေမှ မဟုတ်တဲ့ဟာတွေ။ ဘယ်သူတွေကိုရောင်းလို့ ဘယ်သူ တွေက ဝယ်တပ်နေကြမှာလဲ မသိတဲ့ဟာမျိုးတွေကို ...

အားလုံးက ခရစ်စတယ်လ်နဲ့ လုပ်ထားတာတွေချည်းပဲ ... မီးဆိုင်း တစ်ခု တစ်ခုကို ဈေးအနည်းဆုံးကတောင် ဆယ်သိန်းကျော်တယ် ... ခပ်ကြီးကြီးတွေဆိုရင် သိန်းငါးဆယ်၊ သိန်းခြောက်ဆယ် ... အဲလိုပေးရတဲ့ဟာ ...။ နံရံကပ် Wall Lamp လေးတွေကတောင်မှ တစ်ခု ... တစ်ခုကို သိန်းနဲ့ချီ ပေးရတာ ... သူက ဘာကိစ္စ ဝယ်ချင်ဝယ်မှာပေါ့ ဖြစ်ရမှာလဲ ...။ တစ်ခါပြီးတစ်ခါ ဝင်,ဝင်ကြည့်နေပြီး ... လျှပ်တီးလျှပ်ပျာနဲ့ ဝင်တိုက်မိလို့ ကျကွဲရင်တောင် သိန်းနဲ့ချီပြီး လျော်ရမဲ့ ... မတ်ရပ်တိုင်တွေနဲ့ မီးလုံးတွေက ရှိသေးတယ် ..."

မသက်ပိုင်ရဲ့ နောက်ဆုံးစကားကတော့ "မေမေ့"ရဲ့ အသည်းကို ကိုင်လှုပ်လိုက်နိုင်ဟန်နှင့် ... တစ်ခါတည်းပင် "မသွားရ ... ထပ်ပြီး ဝင်မကြည့်ရတော့"ဟု အမိန့်ကျလာပါသည်။ သို့သော် ... သမီးအလိမ္မာတုံး ... ထိန်ထိန်ကလည်း ပစ္စည်းအသစ်အဆန်း၊ အလှအပတွေကို ကြည့်နေရတာကိုပါ၊ အတော်ဝါသနာပါလှသူဖြစ်ရာ ... လစ်ရင် လစ်သလို ... အားရင် အားသလို ... ဝင်,ဝင်ကြည့်ဖြစ်နေသေးတာပါပဲ ...။ မသက်ပိုင်ကလည်းပဲ ... မခံမရပ်နိုင်စွာ ... သူသိလိုက်တာနဲ့ ပြန့်,ပြန့်တိုင် ...။



www.burmeseclassic.com

www.burmeseclassic.com



"အဲသလို မျက်လုံးပြူးပြူးကြီးနဲ့လည်း သူများကို လာကြည့်မနေပါနဲ့ ... တကတဲနော် ... ကြောက်စရာကြီး ...။ အပေါ်ထပ်နဲ့ အောက်ထပ်ဓာတ်လမ်းတွေကို လုပ်မလို့လည်း မဟုတ်ဘူး စိတ်ချ ...။ အဲဒါတွေကို ဝင်ကြည့်ချင်လို့ကတော့ မသက်ပိုင်ဆီတောင် မရောက်လိုက်ဘူး ...။ ကိုယ့်ဘာသာပဲ ဝင်ကြည့်သွားမှာပေါ့ ...။ နဟာက ဘာမှ မဟုတ်ဘူး ... သင်တန်းချိန်က ဒီနေ့ နောက်ဆုတ်ထားတာကို မေ့ပြီး အရင်အချိန်ပဲ ရောက်လာမိလို့ ... အများကြီး စောနေတာနဲ့ ဒီမှာ လာထိုင်စောင့်နေမှာ ...

ကိုယ့်သင်တန်းရှေ့က ခုံတွေရှေ့ ကိုယ်ထိုင်စောင့်နေပါလား ... လို့ မပြောနဲ့ ... စောင့်ဘူး ...။ ဒီမှာကမှ အဲကွန်းရှိတာ ... အေးတာ ... ဆိုဖာဆက်တီကြီးတွေကလည်း အိစက်နေတာ ... စိမ့်ပဲ ...။ ဟိုမှာက အိုက်တယ်၊ ပူတယ်၊ လူကျပ်တယ် ... သစ်သားကုလားထိုင် ကြမ်းကြမ်းကြီးတွေက ကြာကြာထိုင်ရင် ... တင်ပါးနာတယ်"

အမှန်တကယ်ကတော့ ... မသက်ပိုင်လည်း ... ဒီမှာ ဝန်ထမ်းပဲ ...၊ ကုမ္ပဏီပိုင်ရှင်မှ 'မဟုတ်တာ ...။ ရာထူးကြီးကြီး မားမားကြီး ရရှိထားသူတောင်မှ မဟုတ် ...။ ညှိသည်တစ်ယောက် အကြာကြီး လာထိုင်နေတာ သိပ်မကောင်းမှန်း ထိန်ထိန်ကသိပါသည် ...။ (မသက်ပိုင်ကလည်း "မကောင်းဘူး"ဟု ပြောပြီးပြီ) သို့သော် ကိုယ့်သက်သာရေးကိုပဲ ပိုရှေ့ရှုချင်နေမိသော အခါမှာတော့ ... မသက်ပိုင်ရဲ့ မျက်နှာရှစ်ခေါက်ချိုးကို "တဟီးဟီး"နှင့်ပဲ မျက်နှာချိုသွေးရရုံသာ ရှိတော့တာပေါ့ ...။ ပြီးကျ ညှိသည်ရောက်သည် ဆိုပေမဲ့ ... စကားစမြည် ထိုင်ပြောဆို ညှိခံနေရမှာမျိုးမှ မဟုတ်ဘဲလေ ...။ ကိုယ်က သူ့ရဲ့ကောင်တာ နောက်နားလေးမှာ စာအုပ်တစ်အုပ်နဲ့ ငြိမ်ငြိမ်လေး ထိုင်နေမှာပါ ...။ သူ့ဘာသာ သူ့အလုပ်ရှိတာ သူလုပ်ပေါ့။ (ဒါကတော့ ကိုယ့်ဆင်ခြေအတွေးနှင့်ကိုယ် ...။)

မသက်ပိုင်က သက်ပြင်းတစ်ခုကို အသာလေး ချလိုက်ပါသည် ...။

"ငါ ... ဂျီအမ်ဆီ ခဏသွားရဦးမယ် ... ဒီနေ့ မရှုပါလည်း မလာတော့ Desk မှာ ငါတစ်ယောက်တည်းပဲ ...။ နင်သွားထိုင်ရင် ထိုင်နေချေတော့ ...။ ငြိမ်ငြိမ်တော့နေနော် ထိန်ထိန် ...။ တခြားသူတွေနဲ့လည်း လိုက်အသိဖွဲ့မနေနဲ့။ ကောင်တာမှာ ဟိုဟာလှန်ကြည့်၊ ဒီဟာကိုင်ကြည့်လည်း လုပ်မနေနဲ့ ...။ ငါ့ကွန်ပျူတာကိုဖွင့်ပြီး ... အင်တာနက်လည်း ချိတ်သုံးမနေနဲ့ဦး ...။ ငါ့ဘာယ်သူလာမေးမေး ... ဂျီအမ့်ရုံးခန်း သွားတယ်ပဲပြော ...၊ လူတတ်ကြီးလုပ်ပြီး ... ငါ့နေရာလည်း ဝင်မနေနဲ့ဦး ..."

"လူကိုများ ကလေးကြီးကျလို့ ... မှာလိုက် ကြားလိုက်တာ ဆိုတာ ..."

"နင်က ကလေးထက် ဆိုးတယ် ..."







www.burmeseclassic.com

မသက်ပိုင်က မျက်စောင်းတစ်ခုနှင့် ထွက်သွားလျှင် ထိန်ထိန်လည်း "တဟီးဟီး"နှင့်ပင် ... သူ့ကောင်တာလေးရှိရာသို့ လျှောက်လှမ်းလာလိုက်သည်။

✣ ✧ ✣

"ဂျီအမ့်ရုံးခန်း ခဏ ..."ဆိုတဲ့ မသက်ပိုင်လည်း ... နေ့တွင်းချင်းပင် ဂျီအမ်အဖြစ် ရာထူးတက်သွားကာ ... ဟိုရုံးခန်းမှာပဲ ပြောင်းထိုင်လိုက်ရပြီလားတော့ မသိ ...။ ပြန်ကိုခပ်ပါမလာတော့ပေ ...။ ပြောနိုင်တာမဟုတ် ...။ အဲဒီတစ်ယောက်ဟာ ... ထိန်ထိန့်ကို အမြင်ခပ်ကတ်ကတ် ရှိတာနဲ့ပဲ ... ထိန်ထိန် တစ်ယောက် ပျင်းရိပြီး ပြန်သွားအောင် ... ပညာပေးနေတာလည်း ဖြစ်နိုင်တာပဲ ...။ သူ့အလုပ်နေရာက ... ဒီမှာ ဖြစ်ပေမဲ့ ... ထိန်ထိန် မရောက်ဘူးတဲ့၊ မသွားတတ်တဲ့ ... ရုံးတွင်းက တခြားတစ်နေရာရာမှာ သွားထိုင်နေတာမျိုး ဖြစ်ချင်ဖြစ်မှာပေါ့ ...။

"သူ့လာမေးရင် ... ဂျီအမ့်အခန်း သွားတယ်ပြော" ဟု မှာခဲ့သော်လည်း ဒီလောက် ကြာတာတောင် တစ်ယောက်မှလည်း လာမမေးကြ ...။ ဒီ Desk လေးရှေ့က ဖြတ်သွားဖြတ်လာပင် တစ်ယောက်မှမရှိ ...။ လှုရိပ်လှုခြည်လည်း မမြင် ...။ သရဲလာခြောက်မှာတောင် စိုးရသေးတော့ ...။ သူတို့ရုံးဆိုတာ အဲလိုပဲလား ...။ ဘာအလုပ်မှ မရှိဘူးလား ...။ လွယ်လိုက်တာ ...





ဒီလိုပဲမှန်းသိ ... စာကျက်ရတဲ့၊ ပင်ပန်းရတဲ့ သင်တန်းတွေတောင် လိုက်မတက်တော့ဘဲ ... သူနဲ့အတူပဲ အလုပ်ဝင်ခဲ့ပါရဲ့ ... အဟုတ်။

အတွင်းခန်းတွေထိ ဆက်ဝင်သွားရင်တော့ ... လှုရိပ်လှုခြည်နဲ့ အလုပ်လုပ်နေကြတာတွေ ... ဘာတွေ တွေ့ရင် တွေ့ရမှာပေါ့ ...။ ဒါပေမဲ့ ကိုယ့်ရုံးလည်းမဟုတ်၊ ကိုယ့်ပိုင်နက်လည်း မဟုတ်၊ ထိန်ထိန်ရောက်,ရောက်လာတိုင်းလည်း ဒီ Lobby နဲ့ ဒီကောင်တာကလွဲရင် ကျော်လွန်ပြီး ဟိုးအထဲထိ ဝင်သွားဖူးတာလည်း မဟုတ်လေတော့ ... မသက်ပိုင်က ... "ငြိမ်ငြိမ်ထိုင်နေ"ဟု မမှာခဲ့ရင်တောင် လျှောက်မသွားရဲပါဘူး ...။

ကိုယ့်ရှေ့မှာ ကွန်ပျူတာကြီး အမိန့်သား တွေ့နေရသော်လည်း "အင်တာနက် မိုတ်သုံးမနေနဲ့ဦး"ဟု မှာခဲ့တာအပြင် တစ်ခါက ... အီးမေးလ်လေးတစ်စောင် အားအားယားယား လက်ဆော့ပြီး ပို့မိပါတယ် ... အပြောခံလိုက်ရတာက ... အင်တာနက်ဆိုင်တွေကို တစ်နာရီ သွားထိုင်မိတာလောက်နဲ့မှ မက,အောင်မားပူရတာမို့ ...၊ ပျင်းပျင်းနဲ့ အသည်းယားနေရသော်ငြား ... သူ့အလုပ်က ကွန်ပျူတာကို မထိချင်မိပြန်ပေ ...။

"အရည်တွေပျော်ကုန်ပြီ ..."ဆိုတဲ့ သီချင်းကို စပ်ခဲ့တဲ့ တေးရေးဆရာလည်း ... သူ သီချင်းစပ်စဉ်က ... ခု ဇွန်နိုဝင်ဘာလို့ ခံစားချက်မျိုးကြီး ခေါင်းထဲရှိနေတုန်း ... ဗီလင်အပြည့်နဲ့ ဆ,စပ်ဖြစ်သွားတာ နေမှာပေါ့ ...။ ဒါပဲနေမှာ ...။ ခုထိန်ထိန်လည်း ပျင်းလွန်လွန်းအားကြီးလို့ ... အရည်တွေပျော်ကျခါနီးဆဲဆဲ

www.burmeseclassic.com



ဖြစ်နေပြီ ...။ ဖတ်စရာ စာအုပ်တွေ တွေ့ပေမဲ့ မဂ္ဂဇင်း၊ သတင်းစာ၊ ဂျာနယ်တွေ မဟုတ် ...၊ သူတို့ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်တွေချည်းပါတဲ့ ... စာအုပ်ထူကြီးတွေနဲ့ ...။ စာရင်းအင်းပညာစာအုပ်တွေ ...။ ထွတ် ...။

ကိုယ်ဘာသာ ... လမ်းဘေးအအေးဆိုင်လေး တစ်ခုခုထဲ ဝင်ထိုင်ပြီး စောင့်နေရရင်တောင် ... ကျောပူကာ ... တင်ပါးနာကာမှ နာရဲရော ... လမ်းသွား လမ်းလာတွေကို ဟိုငေးဒီငေးလုပ်လို့ ရနိုင်တာမို့ ... အေးစိမ့်စိမ့်ရှိပြီးမှ ... ပျင်းခြောက်ခြောက်ကြီး ဖြစ်နေရတာထက်စာရင် တော်ဦးမည် ...။ ယပြန်သွားရင်ကောင်းမလား ...။

သို့သော် ... အဲဒီလိုဆိုပြန်တော့လည်း ... မသက်ပိုင်က အဲလိုမဖြစ်ဖြစ်အောင် ရည်ရွယ် လုပ်ဆောင်နေတာဆိုရင် ... သူ့အကြံတွေအောင်ပြီး ... အိမ်ကျ ... ဂုဏ်ယူလို့မပြီး ဖြစ်နေတော့မည်မို့ ... လွယ်လွယ်နဲ့လည်း အရှုံးပေးသလို မဖြစ်ချင်မိပြန်ပေ ...။

ထိုစဥ်မှာပင် ... Lobby ဘက်ဆီမှ ဒီဘက်ထောင့်ချိုးကွေ့ဘက်သို့ လှမ်းလာနေသော ခြေသံတရှပ်ရှပ်ကို ကြားလိုက်ရပါသည် ...။ ထိုခြေသံဟာ ဘယ်နှယ်ဖြစ်သည်မသိ ...။ သုံးလှမ်းလောက် "တရှပ်ရှပ်"ဖြစ်လိုက်၊ ခဏရပ်တန့်ကာ ငြိမ်သက်သွားလိုက် ...၊ ပြီးရင် နှစ်လှမ်း သုံးလှမ်းစာလောက် "ရှပ်ရှပ်ရှပ်" ကြားပြန်လိုက်၊ ပြန်ငြိမ်သွားလိုက် ...။ ဟ ... ဘာလဲဟ ...။





ဒီပထမထပ် ရုံးခန်းတွေထဲသို့ စဝင်,ဝင်လာချင်းဘဲခါးဝကနေ ... Lobby အခန်းကိုဖြတ်ပြီး ဒီကောင်တာရှိရာထောင့်ချိုးကွေ့ဆီသို့ ဆက်တိုက်ရောက်လာဖို့ရာ ... ခြေလှမ်းကဘယ်နှလှမ်းစာမှ မရှိပါဘူး ...။ အလွန်ဆုံးမှ ... ဆယ်လှမ်း၊ ဆယ့်ငါးလှမ်းပေါ့ ...။ ဒါကိုပဲ ... အခုတင် ... သူ့"ရှပ်ရှပ်ရှပ်" တွေကို လိုက်ရေထားတာကပဲ ... ဆယ့်ငါးခါမက,တော့ဘူးလေ။

သူ့ဟာက ဝင်လာလိုက်၊ နောက်ပြန်ဆုတ်သွားလိုက်လုပ်နေတာ မဟုတ်ရင် ... Lobby ထဲမှာပဲ ဧည့်ခန်းစားပွဲကုလားထိုင်တွေကိုပဲ ... ရပ်လိုက်၊ ဖတ်လျှောက်လိုက် ... လုပ်နေသလိုဖြစ်နေပြီ ...။ ဒီရုံးထဲ ဝင်ချင်ရင်လည်း ... Lobby ကို ဖြတ်၊ ဒီ Front Desk ကောင်တာကို ဖြတ်ပြီးမှသာ ဟိုးအတွင်းဘက်ကအခန်းတွေထဲ ဆက်ဝင်သွားလို့ရတာ ...၊ တခြားဘက်မှာ နောက်တစ်လမ်းမရှိ ...။

အဲ ... ရှိတော့ ရှိတာပေါ့လေ ...။ ခု ... မသက်ပိုင် "ခဏ"ဆိုပြီး ထွက်သွားတဲ့ ဂျီအမ့်အခန်းဟာ Lobby နဲ့ ကပ်ရက် ... ဟိုဘက်မှာရှိတဲ့အခန်း ...။ အဲဒီအခန်းထဲကနေလည်း အတွင်းဘက်က ရုံးခန်းတွေဆီ သွားလို့ရသည်ဟုတော့ ကြားဖူးသည် ...။ (အဲဒါကြောင့်ပဲ မသက်ပိုင် တစ်ယောက် ... အဲလိုဝင်သွားပြီး ... ထိန်ထိန့်ကို ပညာပြပြီ ... လို့ ထင်မိတာပါ။)

ဒါပေမဲ့ ခုခြေသံက အပြင်ဘက်ကနေ ဝင်လာသံမျိုး ...။ အပြင်က ဝင်လာသူတစ်ယောက်ယောက်ဟာ ဘာကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မှမရှိဘဲ … ဂျီအမ့်ရုံးခန်းကို ဖြတ်ပြီး အတွင်းခန်းတွေဘက် သွားဖို့ထက် … ဒီဘက်ကိုသာ ချိုးကွေ့ဝင်လာပြီး … ဒီ Front Desk ရှေ့က ဖြတ်ကို ဖြတ်ရမှာပေါ့ …။ သူ့ဟာကလည်း ဂျီအမ့်ရုံးခန်းဘက်ဆီ သွားနေတဲ့ အသံမျိုးလည်း မဟုတ်ပါဘူး … ဒီဘက်ကို နီးနီးလာပြီးမှ … Lobby ထဲတင် ဝဲလည်နေတဲ့ ခြေသံမျိုးပါ …။ ခါတိုင်း ဆိုရင်တော့ မသက်ပိုင်ရဲ့ Desk လေးရှိရာသို့ မရောက်ခင် … သူစိမ်းဧည့်သည်များအတွက် ဧည့်ခန်း Lobby ထဲမှာတင် ဧည့်ကြိုကောင်ကလေး တစ်ယောက် သီးသန့်ရှိနေသေးသော်လည်း … ဒီနေ့မှ … ထိန်ထိန် ဝင်လာကတည်းကိုက အဲဒီကောင်ကလေးကို မမြင်တာ …။ ဘယ်ရောက်နေသည် မသိ …။

သူ့ဟာကလည်း … သူရဲလာခြောက်နေတာ ကျနေတာပဲ …။ "ရှပ်ရှပ်ရှပ်"ဖြစ်လိုက်၊ ငြိမ်လိုက်နဲ့ …။ ပတ်ဝန်းကျင် ဆူညံသံတို့မှ ကင်းလွတ်နေအောင် အလုံပိတ်ပုံစံ ဆောက်ထားသော အဆောက်အအုံမျိုးမို့ … တိတ်ဆိတ်နေတဲ့ အခန်းတွေထဲမှာ … ရုံးသူရုံးသားတွေရဲ့ ရှူးစ်ဖိနပ်သံ၊ ဒေါက်ဖိနပ်သံတို့ကိုလည်း ရံဖန်ရံခါ ကြားဖူးပါရဲ့ …။ ဒါပေမဲ့ ခုလို ဖိနပ်ပါးပဲစီးထားတဲ့ဟန်နဲ့ အသံထွက်တာမျိုးကတော့ … တော်ရုံလူတွေ ထွက်လေ့ရှိကြပါ့မလား …။ ဖိနပ်ပါးပဲ စီးလေ့ရှိသူတွေမှာ … တမင်လျှပ်တိုက်ပြီး မလျှောက်ရင် … ဘယ်လောက်ပဲ တိတ်ဆိတ်၊ ဆိတ်ငြိမ်တဲ့အခန်းထဲမှာ ဖြစ်ပါစေ …။ ဒီလောက်တော့ "တရှပ်ရှပ်"ထွက်နေပါ့မလား …။





ကိုယ့်အိမ်ကိုယ့်ရာသာ ဆိုရင်တော့ သရဲပဲဖြစ်ဖြစ် … ဘယ်သူဖြစ်ဖြစ် … သိပ်ပြီးတော့ အကြောက်အလန့်တရား မရှိလှတဲ့ ထိန်ထိန်က ပြေးထွက်ပြီး ကြည့်လိုက်ပြီးပါပြီ …။ ခုဟာကတော့ … ရုံးမှ သူများရုံးထဲကြီး ဖြစ်နေတာမို့ … ဘာမှန်းမသိတဲ့ ကိစ္စတစ်ခုကို … ပြေးထွက်စုံစမ်းရန်နီး …။ ကိုယ့်အလုပ်မဟုတ်တာမို့ … ပေပြီးပဲ ဆက်ထိုင်နေရန်နီး …။

ဒီရုံးကို ခုမှ ပထမဦးဆုံးအကြိမ်အဖြစ် စ,ရောက်လာတဲ့ ဧည့်သည်မို့ … ဧည့်ခန်းလို နေရာမျိုးထဲမှာ ဆီးကြိုနေတဲ့ သူလည်းမရှိ၊ လူရိပ်လူခြည်လည်း မမြင်တဲ့အခါ … (နည်းနည်းလောက် ထပ်ချိုးကွေ့ ဝင်လာလိုက်ရင် Front Desk လေးတစ်ခု ရှိနေပြန်တာကိုလည်း မသိ … နဲ့) ဘာဆက်လုပ်ရတော့မယ်မှန်း မသိ … အူကြောင်ကြောင် ဖြစ်နေရှာတာလည်း ဖြစ်နိုင်တာပေါ့။

ကိုယ်တစ်ခါမှ မရောက်ဘူးတဲ့ … သူများတကာရဲ့ ပရဝဏ် … သားသားနားနားကြီး တစ်ခုထဲကို … ဘုမသိဘမသိ ရဲရဲကြီး လှမ်းဝင်သွားနိုင်ဖို့ ဆိုတာမျိုးက … တော်ရုံလူအတွက်ဆို … ခဲယဉ်းချင် ခဲယဉ်းနေလိမ့်မှာလေ …။ အဲဒါကြောင့်ပဲ … တမင်တကာပင် … တရှပ်ရှပ်နဲ့ အသံပေးနေတာမျိုးများလား …။

ဟာ … ဟုတ်သေးပါဘူး။ ထိန်ထိန် သိသလောက်ကတော့ လူမတွေ့လို့ အသံပေး ခေါ်ဝေါ်ချင်တာမျိုး ဆိုရင် … "အဟမ်း"တို့ … "အဟွန်း"တို့ ချောင်းဟန့်နေတတ်တာမျိုး …။ ဒီထက် ပိုနည်းနည်းသွက်တဲ့ သူမျိုးဆို … "ဟဲလို"တို့ …၊ "လူ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါသလား”တို့ နှုတ်ဆက်ခေါ်ပြောနေတတ်တာမျိုးပဲ ကြားဖူးပါတယ် ...။ ခြေသံနဲ့ အသံပေးနေတာမျိုးတော့ မကြားဖူးပါ ...။

မသက်ပိုင်က ... “နင် ငါ့နေရာဝင်ပြီးလည်း လူတတ်ကြီး ဝင်လုပ်မနေနဲ့ဦး ...”ဟု မှာခဲ့သော်လည်း ... အကူညီလိုနေတဲ့သူ မှန်ရင်တော့ ...(သရဲလည်း မဟုတ်ခဲ့ရင် ... ဟိဟိ)စုံစမ်းမေးမြန်းပြီး ... ရုံးခန်းတွေထဲက လူတွေကို သွားခေါ်ပေးတာမျိုး ... ဘာညာ ... လုပ်ပေးလိုက်ဦးမှပါ ... ဟုသာ တေးထားလိုက်ပါသည် ...။

ထိုစဉ်မှာပင် အသံပဲ ပေးနေရတာကို ... ညောင်းသွားဟန် (ဒါမှမဟုတ် အကျိုးမရှိဘူး ဆိုတာကို သိသွားဟန်) တူသည့် လူရိပ်လူခြည် တစ်ခုက Lobby လေးထဲကနေ ... ဒီဘက်ဆက်ကွေ့ ဝင်လာပြီး ထောင့်ချိုးကွေ့လေးမှာ “ဘွား”ခနဲ ပင် ပေါ်လာပါတော့သည် ...။ ဟင် ! ... ဘောတိုက်ကြီးနဲ့ ငုံ့ငုံ့ကြီး ...။

ထိန်ထိန့်မှာ “ခွီး”ခနဲ မရယ်လိုက်မိအောင် အတန်တန် သတိထားနေရရင်း ... ထိုလူတစ်ယောက်ကို မျက်ခြည်မပြတ်ပင် လိုက်ကြည့်နေမိပါသည် ...။ အဲဒီတစ်ယောက်ကို ထိန်ထိန် သိပါသည် ...။ အဲ ... သိတယ်ဆိုတာထက် ... မြင်ဖူးနေသူ ဖြစ်ပါသည် ...။ ထိန်ထိန်တို့နဲ့ မတိမ်းမယိမ်းလောက်ပင် ရှိဦးမဲ့ ဒီကောင်လေးဟာ ... အပေါ်ထပ်က ခရစ်စ်တယ်လ်မီးဆိုင်းတွေ ရောင်းချသည့် ပြခန်းမှ ကောင်ကလေးပင် ဖြစ်ပါသည်။





အဲဒီအထပ်မှာက ရှိရှိသမျှ ပေါက်ကျားလေး မိန်းကလေး၊ လူကြီး၊ လူငယ် တစ်ယောက်မကျန် ... တူညီဝတ်စုံယူနီဖောင်းကိုယ်စီနှင့်မို့ ... ဒီကောင်လေးဟာ ... အရောင်းစာရေးလား ...။ တာဝန်ခံလား၊ မန်နေဂျာလား၊ ပိုင်ရှင်လား ... ဆိုတာတော့ ထိန်ထိန်က မသိ ...။ သို့သော် အသစ်အဆန်း၊ အလှအပမှန်ရင် စိတ်ဝင်တစား ကြည့်ချင်တတ်မြဲ ထိန်ထိန်က ... ဆိုင်ကမီးဆိုင်းတွေနဲ့အပြိုင် ... အမြဲတမ်း ကြည့်ကောင်းလင်းလက် ... နေတတ်တဲ့ အဲဒီကောင်ကလေးကို ... အဲဒီပြခန်းကို ရောက်လေတိုင်း ... သူထိုင်နေကျ ဟောလ်ကြီးရဲ့ အရှေ့ဘက်ထောင့်နားက ခုံကလေးဆီ ... တစ်ချက်လောက် အကြည့်ရောက်လိုက်ကာ ဖွေရှာတတ်မြဲလည်း ဖြစ်ပါသည် ...။

(ဒါပေမဲ့လည်း ... ကြည့်ကောင်းလို့ ကြည့်ချင်လို့ ... ကြည့်,ကြည့်လိုက်မိရုံ သက်သက်သာ ဖြစ်ပြီး ... မိဘစကားကိုပယ်ရှားကာ ...၊ မသက်ပိုင်ရဲ့ အငြိုငြင် အတိုင်တောကိုခံကာ ... အဝင်အထွက် မပြတ်မိတာကတော့ဖြင့် ... အဲဒီကောင်လေးကြောင့်အတွက်တော့ ... မဟုတ်ရတာ ...။ တကယ်ပါ ... ဘုရားရှူး ...။)

အဲဒီကောင်ကလေးကလည်း ... မသက်ပိုင် ပြောဖူးသလိုပါပင် ...၊ ကြိမ်ဖန်များစွာ လာ,လာကြည့်နေတဲ့ (သူ့ကို မဟုတ် ...၊ မီးဆိုင်းတွေကို) ထိန်ထိန့်ကို မှတ်မိသိရှိနေပြီးပုံနှင့် ထိန်ထိန့်ဆီက အကြည့်တစ်ချက် လှမ်းရောက်လာရင် ... သူက အရင် မျက်လွှာစချကာ မျက်ဝန်းလွှဲလိုက်ပြီ။ (မျက်လွှာချ



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းလွှဲရသည် ဆိုကတည်းက သူက အရင်စမြင်၊ ကြိုကြည့်နေလို့ပေါ့ ...။ အဲဒါ ခဏ ခဏ လာ,လာနေတဲ့ မိန်းကလေးကို ကြိုသိရိပ်မိနေလို့ပေါ့ ...။) ပြီးရင်တော့ ထိန်ထိန်ကသာ ခရစ်စ်တယ်လ်အရောင်းတွေ၊ အလုံးတွေကို သွားရည်တမြားမြားနှင့် လိုက်ကြည့်နေရင်း ... သူ့ထံ အကြည့်တစ်ချက်၊ နှစ်ချက် ထပ်ရောက်ချင်ရောက်မည် ...။ သူကတော့ မျက်လွှာချကာ ...။ ဒါမှမဟုတ် မီးဆိုင်းတစ်ခုခုဆီ အကြည့်ပို့ထားကာ ... ငြိမ်ငြိမ်သက်သက် ...။

တစ်ခါတလေကျ ..."တမင်များ အကြည့်ချင်းထပ်မဆုံအောင် ... ဇက်ခိုင်လုမတတ် လွှဲထားတာများလား..."ဟု သံသယရှိရပေမဲ့ ... အဲသည်လို"ပဲပေး"နေသည်ပင် ဖြစ်ပါစေဦး၊ ချောမောသားနားလှသည့် သူ့ရုပ်ရည်ကြောင့် ထိန်ထိန်က သူ့အပေါ် မနှစ်မြို့ရတာမျိုး စိုးစဉ်းမျှ မရှိပါ။ "မေတ္တာမပျက်ဘူး" ဆိုလို့ ... "မေတ္တာရှိတယ်"ဆိုတာမျိုးတော့လည်း ဘယ်ဟုတ်ပါ့မလဲပေါ့နော် ...။

သဘောကတော့ ... ကိုယ်ဝယ်မသုံးနိုင်ပေမဲ့ ... တအားလှနေကြတဲ့ ခရစ်စ်တယ်လ် မီးဆိုင်းကြီးတွေကို ..."စပျစ်သီးချဉ်တဲ့စိတ်မျိုး" မထားဘဲ ... လာ,လာကြည့်နေဖို့ ဝန်မလေးသလိုမျိုးသာပေါ့ ...။ သူက ကိုယ့်ကို"ပဲပေး"နေလည်း ... ကိုယ်ကတော့ ... ကြည့်ကောင်းလို့ ကြည့်မိတာ ... အဲဒီရောက်တိုင်း ထပ်,ထပ်ကြည့်မိဖို့ ဝန်မလေးပါဘူးပေါ့ ...။ အဲလိုပေါ့ ...။





ခုတော့ ... ကိုယ်နဲ့တွေ့လိုက်တိုင်း ... လမ်းများမလျှောက်ကတတ်ဘူးလား ... ထင်ရလောက်အောင် ... ထိုင်လို့ချည်းတွေ့ရတတ်တဲ့ ကောင်ကလေးဟာ ... သူတို့ပြခန်းအောက်ထပ်ကသူများရုံးခန်းထဲ ... ဘာအကြောင်းကြောင့်နဲ့လည်းမသိ ရောက်လာပြီ ...။ ရိုးရိုးတော့ မဟုတ် ... စောင်းငန်းကြီး ...။ အဲ ... ဘေးတိုက်ကြီး ...၊ ဂဏန်းသွားကြီးနဲ့ ...။ ပြီးတော့ ငုံ့ငုံ့ကြီး။ "ပဲ"က ပေးရင်း ပေးရင်းနဲ့ ... "ပဲလှန်" ဖြစ်သွားရာကနေ ... "ပဲလှန်း"ဘဝအထိပါ ရောက်သွားတာများလား မသိ ... ဟိဟိ ...။ ဖြစ်ရလေ ...။

ကိုယ့်ကို အဘက်လုပ် ခေါ်ဝေါ် စကားပြောနေမည့်ဟန် မရှိဘဲ ... သူ့ဘာသာ အတွင်းဘက် ရုံးခန်းတွေဘက်သို့သာ ဦးတည်နေပုံမို့ ... ထိန်ထိန်ကလည်း ... ခုနက စဉ်းစားထားသလို ... "ဘာအကူအညီ လိုပါသလဲ"ဘာဘာညာညာ လှမ်းမမေးမိတော့ဘဲ ... မျက်ခြည်မပြတ်သာ ပြုံးပြီးလိုက်ကြည့်နေမိဆဲ ...။ ထိန်ထိန့်ဘက်ကို ကျောမပေးတပေး ပုံစံနှင့် အတွင်းဘက်ထဲသို့ ဘေးတိုက်တစောင်းကြီး ဦးတည်ထားသူက ..."ဖြန်း"ဆို ... ထိန်ထိန့်ရှေ့က Desk ကလေးရဲ့ရှေ့က ခြေတံရှည်ခုံငယ်လေးတစ်ခုဆီ ... အပြေးလေးပင် ရောက်ရှိလာပြီး ... "ဝုန်း"ခနဲ ဝင်ထိုင်လိုက်လေသည် ...။

ဩော် ... ပလုတ်တုပ် ...။ လန့်များပင် လန့်မိပါရဲ့ ...။ ဘယ်လိုဖြစ်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အပေါ်ထပ်က "The bright lights crystal" ကပါ ..."

"ဟုတ်ကဲ့ ... သိပါတယ် ..."

"အစ်မ ... ကျွန်တော့်ကို သိနေလိမ့်မယ်လို့ ကျွန်တော် လည်း သိပါတယ်"

အမယ် ...။ လူကတော့ ခေါင်းကြီးစွတ်ငုံ့ကာ ဒီလောက် အေးစိမ့်နေတဲ့ အခန်းထဲမှာ ချွေးတွေ ဘာတွေ ပြန်နေပုံရသော်လည်း ... စကားလုံးတို့ကတော့ ... တင်တင်စီးစီးလိုလို... ဘာလိုလိုပါလား ...။ ပြီးကျ ... အသက်ချင်းက ကွာလှမယ် မထင် ... (ပြောရရင် ... သူကမှ ... အနီးကပ်ကြည့်မှ ... ပိုကြီး လာတယ်တောင် ထင်ရသေး) ဒါကိုပဲ ... လူကို ... အစ်မတဲ့ ...။

"ကျွန်တော် ရောက်နေတာ ကြာပါပြီ ... ဝင်မလာရဲသေး လို့ ..."

"ခြေသံ ကြားနေရသားပဲ ... အဲဒီနားတင် ... တရှုပ်ရှုပ် နဲ့ ... သရဲမှတ်နေတာ ..."

သူက "အာ" ခံနဲ့ တစ်ချက် ဖြစ်သွားပါသည် ...။ ထိန်ထိန်ကား ... အဖွဲ့တွေနဲ့ ဆိုရင်တော့ ပေါင်းစုပြီး ... ဘရုတ် ကျမောက်ပြောင်ဖို့ ဝန်မလေးတတ်သူ ဖြစ်ပေမဲ့ ... ကိုယ်တစ် ယောက်တည်း ဆိုရင်တော့ သူစိမ်းယောကျ်ားလေး တစ်ယောက် နဲ့ ... ဒီလောက်ကြီး ချက်ချင်းလက်ငင်း ရင်းနှီးအဖွဲ့ကျနေတတ် သူ မဟုတ်ရပါ ...။ ခုက ... သူနဲ့ကျတော့ ... အရွယ်ရောက်၊





ပြည့်ပြည့်စုံစုံ ပုံစံနဲ့ ... ယောကျ်ားရင့်မကြီး တစ်ယောက် ဖြစ်ပါ ရက် ... သူက ဒီလောက် စွတ်တုန်လှုပ်နေပုံကြီးနဲ့ ဆိုတော့ ... ကိုယ့်မှာ အလိုလိုနေရင်းပဲ — "ဂုံရဲတင်းတင်းမကြီး" ဖြစ်လာရတော့ မလိုလို ...။ လူမှုရေးအရပဲ ... မေးမဦးဆောင်ရတော့မလိုလို ...။

ခါတိုင်း တွေ့တွေ့နေကြတုန်းက ... ပဲမပေးတတ် သူ...၊ အရင်စမျက်ဝန်းလွှဲတတ်သူ ဖြစ်ပါသော်လည်း ... ဒီလောက် (မျက်မွေးထော်လို့ မော်မကြည့်ဝံ့တဲ့ ပုံစံမျိုး ပေါက်ရလောက် အောင်တော့) အဖြစ်ဆိုးဆိုးကြီး ... လူ့ရာမဝင် ကြောက်ရွံ့တတ် တဲ့ ... ယောကျ်ားတစ်ယောက် ... ဟုတ်ပုံလည်း မရပါဘူး ...။ ခု ဘယ့်နှယ်ဖြစ်ပ ...။

အဲသလို စဉ်းစားလိုက်မိရင်တော့ ... ထိန်ထိန် တစ်ယောက် ပါးစပ်အဟောင်းသားပင် ဟ,သွားရပါသည် ...။ ကြည့်စမ်း ...။

သင်း ... သင်း ...။ ဘာအကြံအစည်တွေနဲ့ပါလိမ့်။ ရိုးမှ ရိုးရဲ့လား ...။ အဲတော် ... မရိုးဘူးနဲ့ တူတာပဲ ...။ အဲလို ဆိုတော့ ဘာကြီးလဲ ...။ မရိုးဘူးတွေ ဘာတွေ ထ,ဖြစ်လာရ အောင် ... သူနဲ့ ထိန်ထိန်နဲ့က ဘယ်တုန်းကကော ဒီလောက် ကြီး ရင်းနှီးပြီး သိပြီး ဖြစ်နေကြလို့လဲ ...။ မဟုတ်ဘူးလေ ... ရင်းနှီးပြီး သိပြီးမှ ... နောက်တစ်ဆင့်အနေနဲ့ တက်ပြီး ... "မရိုး" ရမှာလား ...။ သူစိမ်းတွေဆိုရင် ... တန်း "မရိုး" လို့ မရဘူးလား။ အဲလိုလား ...။ "ရိုး" တယ်ဆိုတဲ့ အဆင့်ရှိပြီးမှ ... နောက်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆင့် ထပ်တက်ပြီး မရှိးတော့မှ “မရှိးတော့ဘူး” လို့ ခေါ်လို့ရတာ မဟုတ်လား ...။ ဟာ ... မသိတော့ဘူးကွာ ...။

ဒီအခါမှာတော့ လူမှုရေးအရ ... ကိုယ်ကပဲ ဖေးမ ဦးဆောင်ရတော့မလိုလို ဖြစ်နေတဲ့ ထိန်ထိန် တစ်ယောက်လည်း နှုတ်ပိတ်ပိတ်ကြီးပင် ဖြစ်သွားရပါတော့သည် ...။ ထိန်ထိန်ကတော့ ဒီလူ့ကို စိုက်ကြည့်လျက်သား ...၊ သူကတော့ ထိုင်နေဟာတောင်မှ ကောင်တာကလေးနှင့် ဘေးတိုက်အနေအထားနှင့်ပင် ခေါင်းငုံ့ငုံ့ကြီး ... သုံးလေးငါးမိနစ်လောက် ပိတ်ပိတ်ကြီးတွေ ဖြစ်သွားကြပြီးမှ ... သူ့လက်တစ်ဖက်က ကောင်တာပေါ်သို့ မြောက်တက်လာကာ ... လက်ထဲပါလာသော ဘူးနီသေးသေးကလေးကို လက်မနှင့် “ဖျတ်” ခနဲ ... တောက်ပြီး လှန်ဖွင့်လိုက်ကာ ...

“ဒါ ... ဒါလေး ...”

ထိန်ထိန်က ပြူးပြူးကြီး စူးစိုက်ကြည့်လိုက်မိလျှင် မျက်နှာကြက်ဆီမှ ဖြာကျနေသော Down Light မီးရောင်များအောက်မှာ တဖျပ်ဖျပ် လင်းလက်တောက်ပလျက်ရှိသော ... ငရုတ်ကောင်းစေ့သာသာအရွယ် ကျောက်ကလေးတစ်လုံးနှင့် ... လက်စွပ်လေးတစ်ကွင်း ...။

“ဟင် ... ! ဘာကြီးလဲ ...”

ထိန်ထိန့်ရဲ့ အမေးက ... “လက်စွပ်က ဘာလုပ်တာလဲ ...” ဟုသာ ဆိုလိုတဲ့ သဘောပါ ...။ သူကတော့ အကြောင်းကြောင်းနှင့် “လက်စွပ်” ဟု ပြန်ဖြေလိုက်ရင်၊ ...





“ဒါက ... ဟို ... စိန်မဟုတ်ပါဘူး ... ခရစ်စ်တယ်လ် ကျောက်လေးပါပဲ ... အောက်က ကွင်းထားတာကတော့ ရွှေ ...”

“အဲဒီတော့ ဘာဖြစ်လဲ ...”

“ဟို ... ဟိုဟာပါ ... အစ်မ ...။ အစ်မ ... ယူစေချင်တယ် ...”

“ဟယ် ... ဘာလုပ်ဖို့ ယူရမှာလဲ ... မယူဘူး ... မယူပါဘူး ... ရှာရှာကြံကြံ”

ထိန်ထိန်ရော သူပါ တစ်ယောက်မျက်နှာတော့ တစ်ယောက် မကြည့်ကြဘဲ ... ကမူးရှူးထိုး ... ဘူးရှူးဘူးရှူးတွေနှင့် တစ်ယောက် တစ်ပေါက်တွေ ဖြစ်နေကြပါသည် ...။ ဒီနောက်မှာလည်း နောက်ထပ် ဘာတွေမှန်းမသိ ... နှစ်ခွန်း သုံးခွန်းစီ အချီအချ အငြင်းအခုန်တွေ ဆက်ဖြစ်နေကြသေးသည် ...။ ပြီးလျှင်တော့ အဲဒီကောင်ကလေးက ... သူ့ဘူးလေးကို သူပြန်ပိတ်၊ ထိန်ထိန် ထိုင်နေသည့် ကောင်တာကလေးရဲ့ အတွင်းဘက်က အကန့်လေးတွေထဲ တန်းပြီး ... ပစ်ထည့်သွင်းလိုက်ကာ ... နီရဲနေသော မျက်နှာလွှဲ ဘေးတစောင်းနှင့်ပင် ...

“ကျွန်တော် ... အစ်မကို လက်ထပ်ချင်ပါတယ် ... ကျွန်တော့်ကို ပြန်စဉ်းစားပေးနိုင်မယ်လို့ ထင်ပါတယ် ... ကျွန်တော်လည်း လာနေပါဦးမယ် ... အစ်မလည်း ကျွန်တော့်ကို ပြန်လက်ခံ စဉ်းစားပေးနိုင်မယ် ဆိုရင်တော့ ... ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ဆိုင်ကို လာတဲ့အခါ အဲဒီလက်စွပ်ကလေး ဝတ်လာ ခဲ့ပေးပါ ...”

ပြီးလျှင်တော့ ထိုကောင်လေးဟာ သူ ဝင်လာခဲ့စဉ်က ပုံစံအတိုင်း ... စောင်းငန်းငန်း ဘောတိုက်ကြီးနှင့် ငုံ့ငုံ့ကြီးပင် ပြန်ပြေးထွက်သွားလေတော့ပြီ ...။ ရုတ်တရက်မို့ ကိုယ်ဟိုင်လည်း ရှက်အမ်းအမ်း ရှက်ရမ်းရမ်းနှင့် ဘာတွေ ပြောလိုက်မိမှန်းမသိ ... ဘယ်လို ပြန်ဆက်ဆံလိုက်မိမှန်းမသိသော ထိန်ထိန်သည် ... ကိုယ့်မြင်ကွင်းထဲမှ ထိုကောင်လေး ပျောက်ကွယ်သွားလျှင်တော့ အိပ်ရာက လန့်နိုးလာသူလို ... ယောင်ဝါးဝါးကနေ ပုံမှန်ပြန်ဖြစ် လာလျက် ... ကောင်တာထဲ ကျန်ရစ်ခဲ့သော ဘူးနီလေးကိုကြည့် ကာ ... ဝါးလုံးကွဲကြီး ရယ်ချလိုက်မိပါသည် ...။

ဘာလဲဟ ...။ နာမည်လေးတောင် မသိလိုက်ရတဲ့ သူတစ်ယောက်ဆီ ... ထိန်ထိန်က ဒါကြီးဝတ်ပြီး ... သူ့ဆိုင်ကို များ လိုက်သွားရဦးမှာလား ... ဟား ...။

ထိန်ထိန့်ရဲ့ ရယ်သံတွေက သိပ်မရှည်လျားလိုက် ရပါ ...။ Lobby ဘက်ဆီမှ “ခွပ် ခွပ် ခွပ် ခွပ်”နှင့် ခပ်မြန်မြန် သွက်သွက်ကလေး ပြေးလွှားလာနေသော ဒေါက်ဖိနပ်သံလေးတစ်ခု ကို ကြားလိုက်ရပြီးလျှင် ... အပျောက်ကြီး ပျောက်သွားသော မသက်ပိုင်က ထိန်ထိန့် မြင်ကွင်းထဲ ပေါ်လာပါတော့သည် ...။

ထိန်ထိန်က သူ့ရုံးမှာ ခပ်ကျယ်ကျယ်ကြီးရယ်လိုက် မိတာကို ဆူမဲ့ရမှာကို စိုးတာကတစ်ကြောင်း၊ ခုနက အဖြစ်အပျက် ဆန်းကို မသက်ပိုင် တစ်ယောက် မသိရင်လည်း မသိပါစေနဲ့ တော့ရယ်လို့က တစ်ကြောင်း ...၊ ချက်ချင်း မျက်နှာပိုးသတ်ကာ ရယ်သံတွေကို ရပ်တန့်လိုက်သည် ...။

“ကြာလိုက်တာ ... ဘယ်လိုဖြစ်ရတာလဲ ... တစ်ရုံးလုံးက လူတွေလည်း ဘယ်ရောက်ကုန်ကြမှန်းမသိ ... သရဲခြောက် မှာတောင် စိုးရတယ် ...”

“ဂျီအမ်က ငါဝင်သွားပြီးမှ ... တခြား Staff တွေလည်း ခေါ်လိုက်ပါဦးဆိုပြီး ... စကားခေါ်ပြောနေလို့ ...”

မသက်ပိုင်က ...“အဲဒါက အရေးမကြီးပါဘူး”ဟု သည့် ပုံစံနှင့် လက်တစ်ဖက်ကို ဝှေ့ယမ်းပြီး သူ့စကားသူ အဆုံး သတ်ပစ်လိုက်ကာ ...

“ခုနက ... ဒီထဲကို ဝင်လာတဲ့ ညှော်သည် တစ်ယောက်”

ဖုံးကွယ်ထားဖို့ ကြံစည်ထားသည့် ထိန်ထိန်က ... “ဪ ...”ဟု သံရှည်ဆွဲထားပြီး ... “ဘာပြောရပါ”ဟု အကြံ ထုတ်နေသည် ...။

ဖုံးကွယ်ထားလိုတာကတော့ ... ဘာရယ် မဟုတ် ရပါဘူး ...။ ဒီတိုင်းတောင် ...၊ ကိုယ့်ဘာသာကိုယ် ... စက် ရွှည်းတွေ ၊ မီးဆိုင်းတွေကို စိတ်ဝင်စားလို့ လာ,လာကြည့်နေမိ ကာတောင်မှ ...“မိန်းကလေးဖြစ်ရက် ... ဝယ်မှာလည်း မဟုတ် ဘဲနဲ့ အရှက်မရှိ ... ဂလေလာရိုက်နေသူ”အဖြစ် အတိုင်တော ဆူချင်နေသေးတာ ...။







www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်ကလေးနဲ့ လက်စွပ်တစ်ကွင်းပါ ထားရစ်ခဲ့သည့် ဇာတ်လမ်းကိုသာ ကြားလိုက်ရရင် ... ထိန်ထိန့်မှာ နေရင်း ထိုင်ရင်း ... အဲဒီ ပြဿနာတွေကိုသာမက ... သူ့ရုံးသို့ပါလာခွင့်ရှိတော့မှာ မဟုတ် ...။ "မိန်းကလေးဆိုတာ ..."ဆိုတဲ့ အကြောင်းပြချက်က ကိုယ့်မိခင်ရင်းထက် ... မသက်ပိုင်နဲ့ ကြီးကြီးတို့ရဲ့ ပါးစပ်ထဲကနေပဲ ... ဘာလစ် ဘာလစ်နဲ့ ... မပြီးနိုင်အောင် ထွက်ပေါ်၊ တားမြစ်ကြတော့မှာ ...။

ထိန်ထိန်ကလည်းပဲ ဘယ်သူ ဘယ်ဝါရယ်မှန်းတောင် သေချာမသိရသေးဘဲ (ရည်းစားစကား ဆိုတာမျိုးလည်း မကြားလိုက်ရဘဲ) လက်ထပ်ခွင့် တန်းတောင်းသွားသည့် ယောကျ်ားလေးတစ်ယောက်ထံ ... ဟန်ရေးတပြုပြုနဲ့ အကြောင်းမရှိ အကြောင်းရှာ သွားနေဖို့ ဆန္ဒမရှိပါဘူး ...။ ကိုယ့်ဘာသာ စိတ်ဝင်စားလို့ လာ,လာကြည့်မိနေတဲ့ မီးဆိုင်းတွေကိုတောင် ... သူ လုပ်သွားပုံနဲ့ ... ထပ်သွားမကြည့်ဝံ့ ဖြစ်ရတော့မဲ့ အနေအထားမျိုးပါ ...။

ဒါပေမဲ့ ... မသွားတော့ဘူး ... ဆိုရင်လည်း အဲသလို မသွားခြင်းဟာ ကိုယ့်ကိုယ်ပိုင် အသိဉာဏ်နဲ့ ဆုံးဖြတ်ယူရတာသာ ဖြစ်လိုသည်။ ကိုယ့်အပြစ်ဖြင့် မရှိဘဲ ပိတ်ပင်တားဆီးခံရလို့ ... မသွားရတော့တာမျိုးတော့ မဖြစ်ချင်ပေါင် ...။ အဲဒါကြောင့်ပဲ ... ငယ်ကတည်းက တိုင်ပင်ဖော် တိုင်ပင်ဖက် ...၊ ညီအစ်မအရင်းအချာလိုပင် ချစ်ခင်ရတဲ့ မသက်ပိုင်ကို ... ဒီတစ်ချီတော့ ... ဖုံးကွယ်ပြီး လျှို့ထား မြှုံ့ထားဖို့ ကြံလိုက်မိတာ ...။





"ငါနဲ့ အပေါက်ဝမှာ မျက်နှာချင်းဆိုင် ... ဆုံလိုက်ကြတယ် ..."

"ဟုတ်လား ... အပေါ်ထပ်ကတဲ့ ... မီးဆိုင်းပြခန်းကတဲ့ ... ပြောတာပဲ ..."

"ငါမြင်လိုက်တော့ သူ့မျက်နှာက သွေးဆုတ်သလို ဖြူရော်သွားတယ် ... ပြီးတော့ ဒီဘက်ထဲ တစ်ချက်လှည့်ကြည့်လိုက်ပြီးမှ ... တစ်ချိုးတည်း ပြေးဆင်းချသွားလိုက်တာ ... လေထက်တောင် မြန်ဦးမယ် ... ထင်တယ် ..."

ဣန္ဒြေကြီးကြီးနဲ့ တည်တံ့တတ်မြဲ မသက်ပိုင် တစ်ယောက် ... နည်းနည်းများ ပျာယာခတ် လှုပ်ရှားနေသလားလို့ ...။ ဖုံးကွယ်ဖို့၊ လိမ်ဖို့ ကြံစည်ပြီး ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေသော ထိန်ထိန်ပင် သတိထားမိကာ ... အံ့ဩချင်ရသည် ...။

"ဘာပြောသွားသေးလဲ ... ဘာတဲ့လဲ ..."

"သူလား ... ဘာမှမပြောပါဘူး ... ဘာထူးထူးထွေထွေ ပြောစရာ ရှိရမှာလဲ ... ဘာဖြစ်လို့လဲ ..."

မသက်ပိုင်က နှုတ်ခမ်းလေး စေ့ပိတ်ကာ ... ထိန်ထိန့် မျက်ဝန်းတွေထဲ စေ့စေ့ကြီး စိုက်ကြည့်နေပါသည် ...။ မျက်ဝန်းအကြည့်တို့ကတော့ တည်ငြိမ်နေနိုင်သော မသက်ပိုင်ရဲ့ လက်ချောင်းလေးတွေ မတည်ငြိမ်နိုင်ကြဘဲ ... အချင်းချင်း ဆုပ်နယ်နေပြီးမှ ... တချောင်းချင်းစီ ချိုးနေလေတာကို ထိန်ထိန်က ရိပ်မိနေလျှင် ...၊ အလိမ်အညာ မကျွမ်းကျင်ဘဲ မပိမရိ ဇာတ်

www.burmeseclassic.com

www.burmeseclassic.com

လမ်းဆင် လိမ်ချင်နေသော ထိန်ထိန် ကျတော့ မျက်ဝန်းထဲအထိ ပါ လိုက်မငြိမ်နိုင်တာကို မသက်ပိုင်လည်း ... ရိပ်မိမည်ပင် ...။

ထိန်ထိန်က ... ယခုထက်တိုင် ... ကောင်တာရဲ့ အတွင်းဘက် ထောင့်စွန်းလေးထဲမှာ ရှိနေဆဲ ဘူးနီကလေးကို ... မသက်ပိုင် ကောင်တာနောက်ထဲ ဝင်မလာခင် ... မမြင်ခင် ... ဘယ်လို ဖျောက်ကွယ် ဖွက်သိမ်းနိုင်မလဲ ... ဟု အကြံရကျပ်လျက် ရှိသည် ...။

ထိုစဉ်မှာပင် ... အတွင်းဘက် ရုံးခန်းတွေဆီက မိန်းကလေးငယ်အချို့ ... အပြင်ဘက်သို့ ရုတ်ရုတ်သဲသဲနှင့် ပြေးထွက်လာကာ ...

"သက်ပိုင်ရေ ... အောက်မှာ ဘာဖြစ်ကြလဲ မသိဘူး ... ငါတို့ အတွင်းမှန်ချပ်တွေကနေ လှမ်းမြင်နေရတာ ... လူတွေမှ တစ်လမ်းလုံး ပြည့်ကျပ်ခဲ့နေတာပဲ ..."

မသက်ပိုင် တစ်ယောက် ထိုမိန်းကလေးများထံ ဂရုတစိုက် ရှိသွားမိစဉ် တစ်ခဏ ... ထိန်ထိန်က လျှပ်ပြက်လိုက်သလို ရုတ်ခြည်းပင် ... လှုပ်ရှားလိုက်ကာ ... ဘူးနီလေးကို "ဖျတ်"ခနဲ ကောက်ယူ ...၊ လက်နှစ်ဖက် နောက်ပစ်ပြီး ဖွက်ထားလိုက်သည် ...။

"ဩော် ... ဧည့်သည် ရောက်နေလို့လား ... ဒါဆိုနေနေ ... တို့တွေက ဘာလဲလို့ အောက်ခဏဆင်းကြည့်ကြမလားလို့ ပါ ..."





မသက်ပိုင်က ထိန်ထိန့်ဘက် ပြန်လှည့်ကြည့်သည်တွင် ... ထိန်ထိန်က Desk လေးပေါ် တင်ထားသော ပခုံးသိုင်းလွယ်အိတ်ကြီးကို ကောက်ဆွဲယူလိုက်ကာ ...

"မသက်ပိုင် ... လိုက်ရင် လိုက်ကြည့်ပေါ့ ... ထိန်ထိန်လည်း သင်တန်းချိန် နီးနေပါပြီ ... တစ်ခါတည်း အတူလိုက်ဆင်းပြီး ... တန်းပြန်လိုက်ပါတော့မယ် ..."

ပြောရင်းက အိတ်ကြီးရဲ့ဘေးက ကပ်လျှာအိတ်ကတ်လေးကို မသိမသာလေး ဖြည်းဖြည်းဆွဲချွာဖွင့် ...၊ နောက်ပစ်ဖွက်ထားသော လက်တစ်ဖက်ကို ထိုးထည့် ...။ မသက်ပိုင်ကတော့ ရုပ်တည်ကလေးနှင့်ပင် ထိန်ထိန့်ကို တစ်လှည့် ... သူ့သူငယ်ချင်းလေးတွေကို တစ်လှည့် ကြည့်ကာ ... ဘာမှပြောမနေတော့ဘဲ အပေါက်ဝဘက် လှမ်းထွက်သွားလေတော့သည် ...။

အောက်ရောက်တော့ ... အောက်ထပ် စက်ပစ္စည်းအရောင်းပြခန်းထဲက အလုပ်သမား ကောင်ကလေး အားလုံးလည်း ပြခန်းမှန်ခန်းကြီးရဲ့ အပြင်ဘက်သို့ ထွက်ရပ်နေကြကာ ... အပေါ်ထပ်မှ ဆင်းလာကြသော ... သက်ပိုင်တို့ တစ်သိုက်ကို မြင်သည်နှင့် ... ဦးအောင် ... သူ့ထက်ငါ ... အလုအယက် ...

"မရှိတော့ဘူး ... သယ်သွားပြီ ..."

"ဟယ် ... နေပါဦး ... ဘာသယ်သွားတာလဲ ... အစ်မတို့က ဘာမှမသိသေးဘူး ... ခုမှ အပေါ်ကနေ လူစုစုမြင်လို့ ဘာဖြစ်ကုန်ပြီလဲလို့ ဆင်းကြည့်တာ"


www.burmeseclassic.com

www.burmeseclassic.com



"အပေါ်ကလေ ... The bright lights က ... မင်းသား"

"ဘယ်သူ ... ! ..."

ထိုအလုပ်သမားလေးများနှင့် ရင်းနှီးဟန်မရှိ ... ခပ်တန်းတန်းပဲ ရှိနေသော မသက်ပိုင်ထံမှ အသံခပ်ကျယ်ကျယ်နှင့် ဝင်မေးလိုက်သံ တစ်ချက်ထွက်လာပါသည် ...။ မသက်ပိုင်ရဲ့ မျက်နှာထားနဲ့ ဟန်ပန်တို့ကြောင့် ... အသာလေး လစ်ထွက်သွားတော့မို့ ဟန်ပြင်နေသည့် ထိန်ထိန်လည်း ခြေလှမ်းတွေ ရပ်တန့်သွားရသည် ...။

"The bright lights က ... **"ကျော်ဇင်"**ပေါ့ ... အစ်မရယ် ... အဲဒီလေ့ကားကနေ ... နောက်က သရဲလိုက်သလို ခွေးရူးလိုက်သလိုလို ... ကမူးရှူးထိုးကြီးကို ပြေးဆင်းချလာတာ ... လမ်းပေါ်ရောက်တော့လည်း အပြေးကမရပ်သေးဘူး ... ပလက်ဖောင်းပေါ်ကနေ လမ်းမပေါ် တစ်ရှိန်ထိုးပဲ ဆက်ပြေးပြီး ... လမ်းဟိုဖြတ်ကူးတာ ..."

ညီအစ်မနှစ်ယောက်လုံး "ဟာ"ခနဲ ပြိုင်တူအော်လိုက်မိကြကာ ... "ဘာဖြစ်သွားပြီလဲ ..."ဟူသည့် အသံကလည်း တညီတညာတည်း သံပြိုင်ကွက်ဟီပင် ထွက်ပေါ်လာပါသည်။ ပြောပြနေသော ကောင်လေးက ... ဘယ်သူမှန်း မသိဘဲ ဘေးကနေ လာဝင်အော်နေသော ထိန်ထိန့်ကို အံ့သြသလို တစ်ချက်ကြည့်လိုက်ကာ ...





"ကားတိုက်တာလေ အစ်မ ... 'ဒုန်း'ခနဲပဲ ... အခု ... အဲဒီကားနဲ့ပဲ သယ်သွားတာ ..."

ဘေးနားက တစ်ချက် တစ်ချက် ... ဝင်,ဝင်ထောက်ပေးနေသည့် ကောင်လေးတစ်ယောက်က ... "ဒါပေမဲ့ ... သယ်သွားကတည်းက ... အသက်တော့ မရှိတော့ဘူးတဲ့ ... On the spot (ပွဲချင်းပြီး)ပဲတဲ့ ..."ဟု ဝင်ပြောလိုက်ပါသည်။ မသက်ပိုင်ရဲ့ ဖျတ်ခနဲ အကြည့်က ... ထိန်ထိန့် မျက်နှာပေါ်သို့ ကျရောက်လာသည် ...။ ထိန်ထိန်က ... ဘေးလွယ်အိတ်ကြီးရဲ့ အိတ်ကတ်လေးကို အပေါ်ကနေ ခပ်တင်းတင်းကြီး ... ဖိကိုင်လိုက်မိလေသည်။

✣ ✧ ✣

"ကျော်ဇင် ပေးရစ်ခဲ့တယ်ဆိုတဲ့ လက်ဆွဲစပ်ကလေးဆိုတာ ငါ့ကို ခဏလောက် ပြစမ်းပါ ... ထိန်ထိန် ..."

အိပ်ရာပေါ်မှာ မှောက်ရက်ကြီး ဝမ်းလျားထိုးလဲလျောင်းနေသော ထိန်ထိန့် အပါးသို့ ... မသက်ပိုင် ရောက်လာပါသည် ...။ တစ်ထစ်ချ ပိုင်နိုင်လှသော စကားနှင့် "ပေးခဲ့တယ်ဆို ... ပေးခဲ့သေးလား"ဘာညာ ... မေးခွန်းပုံစံမျိုးတွေတောင် မပါတော့ဘဲ အတိအကျကြီး သိပြီးလာနိုင်ပုံကြောင့် ... ထိန်ထိန်က အံ့သြသွားရတာနဲ့အမျှ ဆက်လက် ဖုံးကွယ်ထားဖို့လည်း ဆန္ဒမရှိတော့ပါချေ ...။ အို ... မဟုတ်ပါဘူး ... ဖုံးကွယ်မထား

www.burmeseclassic.com

www.burmeseclassic.com



လိုတဲ့အပြင် ...၊ ဒီမှာက ပြောကို ပြောပြချင်နေမိတဲ့အထိ ဖြစ်နေတာပါ ...။ ဘယ်လို စကားစ,စရှာရမလဲ ... မသိသေးလို့သာပါ ...။

ထိန်ထိန်က လူးလိမ့်ပြီး အိပ်ရာပေါ်မှ ထရပ်လိုက်သည်။ ဘယ်တုန်းကမှ သော့ခတ်ထားခဲ့ဖူးသည် မရှိဘဲ ... ခုကျမှ အထူးတဆန်း သော့တွေ ဘာတွေနှင့် ဖြစ်နေရသော ဗီရိုဆီသို့ လျှောက်လှမ်းသွားနေစဉ်မှာတော့ ..."ထိန်ထိန်က မသက်ပိုင်ကို မပြောဘဲ ဖုံးထားခဲ့မိတာက ... ဘာရယ်လဲ မဟုတ်ပါဘူး ... မသက်ပိုင်ရာ ..."ဟု လေပြည်ထိုး ... ခြေဆင်းလေး တစ်ခွန်းကို စပစ်ထားလိုက်ပါသည် ...။

တကယ်လည်းပဲ ..."ဘာရယ်မဟုတ်"ပဲဟာလေ ...။ အမိန့်တွေနှင့် တားမြစ်ပိတ်ပင် ချုပ်ချယ်ခံနေရမှာစိုးလို့ မြှုထားမိတာဟာ ... မဟုတ်တာ ခိုးလုပ်ချင်လို့တော့ လုံးလုံးမှမဟုတ်ဘဲ ...။

ခုလိုကျတော့ ..."နင် အဲဒီပြခန်းဘက် မလာနဲ့"လို့ တားမြစ်ပိတ်ပင်ချင်လို့တောင် ... ကာယကံရှင်က မရှိရှာတော့ဘူးဆိုတဲ့အခါ ... ထိန်ထိန့်ရဲ့ ဖုံးကွယ်မှုဟာလည်း ... ဖုံးကွယ်မှုကြီးပဲ ဖြစ်ရလျက် ... အကျိုးမရှိ ... အရာမထင်ပြီ ...။ ကိုယ့်မှာ ... ခုတော့ ... ကိုယ် ဘယ်လိုကြီး ခံစားလိုက်ရတယ် ဆိုတာ ... ရင်ဖွင့်တိုင်ပင်ဖို့အတွက် ... တိုင်ပင်ဖော် တိုင်ပင်ဖက် ရင်ဖွင့်ဖော်တောင် မရှိနိုင်တော့သလို ... ဖြစ်ရပြီ ...။





ရင်ဖွင့်ချင်တယ် ဆိုတာက ဒီလိုပါ ...။ ဘာရယ်လဲ မဟုတ်ပါဘူး ...(လာပြန်ပြီ ... ဘာရယ်မဟုတ်တာ) ကိုယ့်ကို လက်ထပ်ခွင့် လာတောင်းပြီးမှ သူ့ဘာသာ ရုက်ရမ်းရမ်းပြီး ထွက်ပြေးသွားတာနဲ့ပဲ ... အမျိုးကောင်းသား ယောက်ျားလေးတစ်ယောက်ဟာ ... ကားတိုက်ပြီးတော့တောင်မှ ဆုံးပါးသွားရရှာတယ်ဆိုတော့ကာ ...။ သူ့ကို ပြန်ချစ်မိတယ် ... လက်ခံချင်တယ် ...။ မေတ္တာရှိမိတယ်ရယ်လည်း မဟုတ်ရပါဘူး ...။ ဒါပေမဲ့လည်း တစ်မျိုးကြီးတော့ တစ်မျိုးကြီး ... ဘာကြီးမှန်းလဲလည်း မသိ ...။ ခံတော့ ခံစားလိုက်ရတာပေါ့နော် ...။ အနည်းဆုံးကတော့ ... "အဲလို ... အဲလိုပါ ..."လို့ ...(တသသ,သဘောလေးပဲဖြစ်ဖြစ် ... ဘာဖြစ်ဖြစ်) ပြန်ပြောချင်စရာ ... လူလိုတာပေါ့နော် ...။

ကိုယ်ခံစားနေရတဲ့ တစ်မျိုးကြီးက ... ကြာလာရင်လည်း သူ့ဘာသာပဲ အလိုလို ပျောက်ပြယ်သွားမှာပဲ ... သေချာပေမဲ့ ... ခုနေတုန်း "ယူကျုံးမရမှု"ကလေးကိုလည်း စကားလုပ်ပြော ...၊ စိတ်သက်သာရာ ရာမိချင်သေးတာပေါ့ ...။ ခုလက်ရှိတွဲဖြစ်နေတဲ့ သင်တန်းက သူငယ်ချင်းတွေကို ပြောပြရင်လည်း ရနိုင်တာပဲ ဆိုပေမဲ့ ... ဒီအဖြစ်အပျက်ကို ... သူကိုယ်တိုင်ပါ ကြုံလိုက်ရပြီး "ကျော်ဇင်"ဆိုတဲ့ ကောင်ကလေးကို လူကိုယ်တိုင်ပါ သိဖူး၊ မြင်ဖူးနေတဲ့ မသက်ပိုင်ကို ... ပြောပြရင်ဖွင့်ရတာလောက်တော့ ... စီးစီးပိုင်ပိုင်နဲ့ စိတ်သက်သာရာ ရနိုင်မည်မထင်မိ ...။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သူ့ဂျူတော့လည်း ဖုံးကွယ်ပြီး မြုံထားမိရက်သားက ဖြစ်နေပေရော ... ထိန်ထိန့်မှာ ဘယ်သူ့ကိုမှ ရင်မဖွင့်သာတော့ဘဲ ... ဘယ်လိုကြီးမှန်းလဲမသိ ဖြစ်နေရတာ ... လေးငါးရက်ခန့်ပင် ရှိခဲ့ပါပြီလေ ...။ ခုမှ တော်ပါသေးရဲ့ ...။

ထိန်ထိန်က မေမေ မြင်သွားမှာစိုးလို့ (ကိုယ့်ဘာသာမလုံမလဲနဲ့ ... ဗီရိုတောင် ထ့သော့ခတ်ပြီး) သိမ်းထားမိသည့် ... ဘူးနီကလေးကို ... ဗီရိုဖွင့် ထုတ်ယူကာ မသက်ပိုင် လက်ထဲသို့ ကမ်းပေးလိုက်လေသည် ...။ မသက်ပိုင်က ချက်ချင်းပင် ဖွင့်ထုတ်ကြည့်ပြီး ... ဘူးထဲကနေ "ဆတ်"ခနဲ ဆွဲထုတ်ကာ သူ့လက်သူ ကြွယ်လေးမှာ ယူစွပ်ကြည့်လိုက်ပါသည် ...။

ကွက်တိ ...။ လှလိုက်တာ ...။ စိန်ပွင့်တစ်ပွင့်မဟုတ်သော်ငြား ... စိန်ထက်ပင် တောက်ပဖျိုးဖျပ်နေအောင် အကွက်ကျကျ သွေးထားတဲ့ ... ငရုတ်ကောင်းစေ့သာသာအရွယ် ... ခရစ်စတယ်လုံးလေးဟာ ... ဘူးကလေးထဲမှာ မထင်မရှား ကုတ်ကုတ်ကလေး ရှိနေရတာထက် ... သူ့လက်ပေါ်မှာ ...(အထူးသဖြင့် အသားဖြူပြီး ... လက်ချောင်းဖောင်းဖောင်းလေးတွေ ညီညာနေတဲ့ မသက်ပိုင်ရဲ့ လက်ပေါ်မှာ) အင်မတန်မှ လှပကြည့်ကောင်းလို့ နေလေသည် ...။

"အဲဒါ အပေါ်က ဟာလေးက ခရစ်စတယ်လ်တဲ့ ... အောက်က အကွင်းက ရွှေအစစ်တဲ့ ... အဝါရောင်ဖြစ်မနေတာက ... ရွှေကို ပလက်တီနမ်အဖြူရည် ပြန်မှုတ်ထားတာ ထင်တယ် ... လှတယ်နော် ..."





မသက်ပိုင်က သူ့လက်ကလေးကိုပဲ မြှောက်ကြည့်လိုက် ... အောက်ချကြည့်လိုက်၊ လက်ဖမိုးဘက်ကကြည့်လိုက်၊ ဘေးတိုက် ကြည့်လိုက်၊ လက်ဖဝါးဘက်က ပြန်ကြည့်လိုက်နှင့် ... အလုပ်ရှော ရှုပ်နေကာ ... ထိန်ထိန့်ရဲ့စကားကို လုံးဝအရေးမထား ...။ နားထဲတောင် ဝင်ရဲ့လား မသိ ...။ ရုပ်ကတော့ လက်စွပ်ကလေးနဲ့ အင်မတန့် ပန်းရ လှပနေသည့် သူ့လက်ကလေးအတွက် ... ပီတိဖြာဂုဏ်ယူနေဟန် ... မျက်ဝန်းတွေက တဖျပ်ဖျပ် တလက်လက် ဖြစ်လို့နေသည်။

သူ့ရုပ်ကြည့်ပြီး ထိန်ထိန့်မှာ မနာလိုရမလိုလို၊ ထိတ်လန့်လာရတော့မလိုလိုပင် ရှိပါသည် ...။ မနာလိုတာကတော့ ထိန်ထိန်လည်း ဒီလက်စွပ်ကလေးကို အိမ်ကလူတွေရဲ့ အလစ်မှာ အခန်းတံခါး သော့ချဂိတ်ပြီး ဒီလိုပဲ စွပ်ကြည့် ... လှည့်ပတ်ကြည့် လုပ်ကြည့်ပြီးပါပြီ ...။ အသားညိုကာ ... အရိုးပေါ်သော လက်ချောင်းပိန်ညှော်ညှော်ကလေးတွေနှင့် ထိန်ထိန်ဟာ မသက်ပိုင်လိုတော့ လက်စွပ်နဲ့ လက်ချောင်း ပန်းမရ၊ ကြည့်မကောင်း လှတာ ... အမှန်ပဲမို့လို့လေ ...။

ထိတ်လန့်ရတာကတော့ ... တဖြည်းဖြည်းနဲ့ ရုပ်ပါပြောင်း ... ပြောင်းလာတဲ့ မသက်ပိုင်ဟာ ... သူ့မျက်ဝန်းတွေက လက်စွပ်နဲ့ လက်တို့ရဲ့ "အဟပ်တည့်"နေမှုကို ... ပီတိဖြာနေရုံမျှ မက,တော့ဘဲ ...။ လိုချင်ရမ္မက်တွေ၊ လောဘတွေ၊ မက်မောတွယ်တာလိုမှုတွေပါ ... သူ့မျက်ဝန်းထဲ တွေ့လာရပြီ ...။ ဘယ်လိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရတာပါလိမ့် ...။ သူများပစ္စည်းကြီးကို ...။ ပြီးကျတော့ ... ဓာတ်လမ်းတစ်မျိုးကြီးနဲ့ ယှဉ်တွဲရက်ဆိုတာလည်း (ခုလောက်ရှိ) သူ သိနိုင်ပြီးသားနဲ့ဟာကို ...။

"နင် ငါ့ကို အဲဒီနေ့ကအကြောင်း အကုန်ပြန်ပြော ပြစမ်းပါ ထိန်ထိန် ... မျိုသိပ်ထိမ်ချန်ထားမယ်တော့ စိတ်မကူးနဲ့နော် ... နင်မပြောပြလည်း ငါနည်း ငါ့ဟန်နဲ့ သိလာနိုင်တာပဲဆိုတာ ... နင် သိသင့်ပြီ ..."

အမယ် ... ဒီကလည်း ပြောကို ပြောပြချင်လွန်လွန်းနေတာပဲဟာကို ... သူက အဲလိုကြီး ကြိုပြောလိုက်တော့ အောင့်သက်သက်ကြီးလိုလိုတောင် ဖြစ်ရတာပေါ့ ...။ သို့သော် ... သူ့ရဲ့ စကားလုံးသုံးစွဲမှု မဟုတ်ပုံအတွက် ... စိတ်လုပ် စိတ်ကောက်နေရရင် ... ကိုယ်ပြောချင်တာတွေကို မပြောလိုက်ရရုံသာ ရှိမှာဆိုတာကို သိထားပြီးသား ထိန်ထိန်က ... အောင့်သက်သက်တွေကို ရင်ထဲ သိပ်ထားမနေတော့ဘဲ ...

"အဲဒီ ကိုကျော်ဇင်နဲ့ ထိန်ထိန်နဲ့ကလေ ... တစ်ယောက်နဲ့တစ်ယောက် ... သိနေ၊ မျက်မှန်းတန်းမိနေကြတာတော့ ကြာပါပြီ ... ဘယ်လိုပြောမလဲ ... သိတယ် ဆိုတာကလည်းလေ ... စကားပြောဖူး၊ ရင်းနှီးဖူးကြတယ်တော့ မဟုတ်ဘူးပေါ့ ... ထိန်ထိန်က သူ့ဆိုင်ကို ရောက်ဖြစ်တဲ့အခါ ... သူနဲ့ ထိန်ထိန်နဲ့ တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်ဖြစ်ကြရင် ..."





"ကျွတ် ... နင်နဲ့ သူနဲ့ သိမသိက အရေးမကြီးပါဘူး ထိန်ထိန်ရယ် ... ငါသိချင်တာက သူ အဲဒီနေ့က ဘာတွေပြောသွားလဲ ..."

"သူက ထိန်ထိန့်ကို အဲဒီလက်စွပ်လေးပေးပြီး ... လက်ထပ်ပါရစေတဲ့ ... သူ့ကို ပြန်စဉ်းစားပေးမယ်ဆိုရင် ... အဲဒါလေးဝတ်ပြီး သူ့ဆိုင်ကို လာခဲ့ပါ ... တဲ့ ..."

ကဲ ... ဒီလောက် အတိုချုံးကြိုက်ရင်လည်း ... ဓာတ်ကြောင်းကို ရှည်ရှည်မပြန်တော့ဘူးပေါ့ ...။ လိုရင်းပဲ ...။ ထိန်ထိန့်ရဲ့ စကားအဆုံးမှာတော့ ... မသက်ပိုင်မှာ ထိန်ထိန့်အိပ်ရာပေါ်မှာ ထိုင်နေရာကနေ ထခုန်မိမတတ်ပင် ဖြစ်သွားရလျက် ... "နင့်ကို" ဟု ခပ်ကျယ်ကျယ်တစ်ချက် အော်ဟစ်လိုက်သည်။

"အေးလေ ... ထိန်ထိန့်ကိုပေါ့ ... ထိန်ထိန့်ကို လက်ထပ်ပါရစေလို့ပြောပြီး အဲဒီလက်စွပ်ကို ပေးသွားတာပဲ ... မသက်ပိုင်က ဘာတွေ အလန့်တကြား ဖြစ်နေရတာလဲ"

"သူက ထိန်ထိန့်ကို လက်ထပ်ပါရစေလို့ ပြောတယ် ... အဲဒီလို အတိအကျ ပြောတယ် ... ဟုတ်သလား ..."

"အာ ... အဲလိုတော့ မဟုတ်ဘူးပေါ့ ... "အစ်မကို ကျွန်တော် လက်ထပ်ချင်ပါတယ် ..." လို့ ပြောတာပါ ... "ထိန်ထိန့်ကို" လို့တော့ နာမည်ခေါ်မပြောပါဘူး ... ဒါပေမဲ့ ..."

မသက်ပိုင်က သက်ပြင်းလိုလို ဘာလိုလို တစ်ခုခုကို ပါးစပ်ထဲက မှုတ်ထုတ်လိုက်ကာ ... ခုတင်ပေါ် ပြန်ဝင်ထိုင်ပါသည် ...။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာကြောင့် ဒီလောက် ရက်တတ်ရကာလည်း မသိပါဘူး ... ရုံးခန်းထဲ ဝင်လာကတည်းက Front Desk ဘက် ချက်ချင်း ချိုးမလာသေးဘဲ ... Lobby ထဲတင် ငါးမိနစ်လောက် ... ဟိုလျှောက် ဒီလျှောက်လုပ်နေသေးတာ ... ကြည့်ရတာ ... ရှက်လို့ လန့်လို့ အားယူနေတာနဲ့ တူပါရဲ့ ... ပြီးကျတော့ ... ဆက်ဝင်လာတော့လည်း စောင်းငန်းကြီး၊ Desk ဘက်ကို ကျောပဲပေးထားတော့ မလိုလိုကြီး ...၊ ခေါင်းကြီးလည်း ငုံ့လို့ ...

Desk ဘက်လည်း ဂဏန်းလို ဘေးတိုက်ကြီး ရုတ်တရက် ပြေးလာပြီးမှ ... တည့်တည့်မထိုင်ဘဲ စောင်းထိုင်ပြီး ခေါင်းကြီးငုံ့ပြီး စကားပြောသွားတာ ... တစ်ချိန်လုံးပဲ ..."

"ဟုတ်လား ... ဟုတ်လား ... အင်း ... ထင်သားပဲ ... ဟုတ်ပါပြီ ... အဲဒီလိုပဲ ဖြစ်ရမှာပါ ..."

မသက်ပိုင် တစ်ယောက် တုန်တုန်ယင်ယင်လိုလို ဖြစ်လာပြန်သည်။ ပြေးချင်လွန်းအားကြီးနေသည့် ထိန်ထိန်ကလည်း ... မြှုံထားရတာမှန်သမျှကို ဝိုင်းခံစားပေးနေသူရှိတုန်း ... တစ်ထိုင်တည်း ထုတ်ဖော်လိုက်ဖို့က အရေးကြီးနေသည်။

"ပြောပြီးတော့လည်း ပြန်တောင်လှည့်မကြည့်တော့ဘဲ ချက်ချင်း ပြေးထွက်သွားတာပဲ ... ဒီအရွယ် ယောကျ်ားလေးဖြစ်ပြီး ... သူ့ခမျာ ဒီလောက်ပဲ ရှက်တတ် ကြောက်တတ်ရသတဲ့လား မသက်ပိုင်ရယ် ...။ မသက်ပိုင်နဲ့လည်း အဝမှာ



ဆုံလိုက်ကြသေးတယ်ဆို ... အဲဒါကြောင့်များ ပိုရှက်သွားသလားပဲ ..."

"ဟုတ်တယ် ... ငါနဲ့ အဝမှာ ဆုံဖြစ်လိုက်ကြပြီး ... ငါ့မျက်နှာကို သေချာမြင်လိုက်ရတာကပဲ ... သူ့ကို သေစေလောက်တဲ့အထိ ထပ်ရှက်သွားစေတော့တာပဲ ... အဲဒါကြောင့် သွေးရူးသွေးတန်းနဲ့ လမ်းမပေါ်ထိ ဆင်းပြေးတာ ... တကယ်တော့ သူ အောက်ထပ်ကို ဆင်းလာချိန်မှာ ... ငါနဲ့ Front Desk မှာ တန်းမဆုံဖြစ်ကြတာကတော့ ပြဿနာရဲ့ အစပေါ့ ...။ အဲဒီလို ကံကြမ္မာက ... ကဘောက်တိကဘောက်ချာဖြစ်ပြီးပြီဆိုလည်း ... အပေါက်ဝမှာတစ်ခါ ထပ်မဆုံဖြစ်လိုက်ကြရင်လည်း ကောင်းသားပဲ ... မှားယွင်းပြီးသွားတဲ့ ပြဿနာတွေက နောက်မှ ... ဘယ်လိုလိုက်ရှင်းရှင်း ... ရပါတယ် ... ခုတော့ ..."

ထိန်ထိန့်မှာ မသက်ပိုင်ရဲ့ ဆွေးဆွေးမြည့်မြည့်၊ တဖွဲ့တနွဲ့ တရှည်တလျား စကားအသွားအလာတွေကို သိပ်တော့ နားမလည်လှပါ ...။ လေးငါးရက်တိတိ ကိုယ့်ရင်ထဲ မျိုသိပ်ကျုပ်ခံနေရသည်များကိုသာ ...

"အမှန်ကတော့ သူ့ဘာသာသူ ရှက်တတ်လွန်းလို့ပေါ့ ... ဒါပေမဲ့ ထိန်ထိန့် ပယောဂနဲ့လည်း မကင်းဘဲ ... လူတစ်ယောက်လုံး သေသွားရတဲ့အထိ ဖြစ်သွားခဲ့ရတာ ... ထိန်ထိန် ဘယ်လိုမှခံစားလို့ မရဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"နှင်နဲ့ မဆိုင်ပါဘူး ... ကားတိုက်တဲ့အထိ ဖြစ်ရတာ ... ငါ့ကို အပေါက်ဝမှာ ဆုံလိုက်လို့ပါ ... နှင် သိပ်ခံစားမနေပါနဲ့ ... တကယ်က ... နှင့်ပယောဂ ကင်းပါတယ် ... နှင့်အပြစ် ဘာမှမရှိဘူး ..."

"မဟုတ်ဘူးလေ ... သူက ထိန်ထိန့်ကို လက်ထပ်ခွင့်တောင်းမိပြီးမှ တအားရှက်နေ ..."

"အဲဒါ ... နှင့်ကို သူ ... လူမှားသွားတာပါ ..."

"လူမှားတာ ... ? ..."

"ဟုတ်တယ် ... လူမှားတာ ... ဘယ်သူနဲ့ မှားသလဲဆိုရင် ငါနဲ့မှားတာ"

မျက်ရည်တွေ ဘာတွေတောင် ဝဲတက်လာမတတ် မသက်ပိုင်ကို ထိန်ထိန်က မျက်လုံးပြူးကာ စိုက်ကြည့်နေသည်။ အံ့သြစရာကြီး ...။

"သူက မသက်ပိုင်ရဲ့ ချစ်သူမို့လို့လား"

မေးသာ မေးလိုက်ရ ...။ ဘယ်ယောကျ်ားတစ်ယောက်ကများ ကိုယ့်ချစ်သူရဲ့ ညီမဖြစ်သူကိုမှ လူမှားပြီး လက်ထပ်ခွင့် တောင်းမတဲ့လဲ ...။

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး ..."

"ဒါဖြင့် မျက်မမြင်လား ... အနီးမှုန်၊ အဝေးမှုန်လား ..."

"နှင် ပေါက်ကရတွေ လျှောက်မပြောနဲ့ ... ဒီကိစ္စက ငါတို့တွေ ခါတိုင်း စကားနိုင်လုကြတဲ့ ကိစ္စတွေလို မဟုတ်





ဘူး ... အင်မတန်မှ လေးနက်သိမ်မွေ့တဲ့ ... နှလုံးသားရေးရာကိစ္စ ...။ အခု လေးငါးရက်အတွင်း ငါဘယ်လောက်ခံစားနေရသလဲ ... နှင် သိလို့လား ...

အေးလေ ... နှင် ဘယ်သိနိုင်မလဲ ... နှင်ကလည်း နှင့်ဘာသာနှင် အထင်မှားတွေနဲ့ နှင် ...'လူသေမှု'ကြီး တစ်ခုထဲ ဝင်ပါနေရသလိုလို အဖြစ်ကို ကြောက်ချင်ကြောက်နေလိမ့်မှာပေါ့ ...။ ငါကတော့ နှင့်လို ခံစားနေရတာ မဟုတ်ဘူး ...။ နှင့်ထက် လေးနက်တယ် ... ငါ့ကိုလက်ထပ်ချင်နေတဲ့ ကောင်ကလေးတစ်ယောက်ဟာ ... ငါ့ကြောင့် ရှက်လွန်းလို့ ... သေသွားရတယ်ဆိုတာ ... နှင် စဉ်းစားကြည့်စမ်း ... သိပ်ဝမ်းနည်းစရာ ကောင်းတယ်"

ဟင် ...။ အဲဒါမျိုးက ... ထိန်ထိန်သာ ခံစားရမှာ မဟုတ်ဘူးလား ...။

အဲဒါကိုပဲ သူက အတင်းဝင်လုပြီး ... သူကသာ လေးနက်သတဲ့ ...။ ထိန်ထိန့်ကျ ... ပေါက်ကရတဲ့ ...။ ဘာဖြစ်တာလဲ ...။

"သူက ထိန်ထိန့် ရုပ်ကြီးကို ဘွားဘွားကြီး မြင်နေရပြီးမှ ... မသက်ပိုင်လို့ ထင်နေတာပေါ့ ... အဲဒီလိုလား ..."

"နှင်ပဲ ပြောတယ်လေ ... ဝင်လာကတည်းက ကျောပေးရက်၊ ဝင်ထိုင်တော့လည်း ဘေးတစောင်း ...၊ ပြီးကျတော့ ခေါင်းငုံ့ထားတယ်ဆို ..."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ဒါဖြင့် ဥပမာ ပြောမယ် … နန္ဒာလှိုင်နဲ့ အိမ်ခြံ ကျော်ဇင် ဆိုရင် ဘယ်နေရာကို ယှဉ်ကြည့်လို့မှ … ဘာ တစ်ခုမှ မဆင်ဘူး …။ တစ်ယောက်ယောက်ကို တစ်နေ ရာရာမှာ ထိုင်နိုင်းထားပြီး … တစ်ခုခုလုပ်ဖို့ … လာတဲ့သူ က ဘေးတိုက်၊ စောင်းငန်း၊ ခေါင်းငုံ့လာပါစေဦး …။ အနည်းဆုံး မျက်ခနဲ အကြည့်တစ်ချက် ရောက်တာနဲ့တင် အသိသာကြီးပဲ …။ လူမှားကြပါ့မလား …"

"ဟိုဟာတွေက လူတကာမျက်စိနဲ့ ရင်းနှီးနေပြီးသား မင်း သမီးတွေပဲ …။ ပြီးကျ … သူတို့ဟာ ဒီ Front Desk တစ်ခုမှာပဲ … ထိုင်ကို ထိုင်နေမယ် … ရှိကို ရှိနေမယ်လို့ … တစ်ထစ်ချ တွက်ထားလို့ရတဲ့ အနေအထားမှာ မရှိဘူး …"

"ဪ … ဒါဖြင့် … Front Desk နဲ့ တွက်ရမယ်ဆိုရင် ထိန်ထိန့်ကို သူက လူမှားသွားတာသာဆိုရင် … မသက်ပိုင် သူငယ်ချင်း … မရှုပါနဲ့မှားတာလည်း ဖြစ်နိုင်တာပဲပေါ့ … သူလက်ထပ်ချင်တာ … မရှုပါလည်း ဖြစ်နေနိုင်တာပဲပေါ့ … ဒီလိုလား …"

"ကျွတ် … နင် ဘာတွေ ဒီလောက် လိုက်ကတ်သတ်နေတာ လဲ ထိန်ထိန်ရာ … မရှုပါမှာ လူကြီးတွေ သဘောတူထား ပြီးသား ချစ်သူရှိတယ် … သူ သိနေတာပဲ …"

"ဒီလိုဆို … အဲဒီနေ့က မရှုပါမဟုတ် … ရုံးမတက်မိလို့သာ ပေါ့ … တက်များ တက်မိလို့ … အဲဒီနေရာမှာသာ ထိုင်





နေမိရင် … ဘေးတိုက်၊ စောင်းငန်း၊ ခေါင်းငုံ့ပြီး လူမှား သွားနိုင်တာ … ရည်းစားရှိတယ်လို့ သူ သိပြီးသား မရှုပါ ကြီးလည်း ဖြစ်နိုင်တယ်ပေါ့ …။ ထိုင်နေတဲ့သူဟာ မရှုပါ ဆိုလည်း … ကျွန်တော့်ကို လက်ထပ်ပါလို့ … သူကသွား ပြောမယ်ပေါ့ …"

မသက်ပိုင်က ထိန်ယိန့်ကို စိတ်ကုန် စိတ်ကိုလှသော အကြည့်နှင့်ကြည့်ကာ … "နင်က ဘာလို့များ လက်ထပ်ခွင့်အတောင်း ခံရတဲ့သူ …၊ ဒီလက်စွပ်ရဲ့ ပိုင်ရှင်ဟာ … နင်ပဲ တစ်ထစ်ချဖြစ် ချင်နေရတာလဲ မသိဘူး"ဟု ဆိုလေသည် …။ နှုတ်ကထိ "မသက်ပိုင် တစ်ယောက် ဘာများဖြစ်နေပါလိမ့် …"ဟုတွေးမိ နေဆဲသာဖြစ်ပြီး … စိတ်မတိုမိသေးသည့် ထိန်ထိန်လည်း အဲဒီ စကားကြောင့်ပင် … စိတ်တွေ "ထောင်း"ခနဲ တိုသွားမိရတော့သည်။ ဒီမိန်းမတစ်ယောက်ရဲ့ မျက်နှာကြီးကိုမြင်ပြီးမှ … "လက်ထပ်ပါ ရစေ"လို့ အပြောခံလိုက်ရတဲ့ သူကပဲ … "ကိုယ်ပဲဖြစ်ချင်နေသူ" ဖြစ်ရဦးမတဲ့ …။ တကယ်ဆို … ထိန်ယိန်ကသာ မသက်ပိုင်ကို … အဲလိုထင် … အဲသလိုစွပ်စွဲ …၊ အဲလိုမေးရမှာ မဟုတ်ဘူးလား …။

ပြီးကျ သူ ပြောသလို … ဘယ်သူဝင်ထိုင်နေနေ … လူမှားသွားရအောင်က … ထိန်ထိန်နဲ့ အဲဒီ ကျော်ဇင်နဲ့ဟာ … အဲဒီနေ့ကမှ ပထမဦးဆုံးအကြိမ် စမြင်ဖူးကြရသူတွေလည်း မဟုတ်။ အပြန်အလှန် အကြည့်တွေနဲ့ သိနေပြီးသားလူတွေ … ဆိုတဲ့ဇာတ် လမ်းက ရှိပြီးသား …။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... အဲသလိုဆိုရင်လည်း ... ထိန်ယိန့်လို တစ်ခါ တစ်ခါမှ ပေါ်ပေါက်လာသူ မဟုတ်ဘဲ ... အပေါ်ထပ်နဲ့ အောက် ထပ် ... ရုံးချင်းကပ်ရက်၊ နေ့စဉ်နှင့်အမျှ တွေ့ချင် တွေ့နေနိုင်ကြသူ အချင်းချင်း ...၊ သူတို့နှစ်ယောက်ရဲ့ကြားမှာ ... ပြောစမှတ်ဖြ စရာ (ထိန်ထိန် မသိနိုင်သေးတဲ့)ဇာတ်လမ်းကြောင်း တစ်ခုရှိ ခဲ့ရင် ...(ဘယ်လိုမှ ဆင်တင်တင် မရှိတဲ့ ရုပ်နှစ်ခုကို လူမှားသွား တာပါဆိုလည်း) ထိန်ထိန်က မျက်စိမှိတ်ပြီးကို လက်ခံပါ့မယ် ... ကဲ ...။

"ဪ ... ထိန်ထိန်က မသိလို့ပါ ...။ ဒီလိုဆိုရင် ... မသက်ပိုင်နဲ့ သူနဲ့ကြားမှာ နဂိုတည်းက သိက္ခမ်းခင်မင် စကားပြောဆို ရင်းနှီးဖူးတာမျိုးတွေ ...။ မသက်ပိုင်က သူ့အနေနဲ့ နှစ်သက်နေတယ်ဆိုတဲ့ အပြုအမူ အပြောအဆို စကားမျိုးတွေ ... ဒါမှမဟုတ် ... ခုဟာက လက်ထပ်ခွင့် တန်းတောင်းသွားတာ ဆိုတော့ ... အရင်ကတည်းက ... ချစ်ပါတယ်ဆိုတဲ့ ... ဖွင့်ပြောကမ်းလှမ်းတာမျိုး propos လုပ်ပြီးသားတွေ ... ရှိခဲ့ပြီးသားပေါ့နော် ...။ ထိန်ထိန်က မှ မသိတာ ..."

မသက်ပိုင်ရဲ့ မျက်နှာက "ကွက်"ခနဲပင် ပျက်ထွက် သွားပါသည် ...။ အနေတည်ကြည်တဲ့ မသက်ပိုင်ဟာ ... မွေးက တည်းကနေ ခုချိန်လောက်အထိ (ခုချိန်အထိနော်) သူ့ဘဝမှာ လိမ်ညာလိုးလွဲမှု ဖြစ်ကိုဖြစ်မဲ့ ဖြစ်ရပ်မျိုးတွေနဲ့ ကြုံကို မကြုံခဲ့





သေးတာမို့ ... မလိမ်တတ်၊ မညာတတ်သူဆိုတာ ထိန်ထိန်အသိ။ ထိန်ထိန်ကမှ ... ဘာမှ အရေးမကြီးလှသောက်တဲ့ ..."ထမင်းစား ပြီးပြီလား"ဆိုရင် ... မစားရသေးလည်း ... အားနာရင် ... "စား ပြီးပါပြီ"... ဟု ဖြေရင် ဖြေမိဦးမည် ...။ မသက်ပိုင်ကတော့ ထိုသို့တောင်မဟုတ် ...။ "မစားရသေးပါဘူး"... သာ ဖြေမည့် သူ ...။

"နင့်ကို ငါ သေသေချာချာ ပြောနိုင်တာ တစ်ခုရှိပါတယ်၊ နင် ဘာမှသံသယ ဖြစ်မနေပါနဲ့ ... နင့်ကြောင့် လူတစ် ယောက် ဆုံးပါးသွားရလေသလားလို့လည်း အပြစ်မကင်း သလို guilty ဖြစ်နေစရာ မလိုဘူး။ စိတ်ရှင်းရှင်းနဲ့ အရင် ကလိုပဲ အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင်ပဲ နေပါ ... သူ တကယ်လူမှားသွားခဲ့တာပါ ...။ သူ လက်ထပ်ချင် တာ ... နင် မဟုတ်ကို မဟုတ်ပါဘူး ..."

ပြောပြီးတာနဲ့ ... မသက်ပိုင်က ... ထိန်ထိန့်ရဲ့ အခန်းထဲကနေပါ ထွက်ခွာသွားပါတော့သည် ...။ ဟမ် ...။ ကြည့်စမ်း ...။

ဘာလိုလိုနဲ့ ... လက်စွပ်ကလေးဟာ ... ပန်းရလှ သော သူ့လက်ချောင်း ဖောင်းဖောင်းကလေးတွေပေါ်မှာ ... အခန့် သားကလေးပင် ... ပါသွားခဲ့ပြီ ...။ အမယ်မယ် ...။ ဘုန်းနီက သေးကိုပါ ချန်မထားရစ်ဘဲ တစ်ခါတည်း ကောက်ယူသွားခဲ့တာ ပါလား ...။



www.burmeseclassic.com

www.burmeseclassic.com



မလိမ်မညာချင်သေးတော့ ... ဘာဇာတ်လမ်းမှတော့ ထုတ်ဆင်မသွားဘူးလေ ...။ ဒါပေမဲ့ ... အနိုင်နဲ့တော့ အသာလေး ပိုင်းသွားခဲ့တာ တွေ့လား ...။ လက်စသတ်တော့ ... သူ့ရဲ့အခိက, က ..."လက်စွပ်"ကိုး ...။ ခံပော့ ... ထိန်ထိန်ရေ ... ခံ ... ခံ ...။ ငယ်ငယ်ကတည်းကလည်း သူရော ကိုယ်ပါ ... ဇာကယ်သေချာ လိုချင်နေကြတဲ့ အရုပ်တစ်ခုကို ပြိုင်လုကြတဲ့အခါ ... အမြဲဗိုလ်ကျနေကျ ထိန်ထိန်က ခုလိုပဲ ... အေးအေးကလေးနဲ့ ... အသာလေး ကျန်ရစ်ရစမြဲပဲ မဟုတ်လား ...။ သာကေဘွေ ရှိရက်နဲ့ ... ခံရပြန်တယ်လို့ ... ဒေါ်ထိန်ထိန်ရယ် ...။

အဲဒါကြောင့် လက်စွပ်ကလေး ... သူ့လက်ပေါ် ရောက်သွားကတည်းကိုက ... သူ့ရဲ့မျက်လုံးတွေကအစ ... အရောင်ပြောင်းထွက်သွားခဲ့တာလေ ...။ ထိန်ထိန်လည်း ဒီလောက်လှပနေတဲ့ လက်စွပ်ကလေးကို ...(သူ့လောက် အလိုကြီး အလားကြီး မက်မက်မောမောကြီး မဟုတ်ရင်သာ ရှိ...ယ်) ကြိုက်တာပေါ့ ...။ သူ့လို အသားဖြူဖြူ လက်ချောင်းဖောင်းဖောင်းတွေ မဟုတ်လေတော့ ... သိပ်ပန်မရလှဘဲ ... လက်စွပ်လေးက ကိုယ့်လက်ပေါ်မှာ လည်တယ်တယ် ... ချောင်တောင်တောင်လေး ဖြစ်နေပေမဲ့လည်း ကြိုက်တာကတော့ ကြိုက်တာပေါ့ ...။

ဒါပေမဲ့ ... ကြိုက်တာထက် ..."ဖြစ်ရပ်ဆန်း ... ဇာတ်လမ်းလေးတစ်ခုနဲ့ တွဲရက်"ဆိုတဲ့ အခြေအနေကို (လှငယ် ပီပီ)ပိုပြီး တန်ဖိုးထားတာ ...။ အချိန်တွေ ကြာမြင့်လာလို့ ... ဒီ





ဇာတ်လမ်းကလေးကို ကိုယ့်ရဲ့စိတ်အသိထဲက မှေးမှေးမှိန်မှိန် ... ဆိုတဲ့ အခါမျိုးကျတော့ ... "ငါ ကြိုက်လွန်းလို့ပါဟယ် ... ငါ့ကို ပေးစမ်းပါ ..."လို့ ရိုးရိုးသားသား ပြောတောင်းယူရင်လည်း တစ်မျိုးပေါ့ ...။

ခရစ်စ်တယ်လ်ကလည်း တန်ဖိုးရှိတယ် ...၊ ရွှေလည်း ပါနေတယ်ဆိုပေမဲ့ ... ဒီ"ပိုက်ဆံတန်ဖိုး"ဆိုတာက ဒီနှစ်ယောက် ကြားမှာ ... ဘာမှထည့်တွက်နေစရာ ကိစ္စမဟုတ်ဘူးလေ ...။ ခုတော့ဖြင့် ...။

ဟင့်အင်း ...။ မပေးနိုင်ပါဘူး ...။

✣ ✧ ✣

မသက်ပိုင်ရဲ့မေမေ ... ဒေါ်ခင်ခင်သက် ခမျာ ... ယောက်မကြီးနဲ့ ယောက်မအငယ် ... ယောက်မနှစ်ယောက်တို့ရဲ့ မျက်နှာတွေကို မကြည့်ရဲရလောက်အောင်ကို အားနာလာတော့တာ မို့ ..."မသက်ပိုင်"ဟု ခပ်ဆတ်ဆတ်သာ ကျူးအော်လိုက်မိပါတော့ သည် ...။

မသက်ပိုင်ကတော့ဖြင့် သူ့မေမေရဲ့ ဒေါသကိုလည်း ဲ ဂရုမစိုက် ...။ အဒေါ်ရင်း၊ ကြီးတော်ရင်း နှစ်ယောက်ဖြစ်တဲ့ ကြီးကြီးနဲ့ အန်တီလေးကိုလည်း သိပ်ကြီးဂရုမစိုက် ...။ နှုတ်ခမ်း လေးကို တင်းတင်းစေ့ကာ ငြိမ်သက်ပြီးတော့သာ ထိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းမှာလည်း ... ထိန်ထိန် တစ်ယောက်ဟာ ... သူ့မေမေ (မသက်ပိုင်ရဲ့အန်တီလေး)က ကျိတ်,ကျိတ်ဆိတ်ထားလို့ ... ပေါင်တွေ၊ လက်မောင်းတွေမှာ အညိုအမည်းတွေပင် စွဲနေလောက်ပါပြီ။ သို့သော် ... သူကလည်းပဲ အလာကြီး ...။ "ဘယ်လောက်မည်းမည်း ... မလျှော့ဘူးပဲ ..."ဆိုတဲ့ ရုပ်ရည်မျိုးနှင့် သူ့အမေသူ (ဟိုက ... တအားကြီး ဆိတ်ဆိတ်နေတာတောင်မှ) လှည့်မကြည့်၊ ဂရုမစိုက် ...။ ခေါင်းတခါခါနှင့် ခေါင်းမာထားမည့်ပုံသာ ရလေသည် ...။

အိမ်ထောင်ခွဲ မောင်နှမသုံးယောက်တို့ဟာ မိဘတွေမရှိကြတော့ချိန်မှာ တညီတညွတ်တည်း၊ တစည်းတလုံးတည်း ... ဉမကွဲ သိုက်မပျက်ဆိုတဲ့ ပုံစံနဲ့ ... ခြံချင်းကပ်ရက် အိမ်သုံးလုံးဆက်နေနေဖြစ်ကြရာမှာ ..."နီးတကျက်ကျက်၊ ဝေးတသက်သက်" ဆိုတဲ့ စကားနဲ့မညီအောင် ... အကြီးဆုံးဖြစ်တဲ့ ဒေါ်ခင်ခင်ကြီးက ... အမြဲမပြတ်၊ ဂရုထား ထိန်းသိမ်းနေခဲ့တာပါ ...။ အထူးသဖြင့်ကတော့ ... ခင်ခင်ကြီးနဲ့ ခင်ခင်လေးက ညီအစ်မ ...။ ခလယ်ကမှ ယောကျာ်းလေး တစ်ယောက်တည်းဖြစ်တဲ့ မောင်မောင်လတ်က မောင်နှမဆိုတဲ့ ပတ်သက်မှုမျိုးနဲ့ဆိုတော့ ... ညီအစ်မဆိုတာ ... မောင်နှမထက် ပိုနီးစပ်တယ် ... ဆိုတဲ့ အဖြစ်မျိုး၊ အမြင်မျိုး ... ခင်ခင်ကြီးက အဖြစ်ကို မခံတာ ...။

ဦးမောင်မောင်လတ်ရဲ့ဇနီး ဒေါ်ခင်ခင်သက်ကိုလည်း မောင်နဲ့စပ်တဲ့ ယောက်မဆိုတာထက် ... ညီအစ်မသုံးယောက်ထဲက တစ်ယောက်ဆိုတဲ့ အနေအထားမျိုးပဲ ရှိစေအောင် ဆက်ဆံခဲ့သည်။ မိသားစုသုံးစုထဲမှာ လျှော့စရာရှိ ကိုယ်ပဲလျှော့ ...၊ မောင်နဲ့ညီမကို ဦးစားပေး ...။ မောင်နဲ့ညီမထဲမှာမှ ... ခင်ခင်သက်နဲ့ ခင်ခင်လေး ဆိုရင် ခင်ခင်သက်ကိုပဲ မသိမသာပိုလိုက် ...။ အဲသလို မျှတစွာ ကိုင်တွယ်တတ်ခဲ့တော့ ... ဒီအိမ်ထောင်ခွဲမိသားစုသုံးစုထဲမှာ ကြီးကြီးဒေါ်ခင်ခင်ကြီးရဲ့ ဩဇာအာဏာကသာ အတည်ဆုံး ဖြစ်နေခဲ့တာ ...။





သားသမီးတွေ ရလာတော့လည်းပဲ ဒေါ်ခင်ခင်ကြီးမှာက သားနှစ်ယောက် ...၊ မောင်မောင်လတ်နဲ့ ခင်ခင်လေးက သမီးတစ်ယောက်စီ ဆိုတော့ ... လျှော့စရာရှိ ယောကျာ်းလေးတွေဖြစ်တဲ့ ကိုယ့်သားတွေကလျှော့ ...။ ကျန်တဲ့ မီးဝင်မီးထွက်ညီအစ်မနှစ်ယောက်ကျ မျှမျှတတ ရှိစေပေါ့ ...။ အဲဒီမှာမှ မောင်လတ်နဲ့ ခင်သက်တို့ လင်မယားဟာ အသက်တွေချင်း လပိုင်းသာကွာသည့် သူတို့သမီးကို ... အတင်းကြီး ..."အကြီး"နေရာပို့ထားလိုက်ချင်ကြတာလေး တစ်ချက်တော့ ဒေါ်ခင်ခင်ကြီးက ရိပ်မိလိုက်သည် ...။

ဒါလည်း ဘာဖြစ်လဲ ... ရှိစေလေ ...။ အရေးမှမကြီးလှဘဲ ...၊ မသက်ပိုင်ကလည်း အကြီးရယ်လို့ ဗိုလ်ကျနေတာမှမဟုတ်ဘဲ ...။ ထိန်ထိန်ကလည်း အငယ်ပဲ လုပ်ချင်သူမို့ ... အကိုက်ပါပဲ ...။ မသက်ပိုင်က အနေတည်ပြီး ထိန်ထိန်ကနဲ့ဆိုး ဆိုးပေမဲ့ ... အသက်မကွာတဲ့ အပြိုင်းအရိုင်းရွယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မနှစ်ယောက်ကြားမှာ ... "အဟ"ကလေးတွေ၊ "မကျေနပ်ချက်"လေးတွေ၊ "အပြိုင်"လေးတွေ ... ဒါလေးတွေကတော့ ... ရှိတာပေါ့ ...။ ပုထုဇဉ် ကလေးငယ်တွေပဲဟာလေ ...။ ဒါပေမဲ့လည်း မျှတစွာ ကိုင်တွယ်ဘတ်ပြီး ... သြဇာတည်တဲ့ ကြီးကြီးရဲ့ စကားတွေအောက်မှာ ... တစ်သက်လုံး ... ကြီးမားတဲ့ ပြဿနာဆိုတာမျိုး ... ဖြစ်မလာ၊ မရှိလိုက်ရဘဲ ...၊ သေးတာလေးတွေက မှေးမှိန်ပျောက်လို့သာ သွားခဲ့တာပါ ...။

ယောက်မနဲ့ ညီမကလည်း ... ဒေါ်ခင်ခင်ကြီးက "မျှ"တယ် ဆိုတာကို ယုံကြည်ကျေနပ်နေကြလို့ပေါ့လေ ...။ တစ်သက်လုံး ဘာပြဿနာမှ မရှိခဲ့ကြဘူး ဆိုပေမဲ့ ... အဲဒီလို မရှိရခြင်းဟာ ... မရှိအောင် တမင်ကြိုးစားလိုစိတ်နဲ့ အားလုံး တစ်စိတ်ဝမ်း တစ်လက်ညီ ဝိုင်းကြိုးစားထားကြလို့သာပါ ...။ အိမ်ထောင်ခွဲမောင်နှမ မိသားစုတွေကြားမှာ ... ဆိုတာ မပြောပါနဲ့ ...။ ကိုယ့်မိခင်ရင်းနဲ့ သမီးရင်း၊ သားရင်း ဆိုတာမျိုးတွေကြားတောင် ... စိတ်မကွက်ဖူး ... မခုဖူးတဲ့ သူမျိုးတွေဆိုတာ ရှိနိုင်မှာမှ မဟုတ်တာလေ ...။ "ဖြင်"ပြီးရင် "ပျောက်"နိုင်ဖို့ဆိုတာ ... လူတိုင်း လိုလိုလားလားနဲ့ ဆန္ဒရှိနိုင်ပါမှ ...။

ကဲ ... ကြည့် ...။ ခုပဲ ဖြစ်ပြီ ...။ ဒီညီအစ်မနှစ်ယောက်"တန်းနေကြပါတယ် ...။ တစ်မျိုးပါ ..." ဟု လူကြီးတွေက သံသယရှိနေဆဲပဲရှိသေး ... ထိန်ထိန်က ... ကြီးတော်နဲ့ အဒေါ်(ဦးလေးရဲ့မိန်းမ)ကို "မသက်ပိုင်က ... သူ့လက်စွပ်ကိုယူ





သွားပြီး ပြန်မပေးဘဲ ထားပါတယ် ..."ဟု တက်တိုင်ပစ်လိုက်တော့တာပင် ...။

လူကြီးတွေကတော့ ခါတိုင်းလိုပဲ ..."မိထိန့်ထိန်ဘစ်ယောက် ပိုက်ဆံသုံးထောင်ချေးသွားပြီး အမေ့ခံထားပြန်ပြီ" စတဲ့ ... မသက်ပိုင်ရဲ့ အတိုင်တွေလိုပဲ ... ရယ်ကာ မောကာ ရှုပ်ထုရိုက်ကာနဲ့ ပြီးသွားကြမဲ့ကိစ္စ ထင်တာပေါ့နော် ...။ သို့သော် ဒီတစ်ခါ တိုင်တန်းသူက ထိန်ထိန် ဖြစ်နေပြီး ... ပြဿနာကလည်း ဘာမဟုတ်လောက်တဲ့ ပမာဏလောက်ကလေးနဲ့ ပိုက်ဆံဆိုတာမျိုးမဟုတ်ဘဲ ..."လက်စွပ်"ဆိုတော့ နည်းနည်းတော့ ထူးဆန်းကြရသား ...။

ခုတော့ဖြင့် ပြဿနာက တော်ရုံလောက် ဟုတ်ပုံမရဘဲ ... တော်တော်ကလေး အခုအခံတွေ ပါနေပုံရနေတာမို့ ... လူကြီးတွေမှာ မျက်လုံးပြူးကြရပြီ ...။ မသက်ပိုင်က ... ပြဿနာရဲ့ အရင်းအမြစ်ဖြစ်တဲ့ လက်စွပ်ဆိုဟာကို ..."သူ့ဆီမှာ မရှိပါဘူး"ဟုတော့ တစ်ခွန်းမှ မပြောဘဲ ... "ကဲ ... ကဲ ... ဒီလောက်တောင် ဖြစ်နေရအောင် ... ဘယ်လောက် အဖိုးတန်တဲ့ လက်စွပ်မို့လို့လဲ ... ပြကြပါဦးဟဲ့ ..."ဆိုတာကိုကျတော့ မသိချင်ယောင်ဆောင်ကာ ... တုံ့ဏှိဘာဝေ လုပ်နေလေသည်။

မသက်ပိုင်က လက်စွပ်ကို ထုတ်မပေး ...၊ ထိန်ထိန်က ဖောင်းပဲနရွဲ ... အာပြဲပြဲနှင့်ဆိုတော့ ... အမေတွေ စိတ်တိုလာသည် ...။ ကြီးကြီးခမျာလည်း ပြဿနာရဲ့ အကြောင်းရင်းခံကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကတောင်းယူပါရက် ... ခုထက်ထိ ထွက်မလာသေးတဲ့ အတွက် ... သိက္ခာပင်ကျရမလိုလို ဖြစ်လာသည်။ မသက်ပိုင်ရဲ့ မေမေက ..."မသက်ပိုင်"ဟု နောက်တစ်ချီ ထပ်အော်လိုက်ပြန် ကာ ... မလုပ်စဖူး ... သူ့သမီးရဲ့ ကျောကုန်းပြင်လေးကိုပါ ... လက်ဝါးနှင့် "ဖြန်း"ခနဲ တစ်ချက် ပိတ်ရိုက်ပစ်လိုက်ရင်း ...

"အဲဒီလက်စွပ် ... ဆိုတာကို ရှိရင် ထုတ်ပေးလိုက် ..."

"မေမေ ... အဲဒါ သက်ပိုင်နဲ့သာ သက်ဆိုင်တဲ့ ..."

"သမီးကို မေမေက ကြီးကြီးကိုတော့ ထုတ်ပေးလိုက်လို့ ပြောနေတာ ... ကျန်တာကို ကြီးကြီးက ဆက်ဆုံးဖြတ် လိမ့်မယ် ... ထုတ်ပေးလိုက် ..."

ဒေါ်ခင်ခင်ကြီး ခမျာ မျက်လုံးပြူးရမလိုပင် ရှိပါ သည်။ ငယ်ငယ်တုန်းကလို ..."ဒေါ်ဒေါ်သက်ရေ ... ထိန်ထိန့် စနိုးဂိုက်အရုပ် ... မသက်ပိုင်က ယူဖွက်ထားလို့ ..."ဆိုတာမျိုးလို "မသက်ပိုင် ... ညီမလေးအရုပ်ကို ပြန်ပေးလိုက်စမ်း ..."ဆိုတဲ့ ဖြေရှင်းနည်းမျိုး မဟုတ်တော့ပါလား ...။

"ထိန်ထိန့်လက်စွပ်" ဆိုတာကို ..."မသက်ပိုင်နဲ့သာ သက်ဆိုင်တာပါ ..."ဟု ငွတ်ပြောနေတဲ့ သမီးကို ..."ညီမလေး လက်စွပ်ကို ပြန်ပေးလိုက်စမ်း"ဆိုတာမျိုး ... မရှိတော့ပြီ ...။

"ကြီးကြီး ဆုံးဖြတ်လိမ့်မယ်"တဲ့ ...။ အဖိုးတန် စိန်ရွှေကျောက်မျက်ရတနာများနှင့် လက်စွပ် ဆိုရင်တော့လည်း ... ဘိုးဘွားလက်ထက်က အမွေပုံပစ္စည်းတွေ၊ သူတို့အမေတွေ ကိုယ့်





ဘာသာလုပ်ဝတ်၊ ဝယ်ဆင်ကြတာတွေ ...။ ကြီးတော်ကြီးခမျာ သမီးမမွေးတိုင်း ... ဒီနှစ်ယောက်ကိုပဲ ... ထုတ်ထုတ်ဆင်ရတာ တွေ ...၊ ဘယ်သူ့ပစ္စည်းကဘာ ...၊ ဘယ်လို ...၊ ဘာညာ ဆိုတာ ဒီကလေးနှစ်ယောက် အငြင်းပွားနေစရာ မလိုပါ ...။ ကြီးတော် ဖြစ်သူက အကုန်လုံးလိုလိုကို အဟိအကျပင် ... ကောင်းစွာသိပါ သည် ...။

"ဟဲ့ ... ဘာလေးတုန်း ... ဒါက ..."

"အဲဒါ ... ထိန်ထိန့်လက်စွပ် ..."

"အို ... သက်ပိုင်နဲ့သာ သက်ဆိုင်တဲ့ လက်စွပ်ပါ ..."

"နေကြစမ်းပါဦး ... ညည်းတို့ကို ကြီးကြီးမေးတာက ဒါက ဘာလဲ ... ဒီပေါက အလုံးက စိန်လည်းမဟုတ် ... ဘာမဟုတ်နဲ့ ... ဒါဘာမှ တန်ဖိုးမရှိတဲ့ Artificial တွေ မဟုတ်လား ...။ ဘာတဲ့ ... ညည်းတို့အခေါ်က ... Fancy ပစ္စည်း ဆိုတာတွေ ... အဲဒါ မဟုတ်လား ..."

"လက်စွပ်လုကြတာ"ဆို၍ ရင်မောရလို ဖြစ်နေသော အမေနှစ်ယောက်တို့ ... ခုမှ ကိုယ့်သမီးကိုယ် မျက်စောင်းချိကြ ကာ ... သက်ပြင်းမောတွေ ချကြရမလို ရှိပါသည်။ ကလေးတွေ ကျနေတာပါပဲလား ...။ အရှုးမဟုတ် ... အကောင်းမဟုတ်တွေ ...။ ဘာမဟုတ်တဲ့ ဖန်စီပစ္စည်းလေး တစ်ခုကို ...။

"ဒါများ အကြီးအကျယ်တွေလုပ်လို့ ... ဘယ်ကရခဲ့ကြ တာလဲ ... ပြော ... လပြည့်ဝန်း၊ ဒဂုံစင်တာ၊ အိုးချင်း၊



www.burmeseclassic.com

www.burmeseclassic.com



အောရင့်ချ်၊ ဘစ်ဂ်စီ ... ဆိုင်နာမည်ပါ ပြောလိုက် ... နောက်တစ်ကွင်း မရ,ရအောင် ကြီးကြီး လိုက်ဝယ်ပေးမယ် ..."

ဒေါ်ခင်ခင်သက်နှင့် ဒေါ်ခင်ပင်လေးတို့မှာ အသက်ကြီး, ကြီးကာမှ ... ရှောပင်းစင်တာပေါင်းစုံက ဖန်စီဆိုင်ခွေနှင့် အကျွမ်းတဝင် ရှိနေသည့် အစ်မကြီးဖြစ်သူကို ဝိုင်းရယ်လိုက်ကြသဖြင့် ကြီးကြီးလည်း ခပ်ရှက်ရှက်နှင့် လိုက်ရယ်နေမိပါသည်။

သို့သော် ... ပြဿနာကား သူတို့ထင်သလို ... လွယ်မသွားပါ ...။

"အဲဒါ ဖန်စီမဟုတ်ဘူး ကြီးကြီး ... ကျောက်က စရစ်စ်တယ်လ် ... အမြုကွင်းက ရွှေအစစ်ပါ ... ရွှေနဲ့စရစ်စ်တယ်လ်နဲ့ကွင်းပြီး ရောင်းတဲ့ဆိုင်တော့ တစ်ခါမှ မကြားဖူးဘူး ... ကြီးကြီး လိုက်ရှာဝယ်လို့လည်း ရမယ်မထင်ဘူး ... အဲဒါ ပြီးတော့ ထိန်ထိန့် လက်စွပ် ...၊ အဲဒါလေး ထိန်ထိန့်ဆီမှာ ရှိမှန်းသိလို့ သူက မဟာပြပါဆိုပြီး ယူဝတ်ကြည့်ပြီး ... စွပ်ရက်တန်းလန်းကြီးက ပြန်မချွတ်တော့ဘဲ သူ့အိမ်သူ ပြန်သွားတာ ...။ ပြန်လိုက်တောင်းတော့ ဘာလိုလိုနဲ့ လုံးဝပြန်မပေးတော့ဘူး ...

ကြီးကြီး တကယ်လို့ နောက်တစ်ကွင်း၊ တပ်လုပ်လို့ ရနိုင်မယ်ဆိုရင် သူ့ပဲ လုပ်ပေးလိုက်ပါ ... ထိန်ထိန်ကတော့ ... ကိုယ့်လက်စွပ်ပဲ ကိုယ်ပြန်ရ,ရမှ ...။ သူကတော့





ဆင်တူရလည်း ဖြစ်မှာပဲ ... တကယ်က လက်စွပ်လေးက သူ့လက်မှာ လှနေလွန်းလို့ ... စွပ်ကြည့်ပြီးမှ 'မက်'သွားပြီး ပြန်မပေးချင်တော့တာကိုး ..."

ထိန်ထိန့် အမေက ..."ထိန်ထိန် ... စကားကို ကောင်းကောင်းပြောစမ်း ..."ဟု ဝင်အော်လိုက်ပြီး ... ဒေါ်ခင်ခင်သက်ရဲ့ မျက်နှာကတော့ မည်းခနဲပင် ဖြစ်သွားပါသည်။ ဒေါ်ခင်ခင်ကြီးမှာ ယောက်မဖြစ်သူရဲ့ မျက်နှာထားကြောင့် မသက်ပိုင်ကို "ဘယ်လိုလဲ သမီး"ဟု မေးရမှာကိုပင် မမေးရက် မမေးရဲတော့ဘဲ ... အကြည့်တစ်ချက်နှင့်သာ လှမ်းကြည့်လိုက်မိပါသည် ...။

"ကြီးကြီး ... အဲဒါ သက်ပိုင်နဲ့သာ သက်ဆိုင်တဲ့ လက်စွပ်ပါ ... ကြီးကြီး အသစ်လုပ်ပေးနိုင်တယ်ဆိုလည်း သက်ပိုင်က အသစ်ကိုမယူဘူး ... ဒီလက်စွပ်ကသာ သက်ပိုင်နဲ့ သက်ဆိုင်တာမို့ပါ ..."

မသက်ပိုင်ကတော့ "သက်ဆိုင်သည်" ဆိုသည့် စကားကိုသာ တတွင်တွင် သုံးရင်း ... ထိန်ထိန် စွပ်စွဲသလို ... သူများလက်စွပ်ကို လှလို့ ကောက်စွပ်သွားသူ တစ်ယောက်ရဲ့ မျက်နှာမျိုး အလျဉ်းမရှိ ...။ ထိန်ထိန့် အပြောအရ ဆိုရင် ... မသက်ပိုင်ရဲ့ မမေကတော့ အရှက်တွေရပြီး မနေတတ် မထိုင်တတ် ဖြစ်နေပြီ။ မသက်ပိုင်ကတော့ ပိုင်ပိုင်နိုင်နိုင်နှင့် ခပ်အေးအေးသာ ...။ အဲဒီ အေးအေးသက်သာကလေးဟာ ရှော့မည့်ပုံလည်း တစ်စက်မှမရ ...။ ဒေါ်ခင်ခင်ကြီး စိတ်ညစ်လာသည် ...။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ... လက်စွပ်ကလည်း ရွှေဖြစ်နေတယ်ဆိုတော့ ထိန်ထိန် ညည်းက မုန့်ဖိုးတွေစုပြီး လုပ်ဝတ်တာလား။ ဒါမှမဟုတ် ... မသက်ပိုင်နဲ့လည်း သက်ဆိုင်နေတယ်ဆိုတော့... ညည်း သူ့ဆီက ပိုက်ဆံချေးယူပြီး ဝယ်လိုက်တာလား ..."

"ဘာမှ မဟုတ်ဘူး ..."

"ဒါဖြင့် ဘယ်ကရသလဲ ... နှစ်ယောက်လုံးက ကိုယ့်ပစ္စည်းချည်း ပြောနေကြတော့ ... ကိုယ့်အမေတွေ လုပ်ပေးတာ...။ အမေတွေဆီကရတဲ့ ပိုက်ဆံနဲ့ ဝယ်တာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး ...။ လက်ဆောင်ရတာလား ... ဘယ်က ရကြတာလဲ ... ကဲ ... အဲဒါက အဆုံးအဖြတ်ပဲ ... ဘယ်ကရလာကြသလဲ ဆိုတာ ပြောပြကြပေတော့ ... မသက်ပိုင် သမီးကလည်း သမီးနဲ့ သက်ဆိုင်နေတယ်ဆိုရင် ... ဘယ်လိုကြောင့် သက်ဆိုင်ရသလဲ ဆိုတာ သေချာပြောပြ ..."

ထိန်ထိန်နှင့် မသက်ပိုင်တို့ တစ်ယောက်နှင့် တစ်ယောက် ခပ်ရှုးရှုးကြီးတွေ စိုက်ကြည့်နေဖြစ်ကြသည် ...။ "သေဆုံးသွားပြီဖြစ်တဲ့ ... သူစိမ်းယောက်ျားလေး တစ်ယောက်ဆီက လက်ထပ်ခွင့်တောင်းရင်း ... ကျန်ရစ်ခဲ့တဲ့ လက်စွပ်ပါ ..."ကဲ ... ဒီလို အတိအကျ မှန်မှန်ကန်ကန်လေး ... နှစ်ယောက်လုံး (အမေသုံးယောက်ရဲ့ရှေ့မှာ) ပြောထွက်ဝံ့ကြမှာမို့လား ...။





ထိန်ထိန်က မပြောရဲရင် ... လိမ်ညာလိုးလွှဲဖို့ ကြိုးစားမယ်ဆိုရင် ... မလိမ်ညာချင်တဲ့ မသက်ပိုင်ကတော့ ဖွင့်ပြောမှာလား ...။ အဲသလိုဆိုရင် ... လူကြီးမိဘတွေအဖို့ ..."လက်စွပ်လုကြတာ"ထက် ပိုမိုနားခါး၊ စိတ်တိုဖွယ် ကောင်းတော့မဲ့ ... "လက်ထပ်ခွင့် တကယ်တောင်းလိုတာက ဘယ်သူ့ကိုလဲ ..."ဆိုတဲ့ ... အပြိုင်အဆိုင် ... ငြင်းခုန်မှုကြီး တစ်ခုကပါ ... ဘွားဘွားကြီး ပေါ်ရတော့မည် ...။

"ထိန်ထိန်က ... ကောက်ရတာ ..."

လူကြီးသုံးယောက်လုံးရဲ့ စိတ်မရှည်နိုင်စွာ စောင့်မျှော်နေကြတဲ့ မျက်ဝန်းများဒဏ်ကို မခံနိုင်တော့တဲ့အဆုံး ... ထိန်ထိန်က ပါးစပ်ထဲက ထွက်မိထွက်ရာ ပေါက်ကရတစ်ခုကို ပြောထည့်ပစ်လိုက်ပါတော့သည်။ ပြောလိုက်ပြီးပြီးချင်းမှာ မသက်ပိုင်များ ဘာများ ထပ်ပြောလိုက်မလဲ ... ဆိုတာကို အသက်ပင်ရှူမိဘဲ နားစွင့်ထားမိသည်။ ကြီးကြီးက "ကောက်ရတာ"ဟု ယုံသက်ာသံကြီးနဲ့ ဆိုလိုက်ပြီးမှ ... မသက်ပိုင် ဆီ ကောဘာများ ထပ်ထွက်လာမှာပါလိမ့် ... ဆိုတာကို စော ်သည် ...။ မသက်ပိုင်ဟာ ... အချိန်အတော်ကြာသွားတဲ့အထိ ... ထိန်ထိန့်ကိုသာ စိုက်စိုက်ကြီး ကြည့်နေပြီး ... ဘာမှဝင်မပြောပေ ...။

"ကောက်ရတယ် ဆိုတော့ ... နှစ်ယောက် ပြိုင်တူတွေ့ကြတာပေါ့ ... ဟုတ်လား၊ ဒါမှမဟုတ် စတွေ့တာက မသက်ပိုင် ... ကောက်ယူလိုက်တာက ထိန်ထိန် ... အဲဒီလိုလား ..."



www.burmeseclassic.com

www.burmeseclassic.com



မသက်ပိုင်တော့ ဘာမှဝင်ပြောတော့မှာ မဟုတ်ဘူးဆိုတာ သေချာသွားပြီဖြစ်သော ထိန်ထိန်က ... မသက်ပိုင်ရဲ့ အကြည့်စူးစူးကြီးတွေကို ကြောက်ရွံ့ရှောင်ဖယ်ချင်သလိုလို မျက်လွှာကို အောက်ချ ... ခေါင်းငုံ့လိုက်ကာ ... လေသံက စပ်တိုးတိုးနှင့်ပင် ...

"ထိန်ထိန် ကောက်ရပြီး ... ငါးရက်ကြာမှ မသက်ပိုင်က ခဏလာတောင်းကြည့်မှ သူ စမြင်ဖူးတာပါ ..."

ဒေါ်ခင်ခင်ကြီးက ၊ မသက်ပိုင်ဆီက တစ်ခုခုကို ထပ်စောင့်နေသေးသလို ... ခပ်ကြာကြာ နှုတ်ပိတ်ကိတ်ထားပြီး ... တူမအကြီးကို ကရုဏာမျက်ဝန်းများနှင့် လှမ်းကြည့်နေမိသည် ...။ အမှန်ပြောရရင် (ညီမငယ်ဖြစ်သူကိုလည်း မသိစေချင်) ဒေါ်ခင်ခင်ကြီးရဲ့ စိတ်ရင်းက ... ညီမကမွေးတဲ့ တူမထက် ယောက်မကမွေးတဲ့ ဒီတူမအကြီးအပေါ် နည်းနည်းများ ပိုခင်တွယ်နှစ်လိုမိနေလားလို့ ... ကိုယ့်ကိုယ်ကိုယ် ထင်နေမိတာ ကြာပါပြီ ...။

ထိန်ထိန်ဟာ ချစ်မဲ့သာချစ်ရ၊ အာကလည်းပြဲသေး၊ လျှပ်ပျာလျှပ်ပျာကလည်းနိုင် ...၊ ထော်လော်ကန့်လန့်ကလည်း တိုက်သေး ...၊ အာဏာကလည်း လစ်ရင် လစ်သလို ဖီဆန်ချင်သေး ...၊ စကားပြောတော့လည်း ပီသာလေး ဘေးပစ် ...၊ အသက်ကလေး ငယ်သလောက် တော်တော်လေး ဓမ္မတတ်နေဟာကို အခွင့်ကောင်းယူ အကြောင်းပြုပြီး ... တစ်ခါ တစ်ခါ ... ကျူလီကူမာကလည်း များချင်လိုက်သေးသည် ...။ အစ်ကိုဝမ်းကွဲ





မောင်ဝမ်းကွဲ ဖြစ်ကြသူများ နှစ်ယောက်စလုံးနဲ့ကလည်း တစ်စက်မှမတည့်။

မသက်ပိုင်မှာကား ထိုသို့မဟုတ် ...။ အဲဒီ ထိန်ထိန့်ရဲ့ မကောင်းကဲ့ အချက်များနဲ့ အားလုံး ပြောင်းပြန်ပင် ဖြစ်တာမို့ ရှုချင်စိတ်နှင့် မနည်းထိန်း ... ထိန်း ... နေရသည့် ဒေါ်ခင်ခင်ကြီး ခမျာ ... ပုထုဇဉ်ပီပီ တူမကြီးကို ပို့ပိုသွားမိတာ ...။ အခုလည်း ... ယောက်မဖြစ်သူ (သူ့အမေ)ရဲ့ မျက်နှာပေးကြောင့် ... မသက်ပိုင် အပေါ် ကရုဏာကြီးကြီးနှင့် ... စိတ်မကောင်းရလွန်းလို့ ... ဝမ်းတောင် နည်းချင်လာရပါပြီ။

"ကဲပါ ... မမကြီးရယ် ... ဆက်စိတ်ရှုပ်ခံမနေပါနဲ့တော့၊ ထိန်ထိန့်သာ ပေးလိုက်ချေပါတော့ ...။ ထိန်ထိန်ရေ ... ညည်းအစ်မကလည်း ညည်းကို စိတ်ကောက်နေတုန်း တာမင်ညစ်ကပ်ထားချင်တာ ထင်ပါရဲ့ ... တစ်ခါတစ်ခါကျ ကလေးစိတ်တွေက မပျောက်ကြဘူး ... ဒေါ်ဒေါ်သက်ကပဲ တောင်းပန်ပါတယ် ဟုတ်လား ... ယူ ... ယူ ... ပြန်ယူလိုက် ... ဘယ့်နှယ်မှ စိတ်ထဲမရှိကြနဲ့ ... ဟုတ်ပြီလား"

မသက်ပိုင်ရဲ့ မေမေကပဲ လက်ဖွပ်လုပွဲကို ပြေပြေရျော့ရျော့ စကားတစ်ခုနှင့် အဆုံးသတ်ပစ်လိုက်ပါသည် ...။ ဒါပေမဲ့လည်း အားလုံး ပြေပြီးသွားရင်တောင် မပြေမဲ့သူဟာလည်း ဒေါ်ခင်ခင်သက်ပဲ ဖြစ်နေမှာပဲဆိုတာ ... ခင်ခင်ကြီးရော ခင်ခင်လေးပါ ... ရင်ထဲကိုယ်စီက သေချာနေကြသည်။ မသက်ပိုင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကလည်း … အများအလယ်မှာမှ … သေချာမဖြေရှင်းနိုင်ဘဲ … "ဖောင်းလ်"(Foul)သလို ဖြစ်သွားခဲ့တာကိုး …။

ထိန်ထိန်ကလည်း ကြိုးကြိုးလှမ်းပေးသည့် လက်စွပ်လေးကို လှမ်းယူလိုက်ရင်း အဲဒီအဖြစ်ကို ရိပ်မိနေပါသည်။ ကောက်ရိုးမီးလို ဝုန်းခနဲ ထတောက်လိုက် … ပြန်ငြိမ်းသွားလိုက် ဖြစ်တတ်သူပီပီ … ကိုယ့်အချင်းချင်း လိုက်ပြန်တောင်းတာကိုမှ ပြန်မပေးရင် … လူကြီးများရှေ့မှာပဲ ဝက်ဝက်ကွဲ ဖြေရှင်းပစ်လိုက်မှာပေါ့ … ဆိုတဲ့ အကြိမ်းအဝါး … အတေးစိတ်တွေကလည်း … ပြီးတာနဲ့ ပျောက်သွားခဲ့ပြီလေ …။ စိတ်မကောင်းသလိုလို … နောင်တရမိသလိုလိုတွေပဲ ပြန်ဖြစ်လာပြီ …။

လက်စွပ်လေးချည်းပဲ ပြန်ရလာပြီး … ဘူးနီလေးကိုပါ တွဲရက်ပြန်ရမလာတာကိုလည်း … စကားလုပ်လို့ ထပ်ပြောမနေချင်တော့ပါ။ လက်စွပ် ပြန်ရတာကိုတောင်မှ သိပ်ပျော်တော့တာမှ မဟုတ်တာ …။

ကိုယ့်အိမ် ကိုယ်ပြန်ရောက်ခဲ့တော့ … ကိုယ့်ကို မေမေကထပ်ပြီး … ဗိုက်ခေါက်တွေလိမ်ဆွဲ …၊ လက်မောင်းကိုထု … ထပ်လုပ်သောအခါ … မသက်ပိုင်လည်း သူ့အိမ်မှာဘယ်လိုဖြစ်နေလောက်ပြီလဲ … ဟု ထိန်ထိန်က စိတ်ညစ်ညစ်နှင့် တွေးပူပါသည်။ ထိန်ထိန်ရဲ့မေမေဟာ အဲဒီလို အလိမ်၊ အခေါက်၊ အဆွဲ၊ အထုတို့မှာ လုပ်နေကျရိုး … လို့နေသော်လည်း … ဒီနေ့ ကျောပြင်ကို တစ်ချက်"ဖြန်း"ခနဲ နှက်လိုက်တဲ့ မသက်ပိုင်ရဲ့





မေမေကကျတော့ … သူ့သမီးကို … လက်နဲ့ဆုံးမတတ်သူတစ်ယောက်မှ မဟုတ်ခဲ့ပဲ …။

ဒါပေမဲ့ ဒေါ်ဒေါ်သက်ရဲ့ ဒီနေ့ မျက်နှာကြီးကတော့ ကြောက်စရာကြီး …။ မသက်ပိုင် တစ်ယောက် သူ့အိမ်မှာ ဘာဖြစ်နေပြီလဲ …။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

တက်လမ်းလည်းရှိ ...၊ အခွင့်အရေးလည်း ကောင်း၊ လခလည်းများသော အလုပ်တစ်ခုမှ ... မသက်ပိုင်က ... မပြော မဆိုနှင့် ယတိပြတ် ထွက်ပစ်လိုက်ပါသည် ...။ ကြိုးစားလိုသော၊ အရည်အချင်းရှိသော လူငယ်များကို နှစ်လိုစွာ နေရာပေး၊ အလေး ထားတတ်သော မသက်ပိုင်တို့ ဂျီအမ်ကြီးမှာ အလုပ်ရှင်နှင့် တိုင် ပင်ပြီး မသက်ပိုင်ကို သီးသန့်ခေါ်ယူ ဆွေးနွေးစကား ပြောခဲ့သည် မှာ ... နာရီဝက်ကျော်ကျော်မျှပင် ရှိပါမည် ...။

နောက်ဆုံးတော့ ဘယ်လိုမှ အကြောင်းပြ၊ ဖြေရှင်း၊ တောင်းပန်ယူလို့ မရနိုင်တော့တဲ့အဆုံး ... မသက်ပိုင်က ဂျီအမ် ကိုရော ...၊ အလုပ်ရှင်ကိုပါ ထိုင်ကန်တော့ပစ်လိုက်ကာ ...

"ဘာကြောင့်မှ မဟုတ်ပါဘူး ... အလုပ်ထွက်ရတာက သက်ပိုင်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကြောင့်ပါ ... ကိုယ် ရေးကိုယ်တာ ဆိုတာကလည်း ... နှလုံးသားရေးရာကိစ္စ





ပါ ... သက်ပိုင် ... ဘယ်လိုမှ ဒီမှာအလုပ်ဆက်လုပ်လို့ မဖြစ်တော့လို့ပါ ဂျီအမ် ... သက်ပိုင်ကို ခွင့်လွှတ်ပါ ..."

လုပ်ငန်းမှာတော်ပြီး ... ထက်ထက်မြက်မြက်ရှိ သော သူငယ်မတစ်ယောက်ရဲ့ အကြောင်းပြချက်က "နှလုံးသား ရေးရာကိစ္စ" ဖြစ်နေလေတာကို ... ဂျီအမ်ကတော့ အတော်လေး စိတ်ကုန် စိတ်လေသွားနိုင်ပေသည် ...။ သက်ပိုင်ကို အလွန်တရာ နားလည်စာနာမှုရှိသော မရူပါပင်လျှင် ဒီတစ်ချက်ကိစ္စကို သိပ်နား လည်သဘောပေါက်လှပုံ မရ ...။

"အစိပ္ပာယ်မရှိပါဘူး သက်ပိုင်ရယ် ... အဲဒီလို ... 'သူ့အရိပ် သူ့လက် သူ့ခြေတွေ ကျန်နေခဲ့နိုင်တဲ့ ပရိဝုဏ်မျိုးက လွတ်အောင်နေမယ် ... ရင်မဆိုင်ချင်ဘူး ...' ဘာဘာညာညာ ... ဆိုတဲ့ အတွေးတွေက ... လက်တွေ့ဘဝနဲ့ မကိုက်ညီနိုင်လို့ ... အတော်ကြီး ခေတ်အောက် နောက်ကျန်နေရစ်တာ ကြာပါပြီ ... ဒီခေတ်ကြီးထဲမှာ ဒါမျိုး ခပ်တုံးတုံးဖီလင်တွေ ...၊ ကဗျာဆန်ချင် တာတွေမျိုးဟာ ခေတ်မစားတော့ပါဘူး" ... တဲ့ ...။

သူ့အရိပ်၊ သူ့လက်၊ သူ့ခြေရာတွေအောက်က လွတ်မြောက်နေအောင် ထွက်ပြေးလိုတာ မဟုတ်ရတဲ့အပြင် ... သူ့အရိပ်၊ သူ့လက်ရာ၊ ခြေရာတွေနှင့်ချည်း ထပ်နေနိုင်သည့် နေရာတစ်ခုအောက်သို့ပင် ... သွားခိုဝင်နေဦးမှာဖြစ်ကြောင်းကို သာ သိလိုက်ရရင်တော့ ... မရူပါက သက်ပိုင်ကို ဘယ်လိုတစ် မျိုး ... ပြောင်းပြောဦးမည်မသိ ...။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်ကတော့ အပေါ်ထပ်က "The bright lights"က အလုပ်ထပ်မခေါ်လို့သာပါ ...။ ခုနေ အလုပ်များခေါ်ရင် ဘာအလုပ်မျိုးမဆို သန့်ရှင်းရေးဝန်ထမ်းပဲဖြစ်ဖြစ် ... သက်ပိုင်က ... အဲဒီမှာပဲ မရ,ရအောင် ဝင်လျှောက်၊ သွားလုပ်ဦးမှာဖြစ်ပေသည် ...။ သူ နေ့တိုင်း ထိုင်နေခဲ့တဲ့နေရာ။ အခန်းထောင့်။ အဲဒီခုံ။ သက်ပိုင် ... အသက်ရှူနေသေးသရွေ့ ထိတွေ့ပတ်သက်သွားချင်တဲ့ "ဖြေသိမ့်ဖွယ်"တွေချည်း ပါပဲလေ ...။

ခုအလုပ်ကတော့ ... သွားလေသူ အငယ်ဆုံးသားကလေးအတွက် ... ကျန်ရစ်သူ မိခင်ကြီးကို ... ကျန်သားသမီးအစ်ကို၊ အစ်မများက အတင်းဝိုင်းစီစဉ် ဖန်တီးပေးလိုက်ကြတဲ့ ... အလုပ်မျိုးလေး ဖြစ်ပါသည် ...။ သွားလေသူ ... ကိုကျော်ဇင်ရဲ့ မိခင်ကြီးဟာ ... တစ်သက်လုံး သားတွေ သမီးတွေမွေးလိုက်၊ ခင်ပွန်းယောကျ်ားနှင့် ဒိုးတူပေါင်ဖက် စီးပွားတွေရှာလိုက်နဲ့ ... အလုပ်နဲ့ လက်နဲ့ မပြတ်အောင် "မအားလပ်ခြင်း"တို့မှာ မွေ့လျော်ခဲ့ရတဲ့ အဘွားကြီးမျိုးပါတဲ့။

အဲဒီလို "အလုပ်လုပ်"ခဲ့တဲ့ အမျိုးသမီးကြီး တစ်ယောက်ဟာ ... ခင်ပွန်းယောကျ်ားက ဆုံးပါးသွားခဲ့ပြီး ... အငယ်ဆုံးသားကလေးကလည်း ... သူတစ်ဦးတည်းပိုင် သီးသန့်အလုဆင်ခရစ်စ်တယ်လ်မီးဆိုင်းများ ကိုယ်စားလှယ်ယူ၊ တင်သွင်း ရောင်းချတဲ့ ကုမ္ပဏီအလုပ်နဲ့ အခြေကျပြီးသွားတဲ့အခါ ... "အလုပ်"နဲ့"လက်" အဆက်ပြတ်ထားခဲ့လိုက်တာ ... ကြာပါပြီတဲ့ ...။





မြေးထိန်းလိုက်၊ အိမ်ထောင်မကျကြသေးတဲ့ အပျိုလူပျို သားသမီးများရဲ့ ဝေယျာဝစ္စတွေနဲ့ မွေ့လျော်လိုက်နဲ့ပဲ၊ ဝင်ငွေရှာတဲ့ အလုပ်မျိုးကိုတော့ မလုပ်ဖြစ်တော့တာ ကြာခဲ့ပြီ ...။ ခုကကျတော့ မြေးတွေကိုလည်း စိတ်မဝင်စား၊ ကျန်တဲ့သားလူပျို၊ အပျိုများကိုလည်း ခေါင်းထဲမထည့်နိုင် ...။ အငယ်ဆုံး ဒီသားလေးအတွက်ပဲ ... တမှိုင်မှိုင် တတွေတွေနဲ့ အိပ်ရာထဲလဲ ...၊ ကျန်းမာရေးက ချို့တဲ့လာချင်တဲ့အခါ ... ကျန်သားသမီးတွေက ... အတင်းဝိုင်းမြှောက်ပင့်၊ တိုက်တွန်း၊ လှုံ့ဆော်၊ တွန်းအားပေးခဲ့ကြပြီး အိမ်ဆိုင်သာသာ ... စတိုးဆိုင် ခပ်ရွယ်ရွယ်လေးလောက် တစ်ခုကို ဖွင့်ပေးလိုက်ကြတာမျိုး ဖြစ်ပါသည်။

တကယ်တမ်းကကျတော့ ... ခီအရွယ်၊ ဒီအခြေအနေမှာ ... ကျားကုတ်ကျားခဲနဲ့ စီးပွားရှာနေစရာ မလိုတော့ပေမဲ့ ... သူ့"အချိန်"တွေကို အိပ်ရာထဲမှာပဲ ... သားဆီ စိတ်ရောက်ပြီး "ကုန်"မနေရအောင် ...၊ "အလုပ်စိတ်"တစ်ခုနဲ့ သူ့အချိန်တွေ Occupied ဖြစ်၊ မအားလပ်နေအောင် ဝိုင်းဝန်းကြံဆောင်ပေးကြတာပါပဲ ...။ မိသားစုဆရာဝန်ကလည်း ...

"တစ်သက်လုံး အလုပ်လုပ်ခဲ့တဲ့သူပဲ ... ငယ်စိတ်တွေပေါ်ပြီး ... ပြန်တက်ကြွလာခဲ့မယ်ဆိုရင် ... အဲဒီထဲ စိတ်နစ်သွားတာနဲ့ပဲ ... သားအတွက် ကျဆင်းနေတဲ့ စိတ်တွေနေရာမှာ အစားထိုးစရာ ရနိုင်လာလိမ့်မယ် ...။' ဒါပေမဲ့ အသက်ကလည်း ကြီးပြီဆိုတော့ ... သိပ်ကြီး အားကြီး



www.burmeseclassic.com

www.burmeseclassic.com



မာန်တက်နဲ့ ... သူ့အား စိတ်အား ပြန်သုံးရမဲ့ အလုပ်မျိုး ဖြစ်နေရင်တော့လည်း မကောင်းပြန်ဘူးပေါ့ ...။ ပင်ပန်းတာပေါ့ ...

ဒီတော့ ... မလျှော့မတင်း ပုံစံလေးပေါ့ ...။ အချိန်တွေ၊ စိတ်တွေ Occupied ဖြစ်နေနိုင်အောင်လည်း သွက်နေတဲ့ အလုပ်မျိုးလေးလည်း ဖြစ်စေချင်တယ်၊ လည်ပတ်မှုလေးရှိနေတော့လည်း အသက်ကြီးမှ ပြန်ဦးဆောင်ပြီး လုပ်တဲ့ အလုပ်လေးက အောင်မြင်တယ်ဟဲ့ ... ဆိုရင် ... ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ တိုးလာရင် ... ဒါ ကျန်းမာရေးကိုပါ အထောက်အကူပြု နိုင်တာပဲ ...။ ဒါပေမဲ့ ... သိပ်ကြီး အောင်မြင်ပြီး လျှမ်းလျှမ်းတောက် ကြီးကျယ်သွားမယ် ဆိုရင်လည်း ... ပင်ပန်းမှာပေါ့ ...။

သူ့ကိုယ်ပိုင်၊ သူဦးဆောင်ရတဲ့ ... သူ့လက်သူ့ခြေ သူ့စီးပွားရေး ... ဆိုတဲ့ အလုပ်မျိုးလေး ဖြစ်ရင်တော့ ပိုကောင်းတယ် ...။ သားသမီးတွေရဲ့ အခြေကျပြီးသား အလုပ်တွေထဲမှာ ... ဘယ်လောက်ပဲ ခေါင်းဆောင်ကြီးပါ။ ဒါရိုက်တာကြီးပါ ... Chairman ကြီးပါလို့ နာမည်တပ်ပြီး ထည့်ထည့် ... သူပိုင် သူ့အစကလို့ မခံစားရရင် ... သိပ်အကျိုးမရှိနိုင်ဘူး ..."

အဲဒီလို အကြံပြုချက်နဲ့ပဲ ... မကြီးတကြီးအရွယ်တော် ... စတိုးဆိုင်ကလေးတစ်ခု အသစ်ဖွင့်ဖြစ်တော့မှာ ဆိုတာ





ကို ... မသက်ပိုင်က သတင်းအကြံအကျ စုံစမ်းရရှိပြီးထားပြီ ...။ အဲဒီမှာ လူလိုလို ...၊ အရောင်းဆာရေး၊ ငွေကိုင်၊ ပစ္စည်းထိန်း စတိုကီပါ ...၊ စေသဖြင့် ကြိုရာအစုံလုပ်ကြရမဲ့ မိန်းကလေးသုံးယောက်ပဲ အလုပ်ခေါ်ထားတာ ဖြစ်ပါသည် ...။

ခေါ်ယူထားတဲ့ ဝန်ထမ်းအင်အားအရကော ...၊ ကြားထားရတဲ့ သကင်းတွေအရပါ ... ဒီစတိုးဆိုင်ဟာ ... ကြီးကျယ်ခမ်းနားမယ့်၊ တဖြည်းဖြည်း အောင်မြင်လာရင် အောင်မြင်သလို တိုးချဲ့ ... ချဲ့ထွင်သွားမယ့် ...၊ အလုပ်ကြီးတစ်ခု မဖြစ်နိုင်လေတာကို မသက်ပိုင်က သဘောပေါက်ပြီးသားပါ ...။ တက်လမ်းဆိုတာ၊ အပြိုင်အဆိုင် ကြိုးစားလုပ်ဆောင်လို့ ... ရလာနိုင်တဲ့ ခံစားခွင့်၊ ရာထူး ဆိုတာ မျိုးတွေလည်း ဘာမှမရှိနိုင် ...၊ ပုံသေအလုပ်၊ သမားရိုးကျ လစာနှုန်းထားနဲ့ "ရေသေ"ဆန်တဲ့ အလုပ်ဝန်းကျင် ဆိုတာကိုလည်း ခန့်မှန်းနိုင်ပြီးသား။

ဒါပေမဲ့ မသက်ပိုင်ကို အခိုက ဆွဲဆောင်ထားနိုင်သည်က နှစ်ချက်ရှိပါသည် ...။ နံပါတ်တစ်ကတော့ ..."သူ"မွေးကတည်းက နေထိုင်ကြီးပြင်းခဲ့ရတဲ့ နေရာဒေသတစ်ခုမှာ အလုပ်ချိန်အတွင်း ... ပင်ရောက်ခိုလှုံနေခွင့် ရနိုင်မည်။ (သူတို့ရဲ့အိမ်ခြံက လူနေစည်ကားသည့် လမ်းမတန်းကြီး တစ်ခုပေါ်မှာပဲဆိုတော့ ... သားသမီးများက ... အိုးမကွာ အိမ်မကွာ အလုပ်ဖြစ်ရအောင် ... ခြံရှေ့မျက်နှာစာ နေရာမှာပဲ ... ဆိုင်သစ်လေးကိုဖွင့်၍ ဆောက်ပေးလိုက်ကြတာ ဖြစ်သည်။) ကံကောင်းရင် ...၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားချက်တွေလည်း အရာထင်ခဲ့ရင် ... အလုပ်ခွင်အတွင်းက နေ ... အိမ်ကြီးဆီထိ၊ လူရင်းအဖြစ် ဝင်ထွက်ခွင့် ရနိုင်ပြီး "အရိပ်"ရချင်တဲ့ မသက်ပိုင်အတွက် ... "ပြည့်စုံမှု"တစ်ခုကိုပါ ရရှိနိုင်မည်။

နံပါတ်နှစ်ကတော့ ..."သေသောသူ ကြာရင်မေ့"ဆို ပေမဲ့ ... ကိုယ့်အသက်ရှုနေသရွေ့တော့ ဘယ်တော့မှ ... မမေ့ နိုင်၊ မပျောက်နိုင်တော့မဲ့ ... (ကိုယ်လိုပဲ အလားတူ)မိန်းမသား တစ်ဦးနှင့် အတူယှဉ်တွဲနေရင်း ... ခံစားချက်တွေ (တိတ်တဆိတ်) ဖလှယ်နေနိုင်မည် ...။

"အမေ"လေ ...။ မိခင် ဆိုတာမျိုးကတော့ ... သူ အသက်ရှင်နေသေးသရွေ့ ... မရှိရှာတော့တဲ့ "ရင်နှစ်သည်းချာ" တစ်ယောက်ကို ရင်ထဲ၊ အတွေးထဲက ဖျောက်ထုတ်ပစ်လိုက်ပြီ... ဆိုတာမျိုး ရှိနိုင်ပါ့မလား ...။ "နေတတ်သွားတာ၊ နေနိုင်သွား တာ"သာ ရှိပါမည် ...။ အဲဒီအတွက် "နေမပျော်"တဲ့ ခံစားချက် ကိုတော့ တစ်သက်လုံး ထွေးပိုက်သွားတော့မဲ့ သူမျိုးသာ ဖြစ်လိမ့် မည်လေ ...။ မသက်ပိုင်ကလည်း အဲဒီလို "ခံစားချက်တူ" အမျိုးသမီးကြီးနဲ့ပဲ တွဲရက် ရှင်သန်သွားချင်တာ ...။

"သက်ပိုင်ရဲ့ လုပ်ရပ်တွေက အဓိပ္ပာယ် ရှိပါတယ် မရူပါ ရယ် ... တစ်နေ့ကျ မရူပါ နားလည်လာပါလိမ့်မယ် ..."

သက်ပိုင် ဝင်လျှောက်တော့မဲ့ အလုပ်သစ်အကြောင်း ကိုတော့ မရူပါကို သက်ပိုင်က ဖွင့်မပြောလိုသေး ...။ သက်ပိုင်





ကိုဆိုင်ကျော် အစစအရာရာ နားလည်ပေးတတ်တဲ့ မရူပါသည်လည်း "သူ"မရှိတော့ချိန်မှစကာ လေသံတွေက တဖြည်းဖြည်းပြောင်း၊ ပြောင်းလာတတ်ခဲ့ပြီပဲ ...။

ခံစားမှုချင်း မျှမဝနိုင်ဖို့ထက် ကောင်းရာမှန်ရာကို ညွှန်ပြဆုံးမနေဖို့ကိုသာ ပိုအလိုရှိလာခဲ့တာ ...။

"ငါသာဆိုရင် ... ကိုအေးထွန်းကို ဘယ်လောက်ချစ်တယ်ပဲ ပြောပြောဟယ် ... သူသာ ခုနေ ပြန်းခနဲ မပြောကောင်း မဆိုကောင်းဆိုရင် ... ဘယ်လောက်ကြာကြာ ဝမ်းနည်း တသ,နေနိုင်မလဲ ... ခြောက်လပေါ့ ...၊ တစ်နှစ်ပေါ့ ...။ ဒီထက်လွန်ရင်တော့ ... ရင်ကြီးကို မေ့ပျောက်ပြီး ... ကျန်မက အသစ်ရှာတွေ့ရင်လည်း တွေ့သွားနိုင်တာပဲ ... လို့ကို ... သူ့ကိုပါ အတိအလင်း ဖွင့်ပြောထားတာ ...

လက်ထပ်ပြီးကြတဲ့ လင်မယားတွေ ဆိုရင်တော့ ... ကလေးတွေ ဘာတွေ ရှိနေပြီးပြီ ဆိုရင်တော့လည်း ... တစ်မျိုးပေါ့ဟယ် ... ခုဟာကတော့ ... 'ချစ်သူ'တွေဆိုတဲ့ အပတ်အသက်ဟာ ... နှောင်ဖွဲ့မှုဆိုတာမျိုး ... ဒီလောက် ကြီးလည်း မရှိလှပါဘူးဟယ် ...

အမယ် ... သူကလည်း ပြန်ပြောသားဟဲ့ ... ခင်ဗျား သာ တစ်နှစ်အထိ, ဆွဲပြီးထည့်ပြောထားတာ ... ကျုပ်က တော့ ... 'သုံးလပေါ့ ... ခြောက်လပေါ့'လို့ပဲ ပြောနိုင်မယ် တဲ့ ...။ ဟား ဟား ဟား ...။ အရွယ်ရောက် ပြည့်စုံပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘဝအခြေကျသင့်တဲ့ ယောက်ျားတစ်ယောက်မှာ ... မရှိတော့တဲ့ သမီးရည်းစား ချစ်သူကို တမ်းတမေ့မရနိုင်ဖျိန်ဆိုတာ ခြောက်လလောက်ပဲ အလွန်ဆုံး ဆော်သင့်ပြီတဲ့ ... လုပ်စရာတွေ အများကြီး ကျန်သေးတယ်တဲ့ ...။ "အသစ်ဆွေ့နိုင်တယ်"လို့ ပြောထားလို့တောင် မရဘူး ... တဲ့ ...။ ခြောက်လကလွန်ရင် ... စ,ရှာကို ရှာမှာပဲတဲ့ ...

ဒါတောင် ငါတို့နှစ်ယောက်က ခု ဘာပြဿနာမှ မရှိတဲ့ ... နှစ်ဦးနှစ်ဖက်လည်း တအားအဆင်ပြေကြတဲ့ ... အပြန်အလှန်လည်း သိပ်ချစ်နေကြတဲ့ ... ချစ်သူတွေနော် သက်ပိုင် ...။ ဒါပေမဲ့လည်း ဘယ်လိုခေါ်မလဲ ... မုဆိုးမ၊ မုဆိုးဖိုတွေအဖြစ်, ဖြစ်ကျန်ခဲ့တာ မဟုတ်သေးသရွေ့တော့ သူ့ဘဝ၊ ကိုယ့်ဘဝဆိုတာ ရှိတယ်လေ ...။ 'ပြီး'မှမသွားသေးဘဲ ...။ တမင်ကြီး မေ့ပစ်ရမှာမျိုးတောင် မဟုတ်ပါဘူး ... အလိုလိုပဲ ဖြစ်သွားကြမှာပါ ...

ဒါတောင် မုဆိုးမ၊ မုဆိုးဖိုတွေ ဆိုရင်တောင် ... ငါသာ ကလေးတွေ ဘာတွေ ကျန်ရင်လည်း ရုပ်တီးရုပ်ယက်နဲ့မို့ ... အသစ်မရှာချင်ကြောဘူး ပြောတာ ... မမေ့နိုင်အောင် တ,သ,နေမှာမို့ မဟုတ်ဘူး ...။ သူများတကာတွေ အသစ်ထပ်ရှာကြတာတွေလည်း ... သူတို့ဘာတ် သူတို့နိုင်ရင် ပြီးတာပဲ ... သဘာဝကျတဲ့ ယေဘုယျဖြစ်ရပ်လို့ပဲ ... ငါဆို ယူဆမှာပဲ ..."





သဘောကတော့ ... ကောင်းဆုံးမကာပါပဲ။ "မုဆိုးမ" ဖြစ်ကျန်ရင်တောင် ... ကြာရင်မေ့မယ် ...။ သိပ်ချစ်ကြတဲ့ ... အပြန်အလှန် နားလည်ပွင့်လင်းပြီးသား ချစ်သူမျိုးတွေတောင် ... ကြာရှည်ကြာများ တ,သ,မနေနိုင်ဘူး ...။ "ဘဝ"ဆိုတာ ရှိတယ်။ နင်ကကျတော့ နားလည်ပွင့်လင်းလိုက်ကြရတဲ့ "ချစ်သူ"တွေတောင်မှ မဖြစ်လိုက်ကြရတာ ...။ ကိုယ်သိပ်ချစ်နေတာ သူ မသိလိုက်။ သူတကယ် ကိုယ့်ကို ချစ်မချစ် ...၊ ကိုယ် မသေချာလိုက် ...။ ဒီလိုအနေအထားမျိုး အဖို့ကတော့ ...၊ မေ့ဖျောက်ဖို့၊ ပြီးပြတ်ဖို့ အလွယ်ကလေး ...။ ဒီသဘောမျိုးတွေကို ကောင်းမြောင်းပြီးတစ်သွယ်၊ တည့်တည့်ကလေး တစ်ဖုံကို ... ဆုံးမ,နေတော့တာပါ။

"သူ့ကို သက်မိုင် ... ချစ်လိုက်တာ ... မရှုပါရယ်၊ သူက ဘယ်လိုလေးမှန်းကို မသိဘူး ... သက်ပိုင်ဖြင့် ... ချစ်ရလွန်းလို့ ... အသည်းတွေယားပြီး သေရတော့မယ် ..."လို့ ... မျက်ရည်တတွေတွေကျရင်း (ဒါပေမဲ့ ဝမ်းနည်းလို့မဟုတ် ...၊ ခံစားရလွန်းလို့ ကျတဲ့မျက်ရည်) ညည်းဟွားပြော, ပြောဖြစ်ရင် ...

"အေး ... ချစ် ... ကောင်းတယ် ...။ 'ကိုယ်နှစ်သက်တဲ့ ခံစားချက်တစ်ခုခု အပြင်းအထန် ရှိနေတဲ့စိတ်ဟာ ... လူကို ကျန်းမာစေတယ်'တဲ့ ...။ နင်တော့ ရှေ့ဆယ့်လောက် နှီ ထက်ဒီ ... ကျန်းမာရေးတွေ ကောင်း၊ ကောင်းလာဖို့ပဲရှိမယ် ... ချစ် ... ချစ် ...။ ကြိုက်သလောက်ချစ် ...။ ရှုံးတာမဟုတ်ဘူးနော် ... အကောင်း တိုက်တွန်းတာ ...



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ "မိန်းကလေးကစလို့ ဖွင့်မပြောသင့်ဘူး"ဆိုတာပဲ ရှိတယ် ...။ "မိန်းကလေးကစလို့ ... မချစ်ရဘူး"ဆိုတာတော့ လုံးဝမရှိဘူး ... ချစ် ... ချစ် ... မေတ္တာဆိုတာ တကယ်ပဲ ရောင်ပြန်ဟပ်တတ်ရင်တော့... သူလည်း တစ်နေ့နေ့ ... နင့်အချစ်တွေကို ပြန်သိလာမှာပဲ ...။ ပြန်ချစ်လာမယ်လို့ မပြောဘူးနော် ...။ သိလာမယ်လို့ပဲ ပြောတာ ...။ နင်လည်း သွားမပြောရင် ရပြီ ... ကိုယ့်ဘာသာရင်ထဲရှိသလောက် ချစ်တာကတော့ ... ချစ်သာချစ် ..."

အဲဒီလို အားရပါးရ ထောက်ခံ၊ ဝိုင်းခံစား၊ "ရေလာမြောင်းပေး တအားသိသာမနေရင် ပြီးရောဟာ ..."လို့ ... လှုပ်ရှားမှုကလေးတွေမှာပါ သူပါ အားတက်သရော ပါဝင်ပေးတတ်တဲ့ မရူပါ တစ်ယောက်လည်း ... "သူ"မရှိတော့ချိန်မှစကာ ... ဘယ်ပျောက်သွားခဲ့ပြီ မသိ ...။ ခု မရူပါကတော့ဖြင့် ..."လက်တွေ့ကျကျ"ဆိုတဲ့ စကားလုံးတွေကို အော်ဟစ်ရင်း "ခံစားချက်တွေကို ဖျောက်နိုင်ရမယ်"လို့ တိုက်တွန်းဆုံးမတတ်တဲ့ မရူပါ ...။ အဲဒါကြောင့်ပဲ သက်ပိုင်က ... သူ့နေရပ်ဆီ ...၊ သူ့မိခင်ကြီးဆီ အလုပ်ပြောင်းရွှေ့တော့မဲ့ အကြောင်းကို ... အနီးကပ်ဆုံး မရူပါကိုပါ ဖွင့်မပြောဘဲနှင့် ဖုံးထားသည် ...။

အဲဒါကြောင့်လည်းပဲ "ရင်မဆိုင်ချင်လို့ ထွက်ပြေးပြီ"ထင်ပြီး မရူပါ တစ်ယောက် ... မပြီးနိုင်တော့အောင်ပင် ... တဖျစ်တောက်တောက်ပေါ့လေ ...။ ရင်မဆိုင်ချင်တာ မဟုတ်ဘဲ





"ရင်ဆိုင်ချင်လွန်းတာ"မှန်း သိသွားရင်လည်း အပြောကတော့ လွတ်မည်မထင်ပါ ...။ "ဘာအကျိုးရှိလာနိုင်မှာလဲ ... သက်ပိုင်ရယ်"ဆိုတာမျိုးလောက်တော့ အနည်းဆုံး ထွက်လာနိုင်ပါသည်။ "သူ့ကို အရမ်းချစ်တာပဲ ... မရူပါရယ် ..."လို့ ဆိုခဲ့တုန်းက "တစ်ဖက်သတ် အချစ်ရူး"အဖြစ် တစ်ခွန်းမှ မထွက်ခဲ့တဲ့ ...၊ အားပေး အားမြှောက်ပြု ကူညီခဲ့ဖူးသေးတဲ့ မရူပါဟာ ... "ဘာအကျိုးမှ မရှိနိုင်တော့ ..."ဟု တွက်နေပြီဖြစ်တဲ့ အခါမှာတော့ သက်ပိုင်ကို "အရူးစာရင်း" သွင်းချင်နေတော့မည် ...။

တကယ်လည်း ရူးမတတ် ကျန်ရစ်ခဲ့ရတာပါပဲလေ ...။ အေးလေ ... ရူးမတတ်တောင် မဟုတ်ပါ ... ရူးလို့ကို ကျန်ရစ်ရတာပါ ...။ အရင်ကတည်းက သူ့ကို ချစ်ရလွန်းတဲ့ စိတ်နဲ့ ရူးလုလု သက်ပိုင်ဟာ ... ခုတော့ ရူးကို ရူးနေခဲ့ပြီပေါ့ ကျော်ဇင် ...။

"The bright lights က မင်းသား"ရယ်လို့ ဒီအနီးအနားတစ်ဝိုက်မှာတော့ နာမည်ကြီးပဲဖြစ်တဲ့ "ကျော်ဇင့်"ကို အဲဒီလို နာမည်ကြီးလို့၊ ချောလို့၊ ချမ်းသာလို့၊ ဘာတစ်ခုကြောင့်မှ မဟုတ် ...။ အသည်းယားစရာ ကောင်းလွန်းတဲ့ သူ့ပုံစံလေးကြောင့် သေလုမတတ်ကို အသည်းတယားယားနဲ့ ချစ်မိသွားခဲ့ရတာ ...။ မောင်နှမတွေ အများကြီး အလယ်က အငယ်ဆုံးကောင်ကလေးရဲ့ ... ဘာလေးမှန်း မသိတဲ့ လုပ်ပုံကိုင်ပုံကလေးတွေက ... သက်ပိုင်ရဲ့ အချစ်စိတ်ကို နေ့စဉ် နေ့စဉ် ကိုင်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်၊ တစ်နေ့ထက်တစ်နေ့ ဆတပိုးတိုးလို့ မြတ်နိုးတွယ်တာခဲ့ရတာ ...။

"မေတ္တာဆိုတာ ရောင်ပြန်ဟပ်တယ် ...၊ အသွားအပြန် ရှိတယ်"ရယ်ဆိုလို့ ... အဲဒီလက်နဲ့ ကိုင်တွယ်စမ်းသပ်လို့မှရ ... မမြင်ရတဲ့ "မေတ္တာဓာတ်"တွေကို အင်ကြီးအားကြီး၊ အလုံးအရင်းနဲ့ကို နေ့စဉ်နဲ့အမျှ ပို့လွှတ်နေခဲ့မိတာ ...။ "မြင်းက မလှုပ်၊ ခုံကလှုပ် ..."၊ "ရေလာမြောင်းပေး"စတဲ့ စကားပုံမျိုးတွေကိုလည်း အကြီးအကျယ် စိတ်နာပြီး ... ကိုယ်နဲ့မပတ်သက်မိလေအောင် ... အင်မတန် ထိန်းသိမ်းခဲ့ရတာပေါ့ ကျော်ဇင်ရယ်။ ဒါပေမဲ့ ..."အခြေအနေ ထူးတယ် ... နင် အောင်မြင်တော့မယ် ..." လို့ ဆရာမကြီး ဒေါ်ရူပါက နမိတ်ဖတ် ... ဟောလိုက်တဲ့နေ့ကများ ...။

အဲဒီနေ့က မိုးရွာတယ် ...။ ရှုးလုလု ကလေးမလေးတစ်ယောက်ဟာ ရုံးဖယ်ရီရှိရက် ... ဘတ်စ်ကားနဲ့ အပင်ပန်းခံပြီး အိမ်ပြန်တယ် ...။ ထီးပါရက်နဲ့ ထုတ်ဖွင့်မဆောင်းဘူး ...။ ပျော်လွန်းလို့ ကျနေရတဲ့ မျက်ရည်တွေအတွက် ... (လူအမြင်လည်းတင့်နိုင်စွာ) ကျချင်တိုင်းကျခွင့် ... အခွင့်အရေးပေးဖို့လိုတယ်လေ ...၊

The bright lights က မင်းသားချောရဲ့ ပြောင်းလဲလာတဲ့ အခြေအနေနဲ့ သွင်ပြင်ဟန်ပန်တွေ အကြောင်းကို ... ပထမဦးစွာ စတင်ရိပ်မိ သတိထားမိကြပြီး အုန်းအုန်းကြွက်စိတ်ဝင်စား ... သတင်းအနံ့ခံကြတော့တာကတော့ ...အဲဒီဆိုင်က





ဝန်ထမ်းမိန်းကလေးများလေ ...။ သူတို့ကတစ်ဆင့် အောက်ထပ်က သက်ပိုင်တို့ဆီ သတင်းရောက် ...။

လျှို့ဝှက်သလောက် ဆန်းကြယ်တဲ့၊ တည်ငြိမ်သလောက် ကြောက်ရွံ့တုန်လှုပ်ဟန်ရှိတဲ့ ...၊ မျိုးသိပ်နိုင်မှုအားကြီးကြီး ... အုံ့ပုန်းကောင်ကလေး တစ်ယောက်ရဲ့ မေတ္တာရေးဟာ ... အဝေးတစ်နေရာကလူ ... မဟုတ်လေတာကိုပါ သတင်းအနံ့ ရနိုင်သွားကြတဲ့အခါ ..."ခန့်မှန်း"တွေ ပလူပျံစေစည်သွားပြီး ...၊ သက်ပိုင်ရဲ့ ရှုးလုလုစိတ်ဟာလည်း တည်းတည်းလေးလောက်သာ ကျန်တော့တဲ့ အနေအထားမျိုးနဲ့ပါ ...။

"အဲဒါ နင်ပဲ ... နင်မှ နင်အစစ် ... ဘယ်သူမှ မဟုတ်ဘူး ... နင် ... နင် ..."

သူ့နည်းသူ့ဟန်နဲ့ သူ ... ဗျာယာခတ်လှုပ်ရှား ... သတင်းရယူနေတဲ့ မရူပါရဲ့ တက်ကြွမှုတွေကလည်း တစ်နေ့တခြားပိုလို့ တိကျခိုင်မာလာနေတဲ့အချိန် ...။ မရူပါဟာ အလုပ်ထဲ၊ သူ့မိသားစုအရေးနဲ့ ကိုအေးထွန်းကိုတောင် ဒီလောက်ကြီး စိတ်မဝင်စားနိုင်ရှာတော့ဘဲ ... စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်နဲ့ ... သူ့အထင်တွေ မှန်ကန်နိုင်ဖို့အရေး၊ သူ့သူငယ်ချင်း အရှုးမကလေး ပျော်ရွှင်စိတ်ချမ်းသာ အောင်မြင်နိုင်ဖို့အရေး ... ဒီတစ်တွေးပဲ သူ့ခေါင်းထဲမှာ ရှိတော့ကာ ... ရုံးရောက်လာရင်တောင် ... သူ့တာဝန်အလုပ်ရှိရာမှာ သူ ငြိမ်မနေနိုင်ဘဲ ... ငါးထပ်တိုက်တစ်ခုလုံးကို စုန်ဆန်ဆင်းတက် ... ဗျာများနေခဲ့ရတာ ...။



www.burmeseclassic.com

www.burmeseclassic.com



"ငါ သတင်းအတိအကျ ရလာပြီ ...။ မနက်ဖြန်ညနေ ရုံးတွေဆင်းချိန်ကို ... သူ အဲဒီမိန်းကလေးကို ပရိုပိုစ်လုပ်တော့မယ်တဲ့ ... လက်စွပ်တစ်ကွင်းနဲ့ ပရိုပိုစ်လုပ်မှာ ... အဲဒီလက်စွပ်က ခုသူ့လက်ထဲ ရှိနေပြီ ..."

တစ်နေ့မှာ တုန်တုန်ယင်ယင် ... ရင်ခုန်မောပန်း စိတ်လှုပ်ရှားနေတဲ့ ပုံစံနဲ့ ... အပေါ်ထပ်က ပြန်ဆင်းလာတဲ့ မရူပါက ... သက်ပိုင်ကို ကျစ်ကျစ်ပါအောင်ဖက်ပြီး ... သူရလာတဲ့သတင်းကို ပြောခဲ့တာပါ ...။ သက်ပိုင်ကတော့ ထုံးစံအတိုင်း ... ဘာလို့ ကျလာပြန်မှန်း မသိတဲ့ မျက်ရည်တွေနဲ့ပေါ့ ...။

"အရေးကြီးတာက ... ဘယ်သူလဲ ... ဆိုတာပဲ ... မရူပါရယ် ... သူ ... အဲဒီလက်စွပ်ကို ပေးတော့မဲ့သူဟာ ... ဘယ်သူလဲ ..."

"နင်ပေါ့ ..."

"အဲဒီလို မပြောပါနဲ့ မရူပါရယ် ... မရူပါကို အခုသတင်းအတိအကျ ပေးလိုက်တယ်ဆိုတဲ့လူက အဲဒီလိုပါ ... ပြောလို့လား ..."

"ဟင့်အင်း ... ဒါပေမဲ့ ဒီလောက် လျှို့ဝှက်မှုသိပ်နိုင်တဲ့ ကောင်ကလေးဆီက ... ဒီလောက်သတင်းမျိုး ကြိုထွက်လာအောင် ... နှိုက်ထုတ်စုံစမ်း ... ယူနိုင်တဲ့သူဟာလည်း လောကကြီးထဲမှာ တစ်ယောက်ပဲ ရှိမယ် ... အဲဒီဆိုင်က Marketing Manager ကိုမောင်မြင့်ကြီးပဲ ...။ ဒီတော့ ဒီ





သတင်းဟာ တကယ်ကို တိကျမှန်ကန်တဲ့သတင်းပဲ ... ဖြစ်ရမယ် ... ဒီသတင်းကို တခြားဘယ်သူမှလဲ မသိသေးဘူး ...

ဒီမှာ သက်ပိုင် ... ငါက သွားမေးရတာ မဟုတ်ဘူးနော် ... ငါ့ဘာသာ လေးထပ်ကို တက်သွားခဲ့တာကို ... ကိုမောင်မြင့်က ငါ့ကို သက်သက် လှမ်းခေါ်ပြီး ပြောပြခဲ့တာ ... ကဲ ... သူနဲ့ငါ ဒီလောက်ကြီးလည်း ဖက်လှဲတကင်း ရင်းနှီးကြတာလည်း မဟုတ်ဘဲနဲ့ ... သူ့အလုပ်ရှင်ရဲ့ လျှို့ဝှက်သတင်းတစ်ခုကို သူက အလကားနေရှင်းတော့ ငါ့ကို လှမ်းခေါ်ပြီးမှ ပြောပါ့မလား ...။ ဒါပေမဲ့ သူလည်း လူအတိအကျကိုတော့ သိပုံမရသေးဘူးထင်တယ်၊ ဘာပဲဖြစ်ဖြစ်လေ ... ဒီလူကြီးကလည်း ငါ့လောက်နီးနီးတော့ လူကဲခတ်တတ် ... မျက်နှာရိပ် မျက်နှာကဲကြည့်တတ် ... ကျွမ်းတတ်မဲ့ ပုံကြီးပါ ..."

"မရူပါရယ် ... အစ်မကို ခေါ်ပြောတယ် ဆိုတော့ ... အစ်မလည်း ဖြစ်နေပါဦးမယ် ..."

"သေလိုက်ပါလား ...။ ဒီလောက် ညနေတိုင်း မစ္စတာ အေးထွန်းကြီး လာ,လာကြိုနေတာကို ...။ ကောင်ကလေးက တစ်မျိုးလေးပေမဲ့ ... ငအ,လေးတော့ မဟုတ်ပါဘူးဟယ် နင်ကလည်း ... စီးပွားရေးလုပ်ငန်းကြီး တစ်ခုလုံးကို ဒီလောက် ဦးဆောင်နေနိုင်တဲ့ တစ်ယောက်ဟာ ... ဒီလောက်တော့လည်း မတုံးပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ သက်ပိုင် … မနက်ဖြန်ကျ … ငါ ရုံးမတက်ဘူး …”

“ဟာ … ဘာလို့လဲ … ကြောက်ရတဲ့ ကြားထဲ … မရှုပါရယ် …”

“ရုံးဆင်းချိန်ကိုမှ ရွေးတာ … နင့်ဘေးမှာ လူမရှိစေချင်လို့နေမှာပေါ့ … မနက်ကတည်းက ငါမရှိတာပါ သေချာရင်သူ ပိုရဲတင်းပြီး ဆုံးဖြတ်ချက် ခိုင်မာသွားလိမ့်မယ် … တအားတုန်လှုပ်နေတာတဲ့နော် သက်ပိုင် … ကိုမောင်မြင့်ဆို ပြောင်ကလည်း ပြောင်ချင် … စုတ်တသပ်သပ်နဲ့သိလား …

သနားပါတယ်ဟယ် … ငါမရှိတာ ပိုကောင်းပါတယ်၊ နင်လည်း ယောင်ယမ်းပြီး ဖယ်ရီနဲ့ ပြန်ချမသွားနဲ့ဦး …။ (……)လမ်းထိပ်မှာ ကားသွားစီး သိလား …၊ အဲဒီဂိတ်ဘက်မှာ အေးဆေးထိုင်လို့ရတဲ့ အအေးဆိုင်ကလေးတွေရှိတယ် …။ ကောင်လေးက ခွင်တွေ နေရာတွေလည်း ကြိုရှာထားတတ်မယ့်ပုံ မရပါဘူး … စီးပွားရေးကျ တော်ပြီး … ဒီဘက်ကျမှ ဘယ်လို … လူကြောက် လာဖြစ်နေသလဲမသိဘူး … ကိုယ့်ဘက်ကပဲ အခြေအနေတွေ၊ နေရာတွေဖန်တီးပေးထားရမှာ သိလား …

ဟဲ့ … သိလားဆို …။ နင်ကလည်း ဦးဆောင်သွားရမဲ့သူက ကျောက်ရုပ်ကြီးလိုလည်း သေမနေနဲ့ဦး …။ ရှုး





တော့မဲ့ မျက်နှာကြီးနဲ့ ခပ်မာမာ တင်းတင်းကြီးလည်း ဖြစ်မနေစေနဲ့ … အနားထိ ရောက်လာပြီးမှ နင့်မျက်နှာကြီးကို လန့်လို့ လှည့်ပြန်သွားတာမျိုးလည်း ဖြစ်နေဦးမယ် …။ အမယ်လေး … ရုံးသာမလာရမယ် … စိတ်မချလိုက်တာနော် … ငါနှယ် …။ ရုပ်ရှင်တွေထဲကလို တစ်နေရာကနေ မှန်ပြောင်းနဲ့ ကြည့်နေပြီး နားထဲထည့်ထားတဲ့ နားကျပ်လေးကတစ်ဆင့် ညွှန်ကြားနေလို့ ရရင်လည်း အကောင်းသား …

ဒီမယ်နော် … ဒေါ်သက်ပိုင် …။ ရှင်“ချစ်ချစ်ချစ်ချစ်”နဲ့ သေအောင်အော်နေတဲ့ မင်းသားက ရှင့်အနားတော့ ရောက်လာပြီးမှ … သူ့လက်ထဲက လက်ဖွဲ့ကို ရှင်မရလိုက်နိုင်ဘူး ဆိုရင်တော့ … ကျုပ်အဆိုး မဆိုနဲ့ …။ နောက်နေ့ကျ နှစ်ယောက်လုံးကို ကိုင်ကိုဆောင့်ပစ်ဦးမယ်မှတ်ပါ …။ သူ့ပါ သူ့ဆိုင်ခန်းထဲအထိ သွားဝင်၊ လှုပ်ပစ်မှာ … အဟုတ် …”

ခုတော့ “မရှုပါ မရှိဘူး”ဆိုတာကို သိသွားပြီး … ရုံးဆင်းချိန်ကို စောင့်မနေတော့ဘဲ အောက်ဆင်းလာခဲ့ပုံရတဲ့အတွက် … ကံကြမ္မာ အလှည့်အပြောင်းက သက်ပိုင်ကို “ရှုး”ရဲ့မက “နှမ်း”တဲ့ဘဝထိ ပို့ပေးလိုက်ပြီလေ … မရှုပါ …။ အဲဒီ “လက်ဖွဲ့”ဆိုတာကလည်း သူနဲ့အတူ နောင်ဘဝအထိပါ သွားခဲ့ရင်တော့ တစ်မျိုး …။ ခုတော့ … မဆိုင်တဲ့သူရဲ့ လက်ထဲမှာမှ ကျန်ရစ်လို့ …။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း မရှိတော့ဘူး ...။ သက်ပိုင်လည်း ဘာမှမရလိုက်ဘူး ...။

မေ့ဖို့ပျောက်ဖို့ မဆုံးမ ... တရားမချပါနဲ့ မရှုပါ ...။ အပေါ်ထပ်က အခန်းထောင့်နဲ့ ခုံငယ်ကလေးဆီ ... တစ်နေ့တစ်နေ့ အကြောင်းရှာ သွားပြီး ... လူမြင်မတင့်တော့လောက်အောင် ... ရုပ်ပျက်ဆင်းပျက်နိုင်တော့မတတ် ဖြစ်နေတာလည်း မကောင်းတော့ဘူး မဟုတ်လား ...။

သူ့အရိပ်တွေ ထပ်ကျန်နေနိုင်တဲ့ နေရာကိုသွားလိုက်ဦးမယ် ...။

♣ ◇ ♣

မသက်ပိုင် အတွက် စိတ်ချမ်းသာစရာ ကောင်းလွန်းရတာက ... ထိုစတိုးဆိုင်ကလေးဟာ ... ဆိုင်နာမည်ကိုက "ကျော်ဇင်"ဟူ၍ ဖြစ်လေသည်။ မနက်ခင်း မိုးလင်းပြီ ဆိုတာနဲ့ ဖြာထွက်မြင့်တက်လာတဲ့ နေရောင်ခြည်အလင်းတန်းများအောက်မှာ ...(အင်အားရှိစရာကောင်းတဲ့) သူ့ခြံရှေ့က လေကို အဆုတ်ပြည့် တစ်ချက် ရှူသွင်းလိုက်ပြီးမှ ..."ကျော်ဇင်"ဆိုတဲ့ ... ဆိုင်းဘုတ်လေးအောက် ခေါင်းလေးငုံ့ပြီး ဝင်ရောက်လိုက်ရတာ ...။

ပြီးရင်တော့ ... ဆိုင်ကလေးတစ်ခုလုံးဟာ သူနဲ့ မကင်းနိုင်တာတွေချည်း ...။ ပစ္စည်းတွေဆိုလည်း ... ဘောလ်ပင်





လေးတစ်ချောင်းလို အသေးအဖွဲလေးတွေကစလို့ ... အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည် စတဲ့ပစ္စည်းမျိုးတွေ ...၊ အိတ်၊ ဖိနပ်၊ နာရီ၊ မိုးကာ၊ ထီး ... စတဲ့ အသုံးအဆောင်တွေ ...၊ ယုတ်စွအဆုံး ... ဆိုင်ရှေ့မှာ ဧည့်ကြိုအဖြစ်၊ မျက်စိပဒါသအဖြစ် ထိုးထားတဲ့ ပန်းအိုးနဲ့ ပန်းကလေးတွေ၊ မနက်မိုးလင်းလို့ ဆိုင်ထဲအနံ့ လိုက်ဖျန်းလိုက်တဲ့ Air Freshner နံ့ကလေးအဆုံး ... ဘယ်တစ်ခုကိုပဲ ကြည့်လိုက် ကြည့်လိုက် ... သူသုံးခဲ့တဲ့၊ သူနှစ်သက်ခဲ့တဲ့၊ သူ့စိတ်ကြိုက်ဖြစ်တဲ့ ... ပစ္စည်းအမျိုးအစားတွေ၊ တံဆိပ်တွေချည်း ...။ သူနဲ့လွတ်တာကို မရှိ ...။

"သူနဲ့ လွတ်တာကိုမရှိ"ဆိုလို့ ပြောရပါဦးမည် ...။ ဆိုင်ကလေးဟာ ... စဖွင့်စကတည်းက တစ်လ နှစ်လကျော်ကြာမြင့်တဲ့အထိ ရောင်းအားက ဖြိုးဖြိုးဖြောက်ဖြောက်သာလျှင်ဆိုတော့ ...။ (ဖြိုးဖြောက်ပေမပေါ့ ...။ လူကုံထံမိသားစုတစ်ခုရဲ့ အငယ်ဆုံးသားကလေး နှစ်သက်တဲ့၊ သုံးစွဲတဲ့ ပစ္စည်းနဲ့ တံဆိပ်တွေချည်းပါဆိုမှ ... ဒီလိုဆိုင်မျိုးရှေ့မှာ သာမန်ဖြတ်သွားဖြတ်လာ ... လမ်းသွားလမ်းလာ ... လူတန်းစားတွေက ဝင်ဝယ်နိုင်၊ သုံးနိုင်ပါ့မလား)။

အဲဒီအခါမှာ ... ငုတ်တုတ်ချည်းသာ ... ထိုင်သန်းဝေနေကြတဲ့ Sale girl အရောင်းစာရေးမကလေးတွေကို ... သူ့အစ်မတစ်ယောက်ကလည်း မျက်စိစပါးမွေးရှုးစွာ လူလျှော့ချင်။ ကလေးမများကလည်း ..."ဒီတိုင်းဆိုရင်တော့ လှုပ်တုတ်တ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေနဲ့ ... ဆိုင်က ပြုတ်မှာပါပဲ ...”ဟု တွက်ကုန်ကြပြီး (ဒီမိခင်ကြီးရဲ့ ကျန်းမာရေးအတွက် ဖွင့်ပေးထားတာမို့ ... ဘယ်လိုအခြေအနေမျိုးပဲရှိရှိ ပြန်ကိုမပိတ်မဲ့ ဆိုင်မျိုးဆိုတာ ... သူတို့မှ မသိနိုင်ကြဘဲ ...) အလုပ်အကိုင် အသစ်များဆီ ပြောင်းချင်ချင်။ ခုတော့ ... ဆိုင်မှာ ... သူ့မိခင်ကြီးရယ် ... မသက်ပိုင်ရယ် ... နှစ်ယောက်သာ ကျန်ပါတော့သည် ...။

ကဲကွယ် ...။

သူ့နာမည်နဲ့ ဆိုင်ကလေးမှာ ... သူ့ စိတ်ကြိုက်ပစ္စည်းတွေချည်းရယ် ...။ သူ့မိခင်ရယ် ... မသက်ပိုင်ရယ် ...။ “သူနဲ့ လွတ်တာ မရှိ ...”ဆိုတဲ့ အဆိုကို ... ထောက်ခံ ခေါင်းညိတ်နိုင်ကြပြီ မဟုတ်လားဟင် ...။

သူဟာ မနက်တိုင်း အလုပ်မသွားခင် သူ့မိခင်ကြီးကို ဆေးတိုက်သွားတဲ့ သားလိမ္မာမျိုး ဖြစ်သတဲ့ ...။

“အန်တီ ... မနက်ခင်း ဘရိတ်ခ်ဖတ်စ်နဲ့ သောက်ရတဲ့ဆေး ... သောက်ပြီးပါပြီလား ...”

မသက်ပိုင်နဲ့ ကျော်ဇင့်မေမေ ဒေါ်စပယ်တွေးတို့ မနက်ခင်း ဆုံ,ဆုံဖြစ်ဖြစ်ချင်း တစ်နေ့မပြတ် အမြဲထွက်လာတတ်တဲ့ နှုတ်ဆက်စကားကြောင့် အန်တီစပယ့်ရဲ့ သမီးများဟာ ခုဆို မနက်ခင်းဆေး၊ နေ့လယ်ဆေး၊ ဒီနှစ်ကြိမ်ကိုတော့ ... အရောင်းစာရေးမ အသစ်ကလေးရဲ့ တာဝန် ... လို့ စိတ်ချလက်ချလွှဲနိုင်လိုက်ရဲ့ကြပြီ ...။





သူဟာ နေ့လယ်ကျ ... သူ့မေမေ ထမင်းစားပြီးမပြီးနဲ့ စားကောင်းမကောင်း၊ ဘယ်လောက်စားတယ် ... ဘာနဲ့စားတယ် ဆိုတာမျိုးတွေကို ဆိုင်ကနေ ဖုန်းတစ်ချက် လှမ်းဆက်၊ အမြဲမေးတတ်တဲ့သားမျိုး ဖြစ်သတဲ့ ...။

“အန်တီ ... မနက်က ဘရိတ်ခ်ဖတ်စ်စားတာ စောသွားတယ်၊ ပြီးတော့ သိပ်လည်း မဝင်လိုက်ဘူးဆို ... လေခံမသွားအောင် နေ့လယ်စာထမင်း စောစားလိုက်တော့မလား အန်တီ ... ပါးစပ်မကောင်းလည်း အပြုတ်တစ်ခုခုဖြစ်ဖြစ် ပေါ့နော် ... အိမ်ကြီးပေါ် လှမ်းဖုန်းဆက်ပေးလိုက်ရတော့ မလားဟင် ...”

သူဟာ အားလပ်ချိန် ရခဲ့ရင် အိမ်တွင်းအောင်း သူ့မေမေအတွက် ... ဂျာနယ်မဂ္ဂဇင်းအစုံ ... (တမင်)လိုက်ရှာဝယ်ဖတ်ပြီး ... တိုင်းရေးပြည်ရေး၊ ကမ္ဘာ့အနုပညာသည်များ၊ မြန်မာ့အနုပညာရှင်များအကြောင်းတွေကို ... သတင်းလိုလို ... အတင်းလိုလို ... စိတ်ဝင်စားစရာ မကောင်း,ကောင်းအောင် တခုတ်တရ တဖွဲ့တနွဲ့ ... ပြန်ဖောက်သည်ချ ပြောပြတတ်သတဲ့ ...။

“အာ ... မဟုတ်ဘူး အန်တီရဲ့ ... “ဘရစ်တနီ”က မကြာသေးခင်ကလေးကပဲ ... သားတစ်ယောက် မွေးထားတာ ဟုတ်တယ်လေ ... ဒါပေမဲ့ ခုလေးတင် ထပ်မွေးလိုက်တာကလည်း သားပဲ ... ဟုတ်ပါရဲ့ ... စိတ်ညစ်စရာ ... သားချည်းပဲ ဆက်တိုက်နှစ်ယောက် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ (......)မြို့က လူသတ်မှုက မှုခင်းသတင်းထဲမှာ ပါတာကျတော့ သူတို့အိမ်က ဦးလေးအရင်း ... ဟုတ် ...၊ အဖေ့ညီအရင်းက ... တံခါးထဖွင့်ပေးလိုက်တာတဲ့ ... အဲဒီတော့မှ ဓားပြတွေက ဝင်လာနိုင်တာ ...။ ဓားပြဆိုပေမဲ့ အငြိုးကြောင့်ပါတဲ့ ...။ ဘာပစ္စည်းမှ သိပ်မယူသွားဘူး ...။ ဓားပြတွေ မရှိတော့မှ ပစ္စည်းတွေကို ထဖွက်ထားလိုက်တာက ... အဲဒီဦးလေးလေ ...

ဟုတ် ... ဟင်း ဟင်း ...။ အဲဒီမင်းသားနဲ့မင်းသမီးက သူတို့ကြိုက်နေကြပါပြီလို့ ကြေညာထားပြီးသားလေ အန်တီရယ် ... ဒါပေမဲ့ ကြေညာထားတာကလည်း ကြာပြီ ... သတင်းတွေကလည်း မှိန်နေတော့ ... ကွဲသွားကြပြီလို့ ထင်မှာစိုးလို့ ... ခုက ... တစ်ခါထပ်ပြီး ... သတင်းလုပ် ... ပြန်ထည့်ကြရတာ နေမှာ ...

ဟုတ်ကဲ့ ... အဲဒီမိကျောင်းဘုရင်က ... ငါးလိပ်ကျောက်အမြီးက အဆိပ်နဲ့ သေသွားတာလေ ... ဟုတ် ... မနေ့ကညကပွဲလား... နိုင်သွားတယ်ထင်တယ် ... အန်တီရဲ့ ... (၂)ဂိုး (၁)ဂိုး ..."

သူဟာ အသက်ကြီးသွားတဲ့ အဘိုးကြီး ... အဘွားကြီးတို့ရဲ့ ထုံးစံ ... ဆယ်ခါထက်မနည်း ထပ်ပြီးရင်း ... ထပ်, ထပ်ရင်း ပြော,ပြောနေကြတဲ့ ... ရှေ့ကြောင်း နောက်ကြောင်းများကို ... သူ့မေမေက နောက်တစ်ခါ ထပ်ပြောပြချင်တဲ့ အခါတွေမှာ ... မကြားရသေးတဲ့ အသစ်အဆန်း အကြောင်းအရာလို စိတ်ဝင်တစား၊ အချိန်ပေး နားထောင်ပေးတတ်တဲ့ ... သားမျိုးတဲ့။

မသက်ပိုင်ရဲ့ ..."ဟုတ် ... ဟုတ် ... ဟုတ် ... ဟုတ် ..."မှန်မှန်လိုက်ကာ စိတ်ဝင်တစားကြီး စပ်စုနားဆင်ပေးနေမှုများကတော့ ... သူ့လို တမင်"လုပ်ပေး"နေရတာမျိုး မဟုတ်ပါဘူး ...။ မသက်ပိုင် မသိသေးတဲ့ သူ့ရဲ့အတိတ်အကြောင်း၊ ငယ်ဘဝအကြောင်းတွေ။ သူ့မိသားစုရဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ ...၊ အန်တီစပယ် အောင်မြင်ထက်မြက်ခဲ့စဉ် ရွှေရောင်ကာလတွေက ဖြစ်ရပ်တွေ ...။ အားလုံးဟာ ... တကယ်သိချင်တာ...၊ တကယ် နားထောင်ချင်တာ ...၊ ထပ်,ထပ်ပြီးတော့ကို ... ကြားပြီးရင်း ကြားချင်နေရတာတွေပါ ...။ သူ့မေမေသာ ပြောရတာမောလို့ နားဖို့လိုချင် လိုမည် ...။ မသက်ပိုင်ကတော့ ကြား၍မငြီး ...။ မဝ,နိုင်သည်ချည်းပင် ...။

သူဟာ သူ့မေမေရဲ့ သူငယ်ချင်း မိတ်ဆွေတွေရဲ့ ဖုန်းနံပါတ်တွေ၊ မွေးနေ့တွေ၊ အမှတ်တရ နေ့ရက်တွေကို အမြဲတမ်း မှတ်မှတ်သားသားနဲ့ ခေါင်းကောင်း၊ သတိရ၊ သတိပေးတတ်သူတဲ့ ...။

သူဟာ ... သူ့မေမေ ဘာလေးတွေ ကြိုက်တတ်သလဲဆိုတာကို အားလုံး အသေးစိတ် အတိအကျ လိုက်သိနေတတ်ပြီး တစ်ပတ်တစ်ခါ ... အသေးအဖွဲ လက်ဆောင်မျိုးကလေးတွေ အမြဲပေးနေတတ်လေ့ ရှိသူတဲ့ ...။





www.burmeseclassic.com

www.burmeseclassic.com



သူဟာ ... သားယောက်ျားလေးတန်မဲ့ ... သူ့မေမေရဲ့ အကြိုက်လိုချည် အတွဲအဖက်၊ အရောင်အစပ်များကို နေ့စဥ်ပုံမှန် ဝေဖန်အကဲဖြတ်ပေးနေတတ်သူတဲ့ ...။ သူဟာ အလုပ်က အပြန်တွေကျ ... သူ့မေမေအတွက် ... ကိုရီးယားဇာတ်လမ်းခွေ ဗီစီဒီချပ်ဇွတွေကို ပုံမှန်ဝယ်လာ၊ ငှားလာပေးတတ်သူတဲ့ ...။ သူဟာ ... သူ့မေမေရဲ့ မျက်နှာရိပ် မျက်နှာကဲကို ချက်ချင်းဖမ်းနိုင်၊ သိနိုင်ပြီး ... ဖွင့်မပြောလိုတဲ့ ဝမ်းထဲက စကားတွေအတွက်ပါ လိုက်သိတတ် ... ဖန်တီးပေးနိုင်သောသူတဲ့ ...။ သူဟာ ...၊ သူဟာ ...၊ သူဟာ ...။

သူ မရှိတော့တာဟာ သူ့မေမေအတွက်တော့ ဘယ်လိုမှ အစားထိုးမရနိုင်တဲ့ ဆုံးရှုံးမှုကြီး တစ်ခုတဲ့ ...။

လူတကာက အရူးလို့ သတ်မှတ်ချင် သတ်မှတ်ကြမည်ဖြစ်တဲ့ မသက်ပိုင်ဟာ ... သားသမီး အရင်းအချာတွေနဲ့တောင်မှ အစားထိုးယူလို့ မရနိုင်ပါဘူးဆိုတဲ့ အဲဒီ ဆုံးရှုံးလစ်ဟာမှုကြီး နေရာမှာ ... မသက်ပိုင်ဆိုတဲ့ (သူ့အရိပ်ဖြစ်ချင်တဲ့)သူစိမ်းတစ်ယောက်နဲ့ အစားဝင်ထိုးဖို့ ... သိစိတ်နဲ့ကော ... မသိစိတ်နဲ့ပါ ... အကြိုးစားကြီး ကြိုးစားနေမိလေတော့သည် ...။

အောင်မြင်သည်လည်းရှိ ...။ မအောင်မြင်ဘဲ အလူးအလိမ့် အလဲအကွဲနဲ့ ညကျ မျက်ရည်အိုင်ထဲ နစ်နေရတဲ့ အခါတွေလည်းရှိ ...။ "ထက်မြက်တယ်"ရယ်လို့ နာမည်ကြီးခဲ့တဲ့ သူ့မေမေဟာ ..."သဘောကောင်းပြီး စိတ်ထားပြည့်ဝသူ"တစ်





ယောက်အဖြစ်လည်း လူသိများခဲ့တာ အမှန်ပါပင် ...။ သို့သော် ခုလတ်တလော အချိန်ကာလတွေမှာတော့ "သားစိတ်"နဲ့"ဆတ်"နေတဲ့ သူ့မေမေဟာ ... အတော်ဆက်ဆံရခက်သည့် လူကြီးသူမ အမျိုးအစားထဲမှာ ပါဝင်နေသည် ...။ နောက်ကလိုက်နေရသူ မှန်းရခက်လောက်အောင် အမျိုးမျိုး အပြောင်းအလဲ မြန်လှတဲ့ စိတ်အတွေးတွေ၊ ချဥ်ခြင်းတွေနှင့် ဖြစ်နေသည် ...။

အမေ့အတွက် အင်မတန် ကောင်းခဲ့တဲ့ သားကလေး ဆုံးပါးသွားချိန်မှာ ..."အစားထိုးမရဘူး"ဟု တွင်တွင်အော်ရင်း မြင်မြင်သမျှ လူတကာအပေါ် ... အစားထိုး ဆက်ဆံကြည့်ဖို့... လိုက်အကဲစမ်းရင်း၊ စိတ်တိုင်းမကျနေသူမျိုး ဖြစ်လေသည် ...။ သားရင်း သမီးရင်းတွေ၊ အိမ်ထောင်သည်တွေရော ... အပျိုလူပျိုတွေပါ အရိပ်အကဲကြည့် ... သင့်တော်သလို နေနေရလေတဲ့အခါ ... ချွေးမတစ်ယောက်နဲ့ ... သမက်နှစ်ယောက်တို့မှာတော့ ဆိုဖွယ်ရာမရှိ ...။ အိမ်ရှိ အလုပ်သမားအကုန်လည်း ... ရုတ်ခြည်းပြောင်းလဲသွားတဲ့ "မေမေကြီး"ရဲ့ အတွင်းသဘောကို လိုက်မမီနိုင်ကြချေ ...။

သူ့နဲ့လွတ်တာ မရှိတဲ့ ... သူ့အရိပ်တွေအောက်က နေရာလေးမှာ နေပျော်ကျေနပ်နေရသော ... မသက်ပိုင်ပင်လျှင် ... (ပြောရမည်ဆိုလျှင် အတော့်ကိုဆိုးသော ... ကလေးဆိုးကြီးသဖွယ် အလုပ်ရှင်အတွက်) အစားထိုးလိုပါသည် ... ဟု ခံယူထားတာ တောင်မှ မသက်မသာ ရှိရလှသည် ...။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ကဆိုလျှင် လုပ်,လုပ်သမျှ ...(အချိန်ကာလနှင့် ကြိုးစားပင်ပန်းရမှု အနည်းအများသာ ကွာချင်ကွာမည် ...။) အောင်မြင်ခဲ့သည်ချည်းမို့ ခု အသက်ကြီးလာကာမှ သားသမီးတွေရဲ့ ဖွတ်ဖီအားကြောင့် (ဒါပေမဲ့ သူ့စိတ်ထင်တိုင်း)ထလုပ်ရသည့် ဤဆိုင်ကလေးက အောင်မြင်မလာဘဲ ခြောက်တီးခြောက်ချက်ကျိုးနဲ့ဖုတ်ဖုတ် ဖြစ်နေတာကိုလည်း သူက ဘဝင်မကျနိုင်ပြန်ပေ။ အဲဒါကပဲ တစ်ပြဿနာ ဖြစ်နေပါသည် ...။ အထူးသဖြင့်ကတော့ ဆိုင်နာမည်ကို "ကျော်ဇင်"ဟု ပေးထားပြီး ... လူခြောက်နေတာကိုက ... အန်တီစပယ်ရဲ့ စိတ်နှလုံးကို ပိုလို့ညှိုးရော်နေစေတာ ဖြစ်တော့သည် ...။

သူ့သားကလေးဟာ ... ကိုယ်တိုင်က နှုတ်နည်း၊ အတွင်းလျှို၊ မျိုးသိပ်ကျိတ်မြိုတတ်သူကလေး ဖြစ်ပေမဲ့ ... လူချစ်လူခင်ကတော့ အင်မတန်များခဲ့တဲ့၊ မျက်နှာပွင့်ခဲ့တဲ့ သူတစ်ယောက်မို့ ..."ကျော်ဇင်"နာမည်နဲ့ဆိုင်က လူမစည်တဲ့အဖြစ်ဟာ အဘွားကြီးအတွက် အပြစ်မကင်းစေသလိုလိုရှိယ်လေ ...။ ထိုအပြစ်မကင်းမှုကို ပူးတွဲခံစားရင်း ...၊ ကိုယ့်ကိုယ်ကိုယ် ပိုလို့စိတ်တိုင်းမကျ၊ အားမရ,ရတာကတော့ ... မသက်ပိုင်ပေါ့လေ ...။ တကယ်ဆို... ကိုယ့်ဆန္ဒနဲ့ကိုယ် ... အတင်းဝင်ခိုလာတဲ့ အရိပ်ကလေး ... တိုးတက်စည်ပင် ဝေဖြာနေအောင် စွမ်းဆောင်နိုင်ရမှာက ... ကိုယ့်တာဝန်ပဲ မဟုတ်လား ...။





သူများအမေရဲ့ အနွံအတာကို ... ကိုယ့်ဆန္ဒနဲ့ကိုယ် လာခံနေရသော မသက်ပိုင်အဖို့ ... အိမ်က ကိုယ့်မိခင်ရင်းနဲ့ကျတော့ ... ပြေလည်လှသည် မဟုတ်ပါချေ ...။ ထိန့်ထိန့်နဲ့ လက်ဆုပ်ပြဿနာ ဖြစ်လိုက်ကြရပြီးကတည်းက ... အမေနဲ့ သမီးကြားမှာ စိတ်ကွက်မှုတွေ ...၊ နားမလည်နိုင်မှုတွေ ဖြစ်ပွားသွားခဲ့ကြရပြီး ... ဘာမှ မကြာသေး ...၊ မေမေ့ဘက်က အစ်ကို ... မသက်ပိုင်တို့ဘကြီး ... မျက်နှာအနာခံကာ ... သွင်းပေး၊ အပ်ပေးထားတဲ့ အလုပ်ထဲက... မသက်ပိုင်က လူကြီးမိဘတွေနဲ့လည်း မပြောဆို မတိုင်ပင် ...၊ အသိပင်မပေးဘဲ ထွက်ပစ်လိုက်ပြီးပြီဖြစ်ကြောင်း ပြန်သိသွားကြတဲ့အခါ ...

"ဒါ ... ဒါဖြင့် ... ညည်း နေ့တိုင်း ... အလုပ်ဆင်းနေတာ ..."

"အသစ်ထပ်လျှောက်ပြီး ရထားတဲ့ အလုပ်တစ်ခုပါ ..."

"ဘာလို့ အလုပ်က အလကားနေ ဆတ်ဆော့ပြီး ထထွက်၊ ထပြောင်းပစ်ရတာလဲ ... ခုအလုပ်က ဘယ်မှာလဲ ... ဘာလဲ ... ဘယ်နေရာမှာ ဘာလုပ်ရတာလဲ"

"(......)မှာပါ ... မိနီမာ့တ်ပါ ... လုပ်ရတာကတော့ ရာထူးရယ် မဟုတ်ပါဘူး ... အံစုံပါပဲ"

မေမေက "ဘာလို့ လူကြီးမိဘတွေကို မပြောပြဘဲ အလုပ်တစ်ခုကနေ ... နောက်တစ်ခုကို ... ကိုယ့်သဘောနဲ့ကိုယ် ပြောင်းချင်တိုင်း ပြောင်းလိုက်ပြီး ... ငြိမ်ငြိမ်ကလေး ဆက်ဟန်ဆောင်နေရတာလဲ"ဟူသည့် မေးခွန်းမျိုးကို မမေးပါ။ မပြော



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက မပြောချင်လို့သာ ဖြစ်ပေရာ ... အတိအကျထပ်မေး နေရင်လည်း နှုတ်ပိတ်ပိတ်ကြီးနှင့် ဖွတ်ငြိမ်နေတော့မည်ဖြစ်သော ကိုယ့်သမီးရဲ့ အချိုးအချိတ်ကို သိပြီးသားမို့ ... လူကြီးမိဘပီပီ သိက္ခာကျမခံလိုတော့တဲ့ သဘောပင် ...။

"မိနိမာ့တ်ဆိုတော့ အရောင်းစာရေးမပုံစံပဲပေါ့ ... အရင် အလုပ်လောက်တော့ မေမေက မကြိုက်ဘူး ...။ လစာပိုလို့ လား ...၊ ခုဝင်လုပ်တဲ့ နေရာကနေ နောက်ထပ်တစ်ဆင့် ပြီးတစ်ဆင့် ထပ်,ထပ်တက်လို့ရအောင်ရော ... အဲဒီမိနီ မာ့တ်က ကြီးကျယ်အောင်မြင်ရဲ့လား ...။ အဓိက,က ... အဲဒီနေရာကနေ ဒီကိုအထိဆို ... ဖယ်ရီက ဘယ်လိုစီစဉ် ပေးတာလဲ ... လမ်းသွယ်ထိပ်အထိ ရောက်ရဲ့လား ... ပြည်လမ်းမကြီးပေါ်တင် တက်စီး ...၊ ချပေးခဲ့တာလား ..."

မလိမ်မညာဘဲ မှန်မှန်ကန်ကန် ကောင်းကောင်းမွန် မွန် ပြန်ဖြေလို့ ရနိုင်သည့် မေးခွန်းမျိုးတစ်ခုမှ မပါသဖြင့် ... ထုံးစံအတိုင်း မသက်ပိုင်က မဖြေပေ ...။ မသက်ပိုင်ရဲ့ မေမေ ခမျာမှာလည်း တစ်သက်လုံး အပြောရ အဆိုရ မကျပ်ခဲ့သည့် သမီးတစ်ယောက်ကို ... ခုတလောလေးကျမှ အင်မတန် လက် ပေါက်ကတ် ခက်ခဲစွာ ရင်ဆိုင်အုပ်ထိန်းနေရသဖြင့် ... အတော် ကလေး လန့်ထိတ် ...၊ စိတ်တိုရှာပေမည် ...။

"တစ်ခုတော့ ဖြေစမ်း ... ဟိုကနေ ဘာလို့ အလုပ်ထွက် တာလဲ ..."

"ဆက်မလုပ်နိုင်တော့လို့ပါ ..."





"ကောင်းပြီ ... ဒါဆို ... ခုလုပ်နေတဲ့ ဆိုင်ကလည်း ထွက် လိုက်ပါ မသက်ပိုင် ... အလုပ်လုပ်ချင်တဲ့ သမီးအတွက် မေမေက အလုပ်ကောင်းကောင်းတစ်ခု ထပ်ရှာပေးမယ် ... ညည်းဘဘကို အကူအညီ ထပ်တောင်းဖို့ မဖြစ်နိုင်တော့ ရင်လည်း ... မေမေ့ဘာသာပဲ ... ဖေဖေ့ အဆက်အသွယ်နဲ့ ပဲဖြစ်ဖြစ် ... ရအောင် ရှာပေးမယ် ..."

မသက်ပိုင်မှာ ... စိတ်လေလေ ... ညစ်ညစ်နဲ့ပဲ ... အန်တီစပယ်နှင့် ပြန်လည်ရင်ဆိုင်ရတော့တာပေါ့လေ ...။ စိတ် ဆွဲ တည်ငြိမ်စွာ အနည်မထိုင်၊ အထာမကျနိုင်သေးဘဲ ..."ဆတ်" နေ "ဆိုး"နေတဲ့ ... လူကြီးတစ်ယောက်ထံ ..."တိုးတက်မှုမရှိ နိုင်လို့ ..."၊ "ဝေးလို့ ..."၊ "ဖယ်ရီမရှိလို့ ..."ဆိုတဲ့ အကြောင်း ပြချက်တွေနဲ့ ... "အိမ်က ခွင့်မပြုတော့လို့ ... အလုပ်ထွက်ခွင့် ပြုပါ ... အန်တီ"လို့ ... ဝမ်းနည်းနာကျင်စွာ ခွင့်တောင်းရတာ လောက် ... ဆိုးတာမရှိတော့ပြီ ...။ မသက်ပိုင်ရဲ့ စကားကြောင့် အန်တီစပယ့်ခမျာ ... (မယုံကြည်နိုင်စရာ ကောင်းလောက်အောင်) တုန်တုန်ယင်ယင်ပင် ဖြစ်သွားရကာ ...

"သက်ပိုင် အလုပ်မထွက်ပါနဲ့ ... အန်တီက သက်ပိုင်ကို အန်တီ့အတွက် ... လိုအပ်တဲ့သူ တစ်ယောက်အဖြစ် ... သတ်မှတ်ယုံကြည်နိုင်လိုက်ပြီးပြီ ... အန်တီတို့ ဒီ"ကျော့ဖင်" ကို အောင်မြင်လာအောင် မလုပ်နိုင်ခဲ့ကြဘူး ... ဟုတ် တယ် ...။ ဒါပေမဲ့ ဒီလိုအဖြစ်နဲ့ပဲ သားငယ်လေးရဲ့နာမည်



www.burmeseclassic.com

www.burmeseclassic.com



ကို အမြုပ်ခံလိုက်ကြရမှာလား ...။ သက်ပိုင် ... အန်တီ့ကို လက်တွဲကူညီပါ့မယ်လို့ ပြောစမ်းပါ ...။ သက်ပိုင်မှာ ဒီ စတိုးဆိုင်တစ်ခုက အရောင်းစာရေးမလေး ဆိုတာမျိုးထက် သာတဲ့ အရည်အချင်းတွေ ရှိတာ အန်တီ သိပါတယ် ...

ခု သားသား မရှိတော့တာ ကြာလာတော့ ... သူ့ အစ်ကိုတွေ အစ်မတွေကလည်း နဂိုတည်းက သိပ်စိတ်မဝင်စားကြတဲ့ ... The bright lights ကို တွဲကိုင်ပေးနေရတာကို စိတ်မပါချင်ကြတော့ဘူး ... အဲဒီလိုနဲ့ပဲ ကြာကြာပစ်ထားလိုက်ရင် ... အဲဒီလုပ်ငန်းက ရပ်သွားတော့မှာပဲ ...။ အန်တီ အခု အဲဒါကို ပြန်ကိုင်မယ် ...။ သက်ပိုင်လည်း အန်တီနဲ့ပဲ လက်တွဲပါ ...

ဦးနှောက်ရှိတဲ့သူပဲ သက်ပိုင် ... မတတ်သေးတဲ့ အလုပ်ဆိုတာ ခဏတွဲသင်လိုက်ရင် လုပ်နိုင်လာမှာပါ ...။ ဒီပြင် အလုပ်အကိုင်တော်တဲ့ သူမျိုးတွေ ဘယ်နှယောက်ပဲ ထပ်ခန့်ခန့် ... သက်ပိုင်လောက် ... အန်တီ့အတွက် လိုအပ်ချက်ဖြည့်နိုင်တဲ့ ... စေတနာမှန်တဲ့ ကလေးမျိုးတော့ အန်တီ ထပ်မရနိုင်တော့ဘူး သေချာတယ် ...

အန်တီတို့နှစ်ယောက် အတူ ... ဒုတိယတစ်ကြိမ် ကြိုးစားကြည့်ကြမယ် ...“ကျော်ဇင်”ဆိုတဲ့ နာမည်ကို မှေးမှိန်စေခဲ့တဲ့ ... အဖြစ်တွေ ... အန်တီ့မှာ ပြန်အဖတ်ဆည် ပေးဖို့ တာဝန်တွေရှိနေသလို ခံစားရတယ်...





The bright lights ကတော့ သားငယ်ရဲ့အရည်အချင်းနဲ့ အောင်မြင်ပြီးသားပါ ... အဲဒါကိုပဲ ‘ကျော်ဇင်’ဆိုတဲ့ နာမည်နဲ့ ပြန်တွဲ ပြီး ... နဂိုအခြေအနေ ပြန်ရောက်အောင် ...။ နဂိုအနေအထားမှာ ခိုင်မာတည်မြဲနေအောင် ...။ ဖြစ်နိုင်ရင် ... ဒီ့ထက်ပို အောင်မြင်လာအောင် ... အန်တီတို့ ကြိုးစားကြည့် ကြရအောင် ...”

သက်ပိုင်ရဲ့ လက်နှစ်ဖက်ကို“သူ့”မေမေ အန်တီ ပယ်က အပေါ်ကနေ ထပ်မိုးအုပ်ကိုင် ဆုပ်ညှစ်ပြီး ... အား ာက်သရောကြီး ပြောကြားလာတဲ့အခါ ...(တရားကျစရာကောင်းတဲ့ ... သမီးအလိမ္မာ) မသက်ပိုင်ဟာ ... “သူ့”မေမေရဲ့စကား ဆုံးတာနဲ့ ခေါင်းက တန်းညိတ်၊ အဖြေပေး ... လိုက်မိပြီးသား ဖြစ်နေပါရော ...။

The Bright Lights ရဲ့ ဟောလ်ခန်းကြီးထောင့်က ငယ်ကလေးမှာ ... ထိုင်နေခွင့် ရတော့မယ် ...။ အဲဒီခုံငယ်က လေးကိုတော့ ... သက်ပိုင်က အမြဲပိုင်ခွင့် မရခဲ့ရင်တောင် ဆိုင် ထိုင်ခွင့်တွေ ... ရတော့မယ် ...။

အန်တီစပယ်ကလည်း မသက်ပိုင်ရဲ့အိမ်က လူကြီးတွေဆီမှာပါ လိုက်ခွင့်တောင်းပေးမည်ဟု ပြောပါသည်။ ထို အခါတွင် ... အန်တီစပယ်ရဲ့ နှုတ်မှ ထွက်ကျလာနိုင်သော ... “သက်ပိုင်ရဲ့ ကောင်းကွက်များ ...၊ လက်မလွှတ်နိုင်မှုများ” ဖြစ် ...“သူ့”လုပ်ရပ် ... အစားထိုး ... များအကြောင်း ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတဲ့ အခါကျရင်တော့ ... မွေးမိခင်ကို မျက်နှာပူ အားနာ
စွာ ... မသက်ပိုင်က ဦးခေါင်းငုံ့လျှိုး ... မျက်လွှာချထား ...
ဦးမည် ...။

✣ ✧ ✣





## အခန်း(၃)

ကားပေါ်က ဆင်းလိုက်ပြီးမှ **"မော်ခန့်"**က အဲဒီ ကောင်မလေးကို သတိထားလိုက်မိသည် ...။ ကျောပိုးအိတ်တစ်လုံး ကိုလွယ်ပြီး ခေါင်းကလေး မငုံ့တငုံ့နဲ့ စိုက်စိုက် ... စိုက်စိုက်နဲ့ လျှောက်လာနေသော ကလေးမဟာ ... မော်ခန့် ကားရပ်ထားရာ နေရာနားလောက်ဆီက အဆောက်အအုံကြီးကို တစ်ချက်မျှော် ကြည့်လိုက်ပြီးမှ သူ့ကျောပိုးလွယ်အိတ်ထဲက လယ်ဂျာစာအုပ် လို ... စာအုပ်အရှည်ကြီး တစ်အုပ်ကို ဆွဲထုတ်ပြီး ခေါင်းပေါ်တင် မိုးလိုက်သည် ...။

ဟာ ... ဘာလဲ ... ! ...။ မိုးပေါက်လည်းမကျ နေ လည်းမပူတော့တဲ့ဟာကို ...။ ကောင်မလေးက ဘယ့်နှယ်ကြောင့် အကောင်းသားကြီး လျှောက်လာနေရာက ခေါင်းပေါ်သို့ ခေါင်း ဆောင်းတစ်ခု ဆောင်းတင်လိုက်ရတာတဲ့တုံး ...။ ထူးခြားနေ သော လုပ်ရပ်လေးကို သတိပြုလိုက်မိတဲ့ မော်ခန့်က ... ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စရှိတာကို ... ကိုယ်ဆက်မလုပ်မိသေးဘဲ ကားကိုမှီရပ်ကာ ... ကောင်မလေးကို မကြည့်သလိုလိုနဲ့ လှမ်းဆက်ကြည့်နေမိသည် ...။

ကောင်မလေးဟာ ... ခေါင်းပေါ်ကို စာအုပ်ရှည်ကြီး တင်မိုးထားတာကိုပင် အားရပုံမရ ...။ လူက ကုပ်ပုပုနဲ့ ခပ်ကုန်းကုန်း လိုလိုပါ လုပ်လိုက်ပြီးမှ ... စာအုပ်အမိုးအောက်ကနေပဲ ... ခုနက သူ လှမ်းမျှော်ကြည့်လိုက်တဲ့ အဆောက်အအုံကိုပဲ ပြန်ချောင်းကာ တစ်ချက်မော်ကြည့်လိုက်ပြန်သည်။ သဘောကတော့ ... စိတ်မချရတဲ့ အဆောက်အအုံမို့ ... သူ သွားနေတုန်း ခေါင်းပေါ် တစ်ခုခု ပြုတ်ကျလာမှာစိုးလို့ ... ခေါင်းဆောင်းမိုးထား (ကုပ်ကိုပင် ယောင်ယမ်းကာ ပုထား)ရပြီးမှ ... သံသယနဲ့ စိတ်မချနိုင်စွာ ... ထပ်,ထပ်ချောင်းကြည့်နေပြန်တဲ့ သဘောမျိုး ပေါက်နေသည် ...။

ဟော ...။ မော်ခန့် ရပ်နေသည့် အဆောက်အအုံကြီးရှေ့ဆီ သူ ရောက်မလာခင် ... နှစ်တိုက် ... သုံးတိုက် ... လေးတိုက်လောက် အလိုမှာ ရပ်လိုက်ပြီး ...။ ကုပ်ပုပြီး တစ်ချက် လှမ်းချောင်းပြန်ပြီ ...။ ပြီးလျှင်တော့ ကောင်မလေးဟာ ခေါင်းပေါ်က စာအုပ်ကို မျက်နှာသို့ပိတ်ကာ ပစ်လိုက်ကာ ... ဟိုဘက်တစ်ဖက်ကမ်း ပလက်ဖောင်းဘက်သို့ ခပ်သုတ်သုတ်မြန်မြန်လေး လမ်းကူးသွားပါတော့သည် ...။ ဟိုဘက်ရောက်တော့လည်း ဒီဘက်ကမ်းကနေ လှမ်းမြင်နိုင်သာနေသည့် သူ့မျက်နှာဘက်ကို စာအုပ်ရှည်ကြီးနဲ့ ... ပိတ်၊ ကွယ်၊ ကာ ...။





ဩော် ... ဟော် ဟော် ...။ တစ်ခုခု ပြုတ်ကျလာမှာစိုးစိတ်နဲ့ မိုးကာ ... ထားတာ ဟုတ်ပုံမရဘူးဟ ...။ သူ မမြင်စေချင်တဲ့ တစ်ယောက်ယောက် လှမ်းမြင်သွားမှာစိုးလို့ ... ကွယ်ကာထားပုံပဲ ...။ ဟိုဘက်ကမ်းမှာလည်း ပြေးမတတ် သုတ်သုတ်ကြီး သွားနေပြီးမှ ... မော်ခန့် ရပ်နေရာ နေရာလောက်နဲ့ တိုက်သုံးလေးလုံးစာလောက် လှမ်းဝေး ကျော်သွားပြီးမှ ... လမ်းကို တစ်ခါပြန်ဖြတ်ကူးလာပြန်သည် ...။

ဟား ဟား ဟား ...။ သူ့ရဲ့ ရည်ရွယ်ရာ တကယ့်လမ်းက ... ခု မော်ခန့် ရပ်နေတဲ့ဘက် ... ဒီဘက်ကမ်းပဲ ...။ မမြင်စေချင်လို့သာ ... လမ်းကူး ... သုတ်သုတ်ကျော်ဖြတ်ပြီး ... လွတ်လောက်ပြီထင်မှ လမ်းပြန်ကူးလာတာ ...။ သူ့ရဲ့ လုပ်ရပ်တွေဟာ ... သူ့လိုပဲ ... ကိုယ့်အလုပ်နဲ့ကိုယ် သွားသွားလာလာ လူတွေအတွက်တော့ ... ဘယ်နှယ်မှ ရှိလိုက်၊ သိလိုက်ကြမှာ မဟုတ်ပေမဲ့ ... မော်ခန့်လို ... စိတ်ဝင်စားသွားမိပြီး အဆက်မပြတ် စောင့်ကြည့်နေသူမျိုးနဲ့ကျတော့ ... တော်တော် ရယ်စရာကောင်းနေတာ ... မိန်းကလေးမှာ သိနိုင်ပုံမရ ...။

သူ့ကိုယ်သူတော့ အတော်ကြီး လုံခြုံစွာ ... သူ မမြင်စေချင်သူက မမြင်လိုက်ဘဲ ... ကျော်ဖြတ်အောင်မြင်သွားနိုင်ပြီပေါ့လေ ...။ အဲဒီလူက ... သူ ရှောင်ကွင်းသွားတဲ့ ဒီနားက တိုက်တစ်တိုက်တိုက်ပေါ်ကနေ ... လုပ်ရပ်အားလုံး အစအဆုံး စောင့်ကြည့်နေနိုင်လိုက်ပြီးသား ... ဆိုရင်တော့ အဖြစ်အပျက်က ... ဒီ့ထက်တောင်မှ ... ပိုရယ်ရဦးမည် ...။



www.burmeseclassic.com

www.burmeseclassic.com



ဟာ ... ကြည့်စမ်း ...။ ဒီဘက်ကမ်း ပြန်ရောက်လာပြီးတော့လည်း ... စိတ်ချရလေပြီရယ်လို့ ... ကျောခိုင်း၊ တစ်လှမ်း နှစ်လှမ်းလောက် လျှောက်လိုက်ပြီးမှ ... မဟုတ်နိုင်သေးဘဲ ... ခြေစုံရပ်၊ ဒီဘက်ပြန်လှည့်လာပြီး ... ဒီဘက်နားကတိုက်တွေဘက် လှမ်းမျှော်မော့ကြည့်နေပြန်ပြီ ... ကြည့်စမ်း ...။ မပြီးနိုင်သေးဘူး။

မော်ခန့်က ရယ်ချင်စိတ်နှင့် ခေါင်းယမ်းလိုက်မိကာ ကားမှန်တံခါးတွေကို လိုက်ပိတ်လိုက်သည် ...။ ကလေးမပုံစံက ငြိမ်ငြိမ်ကြီး၊ တောင့်တောင့်ကြီးနဲ့ သဲကြီးမဲကြီးကို ပေရပ်၊ လှမ်းမော့ကြည့်နေတာ။ တော်ရုံနဲ့ ပြီးမဲ့ပုံမရ ...။ တစ်ခဏမြင်ကွင်းတစ်ခုကို ဖျတ်ခနဲ ကြည့်မိလိုက်ရာက နေ ... ဆက်တိုက်ဆက်စပ်ရနေမိတဲ့ ... ကိုယ်သာ အချိန်တွေ နှောင်းသွားမည် ...။ သူမကလေးက "ဆက်ရန်"တွေ ကျန်နေသေးတဲ့ပုံ ...။

ဆံပင်ဘုတ်စိ တိုတိုကလေးတွေကို မမိုတမိနှင့် အတင်းကြီး ပင့်တင်ဆွဲစည်းထားပြီး ... အဖြူနဲ့ အနက်စင်း စပို့ရှပ်လက်တို ခါးတိုအကျပ်ကလေးနဲ့ ...၊ သရီးကွာတာ ဂျင်းအနက်ကလေးနဲ့ ...။ ဝေါကင်းရှူးစ်အဖြူမှာမှ ... ဖိနပ်ကြိုးက အနက်နဲ့ ...၊ ကျောပိုးအိတ်ကလည်း အနက် ...။ ကလေးမလေးရဲ့ပုံစံဟာ ... ကျူရှင်သွားတက်မဲ့ ... ကိုးတန်း ဆယ်တန်းအရွယ်လေးတွေနဲ့သာ တူနေပေမဲ့ ... ဒီလောက်တော့လည်း ... ငယ်တော့မှာ မဟုတ်ပါဘူး ... ဟု မော်ခန့်က စိတ်ထဲက အလိုလိုနေရင်း ထင်နေသည်။





ကဲ ... ကဲ ... ဖြတ် ... ဖြတ် ...။ မေမေက မော်ခန့်ကို လှမ်းခေါ်ထားတာက ... လွန်ခဲ့တဲ့ နာရီဝက်ကျော်ကျော်လောက်ကတည်းက ...။ ကိုယ်က သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောနေမိတာမို့ ဖြတ်ထွက်မလာနိုင်သေးဘဲ ခဏကြာသွားမိရာက ... မေမေ့ဆိုင် အောက်ထပ်သို့ထိ ရောက်လာပြီး ဒီနေရာတင် ရပ်ကြာနေမိပြန်တာကပဲ ... ငါးမိနစ်ကျော်ကျော်လောက်ဖြစ်သွားပြန်ပြီ ...။

ခုလောက်ရှိ ... ချစ်မေမေရဲ့ ပါးပြင်ကြီးနှစ်ဖက်ဟာ ခပ်ဖောင်းဖောင်းကြီးတွေ ဖြစ်နေလောက်တဲ့အပြင် ... ပန်းရောင်ပါးသမ်းနေနိုင်လောက်ပြီ။ မားသားကြီးက အနည်းငယ် စိတ်တိုလာလျှင် ... ဤသို့ရှိတတ်သည်။

"တီတီ ... တီတီတီ ..."

ဟဲဟဲ ... တွေ့လား ...၊ ဖုန်းလိုက်လာပြီ ...။ မေမေ့ဖုန်းနံပါတ်ကြီး။

မော်ခန့်က ကိုယ့်လက်ကိုင်ဖုန်းက received ခလုတ်လေးကို နှိပ်လိုက်ကာ "အောက်မှာ ရောက်နေပါပြီ မေမေ ..." ဟု တစ်ဖက်က ဘာမှမပြောရသေးခင် ... မြန်မြန် အော်ထည့်ပေးလိုက်၏။

"ရောက်မနေနဲ့ ... မင်း ရောက်မလာနိုင်လို့ ... မေမေက ဦးချစ်စိုးနဲ့ပဲ ထွက်သွားလိုက်တာ ... Ticketing Agent နဲ့ တွေ့တောင် တွေ့ပြီးနေပြီ ...။ ဒါပေမဲ့ ... အဲဒီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေနော် ... ပြန်မသွားနဲ့ဦး ... နောက်ထပ် မိနစ် နှစ်ဆယ်လောက်အတွင်း မေမေက ပြန်ရောက်လာမှာ ... ဦးချစ်စိုးကို ဆက်စောင့်ခိုင်းထားလို့ မရဘူး ...

သူက ဒီနေ့ စောပြန်ဖို့ ခွင့်တောင်းထားတယ် ... သူ့ကလေး ဆေးခန်းပြချင်လို့ဆိုလို့ ... ကားပါ ယူသွားခိုင်းလိုက်မှာ ... မေမေ အိမ်ပြန်ဖို့က ... မော်ခန့်နဲ့ ပြန်မှဖြစ်မှာ ...”

“အင်း ... မေမေ ဒီပြန်ရောက်လာအောင် စောင့်ရမှာကိုက နောက်ထပ် မိနစ်နှစ်ဆယ် ...။ ပြီးရင်လည်း တစ်ခါတည်း တန်းမပြန်လောက်သေးဘူး ... ပြခန်းပိတ်တဲ့အထိ နောက်ထပ် ... နောက်ထပ် ... မိနစ်တွေ ... မိနစ်တွေ ... စောင့် ...၊ စောင့် ...၊ စောင့် ...”

“ဒါဆိုလည်း ခုပဲ ပြန်သွားတော့ ...။ မေမေ Staff တွေကို ပြန်ပို့တဲ့ ဖယ်ရီနဲ့ပဲ လိုက်လာခဲ့တော့မယ် ...”

“ဟားဟားဟား ... မားသားကလည်း ... သွေးတွေဘာတွေ တိုးပါဦးမယ် ... Tone နဲ့ နှန်းကို လျှော့ပါဦး ... ဟဲဟဲ”

မေမေက ဖုန်းပိတ်သွားသဖြင့် မော်ခန့်လည်း ... “ဗျူး”ခနဲ လေတွေ တစ်ချက်မှုတ်ထုတ်ကာ ... အဓိပ္ပာယ်တော့ သိပ်မရှိ ...“အိုကေ”ဟု တစ်ချက်ပြောပြီး ... ခုနက ကောင်မလေးဆီ (ဘာရယ်မဟုတ်) တစ်ချက်လှမ်းကြည့်လိုက်သည် ...။ ဟာ ... ရှိသေးတယ်ဟ ...။ ဒီတစ်ခါတော့ သူ့စာအုပ်ရှည်ကို





ထောင်ကိုင်ကာ လက်နှစ်ဖက်နှင့်အတူ ရင်ဘတ်နေရာလောက်မှာ ကပ်ပိုက်ထားသည်။ ခေါင်းက ငုံ့ထားပြီး စာအုပ်က ခပ်မြှောက်မြှောက်၊ ခပ်ရှည်ရှည်ဖြစ်ရာ စာအုပ်ရဲ့ အပေါ်အနားက ကောင်မလေးရဲ့ နှာခေါင်းတစ်ဝက်လောက်စီထိ ဖုံးအုပ်နေသည်။

သူ့ပုံစံ ကြည့်ရတာတော့ စာအုပ်အပေါ်က ပေါ်နေတဲ့ နှာခေါင်းတစ်ဝက်နဲ့ မျက်လုံးလေးနှစ်လုံးတို့က ခပ်ရူးရူးနဲ့ စာအုပ်ကို အကာအကွယ်ယူပြီး ချောင်းနေပြန်တဲ့ပုံစံ ...။ ဒီတစ်ခါတော့ လမ်းလယ်ကြီးမှာ ရပ်နေတာကလည်း ကြာပြီဆိုတော့ကာ သူ့ကို ခုနကလို ... မော်ခန့် တစ်ယောက်လောက်ကွက်ပြီးသတိထားမိနေတာမျိုး မဟုတ်တော့ ... ဖြတ်သွား ဖြတ်လာတွေကလည်း လှည့်ကြည့်သွားကြကာ ... ရပ်ထားတဲ့ကားတွေ၊ တိုက်တွေပေါ်က လူတချို့တွေကလည်း လှမ်းကြည့်နေကြပြီ ...။

သူမကလေးကတော့ ဂရုမစိုက် ...။ သတိပြုမိပုံပင်မရ ...။ ကျောက်ရုပ် ...။ ဒါပေမဲ့ ... အဲဒီကျောက်ရုပ်မကလေးကို ကြည့်နေရင်း ...၊ ကြည့်နေရင်းနဲ့ ... မော်ခန့် စိတ်ထဲ တစ်မျိုးလေး ဖြစ်သွားရလေသည်။ ဘာလို့ဆို ... နှာခေါင်းတစ်ဝက်နဲ့ အတူပေါ်နေတဲ့ မျက်လုံးလေး နှစ်လုံးတို့ဟာ ... ဒီနားကတိုက်တစ်တိုက်ရဲ့ အပေါ်ထပ် တစ်ထပ်ထပ်ဆီကို စိုက်စိုက်ကြီးချောင်းကြည့်,ကြည့်နေရင်းကပင် ... အရည်ကြည်တွေ ရစ်သိုင်းဝိုင်းလည်လာတော့ကာ ... မျက်ခုံးမည်းမည်းလေး နှစ်ခုတို့ကလည်း သိသိသာသာကြီး ထောင့်ချိုး ...။ ကုပ်ကျလာကြတော့လို့ပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ငိုချလိုက်တော့မလို့လား ...။

ကောင်မလေးက မျက်ရည်ကြည်တွေ ပါးပြင်ပေါ် စီးကျမလာခင် ... သူ့မျက်တောင်တွေကို ပုတ်ခတ်၊ ပုတ်ခတ်နှင့် မြန်မြန်ကာကွယ် သိမ်းယူလိုက်နိုင်ပါသည်။ ပြီးလျှင်တော့ စတွေ့တွေ့ချင်းတုန်းက ပုံစံအတိုင်း ခေါင်းလေး မငုံ့တငုံ့နဲ့ ...၊ စိုက်စိုက်စိုက်စိုက်နဲ့ ...။ စာအုပ်ရှည်ကိုတော့ ရင်ဘတ်ဆီမှာပဲ ပွေ့ပိုက်ကာ နောက်ပြန်လှည့်ပြီး ထွက်ခွာသွားပါတော့သည်။

"တီတီ ... တီတီတီ ..."

ရုတ်တရက် တယ်လီဖုန်းက ထမြည်လာပြန်သဖြင့် စိုက်စိုက် ... စိုက်စိုက်ကလေး နောက်သို့ (အကြောင်းမဲ့)လိုက်ငေးပါသွားမိပြန်တဲ့ မော်ခန့် ... အလန့်တကြားတောင် ဖြစ်သွားရပါသည်။ နားထောင်လိုက်သော် ... စာစာကလေးကတင် ... စကားပြောဆိုပြီး လမ်းခွဲထလစ်လာခဲ့တဲ့ ... ဖိုးဝင်းမြင့် ...။

"မော်ခန့် ... မောင်ရင့်ကို ကိုယ်တွေ့နေရတယ် ... ဟဲဟဲ ဟဲဟဲ ..."

"တွေ့နေရရင်လည်း အနားထိရောက်အောင် လာခဲ့လေကွာ ... ဘာရယ်နေစရာ ရှိတာလဲ ..."

"မေမေနဲ့ ချိန်းထားတယ်ဆိုပြီး ... မြန်မြန်ပြန်လစ်သွားတာလေ ... ဟဲဟဲဟဲ ..."

"အေးလေ ... ခုလည်း ငါ့အမေရဲ့ အလုပ်ခန်းရှိတဲ့တိုက်ရဲ့ အောက်ထပ်က ပလက်ဖောင်းပေါ်မှာပဲ ..."





"ဒါပေမဲ့ ... မေမေ့ဆီ အထိတော့ ... တက်မသွားနိုင်သေးဘဲ ... နေရာတင် ... 'စိုက်'ငြိနေတယ်လေ ... ဟဲဟဲဟဲ ... ခုကျတော့ မားသားက အရေးမကြီးတော့ပြန်ဘူး ထင်တယ် ... ဟဲ ဟဲ ..."

"တဟဲဟဲနဲ့ စိတ်ကုန်စရာကွာ ... လှမ်းတွေ့နေရရင်လည်း အနားထိသာ ရောက်အောင်လာခဲ့တော့ ...။ မားသားက အမြန်လာလို့ ခေါ်ပြီးမှ ... ခုကျ ဒီနေရာတင် နောက်ထပ် နှစ်နာရီလောက် ထပ်စောင့်နေရဦးတော့မဲ့ သဘောတဲ့ ...။ မင်းနဲ့ငါ ... ဒီနားမှာ ဆိုင်ကောင်းကောင်းရှာပြီး ပြန်ထိုင်နေလို့ ရသေးတယ် ..."

"ဆိုင်ကတော့ ရှိပါတယ် ... ဟဲဟဲ ... အခက,ကတော့ ဗျူး(view)ကောင်းတာပေါ့ ... မောင်ရင့်ကားကို အဲဒီမှာပဲ ထားခဲ့ ... လမ်းလျှောက်ပြီးသာ လာခဲ့ ... တော်ကြာ မောင်ရင့်မားသားက ကားမတွေ့ရင် ... ဘယ်ပျောက်သွား ပြန်ပြီလဲလို့ ထင်နေဦးမယ် ..."

"လမ်းလျှောက်ပြီးသာ လာခဲ့ ... ဆိုတော့ ဘယ်ကိုလဲ"

"လိုက်သာ လိုက်ခဲ့လိုက်ကွာ ..."

"ကျွတ် ... ရစ်နေပြန်ပြီ ... ဘယ်သူ့နောက် လိုက်ရမှာလဲ ... မင်းအစ်မ နောက်ကိုလား ..."

"ဟား ဟား ... ငါ့ညီမနောက်ပဲ လိုက်ခဲ့ပေါ့ ... အနက်စင်းလေးနဲ့ ဖြူနက်ကျားကလေး ... ဟဲ ဟဲ ဟဲ ... ကိုယ်ရှိတယ် ... လာသာလာခဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကျသွားသဖြင့် ကိုယ့်ဖုန်းကိုလည်း ပိတ်လိုက်ရကာ ... ခေါင်းခါပြီး တစ်ချက် ပြုံးမိပြန်သည် ...။ အဲဒီ ဖိုးဝင်းမြင့်ဟာ ...။ ဟိုကလေးမလေး ... လျှောက်လှမ်းသွားသည့် အဲဒီဘက်က တစ်နေရာရာကနေ လှမ်းမြင်နေရတာတော့ သေချာတဲ့ပုံပါပဲ ...။ မော်ခန့်က ခပ်ပြုံးပြုံးနှင့်ပင် ... တကယ်ပဲ ... ဟိုကလေးမလေးရဲ့ နောက်သို့ လိုက်ပါရပါတော့သည် ...။

သွားနေရင်းနဲ့ ညာဘက်ခြမ်းက တိုက်တစ်တိုက်ရဲ့ မြေညီထပ် လက်ဖက်ရည်ဆိုင်ကြီး တစ်ခုအတွင်းမှာ ... အပြင်ဘက် အကျဆုံး ထိပ်စားပွဲမှာ ထွက်ထိုင်နေတဲ့ ဖိုးဝင်းမြင့်ကို ... မလှမ်းမကမ်းလောက်ကတည်းက လှမ်းအမြင်သားပါပဲ ...။ သို့သော် ... သူပြောတဲ့အတိုင်း ဟိုကလေးမ နောက်ကနေ ကောက်ကောက်ပါအောင် လိုက်ပါလာခဲ့ရသလိုလို ဖြစ်နေတာကိုပဲ ... ကိုယ့်ကို စတော့မှာ သေချာသည်မို့ ... တမင်ပင် မမြင်ချင်ယောင်ဆောင်ကာ ဖြတ်ကျော်သွားဖို့ ပြင်လိုက်ဆဲ ...

“တီတီ ... တီတီတီ ...”

ဘယ်လိုကောင်လဲ မသိ ... ပါးစပ်နဲ့တော့ လှမ်းမခေါ်ဘဲ ... ဖုန်းကို လှမ်းနှိပ်သည်။ မော်ခန့်က လန့်ချင်ယောင် ဆောင်ပြလိုက်ပြီးမှ ... လက်ဖက်ရည်ဆိုင်ဘက်သို့ ချိုးကွေ့ဝင်ခဲ့လေသည် ...။

“ဟောဟိုမှာ ... မျက်စောင်းထိုးလောက်က ... တာဝါကြီးတွေ့တယ် မဟုတ်လား ... အဲဒီ တာဝါကြီးနဲ့တည့်တည့် ဒီဘက်က လမ်းကြားထဲမှာ တိုက်အနိမ့်ကြီး ... အဲဒီမှာ ...





Japanese သင်တန်းတစ်ခု ရှိတယ် ... အဲဒီမှာ တက်နေတာ ...”

ဟိုကလေးမလေးအကြောင်း ဆီးပြောလိုက်မှန်းသိသမဲ့ ... မော်ခန့်က မသိချင်ယောင်ဘဲ ဆက်ဆောင်နေလိုက်သည်။ ဒီနားတစ်ဝိုက်မှာ နေတာမဟုတ်ပေမဲ့ ... အဲဒီလို ဟိုစပ်စပ် ... ဒီစပ်စပ် ... ဝင်းမြင့်ဟာ ... သာမန်ဖြတ်သန်းသွားလာ ... လမ်းသွားလမ်းလာ ကလေးမလေး တစ်ယောက်အကြောင်းကို ...(သူနဲ့ အတွင်းသိ အစင်းသိထဲက မဟုတ်ပေမဲ့လည်း) အဲဒီလို တစ်ချက် နှစ်ချက်လောက်ဖြစ်ဖြစ် ... လိုက်သိနေနိုင်တာ ...၊ အဆန်းတကြယ် သိပ်မဟုတ်လှပေ ...။

သူ့မှာ အဲဒီလိုပဲ ...(သူ့အတွက်လည်း လိုအပ်တာလည်း မဟုတ်ဘဲ) လိုက်,လိုက်သိနေသည့် ... သူများတကာရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်လေးတွေက ... လူတော်တော်နားများနဲ့၊ အဲဒီလိုပဲဖြစ်သည် ...။ ဒါကြောင့်လည်း အပေါင်းအသင်းတွေက ...“ဒီကောင် ... စုံထောက်များ လုပ်စားနေလား မသိပါဘူး” ရယ်လို့ ထောပနာပြုထားကြတာ ...။

ဒါပေမဲ့ တစ်ခါတလေလည်း ... အဲဒီလို အတည်ပေါက်ကြီး (သူသိသလိုလိုနဲ့) အပိုင်ပြော,ပြောသွားသည့် အချက်အလက်တို့က ... တမင်တကာ အနိုင်နဲ့ပိုင်းပြီး ... စဖြီးစရှီး လုပ်,လုပ်သွားတာမျိုးလည်း ဖြစ်နေတတ်ပြန်ပါသေးသည် ...။ အဲဒီလိုကျ ... တကယ် သိချင်ဇောနှင့်မို့ ခံလိုက်ရသည့်သူက ... ခါတွေ့ပွနေတော့လျှင် ... ဒီကောင်က “တစ္စီးချီး ...”။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို တမင် နောက်ချင်လို့ ... စိုးနေတယ် မထင်နဲ့ ... ဒီတစ်ခုကတော့ တကယ်သေချာတာ ... ငါဘာလို့ သိနေသလဲ သိလား ... အဲဒီကောင်မလေးက ခု ... သူ့ဝတ်ထားတဲ့ အဲဒီဝတ်စုံကို သူက အင်မတန်မှကို ကြိုက်ပုံရတယ်။ ငါက ဒီနားကို တစ်ခါ တစ်ခါမှ ရောက်တာကွာ ...၊ ရောက်တိုင်းလိုလို ... သူနဲ့ကြုံရင် အဲဒီဝတ်စုံနဲ့ချည်းပဲ ..." အလုပ်ခွင် ... ဒါမှမဟုတ် ... ကျောင်း၊ သင်တန်းတစ်ခုခုက ... ယူနီဖောင်းလား ...၊ ဒီတစ်စုံပဲ ရှိသလားတောင် မှတ်ရတာ ... အဟုတ် ...

ပိုသတိထားမိသွားတာကတော့ ... ငါက သူ့ကို ပထမ စ,တွေ့တွေ့ချင်းတုန်းက 'အရုပ်'မှတ်လို့ဟာ ... ဟား ဟား ဟား ..."

တွေ့ရာလူနှင့် ဖမ်းအနောက်ခံနေရတာမျိုးကို ... သိပ်မလိုလားသည်မို့ ... ခပ်မဆိတ်သာ ငြိမ်နေဖြစ်သော ... မော်ခန့်တစ်ယောက် ဝင်းမြင့်ရဲ့ နောက်ဆုံးစကားကြောင့် ... "ဘာလဲဟ ... သူ လမ်းပေါ်မှာ သွားလာနေတာကို ... ကိုယ်လည်း သွားရင်း လာရင်း ... မြင်နေရတာမျိုးပဲ ... ဟာကို ... လူပဲ ... အရုပ်မှတ်စရာလား ..."ဟူသည့် မေးခွန်းပါသော မျက်မှောင်ကုတ်ကြီးနှင့် လှမ်းကြည့်လိုက်မိပါသည် ...။ ဝင်းမြင့်က မော်ခန့်ရဲ့အကြည့်ကြောင့် ချက်ချင်း မျက်နှာပိုးသတ်လိုက်ကာ ...





"ငါ သူ့ကို ပထမဦးဆုံးအကြိမ် စ,မြင်တုန်းက ... မင်းတို့ 'The bright lights crystal'ပြခန်းထဲမှာကွ ... သူက ပြခန်းထဲမှာ ... ငါက လမ်းပေါ်က ... အောက်ကပလက်ဖောင်းပေါ်မှာပေါ့ ..."

မော်ခန့်မှာ တစ်မျိုးကလေး ဖြစ်သွားကာ မျက်ခုံးဆုံးနှစ်ဖက် မြင့်တက်သွားသည်။

"မင်းတို့ပြခန်းက မျက်နှာတစ်ခုလုံးအပြည့် မှန်ချပ်ချည်းဆိုပေမဲ့ သုံးထပ်လေ ... ငါက အောက်ကမော့ကြည့်ရတာ ...။ ပြီးတော့ ... အဲဒီနေ့က မှန်ချပ်တွေနဲ့ကပ်ရက် ... မျက်နှာစာမှာ ရှိုးပြထားတာကလည်း ... လူ့တစ်ရပ်လောက် မီးဆိုင်းကြီးက သုံးခု ...

သူက အဲဒီသုံးခုကြားထဲလောက်မှာ ဝင်ရပ်နေတာ ...။ သူ့အရုပ်နဲ့အညီလောက် မီးဆိုင်းကို ခေါင်းငုံ့၊ ကိုယ်ယိမ်းပြီး နည်းနည်းလေး မော့ကြည့်နေပုံက ... လှုပ်ကိုမလှုပ်တော့ဘဲ ... အကြာကြီး ... ဆိုတော့ ... ငါလည်း ကားပေါ်က ဆင်းဆင်းချင်း ... မတော်တဆ လှမ်းမြင်လိုက်မိတုန်း ... လူလား အရုပ်လားလို့ ... ဖြုန်းခနဲ ထင်လိုက်မိတာပေါ့ ...။ အဲဒီလို ... ခေါင်းထဲရောက်သွားတာနဲ့ပဲ ... မှန်းပြောရင်း ဆက်တိုက် ဆက်ရပ်ကြည့်နေမိတာ ... မောင်ရင် ...

အံ့သြရောကွာ ... အဲဒီလို ခေါင်းငုံ့မော့ပြီး ... ကိုယ်နွဲ့ထားတဲ့ပုံစံကနေ နည်းနည်းလေးမှကို မလှုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်လောက် ရှိတယ်။ ပြီးမှ စ,လှုပ်လာလို့ ... ငါမှာ ရှိုးပြထားတဲ့ အရုပ်မ ... လဲကျပြီ ...၊ မင်းတို့ ခရစ်စ်တယ်လ်တွေတော့ ကုန်ပါပြီ ... လို့တောင် ... လန့်လိုက်ရတာ ...။ လက်စသတ်တော့ ... လူဖြစ်နေတာကိုး ...။ အဲဒါ ... အဲဒီကောင်မလေးပဲ ..."

မော်ခန့်ရဲ့ အတွေးထဲမှာ ... ငိုချလိုက်တော့မဲ့ မျက်နှာကြီးနဲ့ မော်ခန့် ရပ်နေတဲ့နား တစ်ဝိုက်လောက်ဆီက ... အပေါ်ထပ်တစ်ခုခုဆီ ... စာအုပ်လေးကွယ်ကာ လှမ်းချောင်းနေတဲ့ ကောင်မလေးရဲ့ အပြုအမူဆန်းကို ရုတ်တရက် ပြန်လည်မြင်ယောင်လာမိပါသည် ...။

"ငါက ဒီလက်ဖက်ရည်ဆိုင်ကို တစ်ခါတစ်ခါတော့ လာ, လာထိုင်ဖြစ်တယ်ကွာ ... ကောင်မလေးနဲ့က ငါလာတိုင်း ဆုံဖြစ်သလောက်ပဲ ...။ များသောအားဖြင့်ကတော့ ... လမ်းပေါ်မှာထက် ... အဲဒါမှန်ချပ်ကြီးတွေနောက်မှာ 'အရုပ်မ' ပုံစံနဲ့ အဲဒီဝတ်စုံနဲ့ပဲ ...။ အဲဒါကြောင့် ငါလည်း သတိထားမိပြီး ဘယ်နားက, ကလေးမလေးလဲ ... ဆိုတာအထိပါ လိုက်သိနေတာပဲ။ အစက ... အဲလို ... တမင်မော်ဒယ်လ် အနေနဲ့ ရပ်ပြနေဖို့ ... လူငှားထားတာမျိုးလားတောင် ထင်မိသေးတာ ...

ခုနောက်ပိုင်းတော့ ... တစ်ခါမှ ... အဲဒီထဲမှာ ထပ် မတွေ့တော့ဘူး ... သင်တန်းလာတာပဲ ... တွေ့,တွေ့နေ





တာပဲ ...။ အဲ ... ပြောရရင်တော့ ... မင်းညီလေး ဆုံးသွားပြီးကတည်းက ... ကောင်မလေးလည်း အပေါ်တက်ပြီးတော့ ဟိုငေး၊ ဒီငေး လုပ်ဖို့ ... သိပ်စိတ်ထဲမရှိတော့တဲ့ ပုံမျိုး ... ဖြစ်နေတယ် ..."

"မင်းညီလေး ဆုံးသွားပြီးကတည်းက ..." ...။

အပေါ်ကို လှမ်းမျှော်ကြည့်နေတဲ့ ...၊ မျက်ရည်ကြည်ဝိုင်းနေတဲ့ ... မျက်လုံးကြီးတွေ ...။

"ကိုကို ... ခုချိန်ထိ ... ကောင်မလေး ဘယ်နှယောက်လောက်နဲ့ ... ရည်းစားထား၊ ချစ်သူတွေ ဖြစ်ခဲ့ကြဖူးပြီလဲ ..."

အင်မတန် နူတ်နည်းပြီး ... ညီအစ်ကိုရင်းချင်းရယ်လို့ ... ဆွေးဆွေးနွေးနွေး တိုင်တိုင်ပင်ပင် ... တစ်ခါမှ မရှိခဲ့ဘူးတဲ့ ... ညီငယ်ကလေးရဲ့ ... စကားဆန်း ...။

အဲဒီစကားဆန်းကို (ဘာပြောတဲ့ ညနေက ... မော်ခန့်မှာ ... အံ့သြတကြီးနဲ့ ...

"ဟ ... ကျားသားမိုးကြိုး ... လုပ်ပါဦး ကျော်ဇင်ရာ ... ငါ့အကြောင်းတွေက သိပ်အရေးမကြီးပါဘူး ... မင်းမှာသာ အကြောင်းထူးရှိပြီနဲ့ တူတယ် ... လုပ်စမ်းပါဦး ... ပြောစမ်းပါဦး ..."

ဘာညာ ... ဘယ်လိုတိုက်တွန်းတွန်း ... ထပ်မေးမေး ... ဘာတစ်ခွန်းဆို ... တစ်ခွန်းမှ ... ထပ်မဟတော့ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



ပြုံးတုံးတုံး (ဒါပေမဲ့ ချွေးပြန်ပြန်)မျက်နှာနဲ့ ... မော်ခန့်ရဲ့ တယ်လီဖုန်းကလေးကိုပဲ ကောက်ယူကာ ...(စိတ်ငြိမ်သွားအောင် ထင်ပါရဲ့)လက်တုန်တုန်နဲ့ လျှောက်ကလိနေခဲ့တာ ...။

ခုလက်ရှိ မော်ခန့်ရဲ့ ဂျီအက်စ်အမ်ဖုန်းထဲမှာ ကျန်နေရစ်ခဲ့သော Ring Tone (တယ်လီဖုန်းသံ) ကလေးဟာ ... ကျော်ဇင် နောက်ဆုံး ပြောင်းပေးခဲ့တဲ့ အသံထွက်ကလေးပါပဲ။ နိုင်ငံခြားရုပ်ရှင်တွေထဲမှာ ချိန်ကိုက်ဗုံး(Time Bomb)ပေါက်ကာနီးအချိန်လောက်ကျ ... အလန့်တကြား ထွက်,ထွက်လာတတ်သော အသံမျိုးနဲ့ တူနေတာမို့ ... မော်ခန့်က တစ်စက်မှ (လုံးလုံးမှ) မကြိုက် ...။ ကိုယ်လည်း စိတ်အနှောင့်အယှက် ဖြစ်ရ ...၊ ကြားရတဲ့ ဆားဝန်းကျင်က လူတွေမလည်း ..."ဘာသံလဲ"လို့ သံသယဖြစ်ကြရမယ်ဆိုရင် ... ဘယ်ကောင်းပါ့မလဲ ...။

ကြည့်ရတာတော့ ... အေးဆေးသော ...၊ လူသု ဂရုစိုက်ခံရမှုကို မကြိုက်တတ်သော ... ကျော်ဇင်ဟာလည်း ဒီ "အသံထွက်"ကို သူ့စိတ်ကြိုက် ... အကောင်းဆုံးအသံအဖြစ် ... ထင်မှတ်ပြီး ... အစ်ကို့အတွက် ပြောင်းပေးသွားခဲ့ပုံ မရပါ ...။ စိတ်လှုပ်ရှား တုန်လှုပ်နေတုန်း လုပ်မိလုပ်ရာတွေ ကောက်လုပ် နေမိစဉ် ... တစ်ခဏမှာ ကြုံရာ ... တစ်ခုခုကို ... သွင်း၊ နှိပ် လိုက်မိတဲ့ သဘောပဲ ဖြစ်ပါလိမ့်မည်။

ဒါပေမဲ့ ... နောက်တစ်နေ့မှာပဲ ကားတိုက်ခံရပြီး ... ဆုံးသွားတဲ့ ညီလေးရဲ့ နောက်ဆုံးလက်ဆောင် အမှတ်တရလို့လို





မို့ ... အဲဒီ အသံထွက် Ring Tone ကို လုံးဝပြန်မပြောင်းတော့ဘဲ ...(အသံကိုတော့ အကျယ်ကြီး မထွက်စေတဲ့ Volume လျှော့တိုးထားပြီး)ဒီအတိုင်းသာ ဆက်ထား,ထားမိခဲ့တာ ...။

ပြည့်စုံကြွယ်ဝသော အခြေအနေတစ်ခုမှာ ... မိသားစုဝင်အားလုံးရဲ့ အလိုလိုက်ခံ အငယ်ဆုံးသားကလေးတစ်ယောက် ဖြစ်နေပါရက် ... ဘာကြောင့်မှန်းမသိ ... ငယ်ကတည်းက ... လူရိုန်၊ အဟွင်းလျှို၊ အရုက်လွန်တွေ ဖြစ်နေတတ်တဲ့ ... ညီငယ်လေးတစ်ယောက်မို့ ... မိသားစုဝင် ဘယ်သူ့ကိုကောက်မေးမေး ကရုဏာစိတ် အပြည့်တွေနဲ့ "သူ့ကိုသာ အချစ်ဆုံး"ဟု ပြန်ဖြေကြမည့်သူချည်းပင် ...။

"အမေ့သား" (Ma Ma's Boy) ကလေးလို့လည်း အခေါ်မခံထိုက်သော ...။ ကျန်မိသားစုဝင် အားလုံးနဲ့လည်း ... "ချစ်လှချေရဲ့"မဟုတ်သော ... မော်ခန့်သည်လည်း ... "ကျော်ဇင်"နှင့်ကျတော့ ..."အချစ်ဆုံး ညီကလေး"ပင် ဖြစ်နေခဲ့ရသည်လေ။

✤ ✧ ✤

အဲဒီကောင်မလေး တက်ရောက်နေတဲ့ Japanese အရေး၊ အဖတ်၊ အပြော ... သင်တန်းကို တည်ထောင်ထားတဲ့ "ကိုအောင်ကျော်"နှင့် မော်ခန့်တို့ နှစ်ယောက်မှာ ... ဂျပန်မှာ တုန်းက အတူတကွ ... အလုပ်လုပ်ဖူး၊ သိကျွမ်းဖူးသူများ ဖြစ်နေခဲ့ရတာကတော့ ... ကံကြမ္မာက ဖန်တီးပေးမှု သက်သက်ပင်...။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်က ပြန်ရောက်လာကြပြီးကတည်းက ကိုယ့်လုပ်ငန်းခွင်ကိုယ်စီနှင့် သိပ်ကြီး အပတ်အသက်၊ အထိတွေ့ မရှိလှတော့ပေမဲ့ ... မော်ခန့်က တမင်ပင် ... ကိုအောင်ကျော်ရှိရာ သင်တန်းခန်းမဆီသို့ သွားရောက်လည်ပတ်၊ နှုတ်ဆက်ခြင်းများ ... စတင်ပြုမူခဲ့မိသည်။

သူဟာ ... ဘာကြောင့် အဲဒီကောင်မလေးကို တမင်စတင်သွားရောက် ပတ်သက်ဖြစ်ခဲ့သလဲ ...။ မော်ခန့်က ကိုယ့်ဘာသာကိုယ်, ကိုယ်တိုင်ပင် မသိ ...။ ဖြစ်နိုင်ချေကတော့ ... ရုတ်တရက်ကြီး "ဖြုန်း"ဆို ကျော်ဇင်က သူတို့မိသားစုကြီးထဲက ပျောက်ကွယ်သွားတဲ့အခါ ... ဖြေသိမ့်ရာ ရှာမရကြတဲ့ မိသားစုဝင် အသီးသီးဟာ ... လုပ်မိလုပ်ရာ ...၊ ရမိရရာများနဲ့ ... ကိုယ်သန့်ရာသန့်ရာ ကောင်းမယ် ထင်ရာများနဲ့ ဆွဲလွဲ ... အလွမ်းဖြေနေကြရတာဟာ ... ခုထက်ထိပင် အထာကျ ... တည်ငြိမ်နေနိုင်ကြပြီရယ်လို့ ... သေချာမရှိနိုင်ကြသေး။

အစ်မအကြီးဆုံးဆို ... ကျော်ဇင်ရဲ့ ဓာတ်ပုံတွေအားလုံး ... သူပိုင်ပစ္စည်းများသဖွယ် သိမ်းကျုံးယူငင်သွားပြီး ... အကြီးတွေချဲ့၊ စာအုပ်တွေ မှန်ပေါင်တွေနှင့် ခမ်းခမ်းနားနားတွေလုပ် ...၊ သူ့အိမ်က အခန်းသေးလေးတစ်ခုကို "ကျော်ဇင်ပြခန်း" သဖွယ် ဖန်တီးထားကာ ...(အယူမရှိသော်လည်း) ဖယောင်းတိုင်တွေထွန်း၊ မီးတွေထွန်း ...။





နောက်အစ်မတစ်ယောက်ကတော့ ... ကျော်ဇင်ရဲ့ သီချင်း စီဒီချပ်တွေကို အမွေဆက်ခံကာ ... သူ့အိမ်မှာ ဘယ်ချိန်ရောက်လိုက် ရောက်လိုက် ... ကျော်ဇင် နှစ်သက်ခဲ့တဲ့ သီချင်းသံတိုးတိုးလေးတွေ ... ထာဝရ ဖွင့်လှစ်နေတတ်မြဲ ...။

အစ်ကိုအကြီးဆုံးရဲ့မိန်းမ ... မော်ခန့်တို့ မရီးကကျတော့ ... ကျော်ဇင် ငယ်ငယ်ကရခဲ့တဲ့ ဆုဖလားတွေ၊ ကလပ်တွေ၊ ဆွဲကြိုးတွေ၊ ဒိုင်းတွေနဲ့ ... ခုထက်ဆိတိုင် စည်းကမ်းရှိရှိ သိမ်းဆည်းထားနိုင်ဆဲ ... ကစားစရာလေးများကို ... "သူ့သားကလေးတွေ အတုယူနိုင်ဖို့ ... မှန်ဗီရိုထဲ ထည့်ပြထားနိုင်ရန်"ဟူသည့် အမြင်နှင့် ... တောင်းယူခဲ့သည်။

အိမ်မှာကျန်ကြတဲ့ အစ်မပျိုနှစ်ယောက်ကတော့ ... ကျော်ဇင် နေသွားတဲ့ အခန်းကိုမှ ပြောင်းရွှေ့ အပိုင်စီးသွားတဲ့သူနဲ့ ...။ အဝတ်အစား၊ အသုံးအဆောင်တွေ အားလုံး စုသိမ်းထားလိုက်တဲ့ ဗီရိုကိုမှ ... သူ့အခန်းထဲ ရွှေ့ယူသွားတဲ့သူနဲ့ ...။ ထမင်းစားရင်တောင်မှ ... ကိုယ့်ပန်းကန် ကိုယ့်ဇွန်း သီးသန့်သတ်သတ်မှတ်မှတ်ကလွဲလို့ ပြောင်းမစားတတ်ခဲ့တဲ့ ကျော်ဇင့်ရဲ့ပန်းကန်နဲ့ ဇွန်းဟာ ... ခုတော့ အစ်မနှစ်ယောက် ထမင်းစားကြလေတိုင်း ... တစ်ယောက်က ပန်းကန်ဆို၊ တစ်ယောက်က ဇွန်း ...။

သူတို့ဟာက အကုန်လုံး အကွက်စေ့စေ့ စနစ်တကျ သိမ်းပိုက်ပြီး လွမ်းနေလိုက်ကြတာ ... နဂိုတည်းကိုက ဘာသိဘာသာ နေတတ်ခဲ့မိတဲ့ မော်ခန့် အတွက်ကျ (ကိုယ့်ဖုန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



Ring Tone လက်ကျန်လေးကလွဲရင်) အမှတ်တရ ... ဘာမှမရှိရတော့မလိုလိုပင် ...။

မိခင်ကြီးပင်လျှင် ပထမ "ကျော်ဇင်" ဆိုတဲ့ အမှတ်တရ ဆိုင်ကလေးဖွင့် ...။ နောက်ပိုင်းမှာမှ ... (မော်ခန့်က ဝါသနာကိုမပါ ...၊ ဆက်မလုပ်ချင်တော့လို့ ... ပြန်ပေးလိုက်တဲ့ The bright lights crystal မှာဝင်အုပ်ချုပ် ...။ အဲဒီလောက်ပဲ ကျော်ဇင်နှင့် ပတ်သက်ခွင့် ... ရှာထားရတာ ...။ ပစ္စည်းပစ္စယတွေကတော့ သားသမီးတွေ သိမ်းကြတာနှင့် ကုန်သလောက်ပင်။

အဲဒါကြောင့် မော်ခန့်ဟာ ညီငယ်ကလေးရဲ့ ... (တစ်စွန်းတစ်စသာ ရိပ်မိလိုက်ရတဲ့) မေတ္တာရေးရာ၊ နှလုံးသားကဏ္ဍကို သိချင်၊ စပ်စုဝင်ပါချင်စိတ် ဖြစ်လာခဲ့ရတယ် ထင်ပါ ရဲ့။ ပြီးကျ ... အဓိက, အရေးအကြီးဆုံး အချက်က ... သူ့ဟာနဲ့သူ တစ်မျိုးကလေးတော့ ဖြစ်နေတတ်ပေမဲ့ ... "အရူး" တစ်ယောက်တော့ဖြင့် လုံးလုံးမဟုတ်တဲ့ ညီငယ်ဟာ ... ဆုံးပါးသွားခဲ့တဲ့နေ့က (အများအပြောအရ) "ဘာကြောင့် ... အရူးဆန်ဆန် ... ကြောက်လန့်တကြား၊ သွေးဆုတ်ဖြူရော်ကာ ... လမ်းမကြောင်းပေါ် လျှောက်ပြေးဆင်းသွားခဲ့ရသလဲ ..."။

သူ့ဆိုင်က ဝန်ထမ်းအားလုံးဟာ ... အဲဒီအချက်ကို တစ်ယောက်မှ သိလိုက်ကြသူ မရှိ ...။ သို့သော်လည်း "မသိရကောင်းလား" ဟု ဘယ်သူ့အပေါ်မှ အပြစ်မတင်သာပါ ...၊ မိသားစုအပေါ်တောင်မှ အင်မတန် လျှိုလေတဲ့ ညီငယ်ဟာ ...





သူ့ရဲ့ (အရေးပါပါ ... မပါပါ) ဘာတစ်ခုကိုမှ ... သူ့ဝန်ထမ်းများကို ဖွင့်ဟမထားမှာ ... သဘာဝကျတဲ့ ဖြစ်ရပ်ပဲလေ ...။

အဲဒီနေ့က သူ့ရဲ့ဖြစ်ရပ်ကို အောက်ဆုံး မြေညီထပ်စက်ပစ္စည်းဆိုင်မှ လူတိုင်းစေ့နီးပါး အတိုင်းသားပင် လှမ်းမြင်နိုင်လိုက်တာမို့ ...၊ တစ်ဦးတစ်ယောက်တည်းရဲ့ အပိုစကားမျိုးလည်း မဖြစ်နိုင်ပါ ...။ အားလုံး ... အဲဒီအတိုင်းပဲ ထွက်ခဲ့ကြတာ ...။

နဂိုတည်းကိုက အရှက်လွန်၊ အကြောက်လွန်တတ်တဲ့ ညီငယ်ဟာ ... တစ်ခုခုကို လိုအပ်တာထက် ရှက်ကြောက်သွားခဲ့လို့သာ ... သူ့ဆိုင်ခန်းထဲကနေ အောက်အထိ ပြေးဆင်းသွားခဲ့ပြီး ... ဒီဘက်ကမ်း လမ်းမပေါ်မှာတင် ရပ်ထားတဲ့ သူ့ကားပေါ်လည်းမတက်၊ ဟိုဘက်အထိ (သတိလက်လွတ် ဖြစ်နိုင်သည်။) လမ်းကူးဆက်ပြေးသွားခဲ့တာ ...။

ဘာမှ သိပ်မေးမရတဲ့ သူ့ဝန်ထမ်းများကတော့ ... ညီငယ်ဟာ အခင်းဖြစ်ပွားချိန် မတိုင်ခင်ကလေးကမှ ကပ်ပြီး ... သူတို့ဆိုင်ခန်းထဲက ထွက်သွားခဲ့တာ မဟုတ်ဘဲ ...၊ ခပ်စောစောလောက်ကတည်းက ... နဂိုပုံမှန် မူလပုံစံအတိုင်းနဲ့သာ ... အောက်ထပ် ဆင်းသွားခဲ့တာပါပဲ ... ဟုတော့ တညီတညွတ်တည်း ဖြေနိုင်ခဲ့ကြသည် ...။

အဲဒီ The bright lights မှာ မော်ခန့် ခဏလောက် ဝင်အုပ်ချုပ်၊ ဝင်လုပ်ပေးခဲ့စဉ်ကလည်း ... ဝန်ထမ်းများအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ဆိုက ... "ညိုငယ့်မှာ စိတ်ဝင်တစား မြတ်နိုးနေတဲ့ မိန်းကလေး တစ်ယောက် ရှိနေကြောင်း၊ ခပ်ဝေးဝေးက မဟုတ်လေဘဲ ... ဒီ အနီးနားတစ်ဝိုက် ...၊ ပိုပြီး ဖြစ်နိုင်တာက ... သူတို့ရုံး ငါးထပ် အဆောက်အအုံကြီးရဲ့ တစ်ထပ်ထပ်က ... ကောင်မလေးတစ် ယောက်ယောက်ပဲ ဖြစ်နိုင်ကြောင်း ..." သတင်းလေးတွေ လွင့်ပျံ့ နေခဲ့သား ...။

ဒီ့ထက်ပို တိတိကျကျသာ ခေါ်မေးကြည့်လိုက်ရင် အားလုံး အားတက်သရော ဖြေချင်ကြမည့်သူချည်းဆိုတာ သိပေမဲ့ တိတိကျကျ မေးလည်း (အင်မတန်လျှို့သည့် ညိုငယ်ထံမှ) ဤမျှ လောက်ထက်ပိုပြီး ... သူတို့ ဘာမှထပ်မသိနိုင်တော့လောက်ဘူး ဟု ထင်တာရယ် ...။

ညိုငယ်လေးသာ ရှိနေသေးရင် သူလျှို့ဝှက်ထားလို တဲ့ သူ့ရဲ့မေတ္တာရေးရာကို ... အစ်ကိုက ဝန်ထမ်းတွေနဲ့ စကား လုပ်ပြောနေတာမျိုးကို ကြိုက်မှာမဟုတ်တာကို သိနေရတာရယ် ... ထို့ကြောင့် ... ဘာမှ ထပ်စုံစမ်းမနေတော့တာ ...။

သူ ကားတိုက်ခံလိုက်ရပုံဟာ ... ဝင်တိုက်မိတဲ့ကား မောင်းသူမှာ ဘာအပြစ်မှ မရှိနိုင်တာမျိုးကိုပင် ... အိမ်ကမိသားစု က သိခဲ့ရတာမို့ ... ယူကျုံးမရ ရှိရပေမဲ့ ... အမှုတောင်မလုပ်။ ဖြစ်ရပ်က ဆန်းနေတယ် ...။ နောက်ကွယ်မှာ တစ်ခုခု ရှိနိုင်သေး တယ် ဆိုတာလည်း မိသားစုဝင်တိုင်း ရိပ်မိကြပေမဲ့ ... မေမေ့ ကို ငဲ့ကြရတာရယ် ... ဝမ်းနည်းနာကျင်ရမှုတွေ ... ကိုယ့်ဟာနဲ့





ကိုယ် မရှည်လျားစေချင်ကြတော့တာရယ်နဲ့ ... စုံစမ်းယူမှုတွေကို လုပ်ကိုမလုပ်ဖြစ်ကြတော့တာပါ။

ခုကျတော့ ... ဝင်းမြင့်ရဲ့စကား တိုက်တိုက်ဆိုင် ဆိုင်တွေကြောင့်ရယ် ...၊ ကိုယ်တိုင်မြင်တွေ့လိုက်ရတဲ့ မြင်ကွင်း တချို့ကြောင့်ရယ် ...၊ ကိုယ့်မှာ ဘာမှ သေချာမကျန်ရစ်ရတဲ့ အလွမ်းဖြေကိစ္စကို ဖြေသိမ့်နိုင်ဖို့ရယ် ...၊ အကြောင်းကြောင်းက တိုက်ဆိုင်ကာ ... မော်ခန့်က (ဟုတ်သော်ရှိ ... မဟုတ်သော်ရှိ) ကိုယ့်စိတ်ထဲ ခပ်ထင့်ထင့် ဖြစ်နေတဲ့ ..."ကောင်မလေးနဲ့ တစ်စုံ တစ်ရာ"ကို ... မိသားစုဝင်တွေကိုတော့ အသိမခံဘဲ စုံစမ်းယူ ကြည့်တော့ဖို့ ဆုံးဖြတ်လိုက်မိပြီပဲ ... ဖြစ်သည် ...။ အဲဒါကြောင့် ကောင်မလေးကို တမင်သွားပတ်သက်ဖို့ စတင်လိုက်မိတာပဲ ဖြစ်ပါလိမ့်မည် ...။

"ဪ ... အဲဒီတစ်ယောက်နာမည်က 'ထိန်ထိန်'တဲ့ ... ကိုမော်ခန့်နဲ့ ဘယ်လိုများ ပတ်သက်မှု ရှိလို့လဲ ..."

"ဒီလိုပါ ... ဟိုတလောက ကိုယ့်ညီအငယ်ဆုံးလေး ဆုံး သွားတယ်လေ ..."

"ဪ ... ဟုတ်တယ် ... သိလိုက်တယ် ... ဒီနားမှာပဲ နော် ... The bright lights ကလေ ... ကိုမော်ခန့်ရဲ့ညီ ဆိုတာလည်း သတင်းစာ ဖတ်ရတော့ သိလိုက်ပါတယ် ..."

"ဟုတ်ပါတယ် ... အဲဒါ ကိုယ့်တို့ညီက ကိုအောင်ကျော် ရယ် ... ဘယ်လိုလဲဆိုတော့ ... မိတ်ဆွေအပေါင်းအသင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ မရှားပေမဲ့ ... သူ တကယ်ခင်တဲ့ သူငယ်ချင်းဆိုတာ တော့ သိပ်မရှိလှဘူး ... အဲဒီ 'ထိန်ထိန်' ဆိုတဲ့ တစ်ယောက် ကျတော့ ... သူ အဲဒီလို ခင်ခဲ့တဲ့ မိန်းကလေးများလား လို ...

သိပ်တော့ မသေချာပါဘူး... ဟုတ်များနေရင် ... ကလေးမလေးနဲ့ စကားလက်ဆုံကျ ... စကားစမြည်လေး ပြော ... ဘာညာရှိရရင် ... ကိုယ်တို့မားသားကြီးစိတ်ထဲ ... တစ်မျိုး ပေါ့လေ၊ မေမေများ အဲဒီလို နေချင်မလားလို့ပါ ကိုအောင်ကျော်ရာ ... ဒါပေမဲ့ ... မိန်းကလေးဘက်ကကျ တော့ ... အဲဒီလို လိုက်ပြောပေးချင်လား ...၊ မပေးချင်ဘူး လား မသေချာနိုင်သေးသရွေ့ ... ကိုယ်က အဲဒီလို ပုံစံ ကြောင့် ခင်မင်ချင်၊ ချဉ်းကပ်ချင်လာတာပါ ဆိုတာကိုတော့ မသိစေချင်သေးဘူး ... ကိုအောင်ကျော်ရာ ..."

ဒီလိုနဲ့ပဲ ... သင်တန်းဆရာ ကိုအောင်ကျော်က သူ့တပည့်မကလေးကို ... မော်ခန့်နဲ့ ခေါ်ယူမိတ်ဆက်ပေးလိုက် တော့တာ ဖြစ်ပါသည် ...။

"ကိုမော်ခန့် ... အဲဒါ ထိန်ထိန်တဲ့ ... ထိန်ထိန်ရေ ... ဒါကတော့ ဆရာနဲ့ ဂျပန်မှာတုန်းက အတူတူ အလုပ်လုပ် ခဲ့ကြဖူးသေးတဲ့ မိတ်ဆွေပဲ ... ကိုမော်ခန့်တဲ့ ... ခုတော့ သူက ဟိုဘက်နားက (......)လမ်းမကြီးပေါ်က ... The bright lights ဆိုတာ ... သူတို့ဆိုင်ပေါ့ ...





ကိုမော်ခန့်က ညည်းနဲ့ သိချင် ... စကားပြောချင်လို့ ပါတဲ့ဟေ့ ...။ ဆရာ့ မိတ်ဆွေအတွက်တော့ ဆရာက အာမခံပါတယ် ... လူကြီးလူကောင်းပါ ...။ ညည်းကို သူနဲ့ မိတ်ဆက်ပေးရတဲ့အတွက် ဆရာ့အနေနဲ့က ညည်းအတွက် အသိမိတ်ဆွေ တိုးစေတဲ့သဘောပဲ ရှိပါတယ် ...။ စိတ်ချ လက်ချ ခင်ခင်မင်မင်နဲ့ ဆရာ့လိုပဲ ... ဆက်ဆံနိုင်တယ် ... ကြားလား ...။ အေး ... အေး ...

ကိုမော်ခန့်ရေ ... ထိန်ထိန်တို့ အုပ်စုကတော့ ... ကျွန်တော့်ကျောင်းမှာ ပညာဆိုလည်း အချွန်ဆုံး ...၊ ဇရတ် ဆိုလည်း အကျဆုံး အုပ်စုတွေပဲ ..."

ကိုအောင်ကျော်ရဲ့ မိတ်ဆက်ပေးမှုအောက်မှာ ... မျက်လုံးလေး ပြူးသွားခဲ့တဲ့ ထိန်ထိန်က ... မော်ခန့်ကို ... အဲဒီ မျက်လုံးကြီးတွေနှင့်ပဲ ... ခပ်ကြာကြာကြီး နှုတ်ပိတ်စိုက်ကြည့် နေခဲ့လေသည် ...။ သူမကလေးရဲ့ ဒီလိုမျက်နှာထားဟာ ... ကိုအောင်ကျော် စကားထဲမှာ ပါသွားခဲ့တဲ့ "ဆိုင်နာမည်"ကြောင့် ပဲ ဖြစ်မှာ ... ဆိုတာ သေချာနေပြီမို့ ... မော်ခန့်က ... လောလော ဆယ်အတွက်တော့ ... ဘာမှ အလောတကြီး ... အလန့်တကြားတွေ မဖြစ်စေသေးဘဲ ...

"ကိုယ်က ညီမလေးကို ... ဒီနားတစ်ဝိုက်မှာ သွားလာနေ တာကို ကိုယ်တို့ဆိုင်ခန်းထဲကနေ ... လှမ်း,လှမ်းမြင်ထား မိတာတော့ ကြာပါပြီ ... ကိုယ့်မှာကလည်း ညီမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့ ... ကိုယ့်ညီမလို ပုံစံမျိုးလေးပဲလို့ ... သတိထားမိနေတာ ...။ ခုမှ ... ကိုယ့်သူငယ်ချင်း ကိုအောင်ကျော်တို့ဆီက ကျောင်းသူလေးပဲလို့ သိလိုက်လို့ ... ကိုအောင်ကျော်ကို မိတ်ဆက်ပေးခိုင်းမိတာ ...

ဒါကတော့ ... The bright lights က လိပ်စာကတ်ပါ ...။ ဒါကတော့ ... ခုလက်ရှိ ကိုယ်လုပ်နေတဲ့ အလုပ်ရဲ့လိပ်စာပါ ...။ ကိုယ်က ... မဟာဗန္ဓုလပန်းခြံလမ်းထဲမှာ ... တီဗီ၊ ဗီဒီယို၊ အပေါ်စက် အောက်စက်၊ ကာရာအိုကေနဲ့ စလောင်းတွေရောင်းတဲ့ ဆိုင်တစ်ခု ဖွင့်ထားပါတယ် ..."

ကောင်မလေးက မော်ခန့် ကမ်းပေးနေသည့် လိပ်စာကတ်နှစ်ခုကို ခပ်ဖြည်းဖြည်းပင် လက်ကမ်းယူလိုက်ကာ ... ခပ်တိုးတိုးနှင့် ...

"The bright lights ကဆိုတော့ ... ကိုကျော်ဇင်နဲ့ ဘာတော်လဲဟင်"

ကိုယ်က ချက်ချင်းကြီး စတင်ဖို့ ကြံစည်မထားမိသေးသည်မို့ သူမလေးထံမှလည်း ဒီလို ချက်ချင်းကြီး ထွက်လာဖို့ မျှော်လင့်မထားမိသည့် မော်ခန့်မှာ ... တစ်မျိုးပင် ဖြစ်သွားရကာ ...

"ညီလေးနဲ့ကရော မိတ်ဆွေတွေလား ... ကျော်ဇင်က ... ကိုယ်တို့ရဲ့ညီအငယ်ဆုံးလေးပါ ..."

"မိတ်ဆွေတွေရယ်လို့တော့ မဟုတ်ပါဘူး ..."





ကောင်မလေးက ခပ်တိုးတိုး ညည်းတွားသလိုလို ရေရွတ်နေရင်းက ... ဖုန်းနံပါတ်တစ်ခုကို ရွတ်ပြလိုက်သည် ...။

"ထိန်ထိန်တို့ အိမ်ဖုန်းပါ ...။ ဆရာ့သူငယ်ချင်းက ထိန်ထိန်အရမ်းနှစ်သက်တဲ့ Crystal ဆိုင်က ဖြစ်နေတော့ ... ထိန်ထိန်လည်း သိရတာ ဝမ်းသာပါတယ် ကိုမော်ခန့် ... ထိန်ထိန့်ဆီ ဖုန်းဆက်နိုင်ပါတယ်နော် ...

ဟုတ်တယ် ... ထိန်ထိန် ပြန်မှတ်မိသွားပြီ... သတင်းစာထဲမှာ ဖတ်လိုက်ရတုန်းက ... ဒီနာမည်လည်း ပါတာပဲဟာ ...။ အဲဒီလိုပဲ ကျော်၊ မော်၊ သော်၊ ဇော်၊ နော် ... အဲလို အလိုက်ကလေးတွေနဲ့ နာမည်တွဲလေးတွေနော် ... ထိန်ထိန် မှတ်မိတယ်"

"ကိုယ် ... ညီမလေးဆီ ဆိုင်တွေသိမ်းပြီးချိန်နောက်ပိုင်း ညရှစ်နာရီ ကျော်ကျော်လောက်တွေပေါ့ ... ဖုန်းဆက်ပါ့မယ် ... ရနိုင်မလား ..."

"ထိန်ထိန် ... စောင့်နေမှာပါ ..."

သင်တန်းဆရာ ကိုအောင်ကျော်က သူငယ်ချင်းဖြစ်သူနဲ့ တပည့်မတို့ရဲ့ စကားအသွားအလာ ပုံစံတွေကို ... မျက်ခုံးကြီးကုတ်ပြီး ... စိတ်ဝင်တစား ... အကဲခတ်နေလေသည် ...။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

စိတ်ညစ်တယ် ... မပျော်ဘူး ...။

"ထိန်ထိန့် ဘဝကြီးတစ်ခုလုံး ... လုံးဝကိုမပျော်ရွှင် ... မကြည်လင်နိုင်တော့ဘဲ ... ခန်းခြောက်တိတ်ဆိတ်လို့သွားခဲ့ရတာ ... "ကိုကျော်ဇင်"သေဆုံးပြီးသွားချိန်ကတည်း ..."ဟုများ ပြောလိုက်ရရင် ... ကြား,ကြားရတဲ့သူ အပေါင်းက ... သို့လော ... ဤလော ... တွေ ဖြစ်ကုန်ကြပေဦးမည် ...။ အမှန်ကတော့ ... ထိုအတိုင်းပင် ...။

ထိန်ထိန်ဟာ အဲဒီကိစ္စနဲ့ ပတ်သက်လို့ ... ထိန်ထိန့်ရဲ့ ငယ်ပေါင်း တိုင်ပင်ဖော် တိုင်ပင်ဖက် ...၊ အင်မတန်ချစ်ခင်ရတဲ့ အစ်မဝမ်းကွဲ မသက်ပိုင်ကို လက်လွှတ်ဆုံးရှုံးလိုက်ရသည်လေ ...။ အဲဒီနောက်ပိုင်းမှာ ထိန်ထိန်နှင့် မသက်ပိုင်တို့ဟာ မခေါ်မပြောကြ ... ဖြစ်သွားတာတော့လည်း မဟုတ်ပါ ...။

ဒါပေမဲ့ နှစ်ဦးသားကြားထဲက အခြေအနေကတော့ အင်မတန်မှ ခါးသီးစရာကြီး။ မလိမ်မညာ တတ်ပေမဲ့ ... ဟန်





ဆောင်ကောင်းလှတဲ့ မသက်ပိုင်ဟာ ... အိမ်မှာရော ... အပြင်မှာပါ ...၊ လူကြီးတွေရှေ့တင်ရော ... ကွယ်ရာမှာပါ ... ထိန်ထိန့်ကို အခေါ်အပြော ... အဆက်ဆံ မပျက်ပါ ...။

သို့သော် ... ငယ်ကတည်းက ခုထိ ..."စိတ်ကောက်ပြီး မခေါ်ကြဘူးဟေ့"ဆိုတာမျိုးကတော့ အကြိမ်ကြိမ် ရှိခဲ့ပြီးသားမို့ ..."မခေါ်ဘူး"ဆိုရင်တောင် ထိန်ထိန်က သည်းခံနေနိုင်သေးသည်။ ခုဟာက ..."ရင်ထဲက မပါတော့တာ ..."။ "အနီးကပ်နေပြီး ဝေးသွားကြတာ ..."။ "နှုတ်ဖျားက တာဝန်အရ ဝါကျတွေထွက်ကျနေကြချိန်မှာ မျက်လုံးတို့ကတော့ အေးစက်ခဲလို့နေတာ ..." ...။

ကဗျာဆန်လှချည့်ဟု မထင်ကြစေလိုပါ ...။ အဲဒီလုပ်ရပ်တွေကို ထိန်ထိန့်လို လိုမ့်ခံနေရသူရှိလျှင် ... ထိုလူဟာလည်း ထိန်ထိန် ပြောတာမျိုးထက် မသာတောင် တန်းတူလောက်ဖြစ်တဲ့ ခံစားချက် ဝေဒနာမျိုး ... ခံနေရမည်ပင် ...။ လက်စွပ်လေးတစ်ကွင်း ပြန်လုမိတာနဲ့ပဲ ... ဤမျှလောက်အထိ နာကြည်းမှတ်တေးထားစရာလား ... ဟု စဉ်းစားမိလျှင် ... ထိန်ထိန်တို့ဆုံရှင်းကြသည့်နေ့က "မသက်ပိုင်ရဲ့မေမေ ... ဒေါ်ဒေါ်သက်တစ်ယောက် မသက်ပိုင်ကို ... ဘယ်လိုများ ဘယ်လောက်များ ... အရှက်သည်းသည်းနဲ့ ဆုံးမထည့်လိုက်လို့ပါလိမ့် ..."ဆိုတာကိုပါဆက်, ဆက်တွေးမိပြီး ... ထိန်ထိန့်မှာ စိတ်မကောင်းဖြစ်ရကျင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလို ... မသက်ပိုင်ဆီက ... သူတို့ရုံးကလု
တွေအကြောင်း ...၊ သူ ကြားလာခဲ့ရသည့် သတင်းတွေအကြောင်း
အစ်ကိုဝမ်းကွဲနှင့် မောင်ဝမ်းကွဲ ... ကြီးကြီးသား နှစ်ယောက်တို့
ရဲ့ ကောင်မလေးတွေ အကြောင်း ... စတဲ့ အာလာပသလ္လာပ
သတင်းအတင်းစုံနဲ့တကွ ... သူ့ကို ဘယ်သူကကြိုက်လို့ ဘယ်လို
လိုက်နှောင့်ယှက်ပြန်ပြီ ... စတဲ့ တီးတိုးတိုင်ပင်မှုများကို ... တစ်
စက်မှ မကြုံရတော့တဲ့အခါ ...၊ ထိန်ထိန့်ဘက်က ကြုံနေရတာတွေ
သိလာရတာတွေ၊ မှုချင်နေတာတွေကိုလည်း ... ရင်ထဲပဲ ပြန်ပြန်
မျိုချပြီး ... သိမ်းထားရပေါင်းက များပြီ ...။

ခါတိုင်းဆို မသက်ပိုင်ဆီမှာ တွယ်ချိတ်တစ်ချောင်
ပျောက်တာလောက်ကအစ သိနေရသော ထိန်ထိန်မှာ ... ခုဆို
ဟိုတစ်နေ့လေးက ... ဒေါ်ဒေါ်သက်ရဲ့ အော်သံတွေကို တစ်စွန်း
တစ်စ လှမ်းကြားလိုက်ရမှ ... အလုပ်ထွက်သည်ဆိုလား ...၊ အလုပ်
ပြောင်းသည် ဆိုလား ... အဲဒီလိုမျိုး ... ကိစ္စတွေကို ကြားဖူး
တော့တာပင် ...။

ထိန်ထိန်ဖြင့် မပျော်ရတာများလာလို့ စိတ်ဆားဆာ
နှင့် မှန်းမှန်းရှိလျှင် ...

"ခုနေများ ... ငါ့မှာ အပြောင်းအလဲ သတင်းထူး သတင်
ဆန်းကြီး တစ်ခုခုရှိလာရင် သိပ်ကောင်းမှာပဲ ... ဥပမာ
ငါ အိမ်ထောင်ပြုတော့မှာတို့ ... ဘာတို့ ...။ အဲလိုဆိုလို့က
တော့ ... သူ့ ဘာမှပြောမထားဘဲ ... ဖိတ်စာသွားကမ်းမှ





အကျောလေးနဲ့ ပေးသိလိုက်ရရင် ... သင်း ... မျက်လုံး
ကြီးကို ပြူးထွက်နေတာ မြင်ရရင် ... သိပ်အရသာရှိမှာ
ပဲ ..."

အဲသည်လို မဟုတ်က ဟုတ်က ပေါက်တတ်ကရ
ဖြစ်နိုင်တာများကို ကြံဖန်တွေး ... အနိုင်ယူပြီး ... ဖြေသိမ့်နေ
တော့တာပင် ...။ သို့သော် ... အနိုင်ယူတွေးသော ထိုအတွေးမျိုး
သည်ပင်လျှင် ... သူကသာ ထိန်ထိန့်အပေါ် လာလုပ်ချင်ရင်
လုပ်နိုင်မှာမျိုး ဖြစ်နေပြီး ... ထိန်ထိန်က သွားလုပ်နိုင်ဖို့ကျတော့ ...
လာဝေး ဆိုတာ ကိုယ့်ဘာသာကိုယ် သိနေတော့လည်း ...
စိတ်က ပိုတိုချင်သည် ...။

"ဟိုလက်စွပ်ကလေးကို သွားပြန်ပေးပြီး ချော့လိုက်
ရင်များ ကောင်းမလား" ဟုလည်း ခဏခဏ အကြိမ်ကြိမ်ပင်
စဉ်းစားမိပါသော်လည်း ...၊ အဲဒီလို လုပ်လိုက်ကာမှ သူလုပ်ခဲ့တဲ့
ပေါက်ကရအမှု၊ သူ့ကျူးလွန်မှုတွေကို ပြန်အစဖော်ကာ သူ့မာနကို
ဆွသလို ဖြစ်သွားမှာ စိုးရတော့ ... စဉ်းစားလိုက်၊ ပယ်ချလိုက်၊
လုပ်ရဲ့ ...။

ထိန်ထိန်ဖြင့် ... သင်တန်းတွေတက်ဖို့ ...(......)
သမ်းမကြီးပေါ်က ဖြတ်သွားရတိုင်း ... ဖြစ်ပျက်သွားတာတွေကို
ပြန်ပြောင်းသတိရကာ အတော်ကြီး ဝမ်းနည်းရသည်။ သူ အဲဒီ
နေ့ အလုပ်ထွက်သွားတာဖြင့် ကြာပြီဆိုတာ ထိန်ထိန်က မသိ
သေးတော့ ... ထိန်ထိန့်ဘာသာ ကျူရှင်လာတာကိုပဲ မသက်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



များ အပေါ်က လှမ်းကြည့်နေမလား ...။ အပေါ်ထပ်က မီးဆိုင်းပြခန်းနဲ့ အောက်ထပ်က စက်ပစ္စည်း ပြခန်းတွေထဲ ဝင်နေပြန်ပြီလို့ ထင်တော့မလားနဲ့ ... ပုန်းရကွယ်ရ ... ကွေ့ပတ်သွားရတာ အမော ...။

ပြီးရင်တော့ ... မသက်ပိုင် ရှိနေတဲ့ ပထမထပ်က ရုံးခန်းဆီ ..."တက်မရှုပ်ရဲတော့လေခြင်း" ဆိုတဲ့ ခံစားချက်က ထိန်ထိန့်ကို သည်းတုန်အူတုန် ထိခိုက်စေသည် ...။ ဘယ်လောက် ထိလဲဆို ... ဘာမဆိုင် ညာမဆိုင်ပင် ... တစ်ချက်ကလေး လာနှောင့်သွားခဲ့သည့် ကျော်ဇင်နှင့် အဲသည်လက်စွပ်ကို မုန်းများပင် မုန်းချင်မိရတဲ့အထိ ...။

သွားလေသူ တစ်ယောက်ကို လိုက်အပြစ်ဖို့နေလို့ မကောင်းတတ်လွန်းလို့သာ ...။ အဲဒီတော့ အပြစ်မရှိပေမဲ့ ... သက်မဲ့ ပစ္စည်းဖြစ်နေတဲ့ လက်စွပ်ကိုသာ ဖိမုန်းလို့ရတိုင်း ... ပိုမုန်းသည် ...။

တူနဲ့ပင် ထုချေပြီး ... ရွှေကိုလည်း ပြားပစ်ဖို့အထိ ပါ အရူးထ တွေးမိခဲ့ဖူးပါရဲ့ ...။ ဒါပေမဲ့ ... တော်ကြာကျ ... မသက်ပိုင်က စိတ်လျှော့ စိတ်ပြေပြီး "ဟိုလက်စွပ်လေး ရှိသေးလား ..."လို့ ဆိုလာခဲ့ရင် ပြရခက်နေမစိုးလို့သာ ...။

ခုတလောမှာ မသက်ပိုင်ကို ထိန်ထိန်က ပိုချောင်နေသည် ...။ ဘာလို့ဆို ... ရင်ဖွင့်ချင်လွန်းလို့ပါ ...။ ပြော ချင်တဲ့ စကားတွေ အများကြီး ရှိနေလွန်းလို့ပါ ...။ "အင်မတ





ချောသော ကောင်ကလေး တစ်ယောက်ရဲ့ အစ်ကိုကြီးဟာ ... သိပ်မချောလှပေမဲ့ ... စိတ်ဝင်စားစရာတော့ဖြင့် အလွန်ကောင်းလှကြောင်း" ဘာဘာညာညာလေ ...။

အရင်အခြေအနေ အတိုင်းသာဆိုရင် ... ကျူရှင်သွားတုန်း ဆုံလာတိုင်း ... အပြန်ကျ သူ့ရုံးပေါ် တက်ပြောပစ်မည် ...။ ညဘက်တွေကျ ... ဖုန်းလာပြီးသွားတိုင်း ... မသက်ပိုင်ဆီလည်း ချက်ချင်းထပ်ကောက်လှည့်ကာ ... တစ်ခွန်းမကျန် ဖောက်သည်ချပစ်မည် ...။ ခုတော့ မရ ...။

သူ့ကို "ဘယ်သူကဖြင့် လိုက်ပြန်ပြီ ...၊ ဘယ်ဝါကဖြင့် နှောင့်ယှက်ပြန်ပြီ" စသဖြင့် အမြဲပြောနေကျ မသက်ပိုင်ဟာ

"အဲဒါတွေက ငါမကြိုက်တာတွေမို့လို့ ဘယ်သူသိသိ ဆိုပြီး ... နင့်ပြန်ပြောပြတာ ...။ ငါ တကယ်ကြိုက်တဲ့သူများ တွေ့ရင်တော့ ... ဘာမှ မသေချာ မပြီးမြောက်သေးခင်တော့ ... နင့်ကို ပြောမပြတဲ့အပြင် ... နင်မသိရအောင်တောင် ဖုံးကွယ်ထားရဦးမှ ..."

အာကပြဲပြဲနဲ့ ... နှုတ်ကလည်း ယောင်ထွက်ရတာနဲ့ ... မေ့ပြီးပြောမိတာနဲ့ ...။ စ,တောင် မစရသေးဘူး ... လူကြီးမိဘတွေတင်မက, ... တစ်ကမ္ဘာလုံးပါ သိကုန်ပြီး ဇာတ်လမ်းတွေ ရှုပ်၊ ငါပဲ ဒုက္ခရောက်မှာ ... စိတ်ချ ... ပြောကို မပြောဘူး ..."ဟု ကြိမ်းဝါးထားခဲ့ဖူးပါသည် ...။



www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒီလိုပေမဲ့ ... ထိန်ထိန်ကတော့ ... သူနှုတ်လုံတတ်တာလည်းသိ၊ လိမ်သာမလိမ်တတ်တာ ..."မပြောဘူး" ဆိုရင် "ဘူး"တစ်လုံးဆောင်ပြီး ပြောကို မပြောတော့ ...၊ အသေခံပြီးတော့တောင်မှ နှုတ်ပိတ်ထားဦးမှာ ... ဆိုတာမျိုးတွေကိုလည်း သိသဖြင့် ... သူ့ကိုဆို ဘာမဆို ပြောချင်သည်။ ပြီးကျ သူက ဝိုင်းအကဲခတ်ပေး၊ မှန်းပေး၊ အကြံဉာဏ်ပေး ...၊ ဒါမျိုးတွေမှာလည်း တော်သည်လေ ...။

"အဲဒီ လမ်းမကြီးပေါ်မှာ အမြဲသွားလာနေတာကို ... အပေါ်ထပ်ကနေ လှမ်းလှမ်းတွေ့နေရလို့ ... ကြာကြာနေတော့ စိတ်ဝင်စားလာပြီး ... ခင်မင်ချင်လာရော ... ဆိုတာမျိုးက ဘာသဘောလဲဟင် ! မသက်ပိုင် ..."

"ညီမရှိတဲ့ အစ်ကိုတစ်ယောက်မို့ သူ့ညီမအရွယ်လောက် မိန်းကလေးမျိုးတွေဆို ... ခင်မင်ချင်တာပဲဆိုရင် ... တခြားကောင်မလေးတွေလည်း အများကြီးရှိတဲ့ဟာ ... သူ့ညီမနဲ့ ရုပ်တူတာလည်း မဟုတ်ဘဲ ... ဘာကြောင့် ထိန်ထိန်မှ ထိန်ထိန် ... ရွေးခင်ချင်သလို ဖြစ်ရတာလဲ ... မသက်ပိုင်"

"ဘယ်တုန်းကမှ မသိတဲ့ သူစိမ်းယောက်ျား တစ်ယောက်က ... ရုတ်တရက် 'ဖြုန်း'ခနဲ ... အင်ထရီလေးတစ်ခုနဲ့ ဝင်လာပြီး ... တစ်ညခြားလောက် ဖုန်းဆက်တတ်နေတာ က ဘာသဘောလဲ မသက်ပိုင် ...





ကျူးရှင်လာရချိန်တွေကျ ... အပေါ်ထပ်မှာ သူရှိနေတုန်း လှမ်းမြင်လိုက်ရင် ... ဆင်းလာပြီး ... အတူစကားပြောရင်း လမ်းလျှောက်လိုက်ပို့ပေးတတ်တာကကော ဘာကြောင့်ဖြစ်နိုင်လဲ ... မသက်ပိုင် ..."

အား ...။ မေးချင်နေတာတွေမှ တစ်ပုံကြီး ...။

ခုများတော့ ထိန်ထိန်ဟာ ..."ကျော်ဇင် လက်ထပ်ခွင့် တောင်းသွားခဲ့တဲ့ မိန်းကလေး"လည်း လုံးလုံး မဖြစ်လိုတော့ပြီ။ အဲဒီတုန်းကများလေ ... ဒီလို နောက်ဆက်တွဲဇာတ်လမ်းတွေ ရှိနေနိုင်ကြောင်း "ရှေ့ဖြစ်"များ ကြိုသိနိုင်ခဲ့ရင် ... မသက်ပိုင်က ...

"လူမှားတာ ... အဲဒါ ... ငါ ..."လို့ လာငြင်းနေတုန်းကများ ... "အေး ... အေး ... ဟုတ်တယ် ... ဖြစ်နိုင်တယ် ..." ဆိုပြီး ... "ကျော်ဇင့် ရင်ထဲက တစ်ယောက်ဟာ ... မသက်ပိုင်ပါပဲ ..."ဟု အများပါ သိသာအောင်၊ လက်ခံအောင် ... လုပ်ထားလိုက်မိချင်မှာ ...။

အဲသည်လိုဆိုရင် ... မသက်ပိုင်နဲ့လည်း ပြဿနာ မရှိနိုင်တော့။ ခုလို စိတ်ဝင်စားချင်စရာကောင်းတဲ့ အစ်ကိုကြီး တစ်ယောက်နဲ့ ထပ်မံပတ်သက်လာရတဲ့အခါ ... ထိန်ထိန်ဟာ ... "သူ့ညီက လက်ထပ်ခွင့် တောင်းသွားဖူးသူ"...။ "သူ့ညီ သေဆုံးသွားရတာဟာ ... ထိန်ထိန့်ကြောင့် ဖြစ်ရတဲ့ အရှက်ပယောဂကြောင့် ..."ဆိုတာမျိုးတွေနဲ့ ... အစ်ကိုကြီးရဲ့ ခင်မင်မှု၊ ရင်းနှီးကျွမ်းဝင်ပတ်သက်လိုမှုတို့ကို ... အနှောင့်အယှက်ပြု၊ ဟန့်တားနိုင်တဲ့ အမျက်တွေလည်း ရှိမနေနိုင်တော့ဘူးပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ဖြင့် အင်မတန် စိတ်ညစ်ကာ မပျော်ပိုက်နိုင်သော ထိန်ထိန်ဟာ စိတ်ညစ်တကာ စိတ်အညစ်ရဆုံး အချက်ထဲမှာ ... သူ့ညီနဲ့ ပတ်သက်မှုနှစ်ခုကို အစ်ကိုကြီး သိသွားမှာကို စိုးနေရတာကလည်း ... အပါအဝင်ပင် ...။

သိမျှားသာသွားရင် ..."အမြဲတမ်း တွေ့၊တွေ့နေရတိုင်းလည်း အနက်စင်းကလေးနဲ့ချည်းကွာ ... မှတ်မိတာပေါ့ ..." ဆိုတဲ့ ... ကောင်မလေးကို အစ်ကိုကြီးက ဆက်ခင်တွယ်ချင်ပါတော့မလား ...။

အကယ်၍ ... အကယ်၍ပေါ့နော် ...(ဟယ် ... အတွေးရဲလှချည့်လို့တော့ မထင်ကြနဲ့နော် ... "အကယ်၍"လို့ ပြောထားပါတယ် ...) အကယ်၍သာ ... ရုတ်တရက်ကြီး သာရောက်ပတ်သက်လိုခဲ့ရခြင်းရဲ့ "နောက်ဆုံးရည်မှန်းချက်ပန်းတိုင်" ဟာ တစ်ခုခုသာ ... ဆိုလို့ရှိရင် ...။

(အို ... တစ်ခုခုပါဆိုမှ ဘာရှိနိုင်မှာလဲ ... အရွယ်ရောက် လူလွတ် သူစိမ်းယောကျ်ားတစ်ယောက်က အရွယ်ရောက်၊ အပျို သူစိမ်းမိန်းမ တစ်ယောက်ကို ... ရုတ်တရက် ပတ်သက်လိုတယ် ... ဆက်တိုက်လည်း အမြဲဆက်ပတ်သက်နေလိုတယ်... ဆိုရင် ... ဘာရှိရမှာလဲ)။

အဲသလိုသာ ဆိုလို့ရှိရင်တော့ ... ညီငယ်တစ်ယောက်က လက်ထပ်ခွင့်တောင်းထားခဲ့တဲ့ မိန်းမကို အစ်ကိုဖြစ်သူက ... (မသိရင်တော့ ထားပါတော့)သိသိကြီးနဲ့ ဆိုရင်တော့ ...။ အင်း ...။





သိသွားပြီးရင်တော့ ... "ရည်မှန်းချက် ပန်းတိုင်" ဆိုတာမျိုးကို ဆက်လက်ဦးတည် ဖော်ဆောင်ဖို့ ... ဆန္ဒ ရှိနိုင်ပါဦးမလား ...။

ကံဆိုးလိုက်တာနော် ... ငါ့နှယ် ...။

အစ်ကိုကြီးနဲ့ အခုလောက် ဖုန်းတွေ အကြိမ်ကြိမ် မပြောဖြစ်ကြသေးခင် ...။ အပြင်မှာ အကြိမ်ကြိမ် မဆုံတွေ့ဖြစ်ကြသေးခင် ...။ ဓာတ်တိုင် နှစ်တိုင် သုံးတိုင်စာလောက် ခရီးတိုလေးတစ်ခုကို ... အမြဲတွဲတွဲပြီး လမ်းမလျှောက်ဖြစ်ကြသေးခင်...။ စ,သိခါစ အချိန်များကတော့ ထိန်ထိန်ဟာ "နင့်ကြောင့် ငါနဲ့ မသက်ပိုင်နဲ့ ပြတ်စဲသွားကြရတာ ..."လို့ အလကားသက်သက် ... ရမယ်ရှာ... အငြိုးဖွဲ့ခံထားရတဲ့ ... လက်စွပ်ကလေးကို ... "သွားလေသူရဲ့ အစ်ကိုရင်းကိုပဲ ... ပြန်ပေးလိုက်ရရင်တောင် ကောင်းမလား"... လို့တောင်မှ တွေးမိခဲ့သေးတာပါ ...။

ခုလိုဆိုတော့ ... ထုတ်ပေးဖို့နေနေ ...၊ မမြင်အောင်တောင်မှ ဖွက်သိမ်းထားရလေမလား ... မပြောတတ်တော့ပါချေ ...။

"ညီလေးနဲ့ သိကြတယ် ဆိုတာက ဘယ်လိုလဲ ... မိတ်ဆွေတွေလည်း မဟုတ်ကြဘူး ဆိုတော့ ..."

အစ်ကိုကြီးက အဲဒီလို ထုတ်မေးလာခဲ့စဉ်က ...

"ထိန်ထိန်က ... အရင်က အဲဒီ The bright lights ကို ကျူရှင် လာတိုင်း အမြဲဝင်ဝင်ပြီး Crystal တွေကို ဝင်၊ သွားရည်ယိုနေကျပါ ကိုမော်ခန့် ... မဝယ်နိုင်ပေမဲ့ အမြဲဝင်တယ် ... ကြည့်တယ် ... အဲဒီတော့ ကိုကျော်မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်းတန်းနေတယ် ... ခင်သာ မခင်တာ သူ့ကိုယ်သိ၊ ကိုယ့်သူသိပေါ့ ... သူ့နာမည်ကိုတောင် သူဆုံးသွားမှ သိတာပါ ...”

အဲဒီလို ပြန်ဖြေပြီးသွားပြီ ...။ တစ်ခါတစ်ရံမှာ လိမ်တတ်ညာတတ်လေ့ရှိတဲ့ ထိန်ထိန့်ရဲ့ အဲဒီအဖြေကတော့ “လိမ်ခြင်း”မမည်ပေ ...။ ဘာခေါ်မလဲ ...“အပြည့်အစုံ မပြောဖြစ်ခြင်း ...၊ ဒီ့ထက် ပိုသည်များကို ဖုံးကွယ်ထားခြင်း”ပေါ့လေ ...။

“ဒါဖြင့် ဘာလို့ ခုနောက်ပိုင်း တစ်ခါမှ မဝင်တော့တာလဲဟင် ... ကိုယ်လည်း တချို့နေ့တွေ ရှိတတ်တယ်လေ၊ များသောအားဖြင့်ကတော့ မေမေပဲ ရှိတာများတယ် ... ခုနောက်ပိုင်းမှာ crystal Ball လေးတွေ ဒီဇိုင်းသစ်တွေရောက်နေတာ အများကြီးပဲ ... အရမ်းလှတယ် ...

ပြီးတော့ ... ခရစ်စ်တယ်လ်နဲ့ jewellery လက်ဝတ်လက်စား လုပ်ပြီးသားတွေလည်း အရင်က ဆိုင်မှာမတင်ဖြစ်ခဲ့ဘူး ... ခုနောက်ပိုင်းတော့ တင်ထားပြီ ... ပိုတောင်ကြည့်လို့ကောင်းဦးမယ် ...”

“ဟင့်အင်း ... မကြည့်ချင်တော့ဘူး ...”

ထိန်ထိန့် အဖြေက အတော်ကြီးကို ငြင်းဆန်သံထွက်ကာ မြန်ကလည်း မြန်သွားတာမို့ ... ကိုမော်ခန့်ဆီက “ဘာလို့လဲ”ဟု အံ့သြသံကြီး ထွက်လာပါသည်။ အဲဒီတုန်းက





ဖုန်းနဲ့ ပြောဖြစ်ကြတာ မဟုတ် ...၊ ထိန်ထိန့် ကျူရှင်ရှိရာဆီ သူက လိုက်အပို့ ... မှာ လမ်းလျှောက်ရင်း စကားတပြောပြောလုပ်ဖြစ်ကြတာမို့ ... တစ်ယောက်မျက်နှာကိုလည်း တစ်ယောက်က မြင်နေနိုင်သည်။ အစ်ကိုကြီးရဲ့ အသံဟာ အံ့သြသံ ပေါက်တဲ့အပြင် ... မျက်နှာထားကလည်း တစ်မျိုးဖြစ်သွားလေသည်။

ထိန်ထိန့် မျက်နှာကတော့ ပိုလို့ပင်ဆိုးကာ ... ဟန်လုပ်ပြီး ပြင်မရအောင် ပျက်နေမှာ သေချာပေါက်ပင် ...။ ထိန်ထိန်ကလည်း ဟန်လုပ်မရမဲ့တူတူ တကယ့်စိတ်ရင်းကိုပင် ...

“ကိုကျော်ဇင် ဆုံးသွားလို့ပါ ကိုမော်ခန့် ... စိတ်တော့မရှိပါနဲ့ ... ထိန်ထိန်က အဲဒီလို ပေါက်ကရ အတွေးတွေလည်း တစ်ခါတလေ ခေါင်းထဲရောက်ပါတယ် ... ထိန်ထိန် အဲဒီဆိုင်ထဲ ဝင်လာတိုင်း ကိုကျော်ဇင်က ... အရှေ့ဘက်ဟောလ်ထောင့်က ခုံမြင့်မြင့်လေး တစ်ခုပေါ်မှာ ထိုင်,ထိုင်နေတတ်တာ ... ထိန်ထိန် မှတ်မိနေတယ် ...။ အဲဒီဆိုင်ထဲ ပြန်ဝင်ဖြစ်ရင် အဲဒီထောင့်ကို ထိန်ထိန် ကြည့်မိလိမ့်မယ် ... မဖြစ်ဘူး ...”

“အင်း ... အခုတော့ ... အဲဒီနေရာမှာ အဲဒီခုံကလေးနဲ့ပဲ ကိုယ့်မေမေရဲ့လက်ထောက် ...၊ စက္ကူထရီ ... ဝန်ထမ်းမိန်းကလေးတစ်ယောက် ထိုင်နေတယ်လေ ... ဘာဖြစ်လဲ ... ညီမလေး လှမ်းကြည့်လိုက်မိရင်လည်း သူ့ကိုပဲ တွေ့မှာပေါ့ ...”



www.burmeseclassic.com

ထိန်ထိန်က ခေါင်းပဲခါပြလိုက်ပါသည်။ ဟင့်အင်း ...။ အဲဒီခုံမြင့်ပေါ်မှာ "ပဲပေး"နေတတ်တဲ့ ကောင်ကလေးရဲ့အကြောင်းကို ပြန်တွေးမိမဲ့အပြင် ...၊ လက်စွပ်လာပေးတဲ့နေ့က ... ကမူးရှူးထိုး ... ဘေးတိုက်၊ စောင်းငန်း၊ ခေါင်းငုံ့ ပုံစံကြီးကိုပါ ပြန်မြင်ယောင်မိမှာ ...။ Lobby ထဲကနေ ရှေ့မတက်နိုင်တဲ့ ခြေသံတရှပ်ရှပ်ကိုပါ ပြန်ကြားမိဦးမှာ ...။ ထိန်ထိန်က သရဲတို့ ဘာတို့ အကြောက်အလန့် ရှိတတ်တဲ့သူ တစ်ယောက်တော့ မဟုတ်ပါဘူး ...။ ဒါပေမဲ့ ... သူ့ကို "သရဲလားလို့"လို့ ... စ,လိုက်မိသေးတာကိုလည်း ပြန်တွေးမိပြီး ... စိတ်မကောင်းတွေက ဖြစ်လာရဦးမှာ ...။

ပြီးကျ ... အဲဒီနေ့က သူ ထိန်ထိန့်ကို လက်စွပ်လာပေးခဲ့တဲ့ ဖြစ်ရပ်ကို မသက်ပိုင် အပြင် ဘယ်သူများ ထပ်သိနေနိုင်သေးသလဲ ... လို့ သံသယနဲ့ အဲဒီက ဝန်ထမ်းအပေါင်းတို့ကို "ကြောက်"မျက်လုံးနဲ့ အကဲခတ်နေဦးမှာ ...။(ဘာလို့ဆို ... လက်စွပ်ကို ထိန်ထိန် ရထားလိုက်ကြောင်း မသက်ပိုင်ကို ထိန်ထိန်က ဖုံးကွယ်ထားပါရက် ... လေး,ငါးရက်အကြာမှာ သူ့ဘာသာအလိုလို ဘယ်လိုလုပ် သိလာနိုင်ခဲ့သလဲ ...။ ဒါက တွေးစရာကောင်းသည်လေ ...)။

ထိန်ထိန် ဆိုင်ထဲ ဝင်လိုက်စဉ်မှာ ... သိနေနှင့်တဲ့ တစ်ယောက်ယောက်ကများ ..."အဲဒီကောင်မလေးပဲပေါ့"လို့ ... အစ်ကိုကြီးနဲ့တကွ ... သူ့အမေ ... သူ့ အမျိုးအဆွေတွေကိုပါ လက်ညှိုးထိုးပြီး ... ပြောပြလိုက်ရင် ...။





အစ်ကိုကြီးကတော့ ... ထိန်ထိန်က သူ့ညီကို ... "သရဲဖြစ်နေတယ်"လို့ စွပ်စွဲလိုပြီး ..."သရဲအမှတ်နဲ့ ကြောက်လန့်နေတာလား ..."ဟု ... မကျေမနပ် ... ဖြစ်ချင်လည်း ဖြစ်ကောင်းဖြစ်မည် ...။

အစ်ကိုကြီးရယ် ...။ ရှင် ထိန်ထိန့်ကို အလကားသက်သက် ... လာမခင်ခဲ့ရင်လည်း ကောင်းသား ...။ အဲဒါဆို ထိန်ထိန့်မှာ ခုနေ ... စိတ်ခပ်ညစ်ညစ် ရှိရတာက ... "မသက်ပိုင်အတွက်"တစ်ယောက်တာပဲ ရှိမယ် ...။ ခုကျတော့ "အစ်ကိုကြီးအတွက်"ပါ နှစ်ယောက်စာ ...။

ချစ်ခင်ရတယ် ဆိုတာဟာလည်း မကောင်းဘူး ...။ တွယ်တာမိတယ်ဆိုတဲ့ အဖြစ်ကလည်း ဆိုးတာပဲ ...။ "သံယောဇဉ်"များ ... ပွလောင်တယ် ဆိုတာ ... ထိန်ထိန်က ..."တရားရှင်" တစ်ယောက် မဟုတ်ပေမဲ့လည်း ... တကယ့် လက်တွေ့ ...။

✤ ✧ ✤

"သက်ပိုင်ကို အန်တီက နှစ်သက်ခင်မင်ရလွန်းလို့ ... ဖြစ်များဖြစ်နိုင်ရင် ... သမီးချွေးမလေးတောင် တော်ထားလိုက်ချင်တာ ...။ တကယ်တော့ ဒါဟာ ကိုယ့်ကိုယ်ကျိုး ကိုယ်ကြည့်မိတာလည်း အများကြီး ပါတာပေါ့ သက်ပိုင်ရယ် ...။ သမီးက အန်တီ့အတွက် ... အင်မတန် ကောင်းနေတဲ့ ... မရှိမဖြစ် ... တစ်ယောက်လို ဖြစ်နေပြီကိုး ..."

www.burmeseclassic.com



အန်တီစပယ်ရဲ့ ဒီစကားက ... သူ့ဘက်က သူ့သားဖြစ်သူကို ... ဘာတစ်ခုမှ မစုံစမ်း ... မမေးမြန်း၊ မတောက်ကြည့်ရသေးဘဲ ...(စိတ်ထဲရှိတာကို ညည်းတွားသလိုလိုနဲ့)သက်ပိုင်ကို အရင်လာတောက် ... တီးခေါက်ကြည့်တာမျိုးသာ ဖြစ်နိုင်ကြောင်း... မသက်ပိုင်က သိပါသည် ...။

သက်ပိုင်ကသာ မငြင်းမဆန်၊ ကန့်ကွက်စကားမဆိုဘဲ ... ရယ်မောလို့သာ နေလိုက်လျှင် ... အန်တီစပယ်ဟာ ... တစ်ဦးတည်း လူပျိုကျန်သည့် ... သားလတ်ဖြစ်သူ ကိုမော်ခန့်ကို... အဟုတ်ပင် တိုက်တွန်းနားချခြင်း၊ ဖျောင်းဖျ အောင်သွယ်ခြင်း၊ ဒါမှမဟုတ် ... မိခင်တို့ရဲ့ လက်နက်ကို ထုတ်သုံးကာ "မေမေ့အတွက်ပါ"ဟု တောင်းပန်ခြင်း... စတာတွေကို ဆက်တိုက်ပဲ ပြုကိုပြုယူတော့မဲ့ ပုံပါပင် ...။

သို့ပေမဲ့လည်းပဲ သူ့မေမေဟာ ... ဘယ်နည်းကိုပဲသုံးသုံး... ကိုမော်ခန့် ဆိုသည့်သူကလည်းပဲ ... သူ့ဆန္ဒသာမပါရင်... အမေ ဘာပြောပြော ... သူလုပ်ချင်ရာကိုသာ လုပ်မည့်သူတည်း ...။

မသက်ပိုင်ကတော့ ငြင်းဆန်ရပါလိမ့်မည်။ မသက်ပိုင် ငြင်းဖြစ်မှာက ... ကိုမော်ခန့်လည်း ငြင်းမှာပါပဲ ဆိုတာကို ကြိုသိနေလို့ရယ် မဟုတ် ...။ မသက်ပိုင်က ချစ်ရတဲ့"သူ့"နေရာကို အစားထိုး ဝင်နေရာယူလိုခြင်းသည် ဤနည်း၊ ဤပုံမျိုးနှင့်တော့ မဟုတ်၍ပင်။ ပြီးကျ ..."သူ့"အတွက်သက်သက် နေရာအပြည့် ပေးထားနှင့်ပြီးသား ရင်ခွင်တစ်ခုမှာ ... သူ့အစ်ကို့ကို ထပ်ထည့်စဉ်းစားဖို့ ဆိုတာ ဖြစ်နိုင်ဖွယ် ရှိပါ့မလား ...။





"အန်တီ ... သက်ပိုင်ကို တကယ်ချစ်ခင် တွယ်တာတယ်ဆိုရင် ... သက်ပိုင်ကလည်း အန်တီ့တစ်သက်၊ သက်ပိုင်တစ်သက်တော့ ... အန်တီ့နားမှာပဲနေဖို့ ကတိပေးနိုင်ပါတယ် ... အန်တီရဲ့ ...။ ဒါပေမဲ့ အန်တီ ပြောသလိုကတော့ မဖြစ်နိုင်ပါဘူး ... သက်ပိုင်က ဒီတစ်သက်တော့ အိမ်ထောင်ပြုဖို့ စဉ်းစားမထားဘူး ... ပြုကိုမပြုဘူး ... တကယ်ပြောတာပါ ..."

"အလို ... ငယ်ငယ်ရွယ်ရွယ် ... ချောချောမောမောနဲ့ မိန်းကလေးက ..."

"ဒါပေမဲ့လည်း အန်တီရယ် ... အိမ်ထောင်မှုရေးကို စိတ်မပါတဲ့ မိန်းကလေး ဆိုတာလည်း ရှိနေနိုင်သေးတာပဲမဟုတ်လား ..."

"မကြုံဖူးပါဘူးကွယ် ... အသက်အရွယ်တွေ ကြီးသွားကြမှ ... အိမ်ထောင်လည်း ပြုမနေချင်တော့ပါဘူး ဆိုတဲ့ ... အမျိုးသမီးတွေတော့ တွေ့ဖူးပါရဲ့ ... ခုမှ နှစ်ဆယ်ကျော်စနဲ့ ... ဒီတစ်သက် အိမ်ထောင်မပြုတော့ဘူး ဆိုတာတော့ ... သက်ပိုင် တစ်ယောက်ပဲ ရှိပါလိမ့်မယ်နဲ့ တူပါရဲ့ ...

အမှန်ကတော့ ... သားငယ်လေးသာ ရှိခဲ့သေးရင် ... အန်တီက သမီးကို ... သူနဲ့ မရ,ရအောင်ကို ကြံဖန်ပေးစားမှာ။ သမီးသဘောမပါလည်း လူကြီးမိဘတွေ တက်ပြောပြီး တောင်းယူပစ်မှာ ...။ သမီးနဲ့ သားငယ်နဲ့ဟာ...



www.burmeseclassic.com

www.burmeseclassic.com



အန်တီမျက်စိထဲ အင်မတန် လိုက်ဖက်တယ် ...။ အန်တီ သားအငယ်လို ယောကျ်ားမျိုးဟာ ... သမီးလို မိန်းကလေး မျိုးနဲ့သာ ရ,ရမှာ ...

သူကလည်း အမေ့စကားဆို ... တစ်ခွန်းဆို တစ် ခွန်း ... ပယ်ရှားမှာကို မဟုတ်ဘူး ...။ အန်တီ အရမ်းစိတ် ချမ်းသာရမှာ ...။ အိုပြီးတော့ နာမဲ့ သေမဲ့ အချိန်ကျလည်း သမီးနဲ့ သူနဲ့သာဆို ... အန်တီ့အတွက် ဧွးကြည့်ရုံနဲ့တင် စိတ်ချထားလို့ ရတယ် ... သမီးတို့နဲ့ပဲ အန်တီကနေမှာ၊ သမီးတို့ လက်ထဲပဲ သေဖို့ ဆုံးဖြတ်မိမှာ ...။ ခုတော့ ကွယ် ...”

ဒီအခါမှာတော့ အန်တီစပယ်ရဲ့ အားပေးဖော် ... ထူပုံဖော်၊ ခိုင်မာတဲ့ ထောက်တိုင်တစ်ခု အနေနဲ့ပဲ အမြဲရပ်တည် နိုင်ခဲ့တဲ့ မသက်ပိုင်ဟာ ... မျက်ရည်တွေတွေ ကျလာပြန်တဲ့ အဘွားကြီးကို ကိုယ်တိုင်ကလည်း ဖက်ပြီးငိုနေမိလို့ ...။ ကံဖယ် တယ်ဆိုတာ ဒါမျိုးကို ခေါ်တာ ...။ ဘာအငြိုး ... ဘာဝင်္ဂမှာ ရှိလို့ ... အဲဒီ“ကံ”က မသက်ပိုင်တို့ နှစ်ယောက်ကို ... ဝင်ဖယ် သွားရတာပါလိမ့် ...။

အဲဒီလိုသာ ဆိုလို့ကတော့ ... အန်တီစပယ်ဟာ ... “အသက်နှစ်ဆယ်ကျော်လေးနဲ့ အိမ်ထောင်ရေး စိတ်မပါတဲ့သူ ... သက်ပိုင် တစ်ယောက်တည်းပဲ တွေ့ဖူးသေးတယ် ...”ဆိုတဲ့ စကားမျိုးကိုတောင် ပြောနိုင်တော့မှာ မဟုတ် ...။





“သားငယ်နဲ့ သက်ပိုင်ကို အန်တီက ရည်မှန်းလို့ ကွယ် ...”ဆိုတာနဲ့ ... ပါးစပ်တောင် စေ့ပိတ်ထားလို့ မရနိုင်တော့ လောက်အောင် ... ကြည်နူးရက်ရယ်တွေချည်း ဖွတ်ရယ်နေမိတော့ တဲ့ မိန်းကလေးရဲ့အဖြစ်ကိုပဲ ... တအံ့တသြနဲ့ ကြုံသွားရမည် ...။ သို့ပေမဲ့လည်း ... ခုလိုကျတော့ ... ကံက အဖယ်ကြီး ဖယ်ခဲ့ပြီး လေပြီ ...။

“ဟုတ်တယ် ... အဲဒါ ... သားငယ် မရှိတော့ကတည်းက အန်တီ အင်မတန် စဉ်းစားတဲ့ ပြဿနာပဲ ... ခုနေခါမှာ အသက်ကြီးပြီ ... ရောဂါဘယစွဲကပ်စပြုပြီ ဆိုပေမဲ့လည်း ကိုယ့်လက် ကိုယ့်ခြေကို ကိုယ်သယ်နိုင်သေးတယ် ...။ ကိုယ့်စီးပွားကိုယ် ပြန်ရှာကြည့်တာလည်း ... နောက်ကနေ ထက်ကြပ်လိုက်ကူညီပေးနေနိုင်တဲ့ သူမျိုးတွေ ရှိနေတော့ ရနေသေးတယ် ...

ဒီထက်ကြီးလာလို့ တကယ် အိုပြီ နာပြီဆိုတဲ့ အချိန် ကျ ... ဝိုင်းဝန်းပေးမဲ့သူ ရှိပေမဲ့ အန်တီက စိတ်တိုင်းကျ နိုင်ဖို့ကလည်း လိုသေးတာ ...။ ဘယ်သူနဲ့ ငါအိုရ၊ နာရပါ့ ဆိုတာ ... အန်တီ့လို သားသမီးတွေ အများကြီး မွေးထား တဲ့သူတောင်မှ ... ပူနေရသေးတာ ...

သက်ပိုင်လည်း ငယ်ငယ်လေး ရှိသေးတာ ... အိမ် ထောင်မပြုဘူး ... ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တယ် ဟဲ့ ... လို့ စိတ်ထား, မထားနဲ့ဦး ...။ တကယ် မရပ်နိုင် တော့တဲ့ အခါကျမှ ... အဲဒါက သိသာမှာ ...



www.burmeseclassic.com

www.burmeseclassic.com



အန်တီဆို ... ခု အိမ်က အပျိုနှစ်ယောက် ...၊ အိမ်ထောင်ဖက်လည်း အသီးသီး ရွေးပြီးကြပြီ ...။ သားငယ် ကိစ္စကြောင့် ခဏပြန်ဆိုင်းနေကြတာ ... နို့မို့ ရှေ့ဆင့် နောက်ဆင့် အိမ်ထောင်ပြုပြီးရင် ထွက်ကြမဲ့သူချည်းပဲ ... သူတို့ ရွေးချယ်ထားကြသူတွေက ... နိုင်ငံရပ်ခြားမှာပဲ အခြေချမဲ့သူချည်း ဖြစ်နေတယ် ...

အကြီးဆုံးမကျတော့ စေတနာလည်း ရှိပါရဲ့ ... လက်လည်း သာပါရဲ့ ... အင်မတန် နားငြီးစရာကောင်း တဲ့ အမျိုးပဲ ...။ သူ့ယောက်ျားများ ဘယ်လိုသည်းခံနေ နိုင်တယ် မသိဘူး ... အမေရင်းတောင် မခံသာဘူး ... အမှန်ကတော့ သူပဲ မှန်နေရှာတာချည်းပါ ...။

ဒါပေမဲ့ အပြစ်က တွေ့တွေ့နိုင်လွန်းတယ် ... တွေ့သလောက်လည်း ပြောတယ် ...။ သူနဲ့သာ အိုရ နာ မယ်ဆိုရင် ... ကိုယ့်ကိုပြောနေတာ မဟုတ်ပေမဲ့ ... တ နေ့မှ စိတ်ချမ်းသာရမယ် မထင်ပါဘူး ...

ဒုတိယသမီးကကျတော့ ... မွေးကတည်းက အမေ နဲ့ ဆန္ဒက မညီတာ ... အခု မော်ခန့်နဲ့ အန်တီနဲ့ အ ငြင်းနေကြရတာ သမီးတွေ့လား ...။ သော်တာနဲ့က အဲ ထက် အများကြီး ဆိုးတယ် ...။ ကိုယ်ကအဖြူဆို သူက အမည်းပဲ ...။ ဖြစ်ကို မဖြစ်ဘူး ...။ ဝေးဝေးလေးတွေ နေ့နေကြရင်တော့ ... ခပ်ဝေးဝေးကနေပဲ ... အမေ အမေ အင်မတန် လှမ်းကောင်းနိုင်တဲ့ သမီးမျိုးပါ ...





ချွေးမကြီးလေးကလည်း ကောင်းရှာပါရဲ့။ ဒါပေမဲ့ သူ့သားနှစ်ယောက်ဒဏ်တော့ အန်တီက မခံနိုင်ဘူး ...။ အင်မတန် ကဲကြတဲ့ မြေးတွေကွယ် ... အမေ အဖေကလည်း နိုင်အောင် မပြောဘူး ...။ တော်တော် သွေးတိုးချင်စရာ ကောင်းပါတယ် ...။ ဒီကြားထဲ ... သားကြီးက Golf မှ Golf ...။ တစ်နေကုန် အလုပ်ချိန်ပြီးတာနဲ့ Golf အချိန်။ သူ့မိသားစုတောင် သူ့ကို ဖမ်းနိုင်ဖို့ ခဲယဉ်းနေတာ ... အန်တီက သူ့ဘယ်လိုလုပ် သွားအားကိုးရမလဲ ...

အဲဒါပဲကြည့်တော့ သက်ပိုင်ရေ ... အန်တီ့မှာ ... အကောင်းဆုံးကြီး မဟုတ်ပေမဲ့ ... သိပ်မဆိုးလှတဲ့ ... သားအလတ် မျက်နှာပဲကြည့်ပြီး မျှော်လင့်ချက် ထား,ထား ရမလို ဖြစ်နေတော့တာပဲ ...။ သူ ခေါ်လာမဲ့ ... သမီး ချွေးမဟာ ဘယ်လိုအမျိုးအစားထဲကလဲ ...။ သားအတွက် ထက် ... ကိုယ့်အတွက် သင့်သင့်တော်တော်ကလေးမှ ဟုတ်နိုင်ပါ့မလား ... ဆိုတာ အင်မတန် မျှော်မောရပါ တယ် ...

ခု ... သမီးကြားသလား ...။ မော်ခန့်ဟာ ... ဒီ ဆိုင်ကို အမေ့လက် ပြန်လွှဲခဲ့ပြီးမှ ... ဆိုင်ကို ပြန်ပြန်လာ နေတာ ... အမေ ဘယ်လိုနေသလဲ ... အဆင်ပြေရဲ့လား ဘာညာ ... လာပြန်ကြည့်ပေးနေတာလား မှတ်ပါတယ် ...။ မဟုတ်ဘူးတဲ့ကွယ် ... ကလေးမလေး တစ်ယောက်နဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာလိုလို ... ဆိုလား ... မြင်တဲ့သူတွေက မြင်ကြသတဲ့။
အရွယ်ကွာတယ် ... လက်တောက်လောက်ကလေးတဲ့ ...
သတင်း ကြားနေရတာပဲ ... ကဲ ..."

အန်တီစပယ်ရဲ့ ညည်းချင်းရှည်မှာ မသက်ပိုင်က တကယ်ပဲ ဝင်ခံစားပေးကာ စိတ်ပူ၊ စိတ်ရှုပ်ရပါသည်။ "သူ" ချစ်ခဲ့တဲ့ သူ့မိခင်ကြီးကို ... သူ့ကိုယ်စား ဝင်အစားထိုး ဖြည့်ဆည်းပေးနေနိုင်တယ် ဆိုတာကလည်း ... သူစိမ်းတစ်ယောက်ပဲဆိုရင်တော့ ... သူစိမ်းရဲ့ အတိုင်းအတာမျိုးနဲ့ပဲ ဖြည့်ဆည်းနိုင်ခြင်းသာလေ ...။ မသက်ပိုင်မှာကလည်း ကိုယ့်မိရင်း ဖရင်းက ရှိနေသေးတာကိုး ...။

အန်တီစပယ်ဟာ မသက်ပိုင်ကို "ကိုယ့်ဖို့"ဆိုတဲ့ လိုလားချက်တစ်ခုကို ပိုမိုရှေ့တန်းတင်ပြီး ... သမီးချွေးမအဖြစ် တော်စပ်လိုတာမှန်း သိသိသာသာကြီးကို ပြောကြားသွားပေမဲ့ ... (သူ့သားဖြစ်သူရဲ့ မထော်မနန်း သတင်းကို ကြားလာရလို့ ... ပိုစိတ်ပူလာပြီး အမြန် အစားထိုး ... ဝင်စီစဉ်ပစ်လိုက်ချင်တာမှန်းပါ ... သေချာပေမဲ့ ...) လက်မခံနိုင်တာသာ ရှိသည်။ မသက်ပိုင်က "ဘယ်လိုကြီးလဲ"လို့ ငြူစူမကျေနပ်မိခြင်းတော့ အလျဉ်းမဖြစ်မိပါချေ ...။

သူ့ခမျာ ... သားသမီးမှ ... ခုနစ်ယောက်ကြီးများတောင် မွေးထားခဲ့ပြီးမှ ... အိုတော့မဲ့ အချိန်ရောက်ကာမှ ... စိတ်တိုင်းသေချာမကျနိုင် ...၊ စိတ်ဒုန်းဒုန်းမချနိုင် ... ဖြစ်နေရရှာတယ် ...





ဟု ... ကိုယ် လက်မခံနိုင်တာကိုပဲ ... အပြစ်မကင်းသလိုတောင် ခံစားနေမိရသေးသည် ...။

"ကိုမော်ခန့်ကလည်း အမေကို ဂရုစိုက်ပါတယ် အန်တီရယ် ... အန်တီ အဆင်ပြေမှာပါ ... သူ့အနေနဲ့ကလည်း ... အန်တီ အခုပြောသွားတဲ့ အခြေအနေတွေကို သိပြီးနေမှာပဲဆိုတော့ ... တစ်ခုခု ဆုံးဖြတ်ရွေးချယ်တော့မယ်ဆိုရင် ... အန်တီ့ကို သူ ထည့်မစဉ်းစားဘဲ နေမှာမဟုတ်ပါဘူး ... ပြီးကျတော့ စိတ်ပူစရာကောင်းတဲ့ အရွယ်မျိုးလည်းပဲ မဟုတ်တော့ဘူး ..."

"အဲဒီလို မဟုတ်တဲ့ အရွယ်ကြီးမျိုးမို့လို့လည်း ... လက်တောက်လောက်ကလေးကို မှန်းနေတယ်ဆိုတာ ... ပိုပူရတာ ... သက်ပိုင်ရေ ...။ ဒီလာ,လာ ပြန်,ပြန် တွဲနေတယ်ဆိုတော့ ... ဒီနားတစ်ဝိုက်ကပဲဆိုရင် ... သမီးရော သိနေမလား ... သိရင်လည်း ပြောပါဦး ... မသိသေးရင်လည်း မျက်စိဖွင့်၊ နားစွင့်ပြီး စုံစမ်းပေးတာမျိုးတွေ ဘာတွေ ... လုပ်ပါဦး ..."

ဒီက ဝန်ထမ်းတွေကတော့ သက်ပိုင်က သိလိုပါသည်ဆိုရင် ... သိပ်သေချာပြောချင်မှ ပြောကြမည် ...။ သူတို့ရဲ့ သဘောထားတွေဟာ သက်ပိုင်အပေါ် တစ်မျိုးကလေးတွေ ရှိကြတာ သက်ပိုင်က သတိထားမိ၊ ရိပ်မိပါသည် ...။ ဖြစ်ချင်လည်း ဖြစ်လောက်စရာပါ ...။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ တစ်သက်လုံး ဆက်ဆံသိကျွမ်းခဲ့ဖူးသည့် မသက်ပိုင်ဟာ ... အောက်ထပ်က ကုမ္ပဏီက Front Desk မှ မသက်ပိုင် ...။ သူတို့ရဲ့ The bright lights ထဲကို ရံဖန်ရံခါဆို သလို အလည်ရောက်ရင်း မီးဆိုင်းတွေကို စိတ်ဝင်စား(ချင်ယောင် ဆောင်)တတ်တဲ့ မသက်ပိုင် ...။ သူတို့အားလုံးနှင့် တစ်ပြေးညီ တန်းတူသဘော ရှိရုံမျှမက ... တစ်ခါတစ်ရံကျ ... အကြောင်းမဲ့ လာဖော်ရွေ၊ ချော့ပေါင်းချင်တတ်နေတဲ့ မသက်ပိုင် ...။

အဲဒီလို မနေ့တစ်နေ့က မသက်ပိုင်ဟာ ... ရုတ်ခြည်း ဖြုတ်ခြည်းဆိုသလို ... သူတို့ဆိုင်မှာ အုပ်ချုပ်သူအပြောင်းအလဲ တွေ လျှင်လျှင်မြန်မြန်ကြီး ပြောင်း,ပြောင်းသွားပြီးတဲ့ နောက်ပိုင်း မှာ ... ပိုင်ရှင်အဘွားကြီးရဲ့ လက်ထောက်၊ ကိုယ်ရေးအရာရှိ ...။ Admin Manager စတဲ့ ရာထူးမျိုးတွေနဲ့ ဖြုန်းခနဲကြီး ရောက်ရှိ လာတဲ့အခါ ...။

သက်ပိုင်က သဘောထား မပြောင်းလဲ ...။ ဖော်ရွေ ပျူငှာဖို့သာ ဆက်လက်ကြိုးပမ်းလိုပါသော်လည်း ... အရောင်း စာရေး အမျိုးသမီး ဝန်ထမ်းများသာမက Marketing Manager ကိုမောင်မြင့်တို့လို အရွယ်ကြီး၊ ရာထူးမြင့် ယောကျ်ားဝန်ထမ်းမျိုး တွေဆီကပါ ... တစ်မျိုးကြီး တုံ့ပြန်ဆက်ဆံမှုတွေကိုပဲ ရနေသ လားလို့ပါ ...။ မသက်ပိုင်က ထင်နေတာလည်း ဖြစ်နေနိုင်ပါ သည်။





သို့ပေမဲ့ ... အဲဒီလို ကိုမောင်မြင့်ကအစ ... "ကိုမော် ခန့်နဲ့ မသက်ပိုင်တို့က ဘယ်လိုလဲ" ဆိုတဲ့ အတွေးမျိုးနဲ့ ကြိုရှိနေ ကြမှာ သေကိုသေချာပါသည် ...။ "ရှိတယ်" လို့လည်း ... အောက် ထပ်က မရူပါက ... မသက်ပိုင်ကို သတင်းပို့ပြီးသွားခဲ့ပြီ ဖြစ်လေ သည် ...။ ဒီတော့ ... ကိုမော်ခန့်အကြောင်း စုံစမ်းချင်ရင်တောင် မှ ... အင်မတန်မှကို သတိထား လုပ်ဆောင်ရမည့် ကိစ္စမျိုးဖြစ် နေပါတော့သည် ...။

မရူပါဆီကပဲ စုံစမ်းယူကြည့်ရမည် ထင်ပါသည် ...။ အဲဒီ မရူပါနဲ့ကလည်းပဲ ... ဒီကို ပြန်ရောက်ပြီးကတည်းက သေ ချာကို စိတ်နှစ် ကိုယ်နှစ်ကြီး တွေ့ပြီးကြရသည်ရယ်လို့ မရှိရ သေး ...။ စနေ တနင်္ဂနွေလို နေ့မျိုးမှာကလည်း မရူပါတို့က ပိတ်ရက်ဖြစ်ပြီး ... သက်ပိုင်တို့က ဖွင့်ရက် ...။

သက်ပိုင်တို့ရဲ့ တစ်ရက်တည်းသော အော့(ဖ်)ရသည့် နားရက် တနင်္လာနေ့ကျပြန်တော့လည်း ... အန်တီစပယ့်အတွက် ချည်း အချိန်ပြည့် ပေးနေရသည့် သက်ပိုင်က မိဘနှစ်ပါးထံ ပြန် ကပ် ... မျက်နှာချိုသွေးပြရမဲ့အတွက် အချိန်ပင် ... မလောက် ...။

ဖွင့်ရက်တိုင်းမှာကတော့ ... သက်ပိုင်ဟာ အန်တီ စပယ်နဲ့က ပူးချည်ထားသလောက်ပါပင် ...။

သက်ပိုင် ဒီပြန်ရောက်လာတာကို ... ဝမ်းသာအားရ ကလည်းဖြစ်၊ စိတ်လည်းတို ... ဖြစ်နေတဲ့ မရူပါ ထံမှာ ... သက် ပိုင်အတွက် ပြောစရာစကားတွေ ... တစ်နေ့ထက် တစ်နေ့ မှာ



www.burmeseclassic.com

www.burmeseclassic.com



နေ ... စုဆောင်းပြီးသား ဖြစ်နေတာ သက်ပိုင် သိသည် ...။ လှစ်ခနဲတက်,တက်လာပြီး ... ငါးမိနစ်လောက်ပဲ အချိန်ရသလောက် ပြော,ပြောသွားရသည်တွေက ...

"Secretory နဲ့ သားတော်မောင်နဲ့ ကိစ္စကို လူတကာ စိတ်ဝင်စားပြီး ... ငါ့ပဲ ပြန်စပ်စုနေကြသဟေ့ ..." ဆိုတာမျိုး ...။

"အဘွားကြီးက နင် ထိုင်ဆိုထိုင် ... ထဆိုထ ... ဆိုဟဲ့ ... ကြည့်လုပ်ဦး ... တအားပြောနေကြတာပဲ ...။ အမြင်တွေ ကတ်နေကြပါဦးမယ်ဟာယ်" ဆိုတာမျိုး ...။

"ဟို ... Jewellery တွေပါ ထပ်တင်လိုက်တာက နင့်အကြံ မဟုတ်လား ...။ ငါသိပါတယ် သက်ပိုင်ရယ် ... နင့်မလည်း ခက်တော့တာပဲ ... ဟို ... လက်စွပ်ပုံစံတူလေးတွေ အများကြီး ဖြစ်နေတဲ့ တစ်စုကရော ... နင့်ညီမဆီ ရောက်နေတဲ့ တစ်ခုနဲ့ တူမှ တူရဲ့လား ...။ ငါ့နှယ် ... စိတ်များညစ်ပါရဲ့ဟာယ်" ဆိုတာမျိုး ...။

အဲဒီလို ... တစ်ခွန်းစ နှစ်ခွန်းစလောက်ကလေးတွေသာချည်း ...။ မသက်ပိုင်က မရှုပါနဲ့ စကားပြောရရင် ... ပြီးခဲ့တဲ့ အတိတ်ကာလတို့ရဲ့ လွမ်းမောဖွယ်တွေကို တစ်ဖန်ဆန်းသစ် ... ပြန်တမ်းတလိုပါသည် ...။ ဖြစ်နိုင်ရင် "သူ့"အကြောင်းလေးတွေကိုချည်း ... လူသိ၊ လူဟောင်းတစ်ယောက်ထံမှ ကြားလိုသည်။ မရှုပါကတော့ သက်ပိုင်ရဲ့ဆန္ဒကို သဘောကျနိုင်မည် မထင် ...။ အဲဒီလိုလေးတွေကိုချည်းလည်း ကွက်ပြောပေးနေလိုမည်မထင် ...။





အန်တီစပယ်ရဲ့ ခုမှစပြောလာတဲ့ သူ့သားနဲ့ မသက်ပိုင်တို့ နှစ်ဦးအတွက် ... အကြံနဲ့ ဆန္ဒတွေကို သိမထားသေးတာတောင်မှ ... တခြား လူပြော သူပြောများနဲ့တင် ...

"တကယ်လို့ လူပြောများနေတဲ့ကိစ္စဟာ ... တကယ်အတည်သတင်းဆိုရင် ... နင်'ဘူး'ခံငြင်းပစ်လိုက်မယ် မကြံနဲ့နော် သက်ပိုင် ... နင်က နှလုံးသားရေးရာတွေကို ရှေ့တန်းတင်တတ်လွန်းလို့ ငါက ကြိုပြောထားတာ ...

ကိုအေးထွန်းနဲ့ကိစ္စမှာ ... ငါလည်း ဦးနှောက်လည်း ပါကိုပါတာပဲဆိုတာ ... နင့်ကို ကြိုပြောပြထားခဲ့ပြီးသား ...။ ခုတော့လည်း ချစ်လိုက်ရတာမှ တုန်လို့ ...။ နင်လည်း အဲဒီလိုပဲ ခေါင်းလေး ဘာလေး သုံးရင် ကောင်းမယ် ... ငါ ကြိုပြောပါရဲ့"

လို့ လာပြောသွားခဲ့ပြီးသားလေ ...။

မရှုပါ ... လာ,လာပြောပြောသွားသည့် စကားတွေထဲမှာ ...

"ကိုမောင်မြင့်ကြီး ပုံစံက တစ်မျိုးပဲ ... ငါနဲ့ စကားသေချာဆုံပြောဖြစ်ကြဖို့ ... သူ ချောင်းနေတယ်နဲ့ တူတယ် ...။ နဂိုတည်းကိုက သိပ်ဖက်လှဲတကင်း ရင်းနှီးမနေကြတာရော ...၊ ဟိုကိစ္စဖြစ်လိုက်ပြီးမှ ... သူရော ငါပါ ... အလိုလိုရှိန်ပြီး တန်းသွားကြတာရောနဲ့ ...၊ သေချာစကားပြောချင်တယ်လို့ ပြောဖို့ဝေးလို့ ... ခေါ်ပြောနှုတ်ဆက်တော



www.burmeseclassic.com

www.burmeseclassic.com



သိပ်မရှိကြတော့လို့ ခက်နေပုံရတယ် ...။ ပြုံးပြနုတ်ဆက်ချင်ရတာတော့ အမောပဲ ...။

ငါကလည်း သူ့ဘာပြောချလိုက်မလို့လဲ ... ဆိုတာကိုပဲ ကြောက်နေလို့ ... အခွင့်ကို မပေးဘဲ ... ပြုံးပြပြီးတာနဲ့ လစ်ပြေးပဲ လုပ်နေတာ ...။ ဘာပြောချင်တာလဲ ... ဆိုတာကိုတော့ သိချင်သား ...

တော်ကြာ ကိုယ်တွေက ဘယ်သူမှ မသိလိုက်ဘူး ထင်ထားပေမဲ့ ... သူက ကျော်ဇင့် မိန်းကလေး ဘယ်သူဆိုတာကို ကြိုသိနေပြီး ...၊ ကျော်ဇင့် လက်စွပ်ကျတော့ ဘယ်ဆီရောက်သွားပြီလဲ ဆိုတာကျ မသိဘဲ ... နင်ပဲ ရထားသယောင်ယောင် ...၊ ကျော်ဇင် ရုက်လို့ သေရတာဟာ နင့်ကြောင့်ပဲ ယောင်ယောင်တွေ လျှောက်ပြောချလာမှာ စိုးလို့သာ ... ငါက အခွင့်အရေး မပေးဘဲ ... လမ်းပေါက်ကို ဖွင့်မပေးဘဲ ထားထားတာ ..."

ဆိုတဲ့ စကားတစ်ခွန်းကိုတော့ စိတ်အဝင်စားဆုံးပင် ...။ အဲဒါကြောင့်ပဲ ကိုမောင်မြင့်ဟာ သက်ပိုင် အပေါ်မှာ (သူ့ထက် ရာထူး၊ နေရာ မြင့်သွားလို့ မဟုတ်ဘဲ) မြင်လိုက်တိုင်း တစ်မျိုးကြီး ဖြစ်နေလေတာလား။ မသက်ပိုင်မှာ ... ကိုမော်ခန့် အကြောင်းနှင့် ထပ်တူပဲ ... ကိုမောင်မြင့်ရဲ့ အကြောင်းကိုပါ ... သိချင်စိတ်တွေ ဖြစ်နေမိပါတော့သည် ...။

✣ ✧ ✣





ကိုယ့်နံဘေးမှာ ယှဉ်တွဲရက်ကလေး ကပ်ပါလာသော ကလေးမလေးက ဝက်ပေါက်စလေး တစ်ကောင်အတိုင်း ... "အီ" ခနဲ တစ်ချက် အော်လိုက်သည် ...။

"ဘာဖြစ်တာလဲ ညီမလေးရဲ့ ..."

ထိန်ထိန်ကလေးက ပြန်မဖြေပါ ...။ တစ်နေရာကိုပဲ မျက်လုံးရွဲကြီးများနဲ့ စူးပေပေကြီး ကြည့်နေကာ ... လျှောက်လက်စလမ်းကိုလည်း ဆက်မလျှောက်တော့ဘဲ ... တုံ့ခနဲရပ်တန့်လိုက်သည် ...။ မော်ခန့်က ... ထိန်ထိန် စိုက်ကြည့်နေသော နေရာဆီ လိုက်ကြည့်လိုက်လေသည် ...။

"ဩော် ..."

ဘေးနားက စတိုးဆိုင်ငယ်တစ်ခုအတွင်းမှ ... စကားတပြောပြော အေးအေးလူလူပုံစံနှင့် ထွက်လာကြသော နှစ်ယောက်တို့ဟာလည်း ... လမ်းလယ်ကောင်မှာ ရုတ်တရက် ရပ်တန့်သွားသော ... မော်ခန့်တို့ နှစ်ယောက်ထံ အကြည့်တွေ ရောက်လာကြပြီး သူတို့ပါ ... (သတိလက်လွတ်ပုံစံနှင့်) မတ်တတ်ကြီးတွေ ဖြစ်နေကြသည် ...။ မော်ခန့်က မိန်းမပျိုနှစ်ယောက်ကို မေးတစ်ချက် လှမ်းဆတ်ပြကာ ပြုံးပြီးနှုတ်ဆက်လိုက်လေသည် ...။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကတော့ ဘယ်သူလဲ မော်ခန့် မသိ ...။ သို့သော် မော်ခန့်တို့ ဆိုင်ခန်းရှိရာ ငါးထပ်အဆောက်အအုံရဲ့ တစ်ထပ်ထပ်က ကုမ္ပဏီတစ်ခုခုက ဝန်ထမ်းတစ်ယောက်ပဲ ဖြစ်နိုင်တာကိုတော့ ... မျက်မှန်းတန်းမိနေပြီး ... တွက်ဆနိုင်သည်။

နောက်တစ်ယောက်ကတော့ ကျော်ဇင် ... မရှိတော့ချိန်မှစကာ... မေမေ့ဘဝရဲ့ ကွက်လပ်ကြီးထဲ ... အလိုလို ဖြည့်ဝင်၊ ရောက်ရှိလာပြီး ...၊ ခုချိန်မှာတော့ မေမေ့အတွက် မရှိမဖြစ်... အချစ်တုံး ကလေးနေရာထိ ရောက်နေပြီဖြစ်တဲ့ ကလေးမလေး ...။

ထိန်ထိန်ကတော့ ရုပ်ပျက် ဆင်းပျက်ပင် ...။ နေရာတင်ရုပ် ...၊ ကျောပိုးအိတ်ရဲ့ ကိုင်းနှစ်ဖက်ကို ... လက်နောက်ပြန်နဲ့ တင်းတင်းဆုပ် ...၊ ခေါင်းကြီးငုံ့၊ မျက်လွှာကြီး ပြန်လှန်ပင့်တင်ကြည့်ပြီးမှ ... ရှုရှု ... ငှငှကြီးလို လုပ်နေလေသည်။

မော်ခန့်မှာ ကိုယ်နှင့်အတူ ယှဉ်တွဲလာသူက ... အဲလိုကြီးဖြစ်နေပြီး ရှေ့မဆက်တော့သမို့... ကိုယ့်မလည်း ဘယ်လိုမှ ရှေ့မဆက်သာပါ။ တကယ်ဆို ကိုယ့်ဆိုင်က ဝန်ထမ်းတစ်ယောက်ကို တစ်ချက်လောက် လှမ်းနှုတ်ဆက်လိုက်ပြီးရင် ... ကိုယ့်ဘာသာ ကိုယ့်လမ်းကိုယ် ဆက်သွားနိုင်ဖို့ ကောင်းပြီလေ။

"ထိန်ထိန်နဲ့ အသိတွေမို့လို့လား ..."

မျက်စိမျက်နှာက တစ်မျိုးတွေနှင့် သူတို့လည်းပဲ ရုပ်ကြောင်ကြောင်ကြီးတွေ ဖြစ်နေကြသော ... မသက်ပိုင်နှင့် နောက်တစ်ယောက်ကိုလည်း မော်ခန့်က "ဘယ်လိုတွေလဲ"ဟု စတွေးစပြုပါပြီ ...။ ထိုစဉ်မှာပဲ ... မသက်ပိုင်တို့က ကိုယ်လေးယို့၊ ခေါင်းလေးတစ်ချက်ညိတ်ကာ ပြန်နှုတ်ဆက်ကြရင်း ... စတင်လှုပ်ရှား၊ ထွက်ခွာသွားကြတော့သည် ...။





"အဲဒါ ... ထိန်ထိန့်အစ်မဝမ်းကွဲ ..."

"ဩော် ... ဟိုဘက်က တစ်ယောက်လား ...။ အစ်မ ဘာဖြစ်လဲ ... အစ်မပဲ ဒီလောက် ကြောက်ရလား ...။ သူက ထိန်ထိန် ဒီနားမှာ သင်တန်းလာလာတက်နေရတာ မသိဘူးလား ... အစ်မဆိုပြီး နှုတ်တွေ ဘာတွေလဲ ဆက်မသွားပါလား ...။ ဘာဖြစ်လို့လဲ ..."

"ကိုမော်ခန့်ကို The bright lights ကမှန်း သိလို့နေမှာပေါ့"

"သိတော့ ... ! "

"သူက ဟိုးအစောကြီးတည်းက ထိန်ထိန် ဒီဆိုင်ထဲ ဝင်၊ ဝင်ကြည့်,ကြည့်နေတာကို မကြိုက်ဘူး ... တားထားတယ်။ ဒီကြားတည်းမှာ ကိုကျော်ဇင်က ဆုံးသွားတာနဲ့ ...။ အင်း ... အခုလည်း ထိန်ထိန့်ဘေးမှာ ကိုမော်ခန့်ကြီးက တွဲရက်နဲ့ ... သူတော့ ထိန်ထိန့်ကို ဘာတွေ တွေးကုန်တော့မလဲ မသိပါဘူး ...။ သူသာ ရှိနေမယ်မှန်းသိ ... ထိန်ထိန် ဒီနေ့ ဒီလမ်းထဲက မဖြတ်ပါဘူး ... သူကလည်း တိုက်တိုက်ဆိုင်ဆိုင်မှ ရောက်နေရသေးတယ်"

"ဟား ဟား ဟား ... ဘာတွေလဲ ... ရှုပ်နေတာပဲ ... ထိန်ထိန့်အစ်မက ဒီလမ်းထဲ အမြဲရှိတာ မဟုတ်ဘူးလား ... အဲဒီတိုက်မှာ အလုပ်လုပ်တာ မဟုတ်ဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



"အရင်က ဟုတ်ပါတယ် ... ခုတော့ မဟုတ်တော့ဘူး ... ကျွတ် ... ဒီနေ့မှ လာပဲပြန်လည်ရတယ်လို့ ... တိုက်တိုက်ဆိုင်ဆိုင် ..."

"ဟာ ... မဟုတ်သေးဘူး ထင်တယ် ... သူ့ကို နေ့တိုင်းလို အမြဲတွေ့တွေ့နေပါတယ် ..."

"ကိုမော်ခန့်က ဘယ်သူ့ကို ပြောနေတာလဲ ... ဟိုဘက်က အစိမ်းနဲ့ တစ်ယောက်က မရှုပါလေ ... ထိန်ထိန်က သူ့ကို ပြောနေတာ မဟုတ်ဘူး ... ဒီဘက်က အဖြူနဲ့ ... အသားဖြူဖြူနဲ့ကမှ ထိန်ထိန့်အစ်မ ..."

"ဟာ ... မသက်ပိုင်ကို ပြောနေတာလား ..."

"ဟင် ! ကိုမော်ခန့်က ဘာလို့ သူ့ကို သိနေတာလဲ ..."

"သိဆို ... မသက်ပိုင်က ကိုယ်တို့ The bright lights က မဲဟာ"

ထိန်ထိန်သည် နေရာတင် ခြေစုံရပ်လိုက်ပြန်ရင်း မော်ခန့်ကို ပြူးပြူးကြီး လာမော့ကြည့်နေပြန်ပါတော့သည် ...။

"ဟိတ် ! ညီမလေး ...။ မင်းက တစ်ခုခု အံ့ဩထူးဆန်းရင် ... လမ်းလျှောက်တာကို ရပ်ရပ်ပစ်ပြီး ... လမ်းပေါ်တင် ရုပ်ပျက်ဆင်းပျက်တွေ ဖြစ်ဖြစ်နေတတ်တယ် ...။ အဲဒါ မကောင်းဘူးကွ ... သွားရင်း လာရင်း မပျက်ကနေ အံ့ဩလည်း ... ရပါတယ်ကွာ ..."

"ကိုမော်ခန့် ... မသက်ပိုင်က ... ကိုမော်ခန့်တို့ဆီက ! "





"ဟုတ်တယ်လေ ... မေမေ့ရဲ့လက်ထောက်၊ Secretory လည်းဟုတ် ...၊ Admin Manager လည်း ဟုတ်တယ်"

"မသက်ပိုင်က ... ! ... သူက အဲဒီမှာ အလုပ်သွားဝင်တယ် ! ... ဟဲတော့ ..."

မော်ခန့်မှာ ထိန်ထိန့်ရဲ့ ဗလုံးဗထွေး အံ့ဩတကြီး တည်းတည်းတည့်ညံများကြောင့် ... တစ်ခုခုကိုပဲ စိတ်ထဲတစ်မျိုး ဖြစ်လာရတော့မလိုလို ဖြစ်လာပါသည် ...။ တကယ်ဆို မော်ခန့်က ဒီကလေးမလေး ထိန်ထိန်နဲ့ စရင်းနှီး ပတ်သက်ဖြစ်ခြင်းဟာ ညီငယ်ရဲ့ ဘာလား ညာလား ... တစ်ခုခုများ ပတ်သက်နေမလား ရယ်လို့ စုံစမ်းချင်စိတ်နှင့် ...။

ဒါပေမဲ့ စကားပြောဆိုကြည့်လိုက်တော့ ... ထူးခြားပြီး သံသယဖြစ်စရာရယ်လို့ ဘာမှထပ်မတွေ့ရ ...။ သာမန် ... ဈေးသည်နှင့် ဈေးဝယ်သဘော ...။ ဆိုင်ခန်းဖွင့်ထားသူနှင့် လာ၊ လာဝင်ကြည့်သူဆိုတဲ့ သဘောထက် ... ဘာမှမပိုနိုင်မှန်း ရိပ်စားမိလာရတဲ့အခါ "ညီငယ်အတွက် စုံစမ်းဖို့" ဆိုတာကြီးကိုပင် ခေါင်းထဲက ဖျောက်ထုတ်ပြီး ... ကိုယ့်မှာ အသစ်ရလာတဲ့ ... အရွယ်ကွာတဲ့ စိတ်ဝင်စားစရာ သူငယ်ချင်း မိတ်ဆွေလေးအဖြစ် ဲ ပြောင်းသတ်မှတ် ... သဘောထားလိုက်မိတာ ကြာပါပြီ ...။

ကိုယ်သိလိုက်တဲ့ကိစ္စနဲ့ သိပ်မပတ်သက်နိုင်မှန်း သိလိုက်ရတဲ့အခါ ... "ဒါဆိုလည်း ပြီးရောလေ ..."လို့ ပြီးပြီးရော ... သဘောမထားလိုက်နိုင်ဘဲ ... အဲဒီ မပတ်သက်နိုင်တဲ့ အတွက်ကိုပဲ ... စိတ်တိုင်းကျ၊ ကျေနပ်သွားခဲ့ရတာ ... ကိုယ့်ဘာသာကိုယ်အသိ ...။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မိဘကလည်း ပြည့်ပြည့်စုံစုံ၊ နိုင်နိုင်မာမာနှင့် ဒီနိုင်ငံထဲတွင် စီးပွားဖြစ်၊ အခြေကျနိုင်ပါရက် ...၊ သူများတကာတွေက "ဂျပန် ... ဂျပန် ..."ဆိုပြီး တစ်ခေတ်ထတိုင်း ... ငယ်ငယ်ရွယ်ရွယ်နှင့် ... နိုင်ငံရပ်ခြား ရောက်သွားမိသူ မော်ခန့်မှာ ... ရင်းရင်းနှီးနှီး ကျွမ်းကျွမ်းဝင်ဝင် သူငယ်ချင်းမိတ်ဆွေ ဆိုလို့ ... လက်ချိုးရေရလောက်အောင်ပင် ... သိပ်မရှိ ...။

မိန်းကလေး မိတ်ဆွေ ဆိုတာမျိုးကတော့ ပိုလို့ပင် နည်းပါးလှသေးတာမို့ ... ခုချိန်မှာ အရွယ်လည်းမတူဘဲ အသစ်ထပ်ပေါင်းမိလာတဲ့ ... ဒီကလေးမလေးကို ... မော်ခန့်က ... အမှန်ပင် ... ခင်တွယ် ... သံယောဇဉ် ရှိနေမိရပါပြီ ...။

အမှန်ပြောဘာပါ ...။ ညီအလေးနှင့် မပတ်သက်နိုင်ဘူးဆိုတာ သေချာသွားတော့ ... ပျော်တောင် ပျော်သွားမိသေးသည် ...။

ဒါပေမဲ့ ခုကျတော့ ... သူတို့ဟာက ... ကျော်ဇင်နဲ့ ပတ်သက်တယ်ရယ် အတိအကျ မဟုတ်ကောင် ... The bright lights နဲ့ ပတ်သက်လို့တော့ ... သူတို့ညီအစ်မဆိုသူ နှစ်ယောက်ကြားမှာပင် ... တစ်ခုခု ရှိနေပုံနှင့်ပါလား ...။

"ခပ်ဝေးဝေးက မဟုတ်ဘဲ ... ဒီအနီးနားတစ်ဝိုက်က မိန်းကလေးပဲ ..."

ကျော်ဇင့် မိန်းကလေးနဲ့ ပတ်သက်ပြီး ပြောကြတဲ့ စကားတစ်ခွန်းကို မော်ခန့် ခေါင်းထဲ ပြန်စဉ်းစားမိလာသော





အခါ ... မော်ခန့်က ... အံ့သြတကြီး၊ ဗလုံးဗထွေးနှင့် ... သူ့တစ်ယောက်တည်း ရှုပ်ထွေးနေတဲ့ ထိန်ထိန့်ကို ...

"မသက်ပိုင်ကကော ... သူက အစောတည်းက ကိုယ့်ညီနဲ့ အပေါင်းအသင်း မိတ်ဆွေတွေလား ..."

"မသိဘူး ..."

ထိန်ထိန်တော့ "ဘူး"တစ်လုံး ဆောင်လိုက်ပြီ ... ဟု မော်ခန့်က ထင်လိုက်သည် ...။ ဖြစ်နိုင်ချေ မရှိဘူးလား ...။ မသက်ပိုင် ဆိုတာသည် အရင်ကတည်းက အောက်ထပ်ကရုံးက။ ကျော်ဇင် ဆုံးသွားပြီးမှ ... ရုတ်တရက် မေမေ့ဆိုင်ကလေးကို ရောက်လာသည် ...။

သူ့ရုံးမှာ ဘာပြဿနာတစ်ခုခုမှ မရှိဘူးဆိုရင် ... အောင်မြင်ခိုင်မာနေတဲ့ ... အောက်ထပ်က ကုမ္ပဏီကနေ မေမေ့ဆိုင်လို ... ဘာမဟုတ်တဲ့ ဆိုင်ငယ်ကလေးဆီ ... အလုပ်ရွှေ့လာစရာ ဘာအကြောင်းရှိရမလဲ ...။ ဒါဆိုဘာလို့ရွှေ့လာသလဲ ... !။ ရှင်းရှင်းကလေးပဲပေါ့ ...။ "ရွှေ့လာချင်လို့ ..."။

ပြီးတာနဲ့ မေမေ့ကို အံ့သြစရာကောင်းလောက်အောင် သည်းခံပေါင်း၊ အလိုလိုက်၊ အကြိုက်ဆောင် ...။ မော်ခန့်တို့ဆောင်နှမတွေကြားမှာ ဒီကိစ္စဟာ စကားဝိုင်းရဲ့ Topic တစ်ခု ... ပြောစရာ အကြောင်းအရာတစ်ခု ... အဖြစ်ကို ရှိခဲ့ရတာပါ ...။ ပြီး ညာဝါးစားနေတယ် ထင်ရလောက်အောင်ကလည်း မေမေဟာ သူ့အပေါ် မလိုဘဲ အပိုတွေ "ကျ"နေရသူ မဟုတ်ပါ ...



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တစ်ခုကို အသေဖက်တွယ် အလိုရှိနေရမှာမို့ ဟု ထင်ရအောင်ကလည်း ... သူ့အရည်အချင်းနဲ့ ဘယ်နေရာမှာမဆို မေမေ့ ဆိုင်ငယ်လေးထက် သာတဲ့ အလုပ်မျိုးချည်း ရနိုင်ပြီး ... သက်ပိုင်ရဲ့နောက်ခံဘက်ဂ်ရောင်းဟာလည်း ..."အလုပ်တစ်ခုမှ မရမဖြစ်"ဆိုတာမျိုး မဟုတ်ဘဲ ခပ်တောင့်တောင့်ထဲကဆိုတာ ... သိကြပြီးသား ...။

မော်ခန့်တို့ မောင်နှမတစ်သိုက်ဟာ ... ဟိုလိုလုည့်တွေးလည်း မဟုတ် ...၊ ဒီလိုစဉ်းစားတော့လည်း မဖြစ်နိုင်ပြန်နဲ့ ... ကိုယ့်အမေအတွက် သိပ်ကောင်းလွန်းနေတာကလွဲပြီး ... ဘာအပြစ်မှလဲ ရှာမတွေ့နိုင်တဲ့အခါ ... "မေမေ့ကုသိုလ်ကံကိုက ကြီးလွန်းလို့ ... ကွက်လပ်ဖြည့်မဲ့သူ အလိုလို ရောက်လာတာနေမှာပေါ့ ... ဘုရားပေးတဲ့ လက်ဆောင် ..."ရယ်လို့ပဲ လွယ်လွယ် သဘောထားလိုက်ကြရတော့တာ ...။

ခုတော့ ... အဲဒီ ဘုရားပေးတဲ့လက်ဆောင် မိန်းကလေးဟာ ... ကိုယ့်အမေရဲ့ ကုသိုလ်ကံက ကြီးလွန်းလို့ ဆိုတာထက် ... သူကိုယ်တိုင်ကိုက ... အဲဒီကွက်လပ်ကြီးကို ... တမင်သက်သက် ဖြည့်ချင်လွန်းလို့ ရောက်လာခဲ့ရတာမျိုးရော ... မဖြစ်နိုင်ဘူးလား ...။ အဲဒီလိုဆိုလို့ရှိရင်လည်း ... မော်ခန့် အနေနဲ့က သိချင်နေမိတာ တစ်ခုကို မမျှော်လင့်ဘဲ သိလိုက်ရတာမျိုးကလွဲပြီး ... ဘာပြဿနာမှ မရှိဘူးလို့ ... ဆိုရမှာပင် ...။





ဒါပေမဲ့ ပြဿနာက ... အဲဒီလောလောလတ်လတ်လေးအတွက်သာ ..."မရှိပါဘူး"လို့ တွက်နိုင်လိုက်တာ ... ထိန်ထိန့်ကို သင်တန်းအောက်ထပ်အထိ လိုက်ပို့ပေးခဲ့ပြီး ... ဆိုင်ပေါ်ပြန်ရောက်လိုက်တာနဲ့ ရှိနေနှင့် ... စောင့်နှင့်နေ ... ရှိနေသည်နှင့်ကြုံလိုက်ရပါတော့သည် ...။

"မော်ခန့် ... မေမေ့ကို ဗိုလ်တထောင်ဘုရားကို လိုက်ပို့စမ်းပါ ..."

"အာ ... မေမေ နေကောင်းရဲ့လားလို့ ... ဒီနားရောက်တုန်း ခဏဝင်ကြည့် နှုတ်ဆက်ရုံပဲ ... ဆိုင်ပြန်တော့မလို့ဟာကို ... ဒီနေ့ ကာရာအိုကေဆိုင်သစ် တစ်ခုအတွက် စက်တွေပို့ပေးရင်း ဆောင်းဘောက်စ် အထိုင်တွေ လိုက်ချိန်ပေးမဲ့အဖွဲ့နဲ့ လိုက်ခဲ့ပေးမယ်လို့ ချိန်းထားတာတစ်ခု ရှိနေတယ် ... ဦးချစ်စိုးနဲ့ပဲ သွားလိုက်လို့ မရဘူးလား ... မားသားရာ ..."

"မင်းဆိုင်က မင်းအတွက် မင်းတောင် ခဏတဖြုတ် ပစ်ထားခဲ့ပြီး ထွက်လာလို့ ရနိုင်သေးရင် မေမေ့အတွက်လည်း နောက်ထပ် ခဏတဖြုတ် လောက် ထပ်ပစ်ထားနိုင်လို့ ရ,ရမှာပေါ့ ... မဟုတ်ဘူးလား ..."

ကွိုင်ပဲ ...။ သတင်းက အတိအကျလောက်နီးပါး န်ရောက်ပြီးပြီ ထင်ပါရဲ့ ...။ နည်းနည်းတော့ အံ့သြပါသည်။ ထိန်ထိန်ရဲ့ အစ်မဝမ်းကွဲ တစ်ယောက်အနေနှင့်ဆိုလျှင် ... သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့သည့် ကိစ္စကို မေမေ့ထံ ပြန်ပြောဖြစ်ဖို့ ... ဒီလောက်လွယ်သလား ...။

မော်ခန့်သာ ဆိုရင်တော့ ... ဘယ်လိုမှန်းလဲ သေချာမသိသေးသည့် အခြေအနေတစ်ခုမှာ ... ညီမဖြစ်သူအတွက်လည်း ငဲ့ကြည့်ပေးမိဦးမည် ဖြစ်သလို ...၊ ဘာမှန်း မရေသချာဘဲနဲ့လည်း အလုပ်ရှင်တစ်ယောက်ကို ... စိတ်အနှောင့်အယှက်ခံပြီး သတင်းပို့၊ အကြောင်းကြားမိဦးမည် မဟုတ်ပေ ...။

ဒါပေမဲ့လည်း ... ကိုယ်နဲ့ချည်း နှိုင်းတွက်လို့ မရနိုင် ...။ မသက်ပိုင်နဲ့ မေမေတို့ရဲ့ ဆက်ဆံပတ်သက်ပုံက သာမန် အလုပ်ရှင် အလုပ်သမားထက် ပိုကောင်း ပိုနေတာတွေရှိနိုင် ကြောင်းကိုပါ ထည့်တွက်ထားမှ ဖြစ်မည်လေ ...။

မော်ခန့်မှာ ... တကယ်ဆို ... မွေးမိခင် ရှိနေသည့် ဆိုင်အပေါ်ထပ်သို့တောင်မှ (ဒီကနေ့)တက်သွားဖြစ်ဖို့ သိပ်စိတ်ကူး ရှိမထားခဲ့တာပါ ...။ ထိန်ထိန်လေးရဲ့ ...င်တန်းနေ့ ဖြစ်နေလို့သာ ... ပုံမှန်ဝတ္တရားမပျက် ... ဒီအချိန်လောက်ကလေး အသာလစ်လာခဲ့ ခြင်းဖြစ်ပြီး ... ပြီးတာနဲ့ မပြတ်နိုင်သေးတဲ့ ... ကိုယ့်အလုပ်ရှိရာ ဆိုင်သို့ပဲ ... တိုက်ရိုက် ပြန်လစ်ဖြစ်တော့ဖို့ ...။

သို့ပေမဲ့ ... တွေ့တဲ့လူကလည်း တန်းတွေ့သွားပြီ ဖြစ်ပေရာ ... တော်တော်ကြာ ... ဘာမှမပြောဘူးပဲထား ...။ "ကိုမော်ခန့်နဲ့တောင် အောက်မှာ တွေ့ဖြစ်ခဲ့သေးတယ် ..." စသဖြင့် တစ်ခွန်းလောက်နဲ့တင် ... မားသားက ရင်ထဲမကောင်း





တွေ ဘာတွေ ဖြစ်လာတော့မည်မို့ ... ခဏလေး ဟန်မပျက် ... ချက်နှာပြ ... တက်ခဲ့ရခြင်းဖြစ်ရာ ... ခုတော့ဖြင့် "ဗွီ"ပြီ ...။

ကားပေါ်ရောက်ကြအပြီး မားသားက ဗိုလ်တထောင် ဆိပ်ကမ်းသို့ တကယ်မသွားဘဲ ကားပေါ်တင် စကားပြောလို၍ ဖြစ်ကြောင်းကိုပါ သိလိုက်ရသောအခါ ... ထင်ထားတာထက် ဆောင် ပို"ဗွီ"နေကြောင်းကိုပါ ရင်ဆိုင်ကြုံတွေ့လိုက်ရတော့တာ။

ကိုယ့်ဆိုင်က မိန်းကလေး တစ်ယောက်သည် ... (ကိုယ်က ညီလေးနှင့်ပတ်သက်သူဟု အထင်မှားခဲ့မိသော) ထိန်ထိန် နှင့် ညီအစ်မဝမ်းကွဲ ဖြစ်နေလေတာ... ကိုယ့်ဘက်ကတော့ ဘာမှ ပြဿနာမရှိ။

ထို့ထက်ပို၍ ... အဲဒီမိန်းကလေးကမှ ညီလေးနဲ့ ပတ်သက်သူ အစစ် ... ဖြစ်နေပြန်ရင်လည်း ကိုယ်ကတော့ ... ဘာမှ ပြောစရာမရှိ ...။ ဒီလိုတွက်ခဲ့မိပေမဲ့ ... ထိုမိန်းကလေး အနေနှင့်ကတော့ သူ့ညီမနှင့်ကိုယ့်ကို တွဲရက်ကြီး မြင်လိုက်ရ ခြင်းအတွက် ပြဿနာများစွာ ရှိခဲ့ပြီ ...။

"အရင်ကတော့ ... ဇော်နိုင့်ရဲ့ အိမ်ထောင်ရေးကလည်း ကိုယ်လက်ခံနိုင်တဲ့ အနေအထားအတွင်းမှာ ဖြစ်ခဲ့တယ် ... မော်ခန့်ကျတော့လည်း ဘယ်လိုမဆို လူကြီးဆန် အနေမှန် တဲ့အတွက် ... မေမေ့အနေနဲ့ ပူစရာ ဘာမှမရှိနိုင်ဘူးလို့ မြင်ခဲ့တဲ့အတွက် ... ကျော်ဇင်ကလေးကိုပဲ မေမေက စွတ် ပူတယ် ... ဆောင့်ကြည့် ရင်မနေခဲ့ရတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ခု ကျော်ဇင် မရှိတော့တဲ့ အခါကျတော့ ... မော်ခန့်ကို မေမေက ... မော်ခန့် တစ်ယောက်တည်းအတွက် ရွေးချယ်ချက်အနေနဲ့ ဆိုရင်တော့ ပူစရာ၊ ပြောစရာ မရှိနိုင်ပေမဲ့ ..."မေမေ့အတွက်ကော"လို့ပါ ထည့်တွက်မိမယ်ဆိုရင်တော့ မေမေ သိပ်ပူပင်နေရတယ် မော်ခန့် ...

မေမေ့ကို ... ကိုယ့်ဖို့ကိုယ်ပဲ ကြည့်တတ်တဲ့ အတ္တသမား၊ လောဘသမားကြီးလို့ ထင်ရင်လည်း ထင်ပါ ...။ ကျော်ဇင် မရှိတော့တဲ့ အချိန်မှာ မေမေ့ရဲ့ အိုချိန် နာချိန်အတွက် မေမေက မော်ခန့်ကိုပဲ မှန်းမြင်ထားနိုင်လို့ ...၊ အရင်က မပူခဲ့ရတဲ့ "မော်ခန့်ရဲ့ အိမ်ထောင်ရေး"ဆိုတာကို စဉ်းစားလိုက်တိုင်း ... မေမေ သိပ်ပူတယ် ..."

"မေမေ ပြောနေပုံတွေက ... သူများကြားရင် ... ကျွန်တော်က မေမေ့အတွက် ဆိုးရာဆိုးကြောင်း လမ်းကြောင်းတွေကို လျှောက်လုပ်နေပြီလို့ အထင်မှားသွားနိုင်လောက်စရာတွေ တောင်မှ ဖြစ်နေတယ် ... မေမေ ..."

"မင်းကို အရွယ်ချင်းမမျှတဲ့ ... လက်တောက်လောက်ကလေးနဲ့မှ တွဲနေလေရဲ့ဆိုတဲ့ သတင်းမျိုး ... မေမေကြားနေရတာ ကြာပြီ ...။ အဲဒီတည်းကိုက ဘာမှန်း ညာမှန်းမသိသေးဘဲနဲ့တောင် ရင်မအေးရတာ ... ခုတော့ ... အဲဒီကလေးမလေးဟာ ... ဆွေမျိုးအုပ်ထဲမယ် ဘယ်လူကြီးမိဘနဲ့မှ မတည့်တဲ့ ရွယ်တူဝန်းကျင်တွေနဲ့လည်း အဆင်မပြေတတ်တဲ့ ... အော့ကြောလန်တဲ့ ...





စကားအပြောအဆိုမှာ ငွကျ၊ ကျယ်လောင်၊ မာကြမ်းပြီး ... နေပုံထိုင်ပုံကကျတော့ ... ဟော့ရှော့ဆို ...။ အမြဲတမ်း ဘောင်းဘီတို၊ ရှည်တွေနဲ့ပဲ မချွတ်တမ်း တွေ့ရတတ်တဲ့သူမျိုးဆို ...။ စိတ်ထဲရှိ ရှိသလို ... စိတ်ထင်တိုင်းကောက်ကက်လုပ်ပစ်လိုက်တတ်တဲ့ ... ထင်ရာကြီ ... စိတ်သွားတိုင်းကိုယ်ပါ ... ဖြစ်နေတတ်တဲ့ သူမျိုးဆို ...။

ဒါတောင် ... စိတ်နေ စိတ်ထား၊ မိဘမျိုးရိုး ဘာဘာညာညာတွေ ... မေမေ ဆက်မမေးရသေးပါဘူး မော်ခန့်ရယ်။ ဒီလောက်နဲ့တင် ... မင်းကတော့ သည်းခံချင်လည်းခံနိုင်နေမှာပေါ့ ...။ မေမေ့ အဖို့ကတော့ သူနဲ့အတူ အိုဖို့ နာဖို့ အရေး စိတ်မှ ဒုန်းဒုန်းချနိုင်ပါ့မလား ... မော်ခန့်ရဲ့ ..."

မေမေပြောတဲ့ အချက်သုံးချက်မှာ ပထမတစ်ချက်ကတော့ မကြုံသေးလို့ မပြောတတ် ...။ နောက်နှစ်ချက်ကတော့ ဟုတ်သလိုလို ရှိနေတာတွေချည်းပဲမို့ မော်ခန့်က မျက်မှောင်ကြီးကုတ်ပြီးသာ နေမိပါသည်။ စာဒကတက် ... အယူခံဝင်၊ ဖြေရှင်းလို့ကတော့ မရမဟုတ် ... ရနိုင်တာပေါ့ ...။

လူတစ်ယောက်ရဲ့ Character ကို သူ့ ဘောင်းဘီဝတ်မဝတ်နဲ့ ဆုံးဖြတ်လို့မရ နိုင်သလို ... စိတ်ထင်တိုင်း ကောက်လုပ်တတ်တဲ့ စိတ်သွားတိုင်းကိုယ်ပါ ... ဆိုတဲ့ အပြုအမူများဟာလည်း ... ဘယ်လိုနေရာ၊ ဘယ်လိုအခါတွေမှာလဲ ... ဆိုတာကလည်း ... အများကြီး "တာ" သွားသေးတာပင် ...။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ပူပင်လုံးကြီးနေတဲ့ မိခင်ကြီးနဲ့ ပြိုင်ငြင်းပြီး ... ရှေ့နေလိုက်ရတာမျိုးကို ... လုပ်သင့်ပြီလား ...၊ လုပ်ဖို့လိုအပ်သလား ... ဆိုတာကို ... ကိုယ့်ဘာသာ မဆုံးဖြတ်ရသေးတဲ့အတွက် ... မော်ခန့်က မစဉ်းမစားဘဲ အရမ်းမပြောမှုလိုပါပေ။ မိခင်ကြီးအတွက် ... ဒါဟာ အင်မတန်မှ အရေးပါလှတဲ့ Scrious Case တစ်ခု ဖြစ်နေတာလည်း ... ကိုယ်က နားလည်သည်။ ဒီတော့ အယူခံဝင်သင့်တယ် ... ဝင်လို့ရတယ် ... ဝင်ချင်ပြီ ... ဆိုရင် ဝင်မည် ...။ ခုလောလောဆယ်တော့ ... အဲဒီကိစ္စတွေနဲ့ ပတ်သက်လို့ ... ပိတ်ပိတ်ကလေးပဲ နေ့နေဖို့သာ ဆုံးဖြတ်မိပါသည်။

ဒါပေမဲ့ ပိတ်မနေနိုင်လောက်သည့် လောလောဆယ် ကိစ္စကတော့ သပ်သပ်။

"မေမေ့ကို အဲဒီအကြောင်းတွေ ... မသက်ပိုင်က ပြောပြတာပေါ့နော်"

"ဟာ ... စိတ်ပူလောက်စရာ မဟုတ်သေးပါဘူး ... မေမေရဲ့ ... ဘာဆိုင်လဲ ... အဲဒီကလေးမလေး ဆိုတာနဲ့က ကျွန်တော်နဲ့ သာမန်မိတ်ဆွေတွေ ခင်မင်ရာ ခင်မင်ကြောင်းတွေပါ ...။ မေမေ ပူပန်နေရမဲ့ အနေအထားမျိုးမှာ မဟုတ်ပါဘူး ..."

ဘာဘာညာညာ ... စသဖြင့်သော ငြင်းဆိုသံများကိုသာ မျှော်လင့်ထားပုံရသည့် မိခင်ကြီးမှာ မျက်နှာလေး မသာမယာပင် ဖြစ်သွားပါသည်။ ပြီးမှ ခေါင်းတစ်ချက် အသာညိတ်ပြသည်။





"သူက ဘာဖြစ်လို့ ... အဲဒီလို မကောင်းသတင်းပေါ့နော် ... ဟုတ်သည်ရှိ မဟုတ်သည်ရှိ ... မေမေ့ကို ပြောပြလိုက်ချင်ရတာလဲ မသိဘူး ..."

"ဒါကတော့ မေမေက သူ့ကို စုံစမ်းခိုင်းထားမိတာပါ မော်ခန့်ရဲ့ ... သူကလည်း သူသိလာပြီဆိုတဲ့ အခါမှာကျတော့ ... ပြောပြရတော့မှာပေါ့ ..."

"မဟုတ်ဘူး ... ကျွန်တော် ပြောချင်တာက ... မေမေ့အပေါ်မှာ သူက အဲဒီလောက်ကြီးတောင် စစ်စစ်မှန်မှန် သဘောထားနိုင်နေကာမျိုးလား ...။ ဒါမှမဟုတ် ... သူတို့ချင်း ကြားမှာများ ဘာပြဿနာများ ရှိနေနိုင်မလဲလို့ ..."

"ဘာဆိုင်လဲ ... ဘာလို့ပြဿနာက ရှိရမှာလဲ ... မော်ခန့်နဲ့ တွဲနေတဲ့ မိန်းကလေးတစ်ယောက်ရှိတယ် ... ဆိုတာတောင် မေမေပြောမှ သူ သိတာ ..."

"ဟုတ်ပါလိမ့်မယ် ... ဒါပေမဲ့ မေမေ့ကို တစ်ခုတော့ သူ ပြောမသွားဘူး မဟုတ်လား ...။ အဲဒီ သူပြောသွားတဲ့ စိုးရိမ်စရာဆိုတဲ့ ကောင်မလေးဟာ ... သူနဲ့ တစ်ဝမ်းပဲကွဲတဲ့ သူ့ညီမပဲ မေမေရဲ့ ..."

မေမေက မျက်မှောင်ကြီးကုတ်ကာ မော်ခန့်ကို လှည့်ကြည့်လာပါသည်။ မော်ခန့် ကိုယ်တိုင်ကလည်း ... မေမေ့လိုပဲ မျက်မှောင်ကုတ်ကြီးနှင့်ပင် ဖြစ်သည်။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

ငယ်စဉ်တောင်ကျေး ကလေးဘဝ လူမှန်းသိတတ်ကာစ အရွယ်တည်းကစလို့ ခုချိန်ထိ … ထိန်ထိန့်ရဲ့ မဟုတ်ကဟုတ်က … ဗရုတ်သုတ်ခ အပြုအမူ မှန်သမျှကို … လူကြီးမိဘများထံ အရောက်ပို့ တိုင်တန်းတတ်စမြဲ … မသက်ပိုင်ရဲ့ အကျင့်ကြောင့် …“မြို့ထဲမှာ ပက်ပင်းကြီး ဆုံလိုက်ကြတဲ့ကိစ္စ” သည်လည်း … ညနေဘက် အိမ်အပြန်လောက်မှာတင် … သတင်းရောက်ပြီးသားပဲ … ဟု ထိန်ထိန်က ခန့်မှန်းနိုင်ပြီး ဖြစ်ပါသည်။

တကယ်လည်း ထင်သည့်အတိုင်းပင် …။ ထိန်ထိန့်ရဲ့မေမေဟာ ဒီတစ်ခါတော့ ဆုံးမဖော် ဆုံးမဖက်တွေ ဖြစ်ကြတဲ့ ယောက်မနဲ့ အစ်မကြီးဖြစ်သူတို့ကို အဖော်ခေါ်မနေတော့ဘဲ … သူ့တစ်ယောက်တည်း အတွင်းကျိတ် … မိုက်ခေါက်တွေ၊ လက်မောင်းတွေ ကျိတ်လိမ်ကာ …





“ညည်းက ဘယ်လို ဖြစ်ရတာလဲဟင် … ကိုကိုကြီးတို့ … မသက်ပိုင်တောင်မှ ဘာသတင်းမှ မကြားရသေးဘူး … ညည်းက ဖွဲဆော်ဦးအရင် …။ ပြောစမ်း … ဘယ်ကကောင်လဲ”

မေမေပြောတဲ့ “ကိုကိုကြီးတို့”ဆိုတဲ့ အစိပ္ပာယ်ကတော့ … မောင်နှမဝမ်းကွဲ လေးယောက်ထဲမှာမှ အကြီးဆုံးဖြစ်သူတောင် … အိစီကလိ … မကြည်တကြည်များကလွဲရင် … အဝါည်တကျ ရည်းစားသနာနဲ့တော့ မဟုတ်သေးဘူး … ဆိုတဲ့သဘော …။

“မသက်ပိုင်တို့”ဆိုတာကတော့ …“အသက်ကြီးတဲ့ အစ်မဖြစ်သူတောင်”လို့ ဆိုလိုခြင်း ဖြစ်ပုံမရ …။ ဟိုလူကကြိုက်၊ ဒီလူကလိုက်၊ လူကြီးမိဘချင်း မြန်းသူကမြန်း …၊ ဘစ်ဆင့်စကားနဲ့ လေသံပစ်သူက လှမ်းပစ် …။ ဤသို့ ဤပုံ … ကြိုက်သူ ချစ်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ … သူတောင် … ခုထိ ငြိမ်သက်နေဆဲ … ဟုသာ ဆိုလိုပါသည် …။

“ကလေး … ကလေးနဲ့ … ကြားထဲက ထိုးပြီး ဖွဲဖောက်တာ … တောက်”

“အား … မေမေ … နာလှပြီ …”

“နာနာ …။ ပြောစမ်း … ရတ်ရတ် … ရတ်ရတ် ဆိုရင် ညည်းသင်တန်းတွေအားလုံး တစ်ခုမှ ဆက်မတက်ရဘူး … အားလုံး ရပ်ပစ်ပြီး … အိမ်ထဲမှာပဲ နေရမှာနော် … ထိန်ထိန် … ဘာမှတ်နေလဲ …”



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... အဲဒါ ဘာမှမှမဟုတ်တာကြီး ... သူငယ်ချင်း မိတ်ဆွေကို ..."

"ဘာ ... ညည်းထက် ဆယ်နှစ်လောက်ကြီးတဲ့ သုံးဆယ်ကျော်ကြီးနဲ့ ညည်းနဲ့က သူငယ်ချင်း ... ဘယ်လိုလုပ်ဖြစ်နိုင်မလဲ ..."

"မေမေကလည်း ... ဆရာဦးအောင်ကျော်ရဲ့ အသိမိတ်ဆွေဆိုတော့ သင်တန်းကို လာရင်း၊ လည်ရင်းနဲ့ သမီးနဲ့လည်း သိ ..."

"ဘာသိစရာရှိသလဲ ... သူ့ဘာသာ ကိုယ့်ဆရာဆီလာတဲ့ ကိစ္စမှာ ..."

"ဒီလိုပဲ သိကြတာပဲ ... ထိန်ထိန် တစ်ယောက်တည်းနဲ့မှ မဟုတ်တာ"

ထိန်ထိန်က အဖြေလေးစွက်ဖို့ ကြိုးစားသည်။ သို့သော် မေမေနဲ့ကတော့ ဒါမျိုးမရ ...။

"ဒါပေမဲ့ ... တွဲလျှောက်တာကတော့ ညည်းတစ်ယောက်တည်းနဲ့ပဲ မိထိန်ထိန် ... တစ်ခါလည်း မဟုတ် ...၊ နှစ်ခါလည်း မဟုတ် ... သင်တန်းချိန်ရှိတိုင်း အမြဲဆို ...။ ကြည့်စမ်း ... ငါ အခုမှ ရဉ်းစားမိတယ် ... ညဘက်၊ ညဘက် လာ,လာနေတတ်တဲ့ ဖုန်းတွေကကော ...။ ညည်းလောက် အာပြတဲ့မိန်းမက ... အဲလိုအချိန်များဆို ... တိုးတိုး ... တိုးတိုးနဲ့ ...။ အဲဒါလည်း ဒါပဲ မဟုတ်လား ..."





"မေမေ ... သူနဲ့ ထိန်ထိန်နဲ့ သမီးရည်းစား မဟုတ်ဘူး ... ကြိုက်မနေကြပါဘူး ..."

"အမယ်လေး ... ကြည့်စမ်း ... ပြောရဲလိုက်တာ ...။ ဒါဖြင့် ဘာလို့ ... မြို့လယ်ကောင်မှာ လမ်းတွဲတွဲလျှောက်ကြသလဲပဲ ... ညတိုင်း ညတိုင်း ... တိုးတိုးကျိတ်ကျိတ် ဖုန်းပြောကြသလဲဟဲ့ ..."

မေမေ့ ဗိုက်ခေါက်အဆွဲက အတော်ကြီး နှာလွန်းလျှင် ထိန်ထိန်က "အား ..."ဟု အကျယ်ကြီးပဲ အော်ဟစ်လိုက်ပါသည်။ ထိန်ထိန့်ရဲ့ အော်သံကြောင့် မယှမ်းမကမ်းမှာ စာအုပ်ဘစ်အုပ်နှင့် ရှိနေပြီး ... ဘာမှဝင်မစွက်သေးသည့် ဖေဖေက ... "မေမေရေ"ဟု လေအေးလေးနှင့် လှမ်းခေါ်လိုက်ကာ ...

"ခေတ်ဆိုတာ ရှိပါသေးတယ် မေမေ ... မင်းတို့ ကိုယ်တို့ ခေတ်တွေကလို လမ်းပေါ် နှစ်ယောက်တွဲသွားတိုင်း၊ စကားလက်ဆုံကျနေကြတိုင်း ... ဝိုင်းသမုတ်ပြီး လူအထင်သေးခံရတတ်တဲ့ အနေအထားမျိုးတော့လည်း မဟုတ်တော့ပါဘူး ...။ အဓိကအရေးကြီးတာက ကိုယ့်သမီးရဲ့အပေါင်းအသင်း မိတ်ဆွေက ဘယ်လိုလူစားလဲ ဆိုတာပါပဲ ...

မိတ်ဆွေအဆင့်လည်း မဟုတ်တော့ ...၊ ချစ်သူရည်းစားတွေရယ်လည်း မဟုတ်ကြသေးတဲ့ ... 'လှေလာနေသူအဆင့်'တွေလည်း ဒီခေတ်ကြီးထဲ အများကြီး ရှိနေကြပြီ မေမေရဲ့ ...။ ကိုယ့်သမီးကိုယ် သေချာလေး မေးပါဦး ...။ အလကားနေရင်း ... ကလေးကို အသားမနာပါစေနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



အေးလေ ...။ ဖေဖေကမှ အဖေဖြစ်ရက် ခေတ်မီသေး ...။ ဖေဖေကတော့ အဲဒီလိုပင် ...။ တစ်ခါတလေကျ ... အိမ်ကကားနဲ့ နေရာတိုင်း လိုက်မပို့ပေးနိုင်ဘဲ ဘတ်စ်ကား၊ တက္ကစီ စသဖြင့်တွေကိုလည်း တစ်လှည့် အားကိုးနေရတဲ့ သမီးကို ...(ခေတ်မီ ခေတ်ဆန်စွာ ဝတ်စားချင်ပါသည်ဆိုရင်) ပေါင်လည်လောက် မီနီစကတ်၊ ဒူးခေါင်းလောက်စကတ်တို့ စကတ်ကရှည်တော့ ရှည်ပေမဲ့ ... နောက်ကခွဲထားလိုက်ဟာက ဒခေါက်ခွက်ကျော်ကျော် ... စတာတွေ ဝတ်ဆင်သွားဖို့ထက် ... ဂျင်းဘောင်းဘီလေးတွေကို အရှည်၊ တူးသာ့ဒ် စသဖြင့် ဝတ်ဆင်ခွင့်ပြုထားခဲ့သူ ...။ ခေတ်နဲ့ညီတဲ့ ဖေဖေပင် ...။

ထိန်ထိန်က ဖေဖေ့စကားကြောင့် ... အစ်ကိုကြီးရဲ့ ကောင်းကွက်မှန်သမျှကို ရှာကြံပြီး လျှောက်ပြောပြလိုက်သည်။ သမီးအလိမ္မာတုံးလေးပေမို့ ... မဟာဗန္ဓုလပန်းခြံလမ်းက ဆိုင်ကိုသာ ထည့်ပြောပြီး The bright lights ကိုတော့ ... ယခင်ကကိစ္စတွေကိုပါ ပြန်ဆက်စပ် မှတ်မိသွားမှာ စိုးသဖြင့် ထည့်မပြောပေ။ သူကလည်း ကိုယ့်အပေါ် မရိုးမသား ... ဘာဘာညာညာ ဘာတစ်ခွန်းမှမရှိ ... မပြောရသေးပါဘူး ဆိုတာပါ ပြောပြလိုက်သည် ...။

"ကြည့်စမ်း ... ဒါဖြင့် ညည်းအဖေပြောသလိုဆို ... သူကလည်း ဘာလိုလိုနဲ့ ကိုယ့်ကို လာလေ့လာနေသူတစ်ယောက်ကော ... မဖြစ်နိုင်ဘူးလား"





"လေ့လာပါစေလေ မေမေ။ ဒါလည်း သူ့အခွင့်အရေးနဲ့သူပဲ မဟုတ်လား ... ယောက်ျားလေးတွေ အဖို့မှာလည်း ဒီမိန်းကလေးတစ်ယောက်ကို မြင်တယ် ... ခင်မင်ကြတယ်ဆိုရင် ... သူ့ဘဝအတွက် တော်၏ မတော်၏ကို ... ဘာမှ နှုတ်လွယ်လွယ်နဲ့ ကြိုပြောမထားသေးဘဲ ... ချင့်ချိန်လေ့လာကြည့်နေနိုင်ခွင့် ... ရှိတာပဲလေ ...။ မဟုတ်ဘူးလား ...။ တကယ့်သေချာအောင် လုပ်ချင်စိတ်ရှိသူဆိုရင် ပိုတောင် အမှတ်ပေးသင့်သေးတယ် ထင်တာပဲ ...

အဲဒီလို ကိုယ့်ကို အနီးကပ် လာလေ့လာချင်နေတဲ့ ယောက်ျားလေးတွေကို ... ဘယ်လိုလူမျိုးကိုတော့ လက်ခံပေးထားမယ် ...။ ဘယ်လိုလူမျိုးကိုကျတော့ ... စလာကတည်းကကို အကပ်မခံဘဲ ... တားဆီးထားလိုက်မယ် ... ဆိုတာကကျတော့ ... အသိဉာဏ်ရှိတဲ့ မိန်းကလေးတွေရဲ့ ကိုယ်ပိုင်ဦးနှောက်နဲ့ ဆုံးဖြတ်ကြရမဲ့ ... အချက်ပဲ ..."

"ရှင်ဟာလေ ... ကလေးကို မြှောက်,မြှောက်ပေးတဲ့စကားမျိုး သိပ်ပြောချင်တယ် ...။ ဒီမယ် ... ဦးခေတ်မီကြီးရဲ့ ... အဲဒီလို လာလေ့လာသွားပြီးမှ ... ကိုယ့်ကိုမဟန်ဘူး ... မစွံဘူးလို့ သဘောထားပြီး ... ဘာမှရှေ့မတိုးတော့ဘဲ ... အသာ နောက်ဆုတ်လှည့်ပြန်သွားပါပြီတဲ့ ... နေရင်းထိုင်ရင်း ..."သူ့ချန်ရစ်ကြီး"ဖြစ်ခဲ့ရမယ် ... မိန်းကလေးမှာ ... သိက္ခာမမဲ့ပေဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



"မမဲ့ပါဘူး ... 'ငါချန်ပစ်ခဲ့တာကွ ...'လို့ လျှောက်ပြော နေမဲ့သူမျိုးကိုမှ ... စကတည်းက အကပ်ခံမိရင်တော့လည်း တစ်မျိုးပေါ့ ...။ ဒါမျိုးလူ ဆိုရင်တော့ ... မိန်းကလေးက ကိုယ်ပိုင်ဉာဏ်နဲ့ အစောတည်းက ဖယ်ထား ...။ ဒါမှ မဟုတ် တဖြည်းဖြည်း ပေါင်းကြည့်ရင်း အကြောင်းသိလာ ရရင် ... သိတဲ့အချိန်ကစပြီး ကိုယ်ကစလို့ စခွာ ...။ ဒီလို လုပ်ရုံပဲလေ ...

နို့မို့ဆိုရင်တော့ ... အချင်းချင်း လေ့လာကြတာဟာ ... ရည်းစားထားလိုက်ကြတာ မဟုတ်ဘူး ...။ သူ့ခည်းကိုယ့် စည်းနဲ့ သီးသီးသန့်သန့်ပဲ ဆိုရင်တော့ နောင်မှမဖြစ်နိုင် တဲ့ ... ဆက်စပ်လို့ မရနိုင်တဲ့သူချင်း ... ဖွတ်တိုးကြတာ ထက်စာရင် ... ဘာမှမဟုတ်ကြခင် ... သူခွာ၊ ကိုယ်ခွာ ...။ ဘာမှ သိက္ခာမမဲ့ပါဘူး ... ပြန်တွေ့ကြရင်လည်း ... ခင် မင်တဲ့ မိတ်ဆွေတွေသဘောပဲ ...

ခု ... မေမေ့သမီးရဲ့ အရွယ်မတူတဲ့ မိတ်ဆွေသစ် က ... ကြားရသလောက်လေးနဲ့ကတော့ အပြစ်ပြောလို့မရ နိုင်သေးဘူး ...။ သူ့ဘက်က ဘာမှတောင် ပြောဆိုမထား ရသေးဘူး ဆိုတော့ ... သူဆုံးဖြတ်သာ၊ ကိုယ်ဆုတ်သာ ...။ အခြေအနေတောင် ကောင်းတယ် ...။ သူ့ဘက်က ဖွင့် ပြောထားရင်တောင် ..."ပြန်စဉ်းစားမလား ... မစဉ်းစား ဘူးလား"ဆိုတဲ့ မေးခွန်းတစ်ခုနဲ့ ... ကိုယ့်ဘက်က လေ့





လာချိန်ကို ဆွဲနေလို့မရ ... အချိန်နည်းသွားတာမျိုးတောင် ဖြစ်နိုင်သေးတယ် ...

ခုကတော့ ... မေမေ့သမီးကို ကလေးလို့ထင်ရင် ... သူ့ဦးနှောက်ကို မေမေ စိတ်မချနိုင်သေးရင် ...၊ ဒီလူသစ် တစ်ယောက်ကို သာမန်မိတ်ဆွေ ...၊ ဒါမှမဟုတ် အပြန် အလှန် လေ့လာကြသူတွေဆိုတဲ့ အနေအထားမှာထား,ထား သင့်သလား ... မသင့်ဘူးလား ... မေမေကိုယ်တိုင်တောင် ဝင်ဆုံးဖြတ်၊ စုံစမ်း၊ လေ့လာနေဖို့ ... အချိန်ရသေးတယ် ...။ လုပ်ချင်လုပ် ..."

"တော်ပြီ ... တော်ပြီ ... ရှင်နဲ့ စကားတွေ ဆက်နေရရင် ကလေးက သူ့လုပ်ရပ်သူ အဟုတ်ကြီးထင်ပြီး ... ဆုံးမရ ခက်တော့မယ် ... ကျွန်မပါ ဝင်လေ့လာရမယ် ဆိုရင် လည်း ... အဲဒီလို လေ့လာနေရသခိုက်မှာ ... ညည်းတို့ရဲ့ ခေတ်မီ ... ဆက်သွယ်မှုတွေကို ရပ်တန်းက ရပ်ထား မိထိန့်ထိန့် ...

ကျုပ်ကတော့ "ဒေါ်ခေတ်တုံး"ပဲဆိုဆို ... လူကြီး မိဘက ခွင့်ပြုထားတဲ့ သမီးရည်းစားစုံတွဲတွေ မဟုတ်ကြ သေးဘဲ ... မြို့လယ်ကောင် နှစ်ယောက်တည်း လမ်းတွဲ လျှောက်ကြတာကိုလည်း ခွင့်မပြုဘူး ...

ညစဉ် ညတိုင်း ပတွတ်ပတွတ်ကိုလည်း ခွင့်မပြုဘူး ... ရပ်ထား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ရင် ... မေမေ့ဘက်က လေ့လာချိန် ပြီးသွားရင် လေ့လာလို့ ပြည့်စုံသွားပြီ ဆိုရင်လည်း ... ကောင်းတယ် ... မိတ်ဆွေအပေါင်းအဖော်တွေ အဖြစ် ဆက်လက်ဆက်ဆံနေ ခွင့်ကို ပြန်ခွင့်ပြုတယ် ... ဆိုတာမျိုး ...။ မကောင်းဘူး ... ခွင့်မပြုနိုင်ဘူး ... ဆိုတာမျိုးကိုလည်း အကြောင်းတော့ ပြန်ဦးနော ..."

မေမေက ဖေဖေ့ကို မျက်စောင်းကြီးတစ်ချက်ထိုးကာ "ဝုန်း"ဆို ထထွက်သွားပါသည်။ အဲဒီတော့မှ သူဝင်ကယ်တင် လိုက်လို့ ... အနာအကျင်က လွတ်ရသည့် သမီးကို ဖေဖေက ခေါင်းလေးတစ်ချက်ပုတ်ကာ ..."လိမ္မာတယ် မဟုတ်လား"ဟု ချည်ပြီး တုပ်ပြီး ... သိမ်းသွင်းသတိပေး မေးခွန်းတစ်ခုနှင့် ... စကားဝိုင်းကို ရပ်တန့်လိုက်ပါသည် ...။

မိဘများနှင့် တစ်ပြဿနာ ပြီးသွားလျှင် ... ထိန်ထိန် က မသက်ပိုင်နှင့် စကားစမြည်တွေ သွားပြောချင်မိလာပါသည်။ ထိန်ထိန်ကား အစ်မဝမ်းကွဲဖြစ်သူရဲ့ တိုင်တော သတင်းပို့ခြင်း တို့ကို ... ငယ်ကတည်းက ခေါက်ရိုးကျိုးအောင် ခံလာရပြီးသူ ဖြစ်တာမို့ ... မိဘအုပ်ထိန်းသူတို့နှင့် ဈောက်ကျနေတုန်းခဏ သာ ..."လျှောက်,လျှောက်တိုင်တယ်တော့ ... ဟွန်း ! "ဘာညာ စိတ်တိုမိတာမျိုးကလွဲရင် ... လူကြီးတွေနဲ့ ပြဿနာပြီးရင် ... ကိုယ်စိတ်တိုမိတာကလည်း ... ပြီးပြီ ...။ ဆက်ပြီး ခုနေတာမျိုး ... ကျန်ကိုမကျန် ...။





တစ်ခါခါကျ ..."နင်က တိုင်ပေမဲ့ ... ငါကလွတ်လာ ပြန်ပြီဟဲ့ ... ဟဲဟဲဟဲ ..."ဆိုတာမျိုးပင် ... ဂုဏ်လုပ်ကာ သွားပြော တတ်ပါသေး ...။ အဲဒီခါကျ သူကလည်း ..."လွတ်လာရင်လည်း ကောင်းတာပေါ့ ...၊ အဓိက,က နင့်ကို အရေးယူဖို့ ... နင်ဒုက္ခ ရောက်ဖို့ထက် ... ဒီကိစ္စမျိုး ... လူကြီးတွေ သိကိုသိထားဖို့က သာ ... ငါ့အတွက် ပိုအရေးကြီးတာပဲဟာ"ဆိုတဲ့ အပြောမျိုးနဲ့ ... ညီအစ်မနှစ်ယောက်ကြားမှာ ဘာမှကို မရှိပြီ ...။

ခုကကျတော့ "နင်တိုင်ပေမဲ့ ... ငါ့အဖေ ဝင်ကယ် လို့ ငါလွတ်ပြန်ပြီ"ဆိုတာမျိုးထက် ... အစ်ကိုကြီး ကိုဖော်ခန့်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကိုသာ စကားစမြည်အဖြစ် သွားပြောနေလိုခြင်း ဖြစ်ပါသည်။ ငယ်ငယ်ကလိုပဲ ... တိုင်မဲ့ သာတိုင်တာ ..."ချောက်ကျပါစေ"ဆိုတဲ့ စိတ်ထားတော့ မရှိနိုင် တဲ့ မသက်ပိုင်ဟာ ..."ဖေဖေက ဒီလိုသာ သဘောထားတယ်" ဆိုရင် ..."အေး ... ပြီးတာပဲ"ဟု သူလည်း လက်ခံလိုက်မည့်သူ မျိုးသာ ဖြစ်ပါသည် ...။

ထိန်ထိန့်မှာ ... အတိုင်ခံရတဲ့အတွက်ကိုပင် ... ဝမ်း သာအားရ ဖြစ်ရတော့မလိုလို ရှိရတာပါ ...။ "တိုင်တယ်"ဆို ကတည်းက ... ဘာပဲပြောပြော ... သူက ကိုယ့်ကိုကောင်းစေ ချင်သေးလို့သာပေါ့ ...။ အေးခဲတင်းမာကာ ... သံယောဇဉ်ကင်း ကင်းပြတ်ဟန်ရှိတဲ့ မျက်လုံးများနှင့်ပေမဲ့ ... ကောင်းစေချင်တဲ့ စိတ်အခံတွေ ရှိနေသေးတာကိုတော့ ဝမ်းသာရမည်ပင် ...။



www.burmeseclassic.com

www.burmeseclassic.com



မေမေက တစ်ယောက်နဲ့တစ်ယောက် အေးအေးဆေးဆေး လှေလှောနေလို့ရတာဟာ ခေတ်အလျောက် ပေါ်ပေါက်လာသော အခြေအနေတစ်ခုသာဖြစ်ပြီး ... သိက္ခာကျ နာမည်ပျက်စရာ မရှိလောက်ပါဘူး ... ဆိုသောအခါ ... ထိန်ထိန်က ... (တစ်ဖက်က ဘယ်လိုရှိရှိ မရှိရှိ ... သူ ပြောင်းလဲလာခဲ့ရင် ... အဆင်သင့်ဖြစ်နှင့်နေလည်း ဖြစ်ရအောင်) အစ်ကိုကြီးကို တရားဝင် ... တရစပ် လှေပဲလှေလာနေချင်တော့တာပေါ့နော် ...။ အဲဒါကြောင့်ပဲ ... မသက်ပိုင်နဲ့ စကားပြောချင်တာ ...။

သို့ပေမဲ့လည်း သွားမပြောရဲပေါင်နော် ...။ မေမေ့ရဲ့ အဆွဲအလိမ်များအတွက် အမည်းကွက်ဒဏ်ရာတွေပင် မကျက်ချင်သေး ...၊ နောက်တစ်နေ့မှာ ကြီးကြီးက အိမ်ကူးလာပြီး ... "ညည်းသမီးက ဘယ်လိုဖြစ်ရတာတဲ့တုန်း" ဆိုတဲ့အခါမှာ ... မသက်ပိုင်တော့ ကြီးကြီးကိုပါ တိုင်လိုက်ပြီမှန်း မေမေရော ... ထိန်ထိန်ပါ သိရပြီ ...။ "ကြီးကြီး ဘယ်တုန်းက သိသလဲ"လို့ မသိမသာ တီးခေါက်ကြည့်တော့ ... "ဒီနေ့ပဲ ..."တဲ့ ...။

အဲဒီအဖြေကြောင့်ပဲ ... မေမေတော့မသိ ... ထိန်ထိန်ကတော့ မသက်ပိုင်ဟာ ခါတိုင်းလို ..."ထိန်ထိန် မလိမ္မာလှတာ လူကြီးတွေ အချိန်မီ သိရလေအောင် ..."ဆိုတဲ့ စိတ်ကူးကောင်းနဲ့မှ ဟုတ်ပါလေစ ...။ လူကြီးမိဘတွေက သဘောထားအေးအေးပဲ ... လို့ဆိုရင် သူကလည်း အရင်လို ..."အေး ... ပြီးတာပဲလေ" လို့ လက်ခံနိုင်လိုက်မဲ့သူမှ ဟုတ်ပါတော့လေစ ... လို့ သံသယဝင်သွားမိရတော့တာပါ ...။





ဘာလို့ဆို ... မေမေက ခါတိုင်းလို ကြီးကြီးတို့ ဒေါ်ဒေါ်သက်တို့ကို အကြောင်းမကြား၊ လက်တို့မခေါ်ဘဲ ကိုယ့်ဘာသာပဲ ပြီးလိုက်တာကို ... မကျေနပ်နိုင်သေးလို့သာ ... နောက်တစ်နေ့မှာ ကြီးကြီးထံ အရောက်ထပ်ပို့လိုက်တာနဲ့ တူမနေပေဘူးလား ...။ မေမေ့ကိုရော ကြီးကြီးကိုပါ တစ်ပြိုင်နက်၊ တစ်နေ့တည်းတိုင်တာ ... ဆိုရင်တော့ တစ်မျိုးလေနော် ...။

အရင်ကလို ..."အေး ... ပြီးတာပဲ"ဟု သဘောမထားနိုင်တော့အောင်ကိုပဲ ... အေးစက်မာကျောနေတဲ့ မျက်ဝန်းများမှာ ..."ထိန်ထိန်တစ်ယောက် ချောက်ကျပါစေ" ဆိုတဲ့ ... စေတနာဆိုးတွေပါ ... ရှိနေလေတော့မလား ... လို့ ထိန်ထိန်က တွေးရပြီပေါ့ ...။ အဲဒီလောက်တောင်မှပဲ စိတ်နာသွားရလေသလား ... မသက်ပိုင်ရယ် ... ဟင် ...။

ကိုယ့်ဘာသာ,သာ အညိုအမည်းစွဲအောင် ဆိတ်ရင်ဆိတ်မည် ...။ ကြီးကြီးကိုတော့ ...(မေမေ့ရဲ့ ပြောထားချက်တွေကြောင့်လည်း ပါမည်ပေါ့။) ဘာတွေ ကျိတ်ဖျောင်းဖျနားချလွှတ်လိုက်တယ် မသိသော မေမေ့ကြောင့် ... ထိန်ထိန့်ရဲ့ကိစ္စဟာ ကြီးသုံးကြီး (ကြီးကြီး၊ မေမေ၊ ဒေါ်ဒေါ်သက်) ခေါင်းချင်းမဆိုင်လိုက်ရပြန်ဘဲ၊ တမင်လုပ်တာဆိုရင်တော့ ... မသက်ပိုင် မျှော်လင့်ထားသလိုမျိုး ... ထိန်ထိန်က အမေသုံးယောက်ရှေ့မှာ ပြန့်အရှက်ကွဲရတဲ့ အဖြစ်မျိုးထိ မရောက်လိုက်ဘဲ ... ပြီးဆုံးသွားခဲ့ပြန်လေပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက်လည်း ညီအစ်မနှစ်ဦးပဲ ကျိတ်ကြိတ်သွားပြီး ... သူ့မေမေ(ယောက်မဖြစ်သူ)ကို ခေါ်မထည့်ကြတဲ့အတွက် တစ်မျိုးတိုးလို့ ထပ်မံစိတ်နာမယ် ဆိုရင်လည်း ... နာသွားနိုင်လောက်ပေသည်။ ဖြစ်လိုရာဖြစ်စေ ...။ ထိန်ထိန်က ဘာမှ ခေါင်းထဲ ထပ်မထည့်ချင်တော့တဲ့အပြင် ... မသက်ပိုင်ရဲ့ လုပ်ရပ်တွေဟာ ဒီလောက်နဲ့မှ က,ပါဦးမလား ... လို့တောင် စိတ်ထဲကထင်ချင်လာသည် ...။

တကယ်တမ်း အစ်ကိုကြီးနှင့် ထိန်ထိန်ကဲ ဘာမှ မဟုတ်ကြသေးလို့သာနော် ...။ ဟုတ်များသာ ဟုတ်နေခဲ့ရင် ... အရင်တစ်ခါကလို ..."အဲဒါ နင်မဟုတ်ဘူး ... ငါ ... ငါ"လို့ လိုက်များလုချင်နေဦးမလား ... လို့ပင် (မဟုတ်ကဟုတ်ကတွေပါ လျှောက်ဆွဲတွေးထင်) ချောက်ချားချင်လာသည်။

ထိန်ထိန်ကတော့ မေမေ့ အစီအမံနှင့် ... ညဘက်တွေမှာ ဖုန်းမပြောရတော့ပြီ ...။ ညရှစ်နာရီကျော်ရင် ပေါ်လာနေကျ ဖုန်းသံများမှာ ကောင်မလေးတွေတောင် မကိုင်စေရ ...။ မေမေပဲ ထ,ထကိုင်လိုက်လျှင် ... ထိန်ထိန့်မှာ ... ဖေဖေ့မျက်နှာကို အားကိုးကြီး တစ်ခုလို လှမ်းမကြည့်လိုက်မိအောင် မနည်းကြီး စိတ်တင်းထားရလေသည် ...။

ဒီလောက်ကြီးတော့လည်း မေမေ့ကို အတိုက်အခံလုပ်ပြီး ... သမီးဘက်ပင်းလောက်စရာ ... ဖေဖေ့မှာ ဘာအကြောင်းမမရှိတော့တာ ... နားလည်လက်ခံ သဘောပေါက်ထားနိုင်လို့ပါ ...။





သင်တန်းသွားတဲ့ အခါမှာလည်း ... The bright lihgts ရှိရာ (......)လမ်းမကြီးပေါ်က မဖြတ်တော့ဘဲ ... အတော်ကြီး ဝေးကွာလှမ်းသည့် နေရာတွေကနေ ကွေ့ပတ်သွားလာနေရတာမျိုးတွေပဲ လုပ်လိုလုပ်ရ ...။ ဟိုးအရင်အချိန်တွေကထက် ... မေမေက ပိုမိုဂရုတစိုက်နှင့် ... ဖေဖေ့အလုပ်ထဲကနေ ကားပြန်ပြန်တောင်းပြီး ... ကားနဲ့ ကြိုပို့ပေးတာမျိုးတွေလည်း ပိုရှိလို့ရှိလာ။

ဝေးနေကြရတာပေါ့ ... အစ်ကိုကြီးရယ် ...။

တစ်နေ့မှာတော့ ထိန်ထိန်က ... အခြေအနေ အရပ်ရပ်ကို ဘယ်လိုမှ သည်းညည်းမခံနိုင်တော့စွာ ... သင်တန်းကနေ အစ်ကိုကြီးရဲ့ဆိုင် (The bright lights ကိုမဟုတ် ...။ တီဗီ၊ ဗီဒီယိုဆိုင်)ကို ဖုန်းလှမ်းဆက်လိုက်မိတော့သည် ...။

"ဟာ ... ညီမလေး ..."

ကိုမော်ခန့်မှာလည်း အဲဒီ လေးလုံးနဲ့တင် ... ရှေ့မဆက်နိုင်ပါ ...။

"ကိုမော်ခန့် ... ထိန်ထိန်က အိမ်မှာပြန်အတိုင်ခံလိုက်ရလို့ပါ ..."

"ကိုယ်ထင်သားပဲ ထိန်ထိန်ရယ် ..."

"ညညတွေကျ ... မေမေက ... မရှိဘူးချည်း လုပ်လွှတ်နေတော့တာ ... ထိန်ထိန် အားနာပါတယ် ကိုမော်ခန့်ရယ် ...။ မိန်းကလေး တစ်ယောက်ဟာ ... ညဘက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အဲလောက်ကြီးတော့လည်း အပြင်မထွက်နိုင်တာ ... ကိုမော်ခန့် သိနေမှာပါပဲဆိုပြီး ... တအားမျက်နှာပူရတယ်"

"မပူနဲ့ ... ဘာလို့လဲဆိုတော့ ... ထိန်ထိန့်အမေကို ကိုယ့်စိတ်ထဲ ဘယ်လိုမှ မနေလို့ပဲ ... အဲဒီအတွက် ကိုယ်စိတ်အနှောင့်အယှက် မရှိဘူး ... အမေတစ်ယောက်ဟာ သမီးတစ်ယောက်အပေါ် ဒီလောက်တော့ စိုးရိမ်နိုင်တယ်ဆိုတာ ကိုယ်,ကိုယ်ချင်းစာတယ် ...

ဘာလို့ဆို ... အမေဆိုတာမျိုးတွေဟာ ... သမီးဆိုမပြောနဲ့ ... သားတစ်ယောက်အပေါ်တောင်မှ တော်တော်ပူပင်စိုးရိမ်စိတ် ဝင်နေတာမျိုး ... ခု ကိုယ်လည်း ခံစားနေရလို့ပဲ ..."

"ဟင် ! ဘာလဲဟင် ... အဲဒါ ..."

"ထိန်ထိန့် အစ်မက ... ကိုယ့်မေမေကိုလည်း တိုင်တယ်လေ ... ဟား ဟား ..."

ဒီတစ်ခါ ရှေ့မဆက်နိုင်တော့တာက ... ထိန်ထိန်ဖြစ်သွားသည်။ ထိန်ထိန့်ဘက်က ရုတ်တရက်တိတ်သွားသောအခါ ... မော်ခန့်က ဗလုံးဗထွေး သက်ပြင်းတစ်ခုနှင့် ...

"ခုလို ... ခဏမတွေ့ရ ... စကားပြောခွင့်မသာ ဖြစ်နေကြရတာဟာ ... ဘာမှမဟုတ်လောက်တဲ့ သာမန်အသေးအဖွဲ့ကိစ္စလေးလို့ပဲ သဘောထားကြရအောင် ထိန်ထိန် ... နားလည်လား ...။ ထိန်ထိန့်ဘက်မှာတော့ ကိုယ့်နာမည်က





ဘယ်လိုရှိမယ် မပြောတတ်ပေမဲ့ ... ကိုယ့်မေမေဆီမှာတော့ 'ထိန်ထိန်'ဆိုတာဟာ ... စိုးရိမ်ဖွယ် အခြေအနေနဲ့ ကောင်မလေးတစ်ယောက် ဖြစ်နေတယ် ..."

ထိန်ထိန်ကား ဝမ်းပန်းတနည်းနှင့်ပင် (စိတ်ကူးထဲခဏခဏ နေ့တိုင်းနေ့တိုင်း ခေါ်ဝေါ်နေခဲ့သော်လည်းပဲ ... အပြင်မှာတော့ တစ်ခါမှ ... တရားဝင်မခေါ်ဝေါ်ဖူးသေးတဲ့ ... တိတ်တခိုးနာမ်စားလေးကို) "အစ်ကိုကြီး"ဟု လွတ်ခနဲ အော်လိုက်မိပါသည်။ ထိန်ထိန့်ရဲ့ စိတ်မထိန်းနိုင်သဖြင့် တစ်ဖက်မှ အစ်ကိုကြီးခမျာမှာလည်း ... အသက်ရှူသံပြင်းပြင်း တနင့်တပိုးတွေနှင့်ပင် ...

"ညီမလေး ... ရှေ့ဆက် ... ဘာဖြစ်ဖြစ် ... ကိုယ်ရင်ဆိုင်တော့မယ်ဆိုရင် ... ညီမလေးကော ..."

အာ ... အစ်ကိုကြီး ... အဲဒါ ဘာလဲ ...။

"ကတိပေးပါ ညီမလေးရယ် ... ပြီးတော့ အားမွေးထားပါ ... ခုဟာက ဘာမှမဟုတ်သေးတဲ့ တကယ့်ကို အသေးအဖွဲလေး သက်သက်ပါ ... ဒီ့ထက်လည်း ဆိုးကောင်းဆိုးလာနိုင်တယ် ...။ ဆိုးချင်မှလည်း ဆိုးမယ် ... ဒါပေမဲ့ ကိုယ်တို့နှစ်ယောက်စလုံး ယုံကြည်မှုနဲ့ ပန်းတိုင်တူဖို့တော့ အရေးကြီးတယ် ..."

ဟင့်အင်း ...။ ကိုမော်ခန့်ရယ် ...။ ထိန်ထိန် တကယ်သိချင်ကြားချင်တာက ခုလို လူကြီးဆန်ဆန် ... စကားလုံးလှလှ သွယ်သွယ်ဝိုက်ဝိုက်တွေ မဟုတ်ဘူးလေ ...။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ကိုယ်သင်တန်းကို ကြိုရောက်နေနှင့်မယ် ညီမလေး ..."

မှန်းထဲမှာမို့ ... (တန်ဖိုးမထား ... ပြီးပြီးရောကြီး ဖြစ်မှာစိုးလို့ ...၊ လူချင်း မျက်နှာချင်း ဆိုင်မနေကြရတဲ့ကွယ်ရာ ကြီးမှာမို့လို့ ...) ပြောမသွားတာပေါ့နော် ... ဟုတ်ပါတယ်နော် ...။ ထိန်ထိန့်ရဲ့ အစ်ကိုကြီးဟာ ... သူ့ညီမလေးကို မျက်လုံးချင်း တည့်တည့်တွေတွေ့ စိုက်ကြည့်ပြီးမှ ပြောချင်တဲ့သူမျိုးပေါ့ ...။

ထိန်ထိန်ကား မဆီမဆိုင်ပင် ... ဘေးတိုက်၊ စောင်းငန်း၊ ခေါင်းငုံ့ တစ်ယောက်ကို ပြေးသတိရလိုက်မိပါသည်။ ဟင့်အင်း ... မဆိုင်ဘူး ...။ အဲဒါက ခုချိန်မှာ ထိန်ထိန့် ခေါင်းထဲ ဝင်ရောက်လာရမဲ့ကိစ္စ ... ဟုတ်ကို မဟုတ်ဘူး ... ထွက် ...၊ ထွက် ...။ သူ့ညီကလေးဟာ ထိန်ထိန့်ကို လာဖွင့်ပြောမိတဲ့နေ့မှာမှ ... ကံဆိုးသွားရတာသည် ... သူ့ဘာသာ သူ့ဘစ်ဦးတည်းအတွက် သက်သက် ... သက်ဆိုင်တဲ့ ကံကြမ္မာဆိုးကြောင့်ပါ ...။ ထိန်ထိန်နဲ့ မဆိုင်ဘူး ...။

ဒါပေမဲ့ ... အဲဒါကို ထိန်ထိန်က အစ်ကိုကြီးကို ခုထက်ထိ ပေးမသိရသေးဘူး ...။ ဟင့်အင်း ... ပေးမသိရဲပါဘူး။ အစ်ကိုကြီးရေ ... ရင်ဆိုင်ဖို့အတွက် အားမွေးထားရမဲ့ အခက်အခဲက ... အစ်ကိုကြီး ထင်သလောက်မှ လွယ်ပါ့မလား ...။ "ဆိုးချင်မှလည်း ဆိုးမယ်"မဟုတ် ...။ ဒီ့ထက် ဆိုးကိုဆိုးဦးမှာကသာ သေချာပေါက်ပါ ...။





ခုချိန်မှာ အစ်ကိုကြီးကသာ မသိသေးပေမဲ့ ... အစ်ကိုကြီးရဲ့မေမေဆီမှာတော့ "ဖိုးရိမ်ဖွယ် ကောင်မလေး"ဆိုတဲ့ ထိန်ထိန်ဟာ ..."ကျော်ဇင်"နဲ့များ တစ်တွဲတည်း တွဲသိ၊ ကြားပြီးနေပြီလားကောင်း မဆိုနိုင်ပေ ...။

ခုနက လှစ်ခနဲ ပျော်သွားမိတာလေးတွေတောင် ပြန်ပျောက်သွားသည်။ ထိန်ထိန်ဟာလည်း ကံဆိုးတတ်သူ တစ်ယောက် ဆိုရင်တောင် အစ်ကိုကြီးကတော့ ကံကောင်းတတ်တဲ့ အကောင်းဖားလေး ဖြစ်ပါစေ ...။

ထိန်ထိန်က မေမေ့ကို ..."ကိုမော်ခန့်က ဖွင့်ပြောလိုက်ပြီ"ဟု ... နောက်တစ်နေ့ကို ကြိုတင်ယုံကြည်စွာ ... ကြိုပြောပစ်ထားလိုက်သည် ...။ "သူ လေ့လာနေဆဲမှာတော့ ... အားလုံးရပ်ဆိုင်း၊ ပိတ်ပင်"ဆိုပြီး ... တကယ်တမ်းကျတော့ သေချာလည်း လေ့လာနားစွင့်နေပုံ မရတဲ့ မေမေ့ခမျာ ... ထိုစကားကြောင့် တော်တော်ကြီး စိတ်ရှုပ်သွားပုံနှင့် မျက်နှာကြီးရှုံ့မဲ့သွားလေသည် ...။

✣ ✧ ✣

"စိတ်မညစ်ပါနဲ့ ... အန်တီစပယ်ရယ် ..."

"ညစ်တယ် ... သက်ပိုင် ...။ အဲဒီတစ်ယောက်ဟာ သမီးညီမ ဖြစ်နေတဲ့အတွက် အန်တီက သမီးကို အားတော့နာ



www.burmeseclassic.com

www.burmeseclassic.com



ပါရဲ့ကွယ်။ ဒါပေမဲ့ ... မေမေ စိုးရိမ်တယ်လို့ ပြောလိုက်ရုံနဲ့ အဆက်အဆံတွေ ကျဲသွားပြီ ထင်ခဲ့တဲ့သားက ... ကလေးမလေးက တစ်ချက် တို့ဆွဲပစ်လိုက်တာနဲ့တင် ... ဘာမှမဟုတ်သေးတဲ့ အခြေအနေကနေ ...၊ propose လုပ်၊ လက်ထပ်ခွင့်ပါ တစ်ခါတည်း တောင်းလိုက်သေးတယ်ဆိုတော့ ... အန့်တိ မပူဘဲ ခံနိုင်ရိုးလား ...။ ပူရတယ် သမီး။ အန့်တီ့သားဟာ ကလေးမလေးရဲ့ ကြိုးဆွဲရာကို ... ပါနေရပြီလားလို့ ... အန့်တီ ပူရတယ် ... စိတ်ညစ်တယ် ...”

တကယ်ဆိုရင် ... အဘွားကြီးကို ချော့မော့ဖျောင်းဖျနေရသည်ထက် ကိုယ်တိုင်ကိုယ်ကျ ... ငိုလို့ကို ချလိုက်မိချင်တာက မသက်ပိုင်ပင် ဖြစ်ပါသည်။ မသက်ပိုင်ဟာ ကျဉ်းကျပ်ကျုပ်နေတဲ့ အခြေအနေ တစ်ခုထဲ ရောက်နေရသလို ဖြစ်နေသည် ...။

ကိုယ့်ကိုယ်ကိုယ် ...“စိတ်ထားမမှန်သူ၊ စိတ်ပုပ်မကြီး”အဖြစ် တစ်ခါမှ ... မမြင်မိခဲ့တဲ့ မသက်ပိုင်ဟာ ... ခုတော့ အဲဒီနာမည်အောက် သေချာပေါက် ရောက်ရတော့လုလု အခြေအနေမှာ ... အပြစ်မကင်းစွာ ခံစားရလျက် ... ရင်နာရသည် ...။

သို့ပေမဲ့ ... မသက်ပိုင်က လျှော့လိုက်မည်များ ထင်ကြပါသလား ...။ ဘယ်ကောမှ မလျှော့နိုင်တော့ပါပေ ...။ ချစ်ရသူ မရှိတော့ကဲ့ နောက်မှာ ... တစ်ခုတည်းသော တန်းတန်းစွဲပိုင်ဆိုင်ရာအဖြစ် သတ်မှတ်ခဲ့ရဘဲ့ (ကိုယ်နဲ့လည်း တကယ်ဆိုင်တယ် ... ပိုင်သင့်တယ်လို့ ယုံကြည်ကဲ့) “လက်ထပ်ခွင့် တောင်း





ခံသော လက်စွပ်”ကလေးကို အတန်တန် ယုံကြည်လောက်အောင် တောင်းပန်ပြောဆိုနေတဲ့ကြားက ... ပြန်လုသွားခဲ့တဲ့ ... ထိန်ထိန့်ကို ... မသက်ပိုင် အနေနှင့်က ... မကျေနိုင်လိုက်တာမှ ... ကမ္ဘာဆုံး တစ်သက်ဘိုင် ... ဆိုသလိုပင်။

ဒီညီမတစ်ယောက်ဟာ ... မသက်ပိုင် အပေါ် ... ငယ်ငယ်လေးတည်းက ကလေးကြီးလိုလို ... ဗိုလ်ကျ၊ အနိုင်ပိုင်း၊ စိတ်ဆင်းရဲအောင်လုပ်၊ မျိုးစုံနေအောင် မွှေနှောက်ရှုပ်ခဲ့ဖူးပါသော်လည်း ...(ဝမ်းကွဲဆိုပေမဲ့ ... အရင်းတွေလို) ပြေးကြည့်မှ ... ဒီညီအစ်မနှစ်ယောက်တည်းဆိုတဲ့ ခံယူချက်က ... မသက်ပိုင်ကို ... အမြဲတမ်း ပြန်စိတ်ပြေ၊ ချစ်ခင်မြတ်နိုးမှု မပျက်ဘဲ ရှိစေခဲ့တာ။

ဒီတစ်ချီကတော့ နှလုံးသားထဲကို ... ကတ်ကြေးချွန်ချွန်နှင့် ထိုးစိုက်ချတာထက်တောင်မှ နာသည်ပင် ...။ သူ့မှာကတော့ (ဘယ်တုန်းကမှလဲ ... ဘယ်သူ တစ်ဦးတစ်ယောက်ရဲ့ ချစ်ခွင့်ပန်ခြင်းကိုမှ ... ခုအရွယ်ကြီးတိုင်တဲ့ထိ ... မခံယူခဲ့ဖူးသေးသူပိပိ) တစ်ခါလေးဆို ... ဆိုသလောက်ကို ... “အရှုံးမပေး” ... ဖက်တွယ်ထားလိုတဲ့ စိတ်သက်သက်နဲ့ ...။ ပြီးရင် “မသိလို့လုပ်မိတာပါ”ဆိုတဲ့ စကားတစ်ခွန်းနဲ့ သူ့ဘက်ကတော့ ပြီးပျောက်သွားမဲ့ ... ကိစ္စမျိုး ဖြစ်သည် ...။

သက်ပိုင်မှာကတော့ ... အဲဒီလို လူမသိ၊ သူမသိနဲ့ ဆင်ထင်ရှားရှား မဖြစ်လိုက်ရဘဲ ကျန်ပဲကျန်ခဲ့ရ ...။ အများသိသာသွားအောင်လည်း ဖွင့်ချပြလိုက်ခွင့်က မရှိ ... ဖြစ်နေရျှန်



www.burmeseclassic.com

www.burmeseclassic.com



မှာ ..."မသိ"မှုကို အခွင့်ကောင်း လုပ်ပစ်သည့်သူ မုန်းသမှုကို သေလောက်အောင် မုန်းသည် ...။ ဆတ်ဆတ်ခါနေအောင် စိတ်နာသည် ...။

"ထိန်ထိန်ဟာ အဲဒီလက်စွပ်ကွင်းကို တကယ်တမ်းလည်း မက်မောတွယ်တာစိတ် မရှိလှပါဘဲနှင့်"... ဟု သက်ပိုင်စိတ်ထဲက သေကိုသေချာနေရသောအခါ ... ကိုယ့်ဆီမှာ တန်ဖိုးလည်း မရှိဘဲ ... သူတစ်ပါးရဲ့တန်ဖိုးကိုကျ လွယ်လွယ်နှင့် မဖြစ်မနေ လိုက်ဖျက်ပစ်တတ်သည့် စိတ်ဓာတ်ကို အော့နလုံးနာသည်။

ညီမဝမ်းကွဲမက,လို့ ... အရင်းမကလို့ ... အမြွာပဲဖြစ်ပါစေ ... ကိုယ့်ကို ပေါ့ရွှတ်ရွှတ်စိတ်ထားကလေးနှင့် ဉာဏ်မြူနာကျင်နေစေခဲ့သော ထိန်ထိန့်ကို ... မသက်ပိုင်က ..."တူသောအကျိုး ပေးရပါစေ ..."လို့ကို ကျိန်တွယ်မိပြီးခဲ့တဲ့ အထိပင် ...။

သို့သော် ... ကိုယ်ကပဲ မမှန်သောစိတ်နှင့် ဆုတောင်းမိခဲ့လို့လားတော့မသိ ...။ သူ့မှာက တူသောအကျိုး မပေးတဲ့အပြင် ... ကိုယ့်ရဲ့ ပြန်အခြေကျစ ... သာယာတည်ငြိမ်သောဘဝကိုပင် ... သင်းက ဒုတိယအကြိမ် ... ထပ်ဖျက်နိုင်တဲ့သူတောင် ဖြစ်ခွင့်ရဦးမလို့တဲ့ ...။

ကိုယ့်ကြိုးစားမှုနှင့်ကိုယ် ...၊ ကိုယ့်စေတနာကံနဲ့ကိုယ် ...။ မသက်ပိုင်ဟာ ..."သူ"ထိုင်ခဲ့တဲ့ ဟောလ်ထောင့်တစ်နေရာက ခုံမြင့်ငယ်ပေါ်မှာ အခြေကျ ပျော်မွေ့ခွင့် ရနေခဲ့ပြီ။ အန်တီစပယ် တစ်သက်တော့ ... ဒီနေရာဟာ သေချာပြီလို့





ယုံကြည်နိုင်တဲ့အခါ ...၊ နောက်တစ်ဆက် ပိုင်ရှင်အသစ်၊ အုပ်ချုပ်သူအသစ် ပေါ်ခဲ့ရင်လည်း ... ကိုယ့်စိတ်နိုင်သလောက် သည်းခံ အားလည်ပေးခြင်းမျိုးနဲ့ ဒီနေရာလေးမှာ အမြဲ မြဲမြဲနေခွင့်ရအောင် ကြိုးစားသွားဖို့လည်း ... စိတ်ဒုန်းဒုန်းချ ဆုံးဖြတ်ပြီး,ပြီးသားပါ ...။

"သူ"နဲ့ ပတ်သက်တဲ့ လက်စွပ်တစ်ကွင်း ပြန်ပါသွားပြီးတဲ့နောက် ... ဘာဆိုဘာမှ မကျန်ရစ်၊ မပိုင်ဆိုင်ရတော့တဲ့ မသက်ပိုင်ကို ... သင်းဘက်က ဒီလောက်နဲ့တောင်မှ ... မကျေနပ်နိုင်သေးဘူးတဲ့လား ...။

ယောကျ်ားတစ်ယောက်ယောက်ဆီက "ချစ်ခွင့်ပန်ခြင်း"ဆိုတာမျိုးကို တစ်ကြိမ် တစ်ခါမျှ မကြုံဖူးသေးလေတဲ့ ကလေးမဟာ ... ပထမဆုံးအကြိမ် ကြုံလိုက်ရခြင်းမှာလည်း "လူမှားသွားတာ" ဖြစ်နေခြင်းအတွက် ... ဘယ်လောက် အခံရခက်သွားလိမ့်မလဲ ... မသက်ပိုင်က တွေးပေးနိုင်သည် ...။ ဒါပေမဲ့ ဒီလို အခံရခက်ရခြင်းအတွက် ... မသက်ပိုင်ရဲ့ နေရာတစ်ခုကို ... ထပ်မံလာလုပ်ဖို့ သင်း ... ဘာလို့ ကြံစည်ဝံ့သလဲ ...။

အင်မတန် ရင်နာနေရကာ ... သင်းအပေါ်မှာ မုန်းတီးလွန်းနေရတဲ့ မသက်ပိုင်သည်ပင် ... ဆုတောင်းကျိန်တွယ်လိုက်တာကလွဲလို့ ... ကိုယ့်လက်စွပ်ကလေးကို ပြန်ရ,ရကောင်းစေ ... ဒါမှမဟုတ် ... သင်းတော့ တစ်ခုခု ဒုက္ခရောက်ရစေရဲ့ ... ဆိုတာမျိုးတွေကို ... ဘာတစ်ခုမှ ထပ်မံမကြံစည် ... အားမထုတ် ... လုပ်တော့ဘူးပဲလေ ...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကိုပဲ သင်းက ...(ကျော်ဇင့်ဆီက လက်ထပ်ခွင့်၊ လက်စွပ်တွေကို လုခဲ့ပြီးတာတောင်) နေရာဘစ်ခုကိုပါ ထပ်လု ချင်လာရပြန်သတဲ့လား ...။ အန်တီစပယ် မရှိတော့ဟဲ့ နောက် ပိုင်းမှာ ... မသက်ပိုင် အနေနဲ့ ... ကတ်နိုင်သလောက် မျက်နှာ ကြည့် ဆက်ဆံရမဲ့ နေရာကိုပါ လုချင်ပြန်ပြီလား ...။ ရှင်းရှင်း ပြောရရင် The bright lights ကိုပါ ... မရ,ရအောင် လုချင်ပြန် ပြီလား ...။

"ကိုမော်ခန့်နဲ့ ထိန်ထိန် ..."ဆိုတဲ့ ကိစ္စကြီးဟာ တခြားလူတွေကတော့ ဘယ်လိုမြင်မြင် ... မသက်ပိုင် အနေနဲ့က တော့ ... "တိုက်ဆိုင်တာပါ ... တကယ့်ကို တိုက်ဆိုင်တယ်..." လို့ ဘယ်လိုပြောပြော ယုံနိုင်စဖွယ်မှ မရှိတာ ...။ သင်း ... ဘယ် လိုများ စွမ်းဆောင်နိုင်လိုက်သလဲ ဆိုတာလေး တစ်ချက်သာ ... နားမလည်နိုင်ဘဲ အံ့ဩဖွယ်ကောင်းလှတာ ...။

ဒါပေမဲ့ အစွမ်းရှိသွားတာကတော့ ကျိန်းသေသည်၊ ခုဆိုရင်ပဲ အန်တီစပယ်ကိုယ်တိုင်က ..."တစ်ချက် တုံ့ဆွဲပစ်လိုက် တာနဲ့တင် ... ချစ်ခွင့်ရော ... လက်ထပ်ခွင့်ပါ တောင်းလိုက် တော့တာပါပဲ ... ကြောက်စရာ မကောင်းဘူးလား"ဆိုတဲ့ မှတ် ချက်ကို ချခဲ့ပြီ ...။

"သမီးညီမလေး တစ်ယောက်ပေါ်မှာ အန်တီအနေနဲ့ အထင် မှားကောင်း မှားနေတာမျိုးလည်း ဖြစ်နိုင်ပါတယ် ... ဒါပေမဲ့ ... သားမော်ခန့်က မေမေ အချိန်ပေးပြီး စကား





လေးနည်းနည်းလောက်ပဲ ပြောကြည့်ပေးပါ ... အထင်တို့ အကြားတို့ထက် ... ကိုယ်ကိုယ်တိုင် တိတိကျကျ တွေ့တွေ့ ဆိုင်ဆိုင် လေ့လာအကဲခတ်ပြီးမှ ဆုံးဖြတ်ကြည့်ပါ ... လို့ ပြောလာတာကိုပဲ အန်တီက လန့်နေမိပြန်တယ် ...

ကလေးမလေးကလည်း အန်တီ သူ့ကို အကဲခတ် နိုင်ဖို့အတွက် ... လိုက်တွေ့ပေးပါဆိုလည်း မငြင်းဘူးတဲ့။ အပြင်မှာ တစ်ချက်ချိန်းချင်လည်း ချိန်းပေးပါ ... ဒါမှ မဟုတ် အိမ်လာဆိုလည်း လာမယ် ...၊ ဒါမှမဟုတ် ... ဒီဆိုင်ကိုပဲဖြစ်ဖြစ် ... လာရမယ်ဆိုရင်လည်း ..."

မသက်ပိုင်မှာ ... တုန်ခနဲပင် ဖြစ်သွားရကာ ... "လွယ်လိုက်တာ"ဟု နှုတ်ကပါ လွှတ်ခနဲ ထွက်သွားမိပါသည်။ နားမလည်နိုင်လောက်စရာ ... အံ့ဩဖွယ် အစွမ်းများကို ... အဲ သလို "လွယ်"လိုက်တဲ့နည်းနဲ့များ သင်းအရယူခဲ့သလား ...။

အဲဒီလို ဆိုပြန်တော့ ဒီလို ညီမတစ်ယောက်ရဲ့အစ်မ အဖြစ်ပါ။ မသက်ပိုင်မှာ ရှက်ရ၊ မျက်နှာပူရတော့မလိုပင် ...။ အန်တီစပယ်ကတော့ မျက်နှာကြီး ပျက်နေသည့် မသက်ပိုင်ကို... ဘာမှထပ်မပြောဘဲ ငေးပဲငေးကြည့်နေသည် ...။

ဒီတိုင်းဆိုရင် ... မိန်းကလေးဖြစ်သူကတောင် အဲသည် လို ... လိုက်နိုင်ပါသည်ဆိုရင် ... ယောကျ်ားလေးဖြစ်သူဟာ လည်း ... အိမ်က အုပ်ချုပ်သူ အကြီးအကဲများထံ မနေ့အမြန် ဆိုသလိုပင် ရောက်လာတော့မှာပင် ...။



www.burmeseclassic.com

www.burmeseclassic.com



ကိုမော်ခန့်ရဲ့ စိတ်ဓာတ်၊ စာရိတ္တ၊ အတွင်းရေးစတာတွေကို မသက်ပိုင်က ဘာမှ ဂဃနဏ မသိသေးပေမဲ့ ... သူဟာ ခုလောက်အနေအထား ... ပြင်ပအခြေအနေ၊ သွင်ပြင်လက္ခဏာအရ ကလေးကြိုက်မက, လူကြီးကြိုက်ပါ ဖြစ်ကို ဖြစ်နေတာကတော့ သေချာပေါက်ပင် ...။

"ဘာမှမဟုတ်သေးဘဲ... တွဲနေကြပါသည်" ဆိုတာကိုပင် ဇွဲမယူ မဆုံးမတဲ့ပြင် ... ဘယ်သူလဲ ဘယ်ဝါလဲပဲ နားစွင့်ကုန်ကြသော ... ကြီးကြီးနဲ့ အန်တီလေးတို့ဟာ ... ကိုမော်ခန့်ကို မြန်မြန်ဆန်ဆန်ကြီးပင် လက်ခံကျေနပ်လိုက်ကြတော့မှာလား ...။

အဲဒီလိုသာဆိုရင် ... မသက်ပိုင်မှာ ... နေရာလုခံရမဲ့ အပြင် ကြီးစွာသော နောက်ထပ်တစ်ဒုက္ခကလည်း တန်းစီပြီးကို စောင့်နေသေးတာ ...။ မေမေလေ ...၊ မေမေ ...။ တစ်သက်လုံး အစေးကပ်၊ ချစ်ခင်လာခဲ့တဲ့ ယောက်မတွေနဲ့ ခုတလောလေးကျမှ (မသက်ပိုင်ရဲ့ အရှက်ကွဲမှု အပေါ်မှာ မူတည်ပြီး မကျေမနပ် ဖြစ်ရတာမှ စတင်ကာ) ပြိုင်ချင်ဆိုင်ချင်၊ အကြောင်းပြလိုက်ချင်၊ သာလိုက်ချင် ဖြစ်နေတဲ့ မေမေဟာ... အဘက်ဘက်ကနေ အလွန်တရာ ပြည့်စုံနေတဲ့ "အကောင်းစား သကောင့်သား"ကြီး တစ်ယောက်နဲ့ မသက်ပိုင်ကို ... ဖွတ်စိမ်ပေးလိုက်ချင်နေတာမှ ... ဆွေ့ဆွေ့ခုန်မတတ်ကို ဖြစ်နေတာ ...။

"အိမ်ထောင်ရေးကို စိတ်မဝင်စားဘူး ... ဖွတ်လုပ်လို့ကတော့ အဆိပ်ကို သောက်သေပစ်မယ်"ဆိုလို့ မကျေမနပ်





နဲ့ ... ဖွတ်အကောင်အထည် မဖော်သာတဲ့ မေမေဟာ... ထိန်ထိန်က ခုလို (ကိုမော်ခန့်လို) လူတစ်ယောက်နဲ့ အရင်တိကျသေချာသွားခဲ့ရင် ... သူ့မှာ အသက်ထွက်မတတ်ကို ကြိတ်မနိုင်ခဲမရဖြစ်တော့မည် ...။

အဲဒီလိုသာ ဆိုလို့ကတော့ ... မသက်ပိုင်ဘာသာ... အဆိပ်ပဲသောက်သောက်၊ မီးရထားအောက်ပဲဝင်ဝင် ... ခုထက်တိုင်လည်း ဇွဲကောင်းကောင်းနဲ့ ဆက်စောင့်နေသေးပုံရတဲ့ ဟိုအကောင်းစား သကောင့်သားကြီးနဲ့ ချက်ချင်း လက်ဝါးချင်းရိုက်ပစ်လိုက်ကြတော့မှာ ... ဧကန်မုချပါပင် ...။

ဘယ်သူကတော့ ... တကယ်လွယ်လွယ်နဲ့ အဆိပ်သောက်သေ၊ ရထားအောက် ဝင်ရဲပါ့မလဲ ...။ ဒုက္ခပဲ များရမှာ။

"သက်ပိုင် စိတ်မကောင်းပါဘူး ... သက်ပိုင်ကြောင့် အန်တီ့မှာ ဒုက္ခတွေ များရပြီ"

"အဲဒီကလေးမလေးဟာ ... သမီးရဲ့ညီမမှ လာဖြစ်နေတာလည်း ... သမီးအပြစ်လို့တော့ ပြောလို့မရပါဘူး သက်ပိုင်ရယ် ... သမီးဟာ သူ့အစ်မ ဖြစ်နေရက်နဲ့ အန်တီ့အပေါ် သစ္စာရှိရှိနဲ့ ... သူ့ရဲ့ကောင်းကွက် ဆိုးကွက်တွေကို ပြောပြပေးခဲ့ကတည်းက ... အန်တီက ... သမီးကို ကျေးဇူးတင်ကျေနပ်နိုင်ပြီးသားပါ ..."

"ဟင့်အင်း ... အန်တီရယ် ... အဲဒါကို ပြောတာမဟုတ်ပါဘူး ... တကယ်ဆို ... အန်တီ့ကို ကိုယ့်မိခင်ရင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လို သဘောထားနိုင်တယ်ဆိုရင် ... အန်တီအရင် တစ်ခါ စီမံချင်ခဲ့ဖူးတာကို ... သက်ပိုင် အနေနဲ့ ... မငြင်းပယ်ခဲ့သင့်ပါဘူး ...။ အန်တီ့ကို တကယ်ချစ်တယ် ... စိတ်ပူတယ် ဆိုရင် ... အန်တီ့ရဲ့ အိုချိန် နာချိန်တွေကိုပါ သက်ပိုင်ရဲ့ခေါင်းထဲ ထည့်ပေးထားနိုင်ရမယ်"

အန်တီစပယ်ရဲ့ မျက်ဝန်းတွေ ပင်းဝင်းလက်သွားပါသည်။ တစ်ခုခုကိုလည်း ကြံစည်စိတ်ကူးလိုက်ပုံလည်း ရသည်။ စိတ်မကောင်းပါဘူး အန်တီရယ် ...။ သားငယ်ကလေးလို "မေမေ့သားကလေး"မဟုတ်တဲ့ ကိုမော်ခန့်ဟာ ... သက်ပိုင်ဘက်က ဘယ်လိုခေါင်းညိတ်ညိတ်၊ လက်ခံခံ ...။ မိခင်စီမံတဲ့ အိမ်ထောင်ရေးမျိုးကို အလွယ်တကူ ခေါင်းညိတ် လက်ခံလိုက်မဲ့သားမျိုး မဟုတ်ပါဘူး ...။

ခုလို... သူ့ဘက်ကပါဖွင့်ပြော၊ လက်ထပ်ခွင့်တောင်း၊ တစ်ဖက်ကလည်း လက်ခံခေါင်းညိတ်လိုက်ပြီးတဲ့ မိန်းကလေးတစ်ယောက်ပါ ရှိနေပြီဆိုတော့ ... ပိုဆိုးပြီပေါ့ ...။

ဒါဆိုရင် ဘာလို့ ခုချိန်ကျမှ ... မသက်ပိုင်က ... နှောင်တပဲရသလိုလို ... ခုမှပဲ ခေါင်းထညိတ်ချင်သလိုလို ... လုပ်လိုက်ရတာတဲ့လဲ ...။

"သက်ပိုင်ကလည်း လက်ခံတယ် ... ခေါင်းညိတ်သဘောတူတယ်"ဟု သူ့သားလတ်ကို တစ်ခွန်းလောက် ပြောလိုက်တာနဲ့ ပွတူးဝါးတား ထတုံ့ပြန်တော့မဲ့ သူ့သားလတ်ဟာ ...





သက်ပိုင်ကို ..."ဘယ်လိုမိန်းမလဲဟ ... ခုလိုအခြေအနေကို သိပြီးနေတာတောင်မှ ..."ဟု မြင်မဲ့အပြင် ... သူ့မိန်းကလေးထံသို့ပါ သတင်းစကားပို့၊ ပြောပြနိုင်သည် ...။ ဒါဆိုရင်တော့ "သက်ပိုင်ပြန်လုပ်ပြီ"ဆိုတာ ထိန်ထိန် ကောင်းကောင်း(ချက်ချင်း)သဘောပေါက်သွားပေလိမ့်မည် ...။ ဒါက တစ်ချက် ...။

"သက်ပိုင်မှ သက်ပိုင်"ဖြစ်နေတဲ့ အန်တီစပယ်ဟာ "သက်ပိုင်ကလည်း ပြန်လက်ခံပြီဖြစ်ရက်နဲ့ ... ဒီကလေးမရှိနေလို့ သားဘက်က ဘယ်လိုမှ မဖြစ်နိုင်တော့တာ"ဆိုတာမျိုး ခေါင်းထဲရောက်သွားရင် ... ထိန်ထိန် တစ်ယောက် ... ဘယ်လောက်အောက်ကျို့ဝင်ဝင် ...၊ ဘယ်လောက်ပဲ အဆင်ပြေပြေနဲ့ ချစ်ခင်ချင်စရာ ရုပ်ကလေး ဖြစ်နေနေ ... အန်တီစပယ့် ခေါင်းထဲ သင်းအတွက် နေရာထပ်မရှိနိုင်တော့ပြီလေ ...။ နှစ်ချက် ...။

အကယ်လို့များ ... အိမ်ကမိဘတွေနဲ့ပါ ရင်းနှီးခင်မင် ဝင်ထွက်နေပြီဖြစ်တဲ့ အန်တီစပယ်က ... စပ်မိစပ်ရာစကားစမြည်အဖြစ်နဲ့ ..."မသက်ပိုင်နဲ့ သူ့သားအလတ်ကို ဖြစ်စေချင်တာ ... ရည်မှန်းသေးတာ ... မသက်ပိုင်ကလေးကလည်း သူ့အန်တီအပေါ် မေတ္တာကြီးရှာလွန်းလို့ ... ငြင်းပယ်ဖို့ မရှိဘူး ..." ဆိုတာမျိုး ... မေမေ့နားထဲ ပြောဖြစ်ခဲ့ရင် ...၊ အဲဒီကတစ်ဆင့် ကြီးကြီးနဲ့ အန်တီလေးတို့ဆီအထိ ပြန်ပေါက်သွားခဲ့ရင် ...။

ကြီးတော်၊ အဒေါ်တွေမှာ သူတို့သေချာပင် မစုံစမ်းကြရသေးသော ကျသမက်လောင်း၊ သားသမက်လောင်းရဲ့ မိခင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



က ထိန်ထိန့်ထက် သက်ပိုင်ကိုသာ အလိုရှိနေတာမှန်း သိသွားကြရင် ...။ အဲဒီက တစ်ဆင့်တက်လို့ ထိန်ထိန့်ကိုကျတော့ အလိုမရှိနေဘူး ဆိုတာကိုပါ ထပ်သိသွားကြရင် ...။ သုံးချက် ...။

ပြီးပြီလေ ...။ တစ်ချက်ခုတ် သုံးချက်ပြတ် ...။ မသက်ပိုင် အနေနဲ့ ... ခုနေ အတိအကျ လက်ခံခေါင်းညိတ်ကာ လက်ထပ်ပါမည် ... ဆိုရင်တောင်မှ ... ကိုမော်ခန့်ဘက်က ပါမလာနိုင်တာနဲ့ပဲ ... မသက်ပိုင် မဖြစ်စေလိုတဲ့ (ခေါင်းထဲတောင် ထည့်စဉ်းစားစရာ မလိုတဲ့) "မျစ်သူ့ရဲ့ အစ်ကိုနဲ့မှ"ဆိုတဲ့ ကိစ္စကြီးဟာ ဖြစ်ကို ဖြစ်ပွားလာမှာမှ မဟုတ်တာ ...။

မသက်ပိုင်ကလည်း ကိုယ့်ကိစ္စ ဖြစ်ပွားစေချင်တာ မဟုတ် ...။ "တူသောအကျိုး ပေးပါရစေ"လို့ ကျိန်တွယ်ဆုတောင်းထားပြီးသား ထိန်ထိန့် အတွက်ကိစ္စကိုပဲ ... မဖြစ်ပွားစေချင်ရုံ ...။ ပျက်စေချင်ရုံ ...။

အဲဒီလောက် တိတိကျကျ စီစဉ်တာတောင်မှ ... တစ်ချက်ခုတ် သုံးချက်ပြတ် ဖြစ်မလာဘူးလား ...။ မပျက်မပြယ်ဘဲ ရှေ့ပဲဆက်နေကြလေမလား ...။ ရပါတယ် ...။ "စိတ်ထားမမှန်သူကြီး၊ စိတ်ပုပ်မကြီး"ဆိုတဲ့ ခေါင်းစဉ်အောက် မရောက်ချင်လွန်းလို့ ...၊ အပြစ်မကင်းစွာ ရင်နာရမှာစိုးလွန်းလို့၊ ဒီလိုခုမှထ ... ခေါင်းလေးညိတ်ပြီး သဘောတူချင်ရုံသက်သက် ... လုပ်သေးတာ ...။ မအောင်မြင်ခဲ့ရင်တော့ ... "စိတ်ပုပ်မကြီး"ဖြစ်ရင်လည်း ဖြစ်ရစေတော့။





ထိန်ထိန်ဟာ ... ကျော်ဇင် လက်ထပ်ခွင့်တောင်းခဲ့ဖူးတဲ့ မိန်းကလေး၊ လက်စွပ်ကို လက်ခံထားတဲ့ မိန်းကလေးအဖြစ် ... ကိုမော်ခန့် သိပြီးပြီလား ...။ အန်တီစပယ် သိပြီးပြီလား ...။ အိမ်က ကြီးတော်တွေ၊ အဒေါ်တွေကော ... သိပြီးကြပြီးပြီလား ...။ သိပြီးတဲ့နောက်မှာ ..."ညီထံက လက်စွပ်လက်ခံထားတဲ့ မိန်းကလေး"ကို "အစ်ကို"နဲ့ ... ဘယ်သူတွေက (မျက်နှာမပူ ... ဘယ်လိုမှ မနေဘဲ) ဆက် ... လက်ခံကျေနပ်နေနိုင်ကြဦးမလဲ။

အဲဒါကတော့ ... တစ်ချက်အခုတ်မှာ ... သုံးချက်စလုံး မဟုတ်ဘဲ နှစ်ချက်လောက်ပဲ ပြတ်နိုင်တာမျိုးလည်း ဖြစ်နိုင်ပါသည်။ ဒါပေမဲ့ နှစ်ချက်လောက် ပြတ်သည်ဆိုရင်ပဲ ... ကိစ္စကလည်း ပြတ်နေလောက်ပါပြီ ...။

လူ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ ကလီစာ organ တွေဆိုတာဟာ ... တစ်ခုနဲ့တစ်ခု အဆက်အစပ်ရှိရှိ တည်မှီဖြစ်တည်နေကြတာ မဟုတ်လား ...။ နှလုံးသားတစ်ခုလုံး ပုံပြတ်ကြွေကျပြီးခဲ့ပါပြီဆိုမှတော့ ... အူတွေ အသည်းတွေပါ လိုက်ပုပ်ပြီး ... ဝမ်းတွင်းပုပ်ရောဂါတစ်ဆင့် ဦးနှောက်ကပါ ဆက်တိုက် ဆက်ပုပ်နေပြီဖြစ်တာ ... ဘာဆန်းသလဲ ...။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ... ထိန်ထိန်ရယ် ... အဲဒါ ... အဲဒီ တစ်ယောက်ဟာ မသက်ပိုင်ပဲ မဟုတ်ဘူးလားဟင် ..."

"မဟုတ်ဘူး ... အစ်ကိုကြီး ... အဲဒါ ထိန်ထိန်ပါ ..."

"ထိန်ထိန်က ... ညီလေးရဲ့ လက်စွပ်ကို လက်ခံခဲ့တယ်"

"သူက ထိန်ထိန့်ရှေ့က စားပွဲအံလေးထဲကို ပစ်ပေါက်ထည့်ပေးသွားခဲ့တာ ... အစ်ကိုကြီးရဲ့ ... ပြီးကျတော့ ... ထွက်ပြေးရော ...။ ထိန်ထိန်က နောက်ကနေတော့ အတင်းပြေးလိုက်ပြီး ပြန်မပေးဖြစ်ခဲ့ဘူးပေါ့ ...။ ဒါပေမဲ့ အဲဒီလိုသာ နောက်ကနေ ပြန်ပြေးလိုက်ပြီး ပြန်ပေးမိခဲ့ရင် ... ထိန်ထိန့်အတွက် ဒီထက်ပို Gulity ဖြစ် ...(အပြစ်မကင်းသလို) ခံစားရကောင်း ခံစားရဦးမှာ ...

ခုတော့ သူပစ်ပေါက်ထည့်ခဲ့လို့ လက်စွပ်က ထိန်ထိန့်ဆီမှာ ကျန်ရစ်တယ် ... ပြီးကျ သူက သူ့ဟာနဲ့သူ ထွက်ပြေးတယ် ... ဖြစ်ရပ်ကတော့ အဲဒါပဲ ..."

"ထိန်ထိန် ကိုယ့်ကို ပြောပြခဲ့မှုဖို့ ကောင်းတယ် ..."

"ဟုတ်မှာပေါ့ အစ်ကိုကြီး ...။ ဒါပေမဲ့ ... အဲဒီလူတစ်ယောက်ရဲ့ လက်စွပ် ကျွန်မဆီမှာ ရှိနေတယ် ... ကျွန်မရှေ့ကနေ သူ ထွက်ပြေးလို့ သူသေသွားရတယ် ဆိုတာ





မျိုး ... အဲဒီလူရဲ့ အစ်ကို့ကို ... ထိန်ထိန်က ဘယ်လိုအင်အားနဲ့ တွေ့တွေ့ချင်း ပြောဝံ့မလဲ ...။ တွေ့တာကြာပြီး ခင်လာတော့ရော ... ပြောထွက်ဖို့ ပိုပိုခက်ခက်လာတော့မှာ ...။ အစ်ကိုကြီး နည်းနည်းလောက် ကိုယ်ချင်းစာပြီး စဉ်းစားကြည့်စမ်းပါ ...

ဒါပေမဲ့ ... ခု အစ်ကိုကြီး သတင်းကြားလာပြီး ထင်နေနိုင်သလိုမျိုးတော့ ထိန်ထိန်ဟ ကိုကျော်ဇင့်ရဲ့ နှစ်ဦးနှစ်ဖက် သဘောမူပြီးကြတဲ့ ချစ်သူတွေလည်း မဟုတ်ဘူး ...

ထိန်ထိန်က ရယ်မောနောက်ပြောင်ပြီး လွှတ်လိုက်လို့ ... ကိုကျော်ဇင့်မှာ အရှက်တွေသဲကြီးမဲကြီးရသွားပြီး ... သေသွားတဲ့အထိ ဖြစ်ရတာလည်း မဟုတ်ဘူး ...

ပြောရမယ်ဆို ... ထိန်ထိန် ကိုယ်တိုင်ကလည်း လုံးဝမျှော်လင့်မထားခဲ့မိတဲ့ ဖြစ်ရပ်မို့ ... ဘာလုပ်လို့ ဘာကိုင်ရမယ်မှန်းတောင် သိလိုက်တာ မဟုတ်ဘူး"

"အဲဒီလောက်ကြီးတော့လည်း ကိုယ် မကြားခဲ့ပါဘူး ထိန်ထိန်ရယ် ... ကိုယ်ကိုယ်တိုင်ကလည်း အဲဒီလို စွပ်စွဲပြီး ထင်မြင်ချင်တာ မဟုတ်ရပါဘူး"

"ဒါပေမဲ့ ... ခက်ချင်မှလည်း ဆက်ခက်မှာပါ ... ဆိုတဲ့ ပန်းတိုင်ဟာ ... အတော်ကြီးတော့ ခက်ခက်ခဲခဲ ဖြစ်သွားပြီပေါ့နော် ..."



www.burmeseclassic.com

www.burmeseclassic.com



မော်ခန့်မှာ ... ကလေးလောက်ပင် မတည်မငြိမ် စိတ်မထိန်းနိုင်သလိုဖြစ်ကာ ... ခေါင်းထဲ လက်နှစ်ဖက်စလုံး ထိုးသွင်းပြီး ကုတ်ဖွလိုက်မိပါသည်။ ပြီးလျှင်တော့ ဆံပင်တွေထဲ လက်ချောင်းတွေ ဆက်ထိုးထည့်ထားကာ ... တံတောင်ဆစ်နှစ်ဖက်ကို စားပွဲပေါ်မှာ ထောက်တင်ထားပြီး ခေါင်းငုံ့ထားမိသည်။

ဒီအဖြစ်ကို သိလိုက်ရတဲ့အခါ ... ထိန်ထိန်ကလေးအပေါ် ... မော်ခန့်ရဲ့ ချစ်ခြင်းမေတ္တာများ ဘယ်လိုပြောင်းလဲလို့သွားခဲ့သလဲ ...။ ဘယ်လိုမှ မနေပါ ...။ မပြောင်း ...။ ညီလေးနဲ့ ပတ်များ ပတ်သက်သလား စုံစမ်းမိသည်။ မဟုတ်နိုင်တော့ပျော်ခဲ့သည် ...။ အဲဒီကနေ တစ်ဆင့်ပြီး တစ်ဆင့်တက်ကာ စိတ်ဝင်စားမှုကနေ ချစ်မြတ်နိုးလာခဲ့မိတဲ့အထိ ...။ ခုတော့ အမြစ်တွယ်စွဲကိုင် သေချာခိုင်မတ်နေပြီ ...။ ကိုယ်စတင်စုံစမ်းမိခဲ့သောကိစ္စဟာ ... ခုမှ တကယ် ဟုတ်ပါပြီ ... ဆိုတော့လည်း မတတ်နိုင်တော့ ...။ မတတ်ကို မတတ်နိုင်တော့တာ ...။

အဲဒီအတွက် တစ်သက်လုံး လက်တွဲခိုင်မြဲသွားဖို့ သေချာမိပြီးသား ချစ်သူကို ... အဆက်ဖြတ် ကျောခိုင်းပစ်လိုက်ရတော့မှာလား ...။ မဆိုင်လိုက်တာ ...။ ညီကလေး ချစ်ခွင့်ပန်ခဲ့ဖူးတဲ့ မိန်းကလေးဟာ ... ကိုယ်နဲ့ကျမှ ချစ်သူကလေး လာဖြစ်နေရတာ ...။ မဖြစ်ရင်တော့ ပိုကောင်းတာပေါ့ ...။ အတိုင်းထက်အလွန်ပေါ့ ...။





သို့သော် ... ဖြစ်ပြီးတော့လည်း ဘယ့်နှယ်လုပ်ရလဲ ...။ ဒါဟာ သွားလေသူ ညီငယ်တစ်ယောက်အပေါ် ... သစ္စာဖောက်ဖျက် ... အကျော်ကြဲ၊ အစ်ကိုမဆန်ခြင်းမျိုးဟု မော်ခန့်ကတော့ မမြင်နိုင် ...။

မဆိုင်ဘူးလေ ...။ ကိုယ် လုံးလုံးမသိခဲ့ဘူး ...။ အကယ်၍ ... (အကယ်၍) သိခဲ့ရင်တောင် ... နှစ်ဦးနှစ်ဖက်သဘောမျှပြီးခဲ့ကြတဲ့ ကျန်ရစ်သူ မိန်းကလေးကို ကိုယ်က ဇီလိန်ဆန်ဆန် အတင်းဝင်ခုတ် ဖြတ်လုတာမျိုးမှ မဟုတ်လေဘဲ ...။

ဒါပေမဲ့လည်း ... ကိုယ်က "အမှား"လို့ မမြင်နိုင်တဲ့အရာတွေကို "မမှန်ဘူး"ဟု ဝိုင်းမြင်ကြတော့မဲ့ သူတွေ တစ်ပုံကြီး ရှိသည် ...။ တစ်ပုံကြီးမှ တကယ့်ကို တစ်ပုံကြီး ...။ ကိုယ့်အတွေးတွေကို ကိုယ့်ဘာသာတောင် ပြန်တရားကျနေရသေးသည်။ အကယ်၍သာ ... ကိုယ်သည်လည်း ခုချိန်မှာ ... ထိန်ထိန်နဲ့အပြန်အပြန် နားလည်မှု ရပြီးကြပြီးသား၊ ဘဝလက်တွဲဖော်တွေအဖြစ် သတ်မှတ်နိုင်ခဲ့ကြပြီးသား ...၊ သူတွေသာ မဟုတ်ခဲ့သေးရင် "မမှန်ဘူး"ဆိုတဲ့ အုပ်စုထဲ ... ကိုယ်ပါ,ပါချင် ပါနေမိဦးမှာပင်။

အဓိက,ကတော့ မေမေပါပဲ ...။ မသက်ပိုင်ရဲ့ပထမအပြောနဲ့တင် ထိန်ထိန့်ကို ရင်ဆိုင်တွေ့ဆုံခွင့် ပေးရမှာလောက်ကိုပဲ စိတ်ညစ်နေပုံရတဲ့ မေမေဟာ ... ဒီအဖြစ်ကိုဆို ဘယ်လောက်ထိ ... ချဲ့ထွင်ခံစားနေတော့မလဲ ...။ ဒီလိုဆိုလည်း ... "နှောက်ဆုတ်ဘူး"ပါပဲ ... ဆိုတဲ့ ... အခြေအနေကိုပါ ထပ်သိရင် ... မေပြနိုင်တော့လောက်အောင်လည်း ဖြစ်ရင် ဖြစ်နေနိုင်ပါသည် ...။



www.burmeseclassic.com

www.burmeseclassic.com



"ထိန်ထိန် ကိုယ့်ကို အဖြစ်မှန်တွေ ကြိုမပြောပြခဲ့တာ ... ကိုယ် နားလည်နိုင်ရမှာပေါ့လေ ...။ တကယ်ဆို ကိုယ့်ဘက်မှာလည်း ပြောစရာတွေ ရှိခဲ့တာပါပဲ ...။ ကိုယ် ထိန်ထိန့်ဆီ ရောက်လာခဲ့တာကိုကလည်း အဲ့ဒီလို ညီလေးနဲ့ပတ်သက်လေမလား ... လို့ ... စုံစမ်းကြည့်ချင်စိတ်က စ,တာပဲဟာ ... ကိုယ်လည်း ဒါကို ထိန်ထိန့်ကိုမှ ... ရိုးရိုးရှင်းရှင်း ... မှန်တဲ့အတိုင်း ကြိုပြောမပြမိခဲ့တာပဲ ..."

ထိန်ထိန်က မော်ခန့်ကို မျက်လုံးပြူးကြီးတို့နှင့် ထိတ်လန့်တကြား ကြည့်လာသည်တွင် ... မော်ခန့်က ... "ဟေး ... သံသယတွေ ချက်ချင်းဝင်သွားမယ် မကြံနဲ့ ...။ ကျန်တာအားလုံးကတော့ "အစစ်"..."ဟု မြန်မြန်အော်လိုက်ရပါသည် ...။

"ကိုယ်ကတော့ ထိန်ထိန့်ရဲ့ အစ်မ ... မသက်ပိုင်ကိုပဲ အတော်ကလေး အံ့ဩတယ် ... သူနဲ့ ထိန်ထိန်တို့ကြားမှာ ဆွေရေးမျိုးရေး အဆင်မပြေကြဘူးလား"

"ဆွေရေးမျိုးရေးကတော့ ပြေလည်ပါတယ် ... ထိန်ထိန်တို့ နှစ်ယောက်ကသာ သိပ်မပြေလည်လှတာပါ ..."

"သိပ်မပြေလည်လှဘူး ... ဆိုတာမျိုးလောက်တော့ က,မယ်မထင်ဘူး ..."

ထိန်ထိန်က ဘာမှပြန်မပြောပါ ...။ သူ့အစ်မဖြစ်သူဟာ သူ့အကြောင်းတွေကို တစ်ခုပြီးရင်း တစ်ခုစီ ဖွင့်ချလိုက်၊ နားလှည့် ပါးလှည့် သဘောနှင့် မော်ခန့်ရဲ့မေမေ့ကို ပေါက်က





ရလေးတွေ လှည့်ပတ်ပြောဆိုလိုက် ... စသဖြင့် ညီအစ်မ, မဆန်သော့သလိုလို တစ်ခုပြီးတစ်ခု လုပ်နေစဉ်မှာ ... သူကလေးကတော့ ခြံပြီးရင်း မြှုပေးထားရင်း မျိုသိပ်ရင်း လုပ်ချင်နေပုံရသည် ...။ သူ့အစ်မနဲ့ ပတ်သက်တာတွေကို ဖွင့်ဟလိုပုံမရ ...။

မသက်ပိုင်ဟာ တစ်မျိုးပဲဟု မော်ခန့်က ထင်သည်။ ရုပ်ရည်နဲ့ အနေအထိုင်များအရ ... ကိုယ့်ချစ်သူကလေးထက်သောင် ... ပိုအဆင့်မြင့် အထက်တန်းကျ နေလိုက်သေးတဲ့ အဲဒီတစ်ယောက်ဟာ ... မျက်လုံးများနဲ့ မျက်နှာပြင်ပေါ်က (ခံစားချက်) အမူအရာကို့ကတော့ "မရှင်း"ဟု မော်ခန့်က ထင်သည် ...။

ဘဝမှာ နေမပျော်ရလောက်အောင် ... စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေး အခက်အခဲတွေ ... ဘာမှရှိနေပုံမရတဲ့ ... (ရှိတယ် လို့လည်း မကြားမိတဲ့ ... မဖြစ်နိုင်တဲ့) မိန်းကလေးတစ်ယောက်ဟာ မျက်နှာက အဲဒီလောက်ကြီး "မရှင်း"ဖြစ်နေတာ ... အံ့ဩဖို့တောင် ကောင်းသည်။

ပြီးကျတော့ စိတ်ဓာတ် ...။ ဆွေရေးမျိုးရေး၊ ညီအစ်မချင်း အတွင်းရေးတွေမှာ ... သေလုအောင်ကြီး မပြေလည်ဘူးပဲ ထားပါ ...။ သူ့ရဲ့ အဆင့်မြင့် အထက်တန်းကျလှတဲ့ ရုပ်ရည်လေးအရဆိုရင် ... ဒီလောက်ကြီး လိုက်လုပ်မနေသင့် ... ဟု မော်ခန့်က မြင်သည် ...။

နကျတော့ သူ့ဟာက ... ညီလေးကိစ္စ အထိပါ ဖွင့်မချခင်ကဆိုရင် ... မေမေ့ခေါင်းထဲ စိတ်ကူးပေါက်ရာ၊ တွေး



www.burmeseclassic.com

www.burmeseclassic.com



မိတွေးရာ ရောက်ရှိနေတဲ့ ..."အချစ်တော်ကလေးနဲ့ သားတော်မောင်"ဆိုတဲ့ အစီအစဉ်ကို ... မေမေ့အတွက်ပဲ ပွဲတွက်ပြီး လက်ခံချင်တော့သယောင်ယောင် လာလိုက်သေးသည် ...။

မော်ခန့်ဖြင့် ..."ဟ ... သူ့ညီမနဲ့ကိစ္စကို မသိကြတာလည်း မဟုတ်ဘဲနဲ့ ..."ဟု ပါးစပ်အဟောင်းသားပင် ဟ,ထွက်သွားခဲ့ရပါသေး ...။ ဒါပေမဲ့ မော်ခန့်က ဦးနှောက်နဲ့ပဲ တုံ့ပြန်ခဲ့ပါသည်။ ထိန်ထိန့်ကိုလည်း ပြန်တောင်ပြောမနေတော့ ...။ မေမေ့ကိုလည်း ..."ဘူးဘွား"ထလုပ်ဖို့ထက် ပြုံးပြီးသာ ကြည့်နေလိုက်တော့ ... သွေးတိုးစမ်း စကားပစ်သည့် သဘောလောက်ဖြစ်ပုံရတဲ့ မေမေလည်း အီလည်လည်နဲ့ ... ဘယ်လိုမှ ရှေ့မဆက်သာဘူးပေါ့ ...။ ရုန်ထဖြစ်လိုက်လို့ကတော့ ..."အမေ့အတွက်မှ မငဲ့တဲ့သား"တွေ ဘာတွေ အမည်ရကာ ... ဖွဲကြီးပြီး ခပ်ထက်တက်ပင် ဖြစ်ခဲ့ဖူးတဲ့ မေမေ့ဆီကလည်း ဘယ်လိုတုံ့ပြန်မှုတွေ ထပ်ရလာမလဲ ... မဆိုနိုင်ပါ ...။

တစ်ခုမှာ ... မအောင်မြင်လိုက်တော့ ... နောက်တစ်ချီ ... နောက်တစ်ကျော့ ခင်ဗျာ ...။ "တစ်ခုနဲ့မှ မရရင် နောက်တစ်ခု ...။ လျှော့တော့ မလျှော့ဘူး ... အသေပဲ"ဟုပင် ကြိမ်းဝါးထားပြီး ပုံကြီးနှင့် ...။ အဲဒီလို တစ်ခုနဲ့ မရရင် နောက်တစ်ခု ... နောက်တစ်ကွက်နဲ့ ထပ်ထုတ်တိုက်ပြန်တာကို ဦးနှောက်ရှိသူတွေက ရိပ်မိသွားနိုင်တယ် ဆိုတာမျိုး ... မတွက်တော့ဘူးလား မသိ ...။





မော်ခန့် ဆိုလိုတာက မေမေ့အပေါ် ... တကယ်စေတနာမှန်နဲ့မို့ ညီအစ်မ ဆိုတာကိုတောင် မငဲ့နိုင်တော့တာမျိုးဆိုရင် ... ပထမတစ်ကြိမ်ကတည်းက ... အကုန် တစ်လုံးမကျန်၊ အလုံးစုံ ပြောပြထားရမည်ပေါ့ ...။

တစ်ခုနဲ့ မရမှ ... နောက်တစ်ခု ထပ်ထွက်လာတာမျိုးကျတော့ ..."မပျက်,ပျက်စေတော့ ..."လို့ ရည်ရွယ်နေပုံက အသိသာကြီးပင် ...။ မေမေသာ ချစ်မြတ်နိုးမှု တိမ်သလ္လာနှင့် မမြင်တာ ...၊ မော်ခန့်က မြင်သည် ...။

ဒါက ဒီကိစ္စနဲ့တော့ မဆိုင်ပါဘူး ... ကြားဖြတ်အဖြစ်ပါ ...။ အဲသည်လို ညီအစ်မချင်းတောင်မှ စိတ်သဘောထားမမှန့်ကန်တဲ့သူဟာ ... မေမေ့အတွက် "နတ်သိကြားတို့က ဖန်ဆင်းပေးလာတဲ့ ... သူတော်ကောင်းမလေး"ဆိုတာမျိုး ... တကယ်ဟုတ်ကော ... ဟုတ်နိုင်ပါစ ... ဆိုတာ မော်ခန့်က အတွေးဝင်ပြီ ...။ ခုနေ ဒီအတွေးကို လူကြားထဲ ချပြရင်တော့ ... သူ့ကောင်မလေးကိုထိလို့ ... တစ်ဖက်ကို တန်ပြန်ထိုးစစ်ဆင်ပြီ ... ဟု ... မကောင်းကျင့် မကောင်းကြံ, ကြံသူက ... မော်ခန့်သာ ဖြစ်သွားနိုင်လေသည် ...။

"အခြေအနေကို ... အစ်ကိုကြီး ဆုံးဖြတ်ချင်သလိုသာ ဆုံးဖြတ်ပါ ... ကြိုဝန်မခံခဲ့မိတဲ့ တာဝန်က ထိန်ထိန့်မှာ ရှိနေတော့ ... ခုနေ အစ်ကိုကြီး ဘာပဲဆုံးဖြတ်ဖြတ် –



www.burmeseclassic.com

www.burmeseclassic.com



ထိန်ထိန်က အပြစ်မယူဘူး … အေးအေးပဲ လိုက်နာဖို့ကတိ ပေးပါတယ် …”

“ဟာ … ဘာတွေ လာပြောနေတာလဲ …”

“အစ်ကိုကြီးမှာ ရင်ဆိုင်ရဖို့တွေ ခက်ခဲတော့မယ်ဆိုရင် … ထိန်ထိန်က လက်တွဲဖြုတ်ပြီး … နေရစ်ခဲ့တော့မယ် …”

“ပေါက်ကရတွေ …။ ကဗျာဆန်သလိုလို ဘာလိုလိုတွေ လျှောက်မပြောနဲ့ ကောင်မလေး … ဒါ … ကိုယ်တို့နှစ်ယောက် ပြီးပြတ်သွားကြဖို့ အကြောင်းကိစ္စကို မဟုတ်ဘူး”

“တကယ်လား …”

“အာ … ဖြည်းဖြည်း အော်စမ်းပါ … အဲဒီလို အာပြဲတတ်တာကမှ အကြောင်းတစ်ချက် … ဖြစ်ရင် ဖြစ်နေလိမ့်ဦးမယ် …”

ထိန်ထိန်က “တဟီးဟီး” (ခပ်တိုးတိုး) ရယ်လိုက်ကာ … မော်ခန့်ရဲ့ လက်မောင်းတစ်ဖက်ကို … ဆွဲမွှေ့ယမ်းပစ်လိုက်ပါသည်။ ချစ်သူကလေး နေရထိုင်ရ သက်သာအောင်သာ ဖော့တိမ်ပေးလိုက်ရ …၊ ခံစားချက်ကို ရှေ့တန်းတင်တတ်ကြလွန်းသည့် ကိုယ့်မိသားစုကြီး တစ်ခုလုံးကို … ကိုယ်ဘယ်လိုပြန်ရင်ဆိုင်ရမလဲ … မော်ခန့်က အဖြေမထွက်နိုင်သေးပေ …။

“အစ်ကိုကြီးကို သိပ်ကျေးဇူးတင်တယ် … အရမ်းလည်း ပိုချစ်သွားတာပဲ”



အင်း … ညီလေးခမျာမှာတော့ … အဲဒီလို စိတ်ကြည်နူး ချမ်းမြေ့စရာကောင်းတဲ့ နားဝင်ချိုဖွယ်လေးတွေကို … ပိုင်ဆိုင်လိုက်နိုင် …။ အာ … ဒါ ဘာတွေကို … ခေါင်းထဲထည့်သာပြန်ပြီလဲကွာ …။

ထိန်ထိန့်ကို လက်စွပ်ရဲ့အကြောင်းလည်း မေးကြည့်သို့သည် …။ မေးရမှာကိုလည်း အောင့်သက်သက်နဲ့ … စိတ်မချမ်းသာချင် …။ ခုလို လက်တွဲဖော်အဆင့်ထိ သတ်မှတ်ပြီးတဲ့သူတစ်ယောက်နဲ့ ကြုံရပြီးတဲ့အခါ … (အတင်းထား,ထားခဲ့တာပဲဖြစ်ဖြစ်ပေါ့လေ …) တစ်ယောက်က ပေးပစ်ခဲ့တဲ့ လက်စွပ်လို … “အဓိပ္ပာယ်အပြည့်နဲ့ပစ္စည်း”မျိုးကို … ဘယ်လို ဆက်လက်စီမံယ် ကြံစည်ထားမိသလဲ …၊ သိမ်းကောင်းကောင်းနဲ့ ဆက်သိမ်းထားဦးမှာပဲလား … ဆိုတာမျိုး …။

နောက်လူဟာ အရင်လူရဲ့ အစ်ကိုရင်း မဟုတ်ခဲ့ရင် … ဒါကို ဘယ်နည်းနဲ့မှ လက်သင့်မခံမှာ ကျိန်းသေသည်။ (အစ်ကို ဖြစ်နေတော့လည်း လက်ခံလိုက်စရာ အကြောင်းတော့ရှိပါဘူး) နောက်လူကို နောက်လူအဖြစ် သဘောမထားဘဲ … အရင်လူရဲ့ အစ်ကိုတစ်ယောက်အနေနဲ့ပဲ … “ကျန်ရစ်ပစ္စည်း” ကို ပြန်အပ်လိုက်လို့ မရဘူးလား …။ ဟာ … ဘာကြီးလဲ …။

တော်ပြီကွာ …။ နောက်လူ၊ နောက်လူ၊ အရင်လူ၊ အရင်လူနဲ့ ထပ်ချည်းတလဲလဲ ထည့်ပြော ကြွေးကြော်နေရမဲ့ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ပါဘူး။ ကိုယ်ဟာ နောက်လူ မဟုတ်ခဲ့သလို _ ညီလေးဟာလည်း အရင်လူတော့ မဟုတ်ခဲ့ပါဘူး ...(တဲ့ _) သို့ပေမဲ့ ... ထိန်ထိန့်ဆီမှာတော့ ရှိမနေစေချင်တော့ကဲ့ အဲဒီလေး ခွပ် ဆိုတာကလေးကို ... ထုတ်ပေး(ဒါမှမဟုတ် ထုတ်ပြရုံပြ) တာမျိုးကို ... ထိန်ထိန်က စကားဦးတောင်မှ မသမ်းတာက သည် ...။

"အစ်ကိုကြီးရဲ့ မေမေကတော့ ... ထိန်ထိန့်ကို ... လက်း တွေ့ဆုံဖို့ ဆိုတာမျိုးကို ... ဘယ်စီစဉ်ချင်တော့မလဲ နော် ..."

"ဖြစ်လာမှာပါ ... ကြာတာနဲ့ မကြာတာ တစ်ခုခုပါပဲ _"

မော်ခန့်က ရုတ်တရက် ..."မသက်ပိုင်နဲ့ ပြန်ဆွေး နွေးကြည့်လိုက်ကြပါလား ..."ဟု ပြောလိုက်မိပါသည်။ ထိန်ထိန် မျက်နှာကလေးက အိုဆင်းသွားရကာ ...

"အစ်ကိုကြီးမေမေကို ပြန်ဝင်နိုင်ဖို့ရာက ... မသက်ပိုင်က အခရာပေါ့နော် ..."

"အင်း ... ဒီလိုတော့လည်း မဟုတ်ပါဘူး ... အဲဒီလောက် ကြီးလည်း မဟုတ်ပါဘူး ... မပြေလည်တာတွေ ရှိနေခဲ့ ရင် ... ညီအစ်မချင်း ပြေလည်နေနိုင်ရင် ကောင်းတာပေါ့ လို့ ...၊ အဲဒီလောက်ပါပဲ ..."

"ရပါတော့မလား မသိဘူး ..."





ထိန်ထိန့် အသံလေးက ခပ်အက်အက် ...။ မော်ခန့် _ "ကိုယ်က အရေးအကြီးဆုံး ဆိုတာ ... ယုံရင် ... စိတ်ချ _"ဟုဆိုကာ ခေါင်းလေးတစ်ချက် အသာပုတ်လိုက်ပါသည်။ သက်ပိုင် အကြောင်းတွေကို စဉ်စမ်းကြည့်ဖို့ ဆုံးဖြတ်ချက်လည်း စ်ထိုင်တည်းမှာလိုပင် ... ကျသွားမိလေသည် ...။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ထိန်ထိန့် ဘဝမှာ (ခုလောလောလတ်လတ် အခြေ အနေလောက်အတွက်) ရင်ဆိုင်ဖို့ရာ အခက်ခဲဆုံးနဲ့ ... အကြော ရှုံးရဆုံး ဖြစ်ရပ်က ..."ကျော်ဇင့် လက်စွပ်"အကြောင်း ... အစ် ကြီး သိသွားခဲ့မှာကိုပင် ...။ ခုတော့ ထိုဖြစ်ရပ်ဟာ နှုတ်ထွက်မ ခဲ့တဲ့ ထိန်ထိန့် အတွက် ... နတ်ဒေဝတာများက ကြည့်မနေနိုင် သလိုပင် ... မသက်ပိုင်ရဲ့ ကူညီမှုနဲ့ ... လွယ်ကူစွာ ကျော်ဖြ သွားနိုင်ခဲ့ပေပြီ။

အစ်ကိုကြီးဟာ အံ့သြစရာကောင်းလောက်အော ချစ်ဖို့ ကောင်းပါသည်။ အဲဒီကိစ္စအတွက် သူ့မှာ ရင်ဆိုင်ရခ သွားစရာတွေ အများကြီးပဲ ရှိမည်ဆိုတာ ထိန်ထိန်က နားလည် သည်။ အဲဒီလို ခက်ခဲတဲ့ကြားက ... သူဟာ ထိန်ထိန့်ဘက်မှာ ပဲ ...။ လက်တွဲဖြုတ်၊ ထားရစ်ခဲ့ဖို့ကိုလည်း ဘယ်တော့မှ စိတ် ကူးဘူး ... ဆိုတဲ့အခါ ... ထိန်ထိန်သည်လည်း (အခက်အခဲဆုံး





ကြီးကို လွန်မြောက်ပြီးတဲ့နောက်) ကျန်သေးသေးမွှားမွှားတွေကို ဘာ့ကြောင့် ... အပြုံးမပျက် ရင်မဆိုင်နိုင် ရှိရမည်နည်း။

အစ်ကိုကြီးက ထိန်ထိန့် အပေါ် နားလည်လျှင် ... ထိန်ထိန်သည်လည်း (ကိုယ့်ကို ရုတ်တရက်တော့ ဘယ်လိုမှ လက်သင့်ခံ ကျေနပ်ချင်ဦးမှာ မဟုတ်သည့်) အစ်ကိုကြီးရဲ့မေမေ အပေါ် ... အပြည့်အဝ နားလည်မှုထားကာ ... ငြိမ်ငြိမ်ကလေး အခြေအနေကြည့် စောင့်စားနေရုံသာ ရှိပါသည်။

သို့ပေမဲ့ ... ထိန်ထိန်ဟာ "မသက်ပိုင်"ရဲ့ "ရင်တွင်း အခြေအနေ"တို့ကိုတော့ ငြိမ်မနေဘဲ လိုက်လံစုံစမ်းယူဖို့ ဆုံးဖြတ် လိုက်မိပြီ ...။ ထိန်ထိန်နဲ့ မသက်ပိုင်ရဲ့ "လက်စွပ်လုပွဲ"ပြဿနာ မှာ ... ဒေါ်ဒေါ်သက်ရဲ့ ရှက်ဒေါသကို လက်ခံလိုက်ရရုံနဲ့ ... မသက်ပိုင်ဟာ ထိန်ထိန့်အပေါ် ... အဲသလောက်အထိ စိမ်းကား၊ စိတ်နာသွားရသတဲ့လား ...။

မသက်ပိုင်ရဲ့ နဂိုနေစိတ်ဓာတ်ဟာ "အဖြောင့်"မှန်း ထိန်ထိန် သိသည် ...။ အဲသည်"အဖြောင့်ကို" သဲကြီးမဲကြီး "ကောက်ကွေ့"သွားစေလောက်စရာ ... ခိုင်မာတဲ့ အကြောင်းရင်း တစ်ခုခုက ... အဘယ်နည်း ...။

ဖြစ်နေသမျှ ကိစ္စရပ်များအတွက် ... ထိန်ထိန်ဟာ မသက်ပိုင် အပေါ် ဘယ်နည်းနဲ့မှ စိတ်မတို၊ စိတ်မပျက်လိုသေး ပါ။ ကိုယ့်ကို သိပ်ကြီး မထိခိုက်လှသေးလို့လည်း ဖြစ်မှာပေါ့ လေ ...။ နို့မို့လို့ကတော့ ထိန်ထိန်လည်း ဒေါသမောဟကင်းမှ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သူတော်စင်လည်း မဟုတ် ...၊ အရာရာကို ခွင့်လွှတ်သည်းခံ စိတ်နဲ့ချည်း ရှုမြင်တတ်နေတဲ့ "အဖြူထည်"ကလေးလည်းမဟုတ်။ ထိန်ထိန်က သာမန်လူလေ ...။ သာမန်လူပီပီ ... သိပ်ကြီးမထိခိုက်လှသေးတဲ့အခါ ... ညီအစ်မ တော်စပ်သူ တစ်ယောက်ကို စိတ်နာစိတ်ပျက်ဖို့ အထိလောက် ... ယတိပြတ်စိတ်ကြီး မမွေးလိုက်နိုင်သေး ...။

မသက်ပိုင်လည်း ဤသို့သာရှိမည် ... ဟု ထိန်ထိန်က ယုံကြည်သည်။ နှစ်ဦးသားကြားက နှစ်ရှည်ခိုင်မာခဲ့ကြတဲ့ သံယောဇဉ်တွေ ဆိုတာက ... နည်းတာမှတ်လို့ကွယ် ...။ မသက်ပိုင်လည်း သာမန်လူ ဆိုရင်တောင် ထိန်ထိန်ထက်တောင် ပို "ဖြောင့်"ဦးမဲ့ သာမန်လူ ...။ တော်ရုံလောက်နဲ့တော့၊ ကိုယ့်ကိုလည်း အလွန်အကျွံ မထိခိုက်သ၍ ... ညီအစ်မချင်း ..."အပြတ်ပဲ"ဆိုတဲ့ စိတ်ကြီးဟာ လွယ်လွယ်လေးနဲ့ ... ပေါ်လာနိုင်မှာ မဟုတ်ပါဘူးလေ ...။

အဲဒါကြောင့် ... "စုံစမ်းမှ ဖြစ်တော့မည်"လို့ ဆုံးဖြတ်ချက်က ကျသွားရတာပါ ...။ ထိန်ထိန်က ... တစ်နေ့မှာတော့ ... စုံထောက်ကားတွေ၊ သိုင်းကားတွေထဲကလို ... ပါးကွက်ကြီးကွက်၊ မေမေ့မျက်မှန်အဝိုင်းကြီး ယူတပ်၊ ဦးထုပ်ကြီးပါဆောင်းကာ ...၊ The bright lights အောက်ထပ်က ... မရူပါ ရှိရာသို့ မသက်ပိုင်ရဲ့ အလစ်ကိုချောင်းရင်း ... ရုပ်ဖျက်တက်လာခဲ့မိပါတော့သည်။





"ဟဲ့ ... ထိန်ထိန် ..."

Front Desk မှာ တစ်ယောက်တည်း ထိုင်နေသည့် မရူပါက ... ဦးထုပ်နှင့် မျက်မှန်ကို ချွတ်လိုက်မှပင် ... ထိန်ထိန်မှန်း အလန့်တကြား မှတ်မိရကာ ... ရင်ဘတ်အသာဖိရင်း ... "ဘယ်လိုဖြစ်လာရတာလဲဟယ်"ဟု စိတ်ရှုပ်သံနှင့် ရှိလေသည် ...။

"မရူပါနဲ့ စကားပြောကြည့်ချင်လို့ပါ ... ဒါပေမဲ့ ထိန်ထိန်မှန်း အပေါ်က မသက်ပိုင်မြင်ရင် မသိစေချင်လို့ ရုပ်ဖျက်လာတာ ..."

"ဟုတ်ပါရဲ့ ... ရုပ်ကတော့ ပျက်ပါရဲ့ ထိန်ထိန်ရယ် ... နင်မှန်း ခုမှမနည်းပုံဖော်ပြီး မှတ်မိရပါတယ် ...။ ဒါပေမဲ့ နင့်ရဲ့ ပင်တိုင်ယူနီဖောင်းကတော့ ပြောင်းမလာခဲ့ပါလား။ အပေါ်ကရုပ်ကြီးက နင် ဟုတ်မဟုတ် မသိသာနိုင်ပေမဲ့ ... အောက်က အဖြူအနက်၊ အစင်းကျားဝတ်စုံနဲ့တင် ... နင်မှန်း လူတိုင်းပြန်သိနေလောက်ပါတယ် ... စိတ်ကုန်ပါရဲ့"

အဲဒီတော့မှ ထိန်ထိန်လည်း တစ်ကွက်လိုသွားရတာကို ရှက်အမ်းအမ်းနဲ့ ရယ်နေမိရင်းက ... ရုတ်တရက် ..."မရူပါ ... ထိန်ထိန့်ကို ကူညီပါ ..."ဟု "ဖျတ်ခနဲ" ပြောချလိုက်သည်။ စိတ်ရှုပ်ရှုပ်နဲ့ ရှုံ့မဲ့နေသော မရူပါဟာ ... ထိန်ထိန့်ရဲ့ ရုတ်တရက် "ဖျတ်"ခနဲမှာ အငိုက်မမိ၊ ယောင်ယမ်းပြီး ပါမလာပါ ...။

"နင်တို့ညီအစ်မ နှစ်ယောက်ကြားမှာ ... ငါဘာမှဝင်မပါဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ချက်ပဲ … နှစ်ချက်ပါပဲ မရူပါရယ် … ပထမတစ်ချက်က မသက်ပိုင်က ထိန်ထိန့်ကို ဘာကြောင့် ဒီလောက်စိတ်နာသွားတာလဲ ဆိုတာ … ပြောပြပါ … နောက်တစ်ခုကဟိုလက်စွပ်လေးတစ်ခုအကြောင်း မရူပါ သိပါတယ်နော် အဲဒါလေးကို ထိန်ထိန် မရူပါဆီမှာ ထားခဲ့ချင်တယ် … မသက်ပိုင်ကို ပြန်ပေး,ပေးပါ …"

"ရှုပ်ရှုပ်ယှက်ယှက်ဟယ် …"

"ကူညီပါ … မရူပါရယ် …"

"ကိုယ်ဝင်ကူညီလို့ အခြေအနေက တစ်မျိုးကောင်းလာမယ် ဆိုရင် ငါ ဝင်ကူညီချင်ပါရဲ့ ထိန်ထိန် …။ ဒါပေမဲ့ မကောင်းတဲ့အပြင် ပိုဆိုးရင်တောင် ဆိုးဦးမယ် ဆိုရင်တော့ သူ့စိမ်းက ဝင်မပါတာ အကောင်းဆုံးပဲ …"

"ဒီ့ထက်တော့ ပိုဆိုးဖို့ မရှိနိုင်တော့ပါဘူး …"

"နင်က ခုချိန်ကျမှ ဒီလက်စွပ်ကို ပြန်ပေးချင်သလေး … ဘာလေး ဆိုတော့ နင့်ကိစ္စတွေ မအောင်မြင်မှ၊ ပြေလည်ချင်လာကာမှ … သူ့ကို လာဘ်ပြန်ထိုးချင်လာသလိုမျိုးပဲလို့ … သူက ယူဆသွားနိုင်တယ်လေ …။ အဲဒီလိုဆိုရင် ပိုတောင် ဆိုးချင်ဆိုးလာဦးမယ် … သူ အင်မတန် တန်ဖိုးထားတဲ့ အရာဟာ 'လာဘ်'ပစ္စည်းအဖြစ် အသုံးခံရမှာ … သူ ကြိုက်မယ် မထင်ဘူး …"





ထိန်ထိန်က မရူပါကို တရစပ် အကဲခတ်နေသည်။ မသက်ပိုင် အပေါ် တော်ကော်မင်ဟွယ်ပြီး သူငယ်ချင်းကောင်းလည်း ပီသချင်ဟန်ရှိတဲ့ မရူပါဟာ … ဟိုးအရင်အချိန်တွေတည်းက … ထိန်ထိန်က ဒီရုံးကို ဝင်,ဝင်လာပြီး … ကလေးဆိုးတို့ရဲ့ အနိုင်ယူခြင်းတွေနဲ့ မသက်ပိုင် အပေါ် ဗိုလ်ကျ ဆိုးနွဲ့တတ်တဲ့ အခါတွေမှာ … "တရားလို"က မကျေတာနည်းနည်း …၊ သူက "ကျော်ကြီး"တော်တော် မကျေနိုင်တဲ့ပုံစံနဲ့ …။ "ဟဲ့ … ထိန်ထိန် နင် ဘယ်လိုဖြစ်နေတာလဲ …" ဘာဘာညာညာ … ဆားကနေ ဝင်,ဝင်အော်ရတာ အမော …။

ခုသာ"ညီအစ်မနှစ်ယောက်ကြား၊ မဝင်ချင်ဘူး" လုပ်နေတာ …။ အဲဒီတုန်းတွေကတော့ အတင်းဝင်,ဝင်ပြီး သူ့သူငယ်ချင်းသူ … ကာကွယ်၊ ဘက်လိုက်ရတာကအမော …။ မသက်ပိုင်က အလျှော့ပေးလိုက်တဲ့ အခါတွေမှာလည်း "နင်အဲဒီလို လျှော့,လျှော့နေလို့ … နင့်ညီမက တစ်နေ့ထက်တစ်နေ့ ဆိုး,ဆိုးလာတာ …"ဟု ထိန်ထိန့်ကို ရှေ့ထားပြီး … အားမနာတမ်း ပြောပစ်တတ်တာလည်း သူပင် …။

"ထိန်ထိန်က ထိန်ထိန့်ကိစ္စတွေ မအောင်မြင်လို့ လာဘ်ထိုးချင်တာမျိုးမှ မဟုတ်ဘဲ … ထိန်ထိန့်ကိစ္စက အောင်မြင်နေတာပဲဟာ …"

မရူပါက ထိန်ထိန့်ကို အမြင်ခပ်ကတ်ကတ်ပုံစံကြီးနှင့် မျက်စောင်းကြီးရှယ်သည်။ ထိန်ထိန်က မသိချင်ယောင်ဘဲဆောင်ထားကာ ဂရုမစိုက် …။



www.burmeseclassic.com

www.burmeseclassic.com



"အဓိက,က ... အစ်ကိုကြီးနဲ့ ထိန်ထိန်နဲ့ ဘယ်လိုပဲဖြစ်ဖြစ် လက်တွဲမဖြုတ်ဘူး ...၊ နားလည်မှု ရှိကြတယ်ဆိုရင် ပြီးတာပဲ မရှုပါ ...။ ပြီးကျ ထိန်ထိန်က ကိုယ့်မိဘကိုယ် နားလည်လာအောင်လည်း ပြောနိုင်တယ် ...၊ အထူးသဖြင့် ခေတ်မီပွင့်လင်းပြီး ... ထိန်ထိန်ကိုယုံတဲ့ ဖေဖေက ထိန်ထိန် ပြောရင် ရတယ် ..."

"အဲဒီလောက် အဆင်ပြေနေရင်လည်း ... နင့်ဟာနင်ပဲ ... နင့်မိဘနင် ရအောင်ပြောပြီး ... နင့်ချစ်သူနဲ့ လုပ်ချင်ရာ လုပ်ကြပေါ့ဟဲ့ ...။ ငါ့ပါ ဘာလာဆွဲထည့်နေစရာ လိုသေးလဲ ...။ နင်အောင်မြင်နေတဲ့ ... ဘာမှမထိခိုက်တဲ့ သတင်းတွေကို ... ငါကတစ်ဆင့် နင့်အစ်မဆီ ပို့ချင်တာမျိုးဆိုရင်တော့ ... ဆောရီးပဲ ထိန်ထိန် ... ငါက တမင့်ကို ပြန်မပြောမှာ ...။ နင့်မှာ အဲဒီအကြံကြီးနဲ့ ဒီကိုလာတာဆိုရင်တော့ ... နင့်အကြံကို ခုပဲ ... စွန့်လွှတ်လိုက် ...။ ငါက မရဘူး ..."

မရှုပါကလည်း ... တကယ်ပဲ စိတ်ဆိုးနေတဲ့ သဘောကြီးပါလား ...။ ပြီးကျ မရှုပါဆီက "သူ့အင်မတန် ... တန်ဖိုးထားတဲ့ ပစ္စည်းကလေး"ဆိုတဲ့ တစ်ခွန်းကလည်း ထွက်လာပြီးပြီ ...။ အကြောင်းခိုင်ခိုင်မာမာ တစ်စုံတစ်ရာ ရှိကိုရှိရတော့မှာ သေချာပါပြီ ...။

မသက်ပိုင်ဟာ ... သူ့လက်ချောင်းလေးတွေပေါ်မှာ အင်မတန်လှပ၊ လိုက်ဖက် ပန်ရနေရှုံနဲ့ ဒီပစ္စည်းကို ... ပြိုင်လှချင်





လာရဟာမျိုး ... ထိန်ထိန့်အတွေး တိမ်တိမ်ကလေးနဲ့ ကွေးမိခဲ့မှုတာတွေသည် ... ခုတော့ ဟုတ်ပုံမရ ...။

"အဲဒီလို တစ်ဖက်မှာ အဆင်ပြေအောင် လုပ်ယူလိုက်လို့ ရနေရက် ... ဒီကို အောက်ကျခံပြီး ရောက်လာရတာကိုက ... ညီအစ်မချင်း ပြန်ပြေလည်ချင်တဲ့ သဘောတစ်ခုတည်းနဲ့ပါ မရှုပါ ...

ထိန်ထိန်က မသက်ပိုင်ရဲ့အကြောင်းတွေကို မရှုပါလောက်တောင်မှ သိမထားတဲ့သူပါ ...။ အိမ်ချင်းလည်း ဘေးချင်းကပ်၊ ပြီးတော့ အတူလည်းကြီးလာကြတဲ့ ညီအစ်မနှစ်ယောက်ဟာ ... ဒီလိုကိစ္စတွေကြောင့်နဲ့ ... တစ်သက်လုံး ... ဝေးစိမ်းသွားကြရတော့မှာလား ...။ ပြီးပြီလား ..."

မရှုပါ တစ်ယောက် တစ်မျိုးကြီးပင် ဖြစ်သွားသည်။ လူနှစ်ယောက် စကားအပြိုင် ပြောဖြစ်နေကြရာမှာ ... တစ်ယောက်က သွေးအေးငြိမ်းချမ်းပြီး စကားကောင်းတွေချည်း ထွက်နေတာမို့ ... ငေါင်းငေါင်းငမ်းငမ်း လုပ်နေတဲ့ ကျန်တစ်ယောက်ခမျာလည်း အလိုလိုနေရင်း ... အသိဝင်၊ ဆင်ခြင်လာတော့တဲ့ပုံပင်။

"မသက်ပိုင် လျှောက်လုပ်နေတာတွေကို ငါလည်း အကုန်လုံး သဘောတူ ထောက်ခံလှတယ်တော့ မဟုတ်ပါဘူး ထိန်ထိန် ...။ သနားလို့ လွှတ်ထားတာပါ ... နင်ကလည်း သူ့အရိုက်ကိုမှ တည့်တည့်နှက်ခဲ့သလို ... ရှိနေတာကိုးဟဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ထိန်ထိန် ဘာမှ မသိဘူး ..."

"ကျော်ဇင်ဟာ နင့်ကို ကြိုက်တာမဟုတ်ဘူး ...။ နင်နဲ့က ဘာဆိုင်သလဲ ... အဝေးကြီးပဲ ...။ သူ့ကိုပဲ ကြိုက်တာ။ ဖွင့်ပြောတော့မှာ ...၊ အဲဒီလက်စွပ်လေးရဲ့ ပိုင်ရှင်အစစ်ဟာ သူပဲ ဖြစ်ရမှာ ... ဆိုတာတွေကို ... ဘေးလူ ... ငါက ခုလောက် ဝင်ပြောရင် ... နင် လက်ခံယုံကြည်စမ်းပါတော့ ထိန်ထိန်ရယ် ...

နင်က တစ်ခါ တစ်ခါမှ ပေါ်လာပြီးတော့များ ...၊ သူတို့နှစ်ယောက်ကြားမှာက သူတို့ချင်းပဲသိတဲ့ ဇာတ်လမ်းတွေ၊ အကြည့်တွေ၊ ခံစားချက် အသိတွေ ... တစ်ပုံကြီးပဲ ...။ ဘေးလူငါတောင် ဝင်,သိနေရတာတွေ အများကြီးရှိတယ် ... ဟုတ်နိုင်ပါ့မလား ... ဘယ်လိုသိနိုင်မှာလဲ ... ဘာလဲ ... တွေ ... ထင်မနေနဲ့ ...။ ဟုတ်ကိုဟုတ်တယ် ... သိကိုသိတယ် ...။ နင်နဲ့ ဘာမှမဆိုင်ဘူး ... သူနဲ့ပဲဆိုင်တယ် ...။ အဲဒါ ငါ ... တိတိကျကျကို ပြောနိုင်တယ်ဟယ် ... အဲဒါပဲ ..."

"အို ... ထိန်ထိန် ယုံပါတယ် မရူပါရယ် ... လက်ခံနိုင်ပါတယ် ..."

"နင်က ... ခုမှ ... ငါလို သူစိမ်းက ဝင်ပြောမှ ... ထ,ယုံနေ ...။ ကိုယ့်ညီအစ်မချင်း ပြောတုန်းကတော့ နင်မှ နင်ဆို ... လျှော့မှ မလျှော့နိုင်နဲ့ပဲ ..."





"အဲဒီတုန်းက ခုလိုခေါင်းမအေး၊ မရှင်းနိုင်ကြဘူး မရူပါ ...။ ကြုံလိုက်ကြရတဲ့ အဆန်းတကြယ်၊ အပြောင်းအလဲတွေကို တုန်လှုပ်ခံစားနေကြရတာလည်း ပါမယ် ... မသက်ပိုင်ကလည်း ထိန်ထိန့်ကို အဲဒီလိုမှ တိတိကျကျမှ ဘာမှမပြောခဲ့တာပဲ ...

ထိန်ထိန် ဖွင့်မေးခဲ့ပါသေးတယ် ... ကျော်ဇင်နဲ့ သူနဲ့သာ ချစ်သူတွေဆိုရင်၊ ဇာတ်လမ်းတွေ ရှိခဲ့တယ်ဆိုရင် ...၊ ထိန်ထိန် လက်ခံပါ့မယ်လို့ ...။ သူက မရှုပါလို့မှ ... ဘာမှ တိတိကျကျမှ ပြန်မပြောပြခဲ့ပဲ ..."

"ပြောစရာလား ...။ အတိအလင်း ဖွင့်လင်းကြပြီးသား ချစ်သူတွေ ဘာဝမှ မဟုတ်လိုက်ကြရတာ ...။ မိန်းကလေးတစ်ယောက် အနေနဲ့ ... အထူးသဖြင့် မသက်ပိုင်လို တစ်ယောက်အနေနဲ့ ... သူ့ဘက်က ဘယ်လောက်ပဲ ရိပ်မိ၊ ရိပ်မိ။ နှလုံးသားချင်းသိသိ။ ဘေးလူတွေလည်း ဘယ်လိုပဲ ဝင်သိနေနေ ...။ သူ့ကို ဖွင့်ပြောမသွားရသေးဘဲ ဆုံးသွားတဲ့ ယောကျာ်းလေးတစ်ယောက်ကို ... "ကျွန်မချစ်သူ" ပါလို့ ထ,ကြေညာဝံ့စရာ ရှိသလား ...

ပိုဆိုးတာက ... ဟိုက အယောင်ယောင် အမှားမှား ... တလွဲတချော်နဲ့ သူ့ညီမဆီကိုမှ ချော်တောငေါ်၊ သွားဖွင့်ပြောမိပြီး ... လက်စွပ်ပါ ကျွန်နေခဲ့တဲ့ကိစ္စ ...။ သူ့ "ချစ်သူ" လို့ ဘယ်လိုပါးစပ်မျိုးနဲ့ ဖွင့်ပြောရဲရမလဲဟဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲကနေ အားလုံးဝင်သိပြီး သူပါ ခံစားနေခဲ့ရသော မရှုပါမှာ ... စိတ်မထိန်းနိုင်တော့သလို ဖြစ်,ဖြစ်လာပြီမှ _ အတင်းကြီး ပြန်ထိန်းထားနိုင်လိုက်ရပုံပေါက်ကာ ..."အေးလေ ... ငါဆိုလည်း ... အဲဒါတွေ ဘာမှကြိုမသိထားရင် ... နင့်နေရာမှာ နင့်လိုပဲ ကြုံလိုက်ရမယ်ဆိုရင် ... နင် အခုထင်တဲ့အတိုင်းပဲ ထင်နေ ... လိုက်လုပ်နေမိရင်လည်း လုပ်မိမှာပါ _ နင့် အပြစ်ချည်းပဲ ချလို့မရတာ ... ငါလည်းသိပါတယ် ..."ဟု လျှော့ချလိုက်ပါသည် ...။

"ခု ... ထိန်ထိန် ဘာလုပ်ရတော့မလဲ ..."

"ငါလည်း မသိဘူး ... လက်စွပ်ကိုတော့ ... ငါလည်း လက်ခံမထားပေးရဲဘူး ...။ နင့်အစ်မကတော့ မှန်တာပြောရရင် နည်းနည်း ရူးနေပြီထင်တယ် ထိန်ထိန် ... သူ့လက်ရော သူ့လက်စွပ်ကိုပါ လုထားတဲ့သူအဖြစ် ... သူက _ နင့်လက်ထဲကို The bright lights ကိုတော့ ထပ်မရောက်စေချင်တော့ဘူး ... အဲဒါပဲ ..."

နဂိုတည်းကိုက ... မသက်ပိုင် အပေါ် စိတ်မတို စိတ်မပျက်လိုသေးတဲ့ ထိန်ထိန်ဟာ ... ခုလိုဆိုတော့ ... ကိုယ်ချင်းစာစိတ်နှင့် အသနားပိုရကာ ... သူ့အစား ဝမ်းတောင် နည်းလာရပါသည် ...။

"The bright lights က ဘာလို့ ထိန်ထိန် လက်ထဲရောက်ရမှာလဲ"





"ကျွတ် ... မဝေးစမ်းနဲ့ဟာ ... ပြောရမှာ ငါတောင်ပါးစပ်ရှက်ရပါတယ်"

"ထိန်ထိန်က အစ်ကိုကြီးကို အဲဒီအတွက် ပြန်လက်ခံလိုက်တာမှ မဟုတ်ဘဲ ..."

"နင့်အစ်မကတော့ ... အဲဒီအတွက်ကိုပဲ ... နင်ကစလို့ကို သွားပတ်သက်ခဲ့တာ ... လို့ အထိတောင် ထင်နေတော့တာပဲ ..."

ထိန်ထိန်ကား ... မရှုပါဆီက ပြန်လာခဲ့ချိန်မှာ စိတ်ကူးအသစ်တွေနှင့် ဖြစ်လာခဲ့ရပြီ ...။ "အချစ်"ဆိုတဲ့ အရာကို ကိုယ်တိုင်ကိုယ်ကျလည်း ကြုံကြိုက်ပြီးနေတဲ့အခါ ..."နင့်အစ်မကတော့ နည်းနည်း ရူးနေပြီထင်တယ်"ဆိုတဲ့ မရှုပါရဲ့စကားဟာ ... အများကြီး စဉ်းစားစရာ ဖြစ်လာပါသည်။

ထိန်ထိန်ပင်လျှင် ... ကျော်ဇင်ရဲ့ သေဆုံးမှုမှာ ... အကြောင်းကြောင်း၊ ငိုင်တွေတွေနှင့် တစ်မျိုးကြီး ခံစားလိုက်ရသေးလျှင် ...၊ တစ်ပြိုင်နက်တည်းသော အချိန်မှာ ... ချစ်သူကိုလည်း ဆုံးရှုံး၊ ချစ်သူထံမှ နောက်ဆုံးချစ်စကားနဲ့ လက်ထပ်ခွင့် တောင်းခံခြင်းကလည်း သူများဆီရောက်၊ သက်မဲ့လက်စွပ်လေး တစ်ကွင်းကိုမှ ... အပြည့်အဝ မပိုင်ဆိုင်ရတော့တဲ့ ကာကံရှင် အစ်မဟာ ... ဘယ်လောက် များ ကြိတ်မနိုင်ခဲမရ ခံစားလိုက်ရရှာမလဲ ...။

အဟုတ်ပဲ ...။ ရူးကို ရူးသွားနိုင်တာပါ ...။



www.burmeseclassic.com

www.burmeseclassic.com



ထိန်ထိန်တို့တွေ လက်စွပ်ကို ပြိုင်လုကြစဉ်က _ "အဲဒါ သက်ပိုင်နဲ့သာ သက်ဆိုင်တဲ့ လက်စွပ်ပါ ..."လို့ချည်း တရစပ် ပြောဆိုနေခဲ့ရသည့် အစ်မဖြစ်သူရဲ့ မျက်နှာကို ပြန်မြင် ယောင်မိပါသည် ...။

ထိန်ထိန်ကား အစ်မဖြစ်သူအတွက် ဝမ်းနည်းရလွန်း လို့ ... အခုနေ ... သူ ထိန်ထိန့်ကို နောက်တစ်ခုလောက် ထပ် ကြံစည် ချောက်ချပြန်ရင်တောင် ... လွတ်အောင် မရုန်းချင်တော့ ဘဲ ... အပြုံးမပျက် ခံယူလိုက်ချင်မိသည် ... အထိတည်း _။

ထိန်ထိန်က အိမ်ပြန်ရောက်လျှင် ... ချက်ချင်းပင် _ တစ်ဖက်အိမ်သို့ ကူးလာခဲ့လိုက်သည် ...။ ညီအစ်မချင်း အိမ်ချင်း အကူးအသန်း မရှိကြတာ ... တော်တော်ကြီး ကြာသွားခဲ့ပြီမို့ _ ဒေါ်ဒေါ်သက်ဟာ ထိန်ထိန့်ကို မြင်လိုက်ရတဲ့အခါမှာ _ သရဲ သဘက်နဲ့ ကြုံလိုက်ရသလို... အလန့်တကြား(ပြီးကျတော့ မသင် မကာ) မျက်နှာထားကြီးနှင့် ...

"ဟဲ့ ... ထိန်ထိန် ... ဘာတုံး ... မသက်ပိုင် မရှိဘူးလေ _ ရုံးသွားနေတယ်လေ သမီး ..."

"ဟုတ်ကဲ့ ... သိပါတယ် ဒေါ်ဒေါ်သက် ... သူ မရှိတုန်း ထိန်ထိန် သူ့အခန်းထဲ ဝင်နေမလို့ ..."

ဟိုးအရင်တွေတုန်းလည်း ဒီလိုပဲ _၊ သူ့အခန်း ကိုယ့်အခန်း ဆိုတာ စည်းထားသော့ခတ်ထားလို့ ရနိုင်ကြတာ မဟုတ် ...။ ကာယကံရှင် ပိုင်ရှင်တွေ မရှိလည်းဘဲ ... ကိုယ့် အိမ်





ကိုယ့်ရာနှယ် _ ထင်သလိုဝင်မွှေနှောက်နေကြစမြဲမို့... ဒေါ်ဒေါ်သက် ခမျာ ,... မျက်နှာတစ်မျိုးကြီးနှင့် ဖြစ်သော်လည်း ... ဘာမှမပြော။ တားသာပါ ...။

ထိန်ထိန်က ... အခန်းထဲ ရောက်သည်နှင့် ... သပ် ရပ်တင်းစန့်နေသော ... ခုတင်မွေ့ရာပေါ် ... "ဝုန်း"ခနဲ ပက် လက်ကြီး လှဲချလိုက်ပြီး ... မျက်ရည်စီးကြောင်းကြီး နှစ်ခုလည်း ချက်ချင်းစီးကျလာတော့တာမို့ ... နောက်ကနေ တောက်လျှောက် ပြေတ်လိုက်ကြည့်နေတဲ့ ... ဒေါ်ဒေါ်သက်လည်း ... သက်ပြင်း သက်မ,တွေ တစ်ထွေးကြီးနှင့် ...။

ဒေါ်ဒေါ်သက်က ... မျက်စိမှိတ်၊ ပက်လက်အိပ်ရက် ကြီး မျက်ရည်ကျနေသည့် ထိန်ထိန့်ကို ... စိတ်မချမ်းသာစွာ တော်တော်ကြာကြာကြီး စောင့်ကြည့်နေပါသေးသည် ...။ တော် တော်ကြီးကို ကြာလာလျှင်တော့ ... သူ့မလည်း အလုပ်တွေနှင့် ဖြစ်သည့် ဒေါ်ဒေါ်သက် တစ်ယောက် ဆက်စောင့်လို့ မနေနိုင် ပြီ ...။ "ထိန်ထိန် တစ်ယောက် ... အစ်မဖြစ်သူနှင့် ပြန်ခေါ်ချင် လာလို့ _ လာအရှုးထ, ဆန္ဒပြကြည့်တာမျိုး နေမှာပဲ ..."ဟု သာ သဘောထားလိုက်ပုံရကာ ... တိတ်တဆိတ်ပဲ ထွက်ခွာသွား လေပြီ ...။

ထိန်ထိန်က အိပ်ရာထက်မှ ဖြည်းညင်းစွာ ထလိုက် သည်။ မသက်ပိုင် ဆိုရင်တော့ ... ဒါမျိုး ဘယ်တော့မှ ပြုမူလိမ့် မည် မဟုတ်ပါ။ ထိန်ထိန်ကတော့ လုပ်သည် ...။ ထိန်ထိန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မသက်ပိုင်တို့မှာ ကြီးကြီး ဝယ်ပေးထားသော ကိုယ်ပိုင်ဗီရိုများက ပုံစံချင်း ချွတ်စွပ် ...။ သော့ချင်းတော့ ကွာသည်။ ဒါပေမဲ့ တခင်တိုက်,သွေးထားသော ထိန်ထိန့်ရဲ့ သော့ကတော့ ဗီရိုနှစ်ခုစလုံးကို ဖွင့်လို့ရနေပါသည်။

(လုပ်ရမယ်လေ ... ဟိုးအရင်ကတော့ ... သူ့အခန်းကိုယ်ဝင်၊ ကိုယ့်အခန်း သူဝင်မှာမှ ... ထိန်ထိန်က ကိုယ့်ဗီရိုကိုယ် ... ဘယ်တော့မှ သော့ခတ်ထားလေ့ မရှိ ...။ မသက်ပိုင်အဖို့ သဘောရှိ ...။ သူကကျတော့ အဲဒီကတည်းက သူ့ဗီရိုသူကျတော့ သော့ခတ်ရက်ကြီးမို့ ... ထိန်ထိန်ကလည်း အားကျမနေသော့ကို လိုက်သွေးထားလိုက်တာ ... ပြီးရော ...။)

ထိန်ထိန်က ဒေါ်ဒေါ်သက်ရဲ့ အရိပ်အခြည်ကို အကဲခတ်ကာ ... မသက်ပိုင်ရဲ့ ဗီရိုကို တိတ်တိတ်ကလေး ဖွင့်လိုက်သည် ...။

✣ ✧ ✣

"ထိန်ထိန် ... သမီး အခန်းထဲ လာအိပ်သွားတယ် ..."

မေမေ့ဆီက စကားတောင်မှ မဆုံးချင်သေး ... မသက်ပိုင်ဟာ ကိုယ့်အခန်းထဲကိုယ် ... ဝုန်းခနဲ ပြေးဝင်မိရက်သား ဖြစ်နေချေပြီ ...။ ထိန်ထိန်ဟာ ငြိမ်နေမဲ့သူမျိုး မဟုတ် ... တစ်ခုခုတော့ တန်ပြန်ထိုးစစ် ဆင်ကို ဆင်လာနိုင်တဲ့ သူမျိုး...





တာ ... သက်ပိုင်က အနှစ်နှစ်အလလ အတွေ့အကြုံများအရ ... ကြိုသိမျှော်လင့်ထားရမည်ပဲ မဟုတ်ဘူးလား ...။

သက်ပိုင်က ဗီရိုကို သော့ဖွင့်ကာ ... ဗီရိုအတွင်း အံဆွဲရဲ့ အံဝှက်ငယ်ထဲသို့ ဖွင့်ကြည့်လိုက်ပါသည်။ "သူ"မရှိရှာ ... ဆော့ကကာမှ ပစ္စည်းနှင့် ဘူးခွံတို့ပါ တခြားစီ လမ်းခွဲကြရရှာက... အတွင်းက လက်စွပ်လေး မရှိတော့ဘဲ ဘူးချည်းသက်သက်ပဲ ... ကိုယ့်ဆီကျန်ရစ်ရသည့် ... လက်စွပ်ဘူး ... ဘူးနီကလေးဟာ အံဝှက်ငယ်ထဲမှာ မလှုပ်မယှက် ...။ ပုံစံမပျက် ...။

သြော် ...။ သင်းက ... သူ့အကြောင်းပြချင်လို့... လက်စွပ်ဘူးကိုပါ လာရှာအပိုင်သိမ်းယူသွားတာမျိုးတော့ မဟုတ်ဘူးပေါ့ ...။

ဘူးနီလေးကို နေရာတင်မပျက် တွေ့လိုက်ရတဲ့ အခါ ... မသက်ပိုင်က အံဝှက်၊ အံဆွဲနဲ့ ... ဗီရိုတံခါးတို့ကို တစ်ဆင့်ချင်း ပြန်ပိတ်ကာ ... ခုတင်ပေါ်သို့ အသာပဲ လှဲအိပ်ချလိုက်ပါသည်။ အမြဲတမ်း တင်းစန့်သပ်ရပ်ကာ နေတတ်မြဲ အိပ်ရာခင်းဟာ ... ဟိုးအရင်တွေက သင်း လာ,လာမွှေပြီးရင်လည်း ဖြစ်ကျန်မြဲ ပုံစံအတိုင်း ... ကြေတွန့်ကာ ... မသပ်မရပ် လျော့တိလျော့ရဲ ပြေပွပွ ...။

ဘူးနီကလေးကိုပါ "လက်ကျန်ဖြုတ်" ယူမသွားသေးတာကော ...။ သင်းရဲ့ အကြေအတွန့်တွေကိုပါ ... လွမ်းမောဖွယ် တွေ့လိုက်ရတာရောနှင့် ... အလုပ်က ပြန်ရောက်ရောက်ချင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပြီး ... ဒေါသစိတ် "ထောင်း"ခနဲ ထသွားမိတာတွေ ပြေလျော့လျော့ ပြန်ဖြစ်သွားရပါသည် ...။

ဘူးနီကလေးကိုပါ လာယူသွားတာ မဟုတ်ရင်ပြီရော ...။ သင်းဘာသာသင်း ... ကိုယ့်အခန်းထဲ ဘာလာလုလုပ် ...၊ မသက်ပိုင်က ခေါင်းထဲ သိပ်ထည့်မထားချင်တော့ပြီ တွေးစရာနဲ့ ခေါင်းရှုပ် စိတ်မောချင်စရာတွေက တစ်ပုံကြီးကျ ကျန်နေသေးတဲ့ဟာ ...။

ဘဝမှာ မုန်းချက်နဲ့ နမ်းထွက်မကိုက်နိုင်တာတွေ ဘာလို့ တဖြည်းဖြည်းချင်း ... များများလာရတာပါလိမ့် ...။

"ထိန်ထိန်က ... ကျော်ဇင်ရဲ့ နောက်ဆုံးအချိန်မှာ ... ကျော်ဇင် နောက်ဆုံးလာတွေ့သွားခဲ့တဲ့ မိန်းကလေးဖြစ်ပြီး ... ကျော်ဇင့်ထံမှ လက်စွပ်လေး တစ်ကွင်းကိုပါ ရထားလိုက်တဲ့သူ ဖြစ်ကြောင်း ..."

မသက်ပိုင်က ဒီသတင်းစကားကို အန်တီစပယ်ထက် ကိုမော်ခန့်ဆီကိုပဲ အရောက်ပေးလိုက်တာပါ ...။ အန်တီစပယ့်ကိုကျတော့ တကယ့် ခင်မင်ရင်းစွဲနဲ့ မလိုမုံတပတ် မလုချင်မိသေးတာရော ...။ အဘွားကြီးခမျာ သားလင်္ဂ အတွက် (အဓိက,ကတော့ မသက်ပိုင်ရဲ့ နှောင့်ယှက်မှုနဲ့ပေါ့) တစ်ခုပြီး တစ်ခု ခံစားနေရချိန်မို့ ... နီးနီးကပ်ကပ်ကြီး အချိန်မှာ နောက်ထပ် တစ်လုံးထပ်ပစ်သွင်းလိုက်ရင် ... မတော် ... သွေးတွေဘာတွေတိုးပြီး ... နေမကောင်း ထိုင်မကောင်း ဖြစ်နေမှာ စိုးမိတာ





ကြောင့်ရော ...။ "ပြောမယ်ဆိုလည်း ဖြည်းဖြည်းမှ ..."ဟု တမင့်ကို ... ကိုမော်ခန့် တစ်ယောက်ထဲပဲ စတင်အရောက်ပို့လိုက်တော့တာ ...။

အဲဒီမှာ ... သားဖြစ်သူက အမေဖြစ်သူကိုပါ ပေးသိ၊ ပြောပြလိုက်ပါသတဲ့ ...။ အံ့သြဖွယ် ...။ "ကြုံလာရမဲ့တူတူ ... မြန်မြန်ပဲ ရင်ဆိုင်ပစ်လိုက်မှာပေါ့ ..."ဟု သဘောထားတာလား ဘာလား ...။ ကိုမော်ခန့်ဟာ သူသာကြိုသိရင် အတတ်နိုင်ဆုံး ဖုံးဖိမျိုသိပ်ထားမယ်ပဲထင်သော သတင်းကို ... အန်တီစပယ့်ထံ ချက်ချင်းဆိုသလို ပြန်ပို့လိုက်တာဟာ ... ဘာကြောင့်လဲ ...။ မသက်ပိုင်ဖြင့် စဉ်းစားလို့တောင်မှ မရနိုင် ...။

ခုတော့ဖြင့် ..."လိုက်တွေ့ပါမယ် ... လာတွေ့ပါမယ်"ဆိုတာမျိုးတွေကို တစ်ဖက်သတ် offer (ကမ်းလှမ်းချက်) တွေ ပစ်နေခဲ့သော ထိန်ထိန့်ကို ..."တွေ့လိုက်ရမှာစိုးတယ် ...၊ မပြေလည်နိုင်မဲ့သူမျိုးလို့ ကိုယ်တိုင်သိလိုက်ရမှာကို ကြောက်တယ်" ချည်း ... ဖြစ်နေခဲ့တဲ့ အန်တီစပယ်ဟာ ... ရုတ်ခြည်း သဘောထားတွေ ပြောင်းလဲသွားခဲ့ကာ ...

"ကလေးမလေးနဲ့ အန်တီနဲ့ တွေ့တော့ တွေ့ကြည့်လိုက်ဦးမှ သက်ပိုင်ရေ ...။ စကားပြောကြည့်လိုက်ချင်တယ် ...။ သားလတ်ကို မယုံရဲပေမဲ့ ... သားငယ်က စိတ်ချရလောက်တယ် ဆိုတာ အန်တီ သေချာတယ် ...။ မော်ခန့်ကတော့ "မေမေကတော့ လုပ်ပြီ"လို့ ထင်ချင် ထင်မယ်ပေါ့လေ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... သက်ပိုင်ရဲ့ ညီမလေးဟာ ... သားငယ်လည်း ရွေးချယ်ချင်ခဲ့တဲ့ ကလေးမလေးလို့ သိလိုက်ရရုံနဲ့ ... တွေ့ကြည့်ဖို့တောင် စိုးကြောက်နေရမှာမျိုး ... အန်တီဦးနှောက်ရော ... နှလုံးသား အသိစိတ်ထဲမှာပါ မရှိတော့ဘူး ...။ အဆင်ပြေတဲ့ တစ်နေ့နေ့တော့ ... အန်တီ သူ့နှစ်ဦးချင်း စကားပြောကြည့်လိုက်ပါဦးမယ် ...” ... တဲ့။

လောကကြီး ...။ ဘာတွေ ဖြစ်ကုန်ပါပြီနည်း ...

“သူ့”မေမေဟာ ... သူရွေးချယ်ချင်ခဲ့တဲ့ မိန်းကလေး ... လို့ သိရရုံနဲ့ ... အဲဒီမိန်းကလေးကို (ဘယ်သူပဲဖြစ်ဖြစ် ဘယ်လို ဘယ်အစားရယ်လို့ သေချာမသိရသေးခင်မှာပင်) ဦးနှောက်ထဲရော ... နှလုံးသားထဲကိုပါ ထည့်ပစ်လိုက်ချင်သူ ဖြစ်နေသည် ...။

ဒီအမေနဲ့ ဒီသားဟာ အဲဒီလောက်အထိ “ယုံကြည်ချက်”တွေ အပြန်အလှန် ခိုင်မာအံ့မြစ်တွယ်နေကြသည် ...။ မသက်ပိုင်မှာတော့ ... ကိုယ့်ရှုး ကိုယ်ဖတ်ကာ ...၊ သူ့ကို အဲဒီလောက်ထိ ယုံကြည်ချစ်ခင်ရှာသူ (နောက်တစ်ယောက်ဖြစ်တဲ့) သူ့မေမေရဲ့ နှလုံးသားထဲ အလိုအလျောက် ခိုဝင်နေရာရ,ရမဲ့သူ ... မဖြစ်နိုင်တော့ပြီ ...။

ကိုယ်ဟာ တကယ်တော့ ... အစစ်အမှန် ဖြစ်ပါရက် ... ကိုယ့်လုပ်ရပ်နဲ့ကိုယ်ပဲ ဖယ်ထုတ်ခံရကာ ... နေရာမရနိုင်ပြီ ...။





သားလတ်ဖြစ်သူဟာ မိခင်ကြီးကို ... ဘယ်လိုစကားလုံးတွေနဲ့များ လှည့်ပတ်သိမ်းသွင်းလိုက်နိုင်တာပါလိမ့် ...။ မသက်ပိုင်ဟာ ... ထိန်ထိန် တစ်ယောက်နဲ့တင် ပြိုင်နေရတာမျိုး မဟုတ်တော့ဘဲ ... ကိုယ်နဲ့ ဉာဏ်ချင်းမယှဉ်သာတဲ့ အင်အားကြီးတစ်ယောက်နဲ့ပါ ... နှစ်ယောက် တစ်ယောက် ပြိုင်နေရတာမျိုး ဖြစ်သွားခဲ့ပြီလား ...။ “နှစ်ယောက် ... တစ်ယောက် ...”။ အင်း ... ကိုယ့်ကျတော့ ကံက ဘာကြောင့် “တစ်ယောက်”ဆိုတဲ့ အဖြစ်ကိုပဲ ပေးခဲ့တာပါလိမ့်နော် ...။

ဒီကနေ့မှာတော့ မသက်ပိုင်က အရာရာကိုပိုပြီး တုန်လှုပ်ချောက်ချားကာ ... ရင်ဆိုင်နေရတဲ့ အခြေအနေတွေကနေ ... ဒူးညွတ်ထွက်ပြေးချင်စိတ်တွေပါ ပေါ်နေရတာပါ ...။

သက်ပိုင်နဲ့ အန်တီတို့ ... ဆိပ်ကမ်းက Clearing agent တစ်ယောက်နဲ့ သွားတွေ့ပြီးကြလို့ အပြန်မှာ ... မသက်ပိုင်ရဲ့ အလုပ်စားပွဲထဲ ... စာအိတ်လေးတစ်ခု (အိတ်ပိတ်)ရောက်ရှိနေခဲ့သည်လေ ...။

သူထိုင်သွားခဲ့တဲ့ ထိုင်ခုံကလေးမှာပဲ အမြဲမပြတ် ခိုလှုံနေချင်တဲ့ သက်ပိုင်ဟာ ... ဆိုင်မှာရှိနေစဉ် အချိန်တွင်းလည်း ... အလုပ်စားပွဲက တခြား၊ လူကတခြားမို့ ကိုယ့်စားပွဲကိုယ် အမြဲသော့ခတ်ထားတတ်သူပါ ...။

ပြီးကျ သက်ပိုင်ရဲ့ Type ဂိုက အရာရာကို စိတ်မချနိုင်စွာ ... သော့ခတ်သိမ်းဆည်းထားပါမှ လုံခြုံမည်ချည်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တတ်သူ ...။ အပြင်သွားတဲ့ ကိစ္စမှာ စားပွဲကို သတိလက်လွတ် သော့ဖွင့်ပစ်ခဲ့စရာ အကြောင်းကို မရှိပါဘူးလေ ...။

ပြီးကျ ... ကိုယ့်အလုပ်စားပွဲဟာလည်း ... ဝန်ထမ်း အလုပ်သမားတွေ ထမင်းစားဆင်းချိန်၊ ဒါမှမဟုတ် ... အကြောင်း တစ်ခုခုနဲ့ တစ်ဆိုင်လုံး အပြင်ထွက်ကြလို့ ဆိုင်ပါ သော့ခတ်ခဲ့ ရချိန် (ဥပမာ ... သူ့ရဲ့ ... လပတ်ပြည့် အလှူတွေ)မှလွဲရင် ... လူတကာ မျက်စိရှေ့မှောက်အောက်မှာပဲ မပြတ်ရှိနေတဲ့ နေရာမျိုး မှာ ...။

အဲဒီလို စားပွဲအံဆွဲထဲကိုမှ အိတ်ပိတ်စာအိတ်တစ် လုံးက လာရောက်နေခဲ့တာမို့ ...(ဘာရယ်လို့ စိတ်ထဲမှာကိုမရှိ) အမှုမဲ့ အမှတ်မဲ့ ဖွင့်ဖောက်ဖတ်ကြည့်လိုက်စဉ် ... စာရွက်လေး တစ်ရွက်တည်းပဲနှင့် စာတစ်စောင်မှာ ...

"နာမည်က ... "မသက်ပိုင်"တဲ့ ...။ တီကျပြတ်သားတတ် မဲ့ ရုပ်ရည်ဟန်အမူအရာနဲ့ ... မျက်လုံးတွေ ရှိတယ် ...။ ပုံစံက ခင်မင်စရာကောင်းမဲ့ပုံလည်း ရပါတယ် ...။ ဒါပေမဲ့ ကြောက်စရာလည်း ကောင်းမယ်နဲ့တူတယ်"

အဲဒီမှာတင် ... ရှုးနေတဲ့ မသက်ပိုင်ဟာ ..."သေပါ သေသွားပြီ"လို့ကို ကိုယ့်ကိုယ်ကိုယ် ... ထင်လိုက်မိတော့တာပါ ...။

အဲဒါ ... "သူ့"လက်ရေး ... အစစ် ...။ အဟုတ်ကို သေချာသည် ...။ သူ့ဆိုင်မှာ ကျန်ရစ်ခဲ့တဲ့ ကုန်အဝင်အထွက် စာရင်းစာအုပ်တွေ ...၊ ဘောက်ချာစာအုပ်တွေကတစ်ဆင့် သူ့





လက်ရေးကို မသက်ပိုင်က သိထားပါသည်။ ပြီးကျ ... မသက်ပိုင် ထံ ပေးပို့လိုက်သည့် စာအိတ်ထဲပါ စာကလေးဟာ ဗိုတိုကော်ပီ ဆွဲပို့လိုက်တဲ့ စာရွက်မို့ ... ထိပ်ဘက်မှာ ... ခုနှစ်တွေ၊ လတွေ၊ Day and Date စတဲ့ စာလုံးတွေကိုပါ ... ဖိုတိုထဲထည့်ဆွဲ(ပါနေ) ပြီး ... ဒိုင်ယာရီတစ်ခုခုက ... စာသားတစ်ပိုဒ် ဆိုတာ အတိအကျ အသေအချာ ...။

ဒိုင်ယာရီ ...။ "သူ့"မှာ ဒိုင်ယာရီတစ်အုပ်လည်း ကျန်ခဲ့တယ်ပေါ့ ...။

"သူ့"လို လျှို့ဝှက်၊ အံ့ပုန်း၊ အတွင်းလျှို၊ မြုံစိစိ၊ မျိုသိပ်သိပ် ကောင်ကလေး တစ်ယောက်ရဲ့ "ဒိုင်ယာရီ"ဆိုတာ သည် ... သာမန် လူသာမန်တွေရဲ့ ဒိုင်ယာရီတွေနဲ့မတူ ... သူ့ "အတွင်းစိတ်"မှန်သမျှတို့ ဖော်ဆောင်ထင်ဟပ်နေနိုင်တဲ့ အရာ မဖြစ်နိုင်ဘူးလား ...။

အထူးသဖြင့်ကတော့ ခုလို"မသက်ပိုင်" ... "မသက် ပိုင်"ဆိုတဲ့ စကားလုံးလေးတွေ အထပ်ထပ် ပါဝင်နေနိုင်တဲ့ (ဒါလည်းပဲ ဘယ်လိုမှ တန်ဖိုးဖြတ်လို့မရ၊ အစားထိုးနောက်ထပ် မရှိနိုင်တဲ့)စာအုပ်ကလေးလေ ...။

အဲဒီ စာအုပ်ကလေးဟာ "တစ်ယောက်ယောက်" လက်ဝယ်မှာတော့ ကျန်ရစ်တာ သေချာပြီ ...။ မသက်ပိုင်ဟာ စာဖတ်လိုက်ရပြီးတဲ့အခါ ... ကိုယ်မရှိခိုက် ကိုယ့်စားပွဲကို သော့ နှင့်ဖွင့်ပြီး စာထည့်ပစ်ခဲ့တဲ့ လုပ်ရပ်နဲ့ လူကိုလည်း အပြစ်မတင်



www.burmeseclassic.com

www.burmeseclassic.com



ချင်တော့ပြီ ...။ ဘယ်သူဖြစ်နိုင်မလဲ ... ဆိုတာကိုပဲ တစ်ဆိုင်လုံးကို ... တရစပ် မျက်လုံးများနဲ့ လိုက်အကဲခတ်နေမိရင်း ... သိချင်နေတော့သည် ...။

ဒီစာတစ်စောင်နဲ့တင် ... အပြောင်းအလဲ မြန်နေတဲ့ လောကကြီးကို လိုက်မမီ မောဟိုက်ချင်နေတဲ့ ...၊ အရှုံးတွေချည်း ဆင့်,ဆင့်လာသလို ဖြစ်နေတာကို ကြောက်ရွံ့စွာ ရင်မဆိုင်လိုတော့တဲ့ မသက်ပိုင်မှာ ... ကြည်လင်လန်းဆန်းလှသော ခွန်အားတစ်မျိုး ... တိုးဝင်ခိုလို့ ... ရင်ထဲ ငြိမ်းချမ်းသွားလိုက်ရတာ။ တစ်အုပ်လုံးကိုသာ အပိုင်များ ရခဲ့မယ်ဆိုရင် ..."ပြိုင်"နေမိတာတွေလည်း တော်ပါပြီ ...။ ဒူးညွှတ်ထွက်ပြေးရလည်း ပြေးရစေတော့ရဲ့ ...။

သို့သော် ... ဆိုင်ကဝန်ထမ်းအပေါင်းတို့ဟာ တစ်ယောက်မှ ဟန်မပျက်၊ အကဲခတ်လို့ မရနိုင်ခဲ့ပါ ...။

မသက်ပိုင်က အိပ်ရာထက်မှဖြည်းညင်းစွာ ပြန်ထကာ အခန်းတွင်း လိုင်းခွဲဖုန်းလေးမှတစ်ဆင့် ... မရှုပါထံ ဖုန်းလှမ်းဆက်လိုက်ပါသည် ...။ ခုနေ မသက်ပိုင် အပေါ်(သိပ်ကျေနပ်နေဟန်တော့ မရှိပေမဲ့) နားလည်စာနာပေးနိုင်သေးတာ မရှုပါတစ်ယောက်ပဲ ရှိသည်လေ ...။

"မရှုပါ ... ဒီနေ့ ရုံးမှာ ဘာထူးခြားသလဲ ... သိလား ..."

မသက်ပိုင်ရဲ့ အမေးမှာ ... မရှုပါထံမှ သက်ပြင်းသံကြီး တစ်ခုနှင့် ...





"အေး ... ဟုတ်တယ် ... ထိန်ထိန် လာတယ်လေ သက်ပိုင်၊ ငါ့ဆီလည်း လာသွားပါတယ် ..."

"ဘာဖြစ်တယ် ... ! "

"ထိန်ထိန် လာတာကို နင်ပြောမှာ မဟုတ်ဘူးလား ..."

"သူ မရှုပါဆီ လာတာ ... စာအုပ်ကိစ္စလား ..."

"ဘာစာအုပ်ကို ပြောနေတာလဲ ... ငါသိတာကတော့ လက်စွပ်ကိစ္စပဲ"

မသက်ပိုင်က ..."ပြီးမှ ပြန်ဆက်တော့မယ် ... မရှုပါခဏ"ဟု ဆိုကာ ဖုန်းကို ချက်ချင်းပြန်ချပစ်လိုက်သည်။ ပြီးလျှင် ဗီရိုဘက်သို့ ကမူးရှူးထိုးပြေး၊ သော့တွေ အံဆွဲတွေ အံဝှက်တွေ ဖွင့်၊ ဘူးနီလေးကို ဆွဲထုတ်ယူဖွင့် ...။

မသက်ပိုင်ရဲ့ မြင်ကွင်းရှေ့မှာတော့ ... ညနေခင်းရဲ့ ခပ်ဖျော့ဖျော့ အလင်းရောင်အောက်မှာတောင် ... တဖျပ်ဖျပ် လင်းလက်လျက်ရှိသော ... ခရစ်စ်တယ်လ် လက်စွပ်လေးက "မသက်ပိုင်"ဟု လှမ်းခေါ်နေသယောင်ယောင်တောင် ...။

သက်ပိုင်က "ထိန်ထိန်"ဟု သတိလက်လွှတ် တစ်ချက်အော်လိုက်မိသေးကာ ... ဗီရိုတွေ ဘာတွေလဲ ပိတ်မနေနိုင်တော့ဘဲ ... (လက်ကိုင်အိတ်ထဲ ထည့်လာခဲ့သည့် ဒိုင်ယာရီစာရွက်ပါ စာအိတ်ကလေးကိုတော့ မမေ့မလျော့ ဆွဲယူခဲ့ကာ) "ထိန်ထိန်"ဟု အော်သံကျယ်တွေနှင့်ပင် ပြေးထွက်လာခဲ့မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ပိုင်ရဲ့ အသံကြောင့် မေမေလည်း အလန့်တကြား ပြေးထွက်လာသည်။ မေမေ့ရဲ့ အကြည့်တွေဟာ … လက်ချုပ်ကလေးကို ဆင်မြန်းလိုက်မိသော … မသက်ပိုင်ရဲ့ ဘယ်ဘက်လက်သူကြွယ်လေးပေါ်သို့ ချက်ချင်းရောက်ကာ … အံ့သြတကြီးနှင့် မျက်နှာကြီး တင်းမာသွားခဲ့သည် …။

"ဘာဖြစ်ကြဦးမလို့လဲ … ဟိုဟာကရော … ဘယ်လိုဖြစ်ရပြန်တာလဲ"

"နေ့လယ်က ထိန်ထိန် လာသွားတာ… အဲဒါလေး သက်ပိုင်ဗီရိုထဲ လာထည့်သွားတာ …"

"ရှုပ်တီးရှုပ်ယှက်နဲ့ …။ သူ့ကို ပြန်ပေးဖြစ်အောင် ပေးလိုက်နော် မသက်ပိုင်"

မသက်ပိုင်က မေမေ့ကို ဘာမှပြန်မဖြေဖြစ်ခဲ့မိပါ။ သက်ပိုင် ခြံထဲသို့ ရောက်လျှင် … ခေါ်သံကြားနှင့် ကြိုရောက်နေနှင့်ပြီဖြစ်တဲ့ ထိန်ထိန်က ခြံနှစ်ခြံကြားက ခြံစည်းရိုးပုပုကလေးရဲ့ သူတို့ဘက်က အစပ်မှာ ရပ်စောင့်နေသည် …။

"ထိန်ထိန် … နင် ဒီစာနဲ့ ပတ်သက်လို့ … ငါ့ကို ဘာပြောစရာ ရှိသလဲ"

ထိန်ထိန့် မျက်နှာ တစ်မျိုးကလေး ဖြစ်သွားကာ … စာကို ဆွဲယူထုတ်ကြည့်ပြီးမှ … သေသေသပ်သပ် တိတိကျကျကလေး ပြန်ခေါက်ထည့်နေသည်။ အဲဒီလို တစ်ဆင့်ချင်းလုပ်နေတာကိုပင် … တစ်ကမ္ဘာလောက် ကြာပြီထင်နေသော မသက်ပိုင်





က မျက်ခုံးပင့်ပင့် (ပါးစပ်ကလေးကပါဟာဟာ)နှင့် စောင့်မျှော်နေမိစဉ်မှာ …

"ဘာမှ ပြောစရာမရှိပါဘူး …"

"ဘာပြောတယ် …"

"ကိုကျော်ဇင်နဲ့ မသက်ပိုင်နဲ့ … အဲဒီလို ပတ်သက်ခဲ့ကြဖူးတယ် ဆိုတာလည်း ထိန်ထိန် ဒီနေ့မှ သိရပါတယ် … ထိန်ထိန် ဘာမှ မသိခဲ့ရလို့ … ဒီကိစ္စတွေ ခုလိုတောက်လျှောက် ဆက်ဖြစ်ကုန်ရတာပါ … တောင်းပန်ပါတယ် မသက်ပိုင် …။ အဲဒါကြောင့် ထိန်ထိန်နဲ့ ဘာမှမဆိုင်ဘဲ မသက်ပိုင်နဲ့သာ သက်ဆိုင်တဲ့ပစ္စည်းကို ထိန်ထိန် ပြန်လာပေးထားတာ …"

"ဒါဖြင့် … အဲဒီစာအုပ်ကော …"

"ဘာစာအုပ်လဲ … ထိန်ထိန် မသိဘူး …"

"မဖြစ်နိုင်ဘူး … နင် အဲဒီနေ့က လက်စွပ်နဲ့အတူတူ … ဒိုင်ယာရီစာအုပ်ပါ ရထားလိုက်ရမယ် …"

"မရပါဘူး မသက်ပိုင် …"

"ထိန်ထိန် … နင် ငါ့ကို သားရေကြိုးရှည်ရှည်နဲ့ တွဲထားတဲ့ … Yo Yo ယိုယိုဘောလုံးကလေးလို … ခပ်ဝေးဝေးကို ပုတ်ထုတ်လိုက် … သားရေကြိုးနဲ့ ပြန်ဆောင့်ဆွဲခေါ်လိုက် လုပ်မနေနဲ့ဟဲ့ … ငါက Yo Yo မဟုတ်ဘူး … လူ လူ …"



www.burmeseclassic.com

www.burmeseclassic.com



ထိန်ထိန်က မသက်ပိုင်ကို စိတ်မကောင်းသလိုကြီး လာကြည့်နေသည်။ သူ့အကြည့်ကြီးကို သက်ပိုင်က မုန်းသည်။ အဲဒီလို အကြည့်ကြီးမျိုးဟာ နိုင်နေသူကသာ ... ရှုံးနေတဲ့လူကို ကြည့်လို့ရတဲ့ အကြည့်မျိုး ...။

"နင် ငါ့ကို ... အဲဒီလိုကြီး လာကြည့်မနေနဲ့ ..."

"မသက်ပိုင် ... ထိန်ထိန့် စိတ်ထဲမှာက ... မသက်ပိုင် တန်ဖိုးထားတဲ့ ဒီပစ္စည်းလေး မသက်ပိုင်ဆီ ပြန်ရောက်ပြီး သွားရင် ... ထိန်ထိန်တို့ကြားမှာ အားလုံး ပြန်အဆင်ပြေ သွားမယ်ပဲ ... ထင်ခဲ့မိတာ ..."

"ခုကျမှ ... နင်သနားမှ ပြန်ရတဲ့ ... နင့်ပေးစာ ကမ်းစာလို ဖြစ်နေရတာကျတော့ နင်က ထည့်မပြောဘူးလား ...။ နင် အဲဒါကို ငါ့လက်ထဲ အတင်းလာထည့်ရင် ... ငါက ခုမှတော့ ... တူနဲ့ထုပစ်ရင်လည်း ထုပစ်မှာ ... မှတ်ထား"

"ထိန်ထိန့်ကို ခုပြန်ပေးရင် ထိန်ထိန်လည်း ထုပစ်ဖို့များ တယ် ...။ မသက်ပိုင်နဲ့ ထိန်ထိန်နဲ့ အမြဲအတွေးတူတယ်။ ထိန်ထိန်က အဲဒီလက်စွပ်ကို မသက်ပိုင်ရဲ့ တန်ဖိုးတထား ပစ္စည်းလေးမှန်း တကယ်မသိရခင်က ... ကျောက်ကိုထုချေ ခွဲပစ်ပြီး ... ရွှေကို ထုပြားပစ်ဖို့ ... ခဏခဏစဉ်းစားတယ်။ မထုဖြစ်ခဲ့လို့သာ ...

ဒါပေမဲ့ မသက်ပိုင်အတွက်လည်း တန်ဖိုးထားချင် စိတ် မရှိတော့ဘဲ ... ထိန်ထိန့် လက်ထဲပဲ ပြန်ရောက်လာမယ်





ဆိုရင်တော့ ... စိတ်ရှုပ်လာပြီ ...။ ထုချပစ်လိုက်မိဖို့ပဲ များပါတယ် ..."

ဒီလိုကျတော့ ... မသက်ပိုင်မှာ ... ထိန်ထိန်ရဲ့ ရုပ်ရည်နဲ့ ပြောပုံဆိုပုံကို အဟုတ်ပဲ လန့်ရမလိုလိုရှိကာ ... လက် ခုပ်အကြောင်း သိပ်စကားမဆက်တော့ဘဲ ...

"ခုလောလောဆယ် ငါ့ဘဝမှာ နံပါတ်တစ် အရေးအကြီး ဆုံးက ... ကျော်ဇင်ရဲ့ ဒိုင်ယာရီစာအုပ် ဖြစ်သွားပြီ ..."

ထိန်ထိန်က တော်တော် ခေါင်းရှုပ်လာဟန်နှင့် ... "အဲဒါတော့ ထိန်ထိန် ဘာမှ တတ်နိုင်တော့မယ် မထင်ပါဘူး" ဟု ညည်းတွားသံနှင့် ပြောလိုက်သည် ...။

"နင် ဒီနေ့ ငါ့ရုံးကို မလာဘူးလား ..."

"မသက်ပိုင်တို့ ဆိုင်ကို မလာပါဘူး ... အောက်ထပ်က မရှုပါဆိုပဲ လာတာပါ ..."

"ငါ့အလုပ်စားပွဲနားအထိ နင် မရောက်ဘူးလို့ ဆိုလိုတာ ပေါ့ ..."

"ဆိုင်ခန်းထဲတောင် မဝင်ခဲ့ဘူး မသက်ပိုင်"

"ငါ့စားပွဲထဲမှာ ငါမရှိခင်၊ ငါမသိနိုင်ခင် ... ဒီစာအိတ် ကလေးကို တိတ်တိတ်ကလေး လာမထည့်ထားခဲ့ဘူးပေါ့။ ဒီလက်စွပ်ကို သူ့ဘူးထဲသူ တိတ်တိတ်လေး လာပြန်ထည့် ထားသလိုမျိုး ...၊ တိတ်တိတ်, တိတ်တိတ် ခိုး,ခိုးလုပ် တတ်တဲ့ နင့်ရဲ့ အကျင့်စရိုက်အတိုင်း ... ဒီစာအိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆီ. တီတ်တိတ်အရောက်ပို့တာ နှင်မဟုတ်ဘူးလို့ ... နှင်
က ပြောတယ်ပေါ့ ..."

ထိန်ထိန်က သက်ပိုင်ကို မျက်လုံးပြူးကလေးနှင့်
သာ ကြည့်နေပြီး ဘာမှ ထပ်မပြောတော့ပေ ...။ သက်ပိုင်က
"ဟောက်"တစ်ချက် ခပ်ကျယ်ကျယ် ခေါက်ထည့်လိုက်သည် ...။

ကံကြမ္မာဆိုတဲ့အရာက ဘာကြောင့်များ အဲဒီလောက်
ယုတ်မာရက်စက်ရတာလဲ ...။ ဒီလူနှစ်ယောက်မှာ ဘယ်ဘဝက
ဘာကုသိုလ်တွေက သူ့ကျအပုံကြီးသာပြီး ... ကိုယ်ကျမှ လာနည်း
နေလို့ ... တစ်ခုပြီး တစ်ခု ... ရှိရှိသမျှတွေ ... သူ့ဆီချည်း ...
အရောက်ပေးပို့ထားရစ်ခဲ့တာလား ...။

ဒီစာအုပ်ပါ ကျန်ရစ်ခဲ့တာကို အသိတောင်မပေးဘဲ
ကျိတ်မြိုထားတာက တစ်ချက် ...။ ခုကျမှ ဘောလုံးပုတ်ကစား
သလို ... တစ်မျက်နှာလေး ... နှစ်ကြောင်း သုံးကြောင်းလောက်
ကလေးပြပြီး ... စ,ကစားချင်တာက တစ်ချက်။ ထိန်ထိန်ရယ် ...
နှင် ငါ့အပေါ် ဘာအငြိုးတွေနဲ့များလဲ ... ဒီလောက်တောင် ...။

ဒါနဲ့များတောင် "ဒီကိစ္စတွေ ထိန်ထိန် ဒီနေ့မှသိ
သတဲ့"...။ ဒါနဲ့များတောင် ... "မသက်ပိုင် မဟုတ်ပါဘူး ... သူ
မှသူပါ ... လူမမှားပါဘူး ..."လို့ ဇွတ်၊ ဗြောင်လိမ်ငြင်းဝံ့သတဲ့၊
အဲဒီစာအုပ် ပြန်ရဖို့ဆို သက်ပိုင်က သူ့ကို သွားထိုင်များ ရှိခိုး
နေရဦးမှာလား ...။

✣ ✧ ✣





"မေမေ့ အခြေအနေက မထင်မှတ်လောက်အောင် ကောင်း
တဲ့ဘက်ကို တော်တော်ယိမ်းပြီး ပြောင်းသွားပြီ ...။ နည်း
နည်းလေး စောင့်ကြည့်ပြီးတာနဲ့ ... အခြေအနေကြည့်ပြီး ...
ညီမလေးနဲ့ မေမေနဲ့ တွေ့ဖြစ်ကြဖို့ ... ကိုယ်ချိန်းလိုက်
တော့မယ်နော် ..."

ဒီလိုဆိုကာမှပင် ..."မချိန်းပါနဲ့တော့ အစ်ကိုကြီး"
တဲ့ ...။ "အန်တီ အခုတွေ့ချင်နေတာက ... ထိန်ထိန် မဟုတ်ပါ
ဘူး ...။ ကိုကျော်ဇင့်ရဲ့ မိန်းကလေးကိုပါ"တဲ့ ...။ "ထိန်ထိန်က
ကိုကျော်ဇင်ရဲ့ မိန်းကလေး မဟုတ်ပါဘူး"တဲ့ ...။

မော်ခန့်မှာ အဲဒီ မပြီးမပြတ်နိုင်တော့သော ဇာတ်
လမ်းရှည်အတွက် အင်မတန်မှကို ရင်မောကာ စိတ်ကုန်နေရပါ
ပြီ ...။ "သူကလေးဟာ ညီလေး တစ်ဖက်သတ် ရည်စွယ်ခဲ့မှုး
တဲ့ ... ကောင်မလေးပါ ..."ဆိုတာကို ..."လာမှုံဘေး၊ ပြေးတွေ့"
မသက်ပိုင်ဆီက သိခဲ့ရတာဟု မပြောတော့ဘဲ ... မော်ခန့်က
မေမေ့ကို တမင်ပင် ဖွင့်ပြောပြလိုက်တော့တာ ...။

အဲဒီ မသက်ပိုင်ဟာ ... တစ်ကွက်ချန်တာလား ဘာ
လားမသိ ... မေမေ့ကိုကျတော့ မပြောဘဲ ထား,ထားတာ သူသိ
လိုက်တာကို ...။ အဲဒီတော့ ... စိတ်ကုန်ကုန်နဲ့ပဲ "ဘာဖြစ်ဖြစ်"ဟု
ပြောချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာတင် မေမေက သဘောထားတွေပြောင်းကာ "စကားပြောကြည့်ဦးမှ ... ခုတော့ မဟုတ်သေးဘူးပေါ့ သားလတ်ရယ် ... တစ်နေ့နေ့ပေါ့ ...။ မေမေ့ သားတွေဟာ ... ဘာကြောင့်သူ့ကိုချည်း တိုက်တိုက်ဆိုင်ဆိုင် ... တစ်ယောက်ပြီးတစ်ယောက် ရည်ရွယ်စိတ်ဝင်စားကုန်ကြရသလဲ ... မေမေ သိထားမှ ဖြစ်တော့မယ် ..."တဲ့ ...။

မေမေ့ဆီက အဲဒီလောက်ပဲ ဆိုရင် ဒါဟာ "မီးစိမ်း" မှန်း မော်ခန့်က သိသည် ...။ ကဲ ... မေမေကတော့ဖြင့် မီးစိမ်း ပြလိုက်လေပြီဆိုမှ ... ကိုယ့်ချစ်သူကလေးက ... "ထိန်ထိန်က ကိုကျော်ဇင့်ရဲ့ မိန်းကလေး ... မဟုတ်ပါဘူး"တဲ့။

"ဒါဖြင့် ဘယ်သူလဲ ..."

"ဘယ်သူမှ မဟုတ်ဘူး ... ထိန်ထိန်က အဲဒီဇာတ်ထဲမှာ ဘုမသိ ဘမသိ ညပ်ပါသွားတာ"

"ဒါဆို ကျော်ဇင့်ရဲ့ မိန်းကလေးက ..."

"မသက်ပိုင်ပါ ..."

"ဟိုတစ်ခါ ကိုယ်က ... အဲဒါ မသက်ပိုင်ပဲ မဟုတ်ဘူးလား ဆိုတော့ ... ထိန်ထိန်က ... မဟုတ်ဘူး ... အဲဒါ ထိန်ထိန်ပါ ... ဆို ..."

"အခု အဲဒါကို စကားပြန်ပြင်ချင်လို့ပါ ... အဲဒါ မသက်ပိုင်ပါ ..."

"ဒါဖြင့် မသက်ပိုင်ကကော ... ဘာကြောင့် မင်းလို့ပြောရတာလဲ"





"မင်း"ဆိုသည့် အသုံးအနှုန်း သုံးလိုက်မိသဖြင့် ထိန်ထိန်က "ဖတ်"ခနဲ မော့ကြည့်လာပြီးမှ မျက်လွှာပြန်ချသွားသည်။ စိတ်တိုလာမိသော မော်ခန့်က ... အသုံးအနှုန်းကို ပြန်ပြင်တောင်းပန်ဖို့ စိတ်မကူးတော့ဘဲ ...

"ဘာမဟုတ်တဲ့ သာမန် အဖြစ်အပျက်လေး တစ်ခုကို ... မင်းတို့ ညီအစ်မနှစ်ယောက်တည်းပဲ အစွမ်းကုန် ပတ်ရှုပ်နေကြတယ် ...။ မင်းတို့ချင်း မပြေလည်ကြတာလည်း ဒီကိစ္စကြောင့်ပဲ ဖြစ်မယ်ဆိုတာ ... ခုတော့ ကိုယ်မှန်းဆနိုင်ပြီ ထိန်ထိန် ...

ညီလေးကတော့ မရှိတော့ဘူး ...။ ဒါပေမဲ့ သူ့ရဲ့ မိန်းကလေး ဆိုတာကကျတော့ ... အခု သူ ...။ ခဏကြာတော့ သူ ...။ ဘယ်လို ဖြစ်နေကြတာလဲ ...။ ကိုယ်မပြောနဲ့ ... မင်းတို့နှစ်ယောက်ကို ဘယ်သူမှ လိုက်မီကြမှာ မဟုတ်တော့ဘူး ... အဲဒါ ဘာလို့ အဲဒီလို ဖြစ်နေကြတာလဲ"

"အဲဒီအတွက် ထိန်ထိန့် ဘက်ကလည်း ပြန်ပြီးပေးဆပ်ဖို့ စဉ်းစားထားပြီးသားပါ ကိုမော်ခန့် ..."

ကိုယ့်အလှည့်မှာကျတော့ "မင်း"ဟုပဲ သုံးနှုန်းချင်နေသော မော်ခန့်က ထိန်ထိန်ရဲ့ "ကိုမော်ခန့်"ဆိုတာကိုတော့ မျက်ခုံးကြီးနှစ်ဖက် မြင့်တက်သွားအောင် ဖြစ်သွားရရင်း ...

"ဆိုစမ်းပါဦး ... မင်းက ဘာတွေနဲ့များပေးဆပ်ဖို့ ကြံစည်စိတ်ကူးထားသလဲ ထိန်ထိန်ရယ် ... ဟင် ! ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုမော်ခန့်နဲ့ ထိန်ထိန်နဲ့ ခုလို ... ချစ်သူတွေအဖြစ် နှစ်ယောက်တည်းသဘောနဲ့ လက်ခံသတ်မှတ်လိုက်ကြတာ… တကယ်တမ်းကျတော့ ဘယ်သူမှ စိတ်မချမ်းသာကြရဘူး ဆိုတာ ထိန်ထိန် သိလာတယ် ..."

ဟာ ...။ မော်ခန့်က ခပ်ကျယ်ကျယ် အော်ပစ်လိုက်သည် ...။ နှစ်ယောက်တည်း သဘောနဲ့ မသတ်မှတ်လို့ ... ဘယ်သူ ဘယ်ဝါ ထောက်ခံချက်တွေများ လိုက်တောင်းနေရဦးမလဲ ဒေါ်ထိန်ထိန်ရယ် ...။ ပြီးတော့လည်း "ဘယ်သူမှ စိတ်မချမ်းသာကြရဘူး" ဆိုတာကကော ဘာပါလိမ့် ...။ အနည်းဆုံးတော့ ကိုယ်နဲ့မင်း ... နှစ်ယောက်တော့ အမှန်တကယ်ပဲ စိတ်ချမ်းသာပျော်ရွှင်ခဲ့ကြရဘူးတယ် ... မဟုတ်ဘူးလား ...။

သို့သော် ... "အင်ယ်"ရယ်လို့ အမြဲခေါင်းညိတ်စကားနားထောင်တတ်မြဲ ထိန်ထိန် တစ်ယောက်ဟာ ... ခုခါမှာ တကယ့်ကို ခပ်တည်တည်နှင့်ပင် ...။ နွံ့ဆိုးဆိုး၊ စိတ်ကောက်ဆိုတာမျိုးလည်း ဟုတ်ပုံမရ ...။ မော်ခန့်က တကယ်ပဲ ရင်ဖွင့်ပြီး အော်ဟစ်ပစ်လိုက်ချင်လာသည် ...။

"ကိုမော်ခန့် မေမေက မသက်ပိုင်ကို နဂိုရှိရင်းစွဲကိုက ချစ်ခင်သဘောကျပြီးသားပါ ...။ ခုလို ... သူ့သားငယ်ရဲ့ မိန်းကလေးလို့ပါ ထပ်သိလိုက်ရရင်တော့ ... တော်တော်ကျေနပ်ပျော်ရွှင်သွားမယ်နဲ့ တူတယ် ..."





"ဟား ဟား ဟား ... အကောက်ရယ်ရတဲ့ စကားမျိုးပဲကွာ ... အဲဒါ မင်းကို မင်းအစ်မများ သင်ပေးလိုက်တာလား ထိန်ထိန် ..."

"မဟုတ်ပါဘူး ..."

"ဟုတ်ကို ဟုတ်ရမယ် ... မညာနဲ့ ...။ ပေါက်ကရအတွေးတွေလည်း ခေါင်းထဲကထုတ် ...။ ကိုယ်ပြောပြီးပြီ ... ကဗျာဆန်သလိုလိုတွေ ဘာတွေ သိသိမလာပါနဲ့ ... ကိုယ်က အဓိကပဲ ... ကိုယ်ကမှ မပြတ်ရင် ... ကိုယ်တို့နှစ်ယောက်ကိစ္စက ပြီးပြတ်သွားစရာ ဘာအကြောင်းမှ မရှိဘူးလို့ ..."

"ဒါပေမဲ့ ... ထိန်ထိန်က ပြီးပြတ်ချင်ရင်ရော ..."

"ဘာပြောတယ် ..."

ထိန်ထိန်က တစ်ချက်တော့ "တုန်"သွားပါသည်။ ပြီးတော့မှ မာန်ပြန်တင်းလိုက်သလို ...

"ထိန်ထိန်က ပြီးပြတ်ချင်တယ် ..."

"အရူးပဲ ... ကွ ..."

"ထိန်ထိန် မရူးဘူး ...၊ ကိုမော်ခန့်ကိုလည်း ထိန်ထိန်က စိတ်ရှုပ်ဖွင့်တာမှ မဟုတ်ဘဲ ... ကိုမော်ခန့်ဟာ ထိန်ထိန့်ကို ကိုကျော်ဇင်ရဲ့ မိန်းကလေးများလားလို့ လာပတ်သက်ခဲ့တယ် ... ဒါပေမဲ့ မပြောဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မင်းလည်းပဲ မင်းနဲ့ ကျော်ဇင် ပတ်သက်ခဲ့ဖူးခဲ့ပုံကို ကိုယ့်ကို မပြောဘူးလေကွာ ... ဘဲစား ဘဲချေ ..."

"နေပါဦး ... ဒါပေမဲ့ ... နောက်တော့ ဟုတ်တယ်လို့ သိလာတယ် ... ဟုတ်လား မေးတယ် ... ထိန်ထိန်ကလည်း ဟုတ်တယ် ထင်ခဲ့လို့ ဝန်ခံခဲ့တယ် ... အဲဒီအထိက ဘဲစား ဘဲချေဆိုရင် ...၊ ခုနောက်ပိုင်း ထိန်ထိန် မဟုတ်တော့ဘူးလို့ ပြန်သိလာပြီးတဲ့အခါ ... ထိန်ထိန့်ကို ဘာလို့ထပ် မပြောပြန်ဘဲ မြှုံထားပြန်သလဲ ..."

"ဟာ ... ဘယ်တုန်းက ဘာကိုသိလို့လဲ ... ခုပဲ မဟုတ်ပြန်ဘူးဆိုတာ မင်းပဲစပြောတဲ့ ... မင်းတို့ထွင်ပြန်တဲ့ဇာတ် မဟုတ်ဘူးလား ..."

"မဟုတ်ဘူး ... အဲဒါ မသက်ပိုင်ပဲ ဆိုတာ ... ကိုမော်ခန့် သိပြီးသား ... ဒါပေမဲ့ ... ကိုမော်ခန့်ရဲ့မေမေက ... အဲဒီမိန်းကလေးကို စိတ်ဝင်စားပါတယ် ... စကားပြောချင်ပါတယ်ဖြစ်ဟာလို့ ... ကိုမော်ခန့်က အဲဒါ ထိန်ထိန် မဟုတ် ... မသက်ပိုင်ပဲ ဆိုတာ သိသိနဲ့ မြှုံထားလိုက်တော့တာ ..."

ဟာ ...။ အတည်ပေါက်ကြီးကိုပဲဟေ့ ...။ သူတို့ဘက်က ဘာကိုမှန်းမသိ ... တစ်ခုခု လုပ်ကြဖို့ တမင်ဇာတ်လမ်းထွင် တိုက်စစ်ဆင်တာမျိုး မဟုတ်လျှင် ... ဒီကောင်မလေးဟာ "ထင်"တစ်လုံးကို "အမှန်"တွေလုပ်ပြီး သူ့စိတ်သူပဲ ရှေ့တန်းတင် ... စွတ်,စွတ်ကျဲတတ်သူမှန်း သေချာပြီ ...။





"ပြောစမ်းပါဦးကွာ ... နားထောင်လို့ ကောင်းလိုက်တာ"

"ကိုမော်ခန့်က ပြောင်ပြီး မရွဲ့ပါနဲ့ ... ကိုကျော်ဇင် ကျန်ရစ်တဲ့ သူ့ဒိုင်ယာရီကို ... ကိုမော်ခန့်ပဲ ရထားလိုက်တယ် မဟုတ်ဘူးလား ..."

"ဒိုင်ယာရီ ... ! ဟား ... ကျန်ခဲ့မှန်းတောင် မသိဘူး ... ရှိမှန်းတောင် မသိဘူး ... နေပါဦး ... ဘာတွေဖြစ်နေကြတာလဲ .. ဘာမှနားမလည်ဘူး ... မင်းမှာ တကယ်အရေးကြီးနေရမှာက မင်းချစ်သူနဲ့ မင်း ပြေပြေလည်လည် ပေါင်းဖက်ကြရဖို့ မဟုတ်ဘူးလား ...။ နှစ်ဖက်မိဘတွေပါ ကြည်ဖြူကျေနပ်ပြီး အမြန်ဆုံး အဆင်ပြေကြရဖို့ မဟုတ်ဘူးလား ..."

"ဒါဆို ကိုမော်ခန့်က ဘာဖြစ်လို့ ... ကိုကျော်ဇင့် ဒိုင်ယာရီထဲက စာသားတွေကို ဖိုတိုကူးပြီး ... မသက်ပိုင်ဆီ တိတ်တိတ်ပို့ပေးရတာလဲ"

"ဖွီး ... ဘယ်တုန်းကမှ ဝါသနာမပါတဲ့ ... ရှုပ်တီးရှုပ်ယှက်တွေပဲ ... သူတစ်ပါးရဲ့ ဒိုင်ယာရီကို ဖိုတိုကူးပြီး ဖြန့်ဝေဖို့ကိစ္စ ဆိုတာလည်း ဘယ်လောက် အောက်ထားသလဲ ...။ မင်းတို့ ကလေးတွေကြားမှာလောက်ပဲရှိမဲ့ ကတိကတောက်ကိစ္စတွေထဲ ကိုယ့်ကို ဆွဲမထည့်စမ်းပါနဲ့ ထိန်ထိန်ရာ ..."



www.burmeseclassic.com

www.burmeseclassic.com



နေ့စမ်းပါဦး ... အဲဒီ ဒိုင်ယာရီဆိုတာက တကယ်ရှိသလား ... ညီလေးကျွန်ရစ်ခဲ့တဲ့ အစစ်ဆိုတာရော ... သေချာသလား ...။ အထဲမှာကရော ဘာတွေပါနေလို့ ... မင်းတို့ ဒီလောက် ဖြစ်နေကြတာလဲ ..."

"ကိုကျော်ဇင်နဲ့ မသက်ပိုင်နဲ့ နဂိုတည်းက ဓာတ်လမ်းရှိပြီးသား၊ ကိုကျော်ဇင်က ထိန်ထိန့်ကို သေချာမကြည့်ဘဲ လူမှားပြီး လက်စွပ်ပေးမိပြီးမှ ... မသက်ပိုင်နဲ့ "ဘွား"ခနဲ ထပ်တိုးလို့ ဒီလောက် ရှက်သွားတာ ... ခုဆို ထိန်ထိန်က ... လက်စွပ်ကိုတောင် ပိုင်ရှင်အစစ် ဖြစ်သင့်သူကိုပဲ ပြန်ပေးလိုက်ပြီးပြီ ...

အဲဒီစာအုပ်က အစစ်ဆိုတာလည်း မသက်ပိုင်က သေချာတယ် ...။ တစ်အုပ်လုံးလည်း မသက်ပိုင် အကြောင်းချည်းပဲနေမှာ ...။ ခု သူ့ဆီရောက်လာတဲ့ စာထဲမှာလည်း အဲဒီသဘောတွေပဲ ရေးထားတာပဲ ..."

မော်ခန့်ရဲ့ ခေါင်းတွေ တစ်ခုလုံး ချာလပတ်လည်မူးရှုပ်သွားကာ သေချာတာ တစ်ခုကတော့ "ခုစာကလေး ... ခုဆီထမင်းကြော် ..."လုပ်တတ်တဲ့ သူ့အစ်မရဲ့မှိုင်းနဲ့ ကြိုးဆွဲကမှုမှာ ... ထိန်ထိန်ဟာ အတော် ပင်ငြိုပါ အခြေအနေ ဆိုးနေပြီဆိုတာကိုပါပဲ ...။

"အဲဒီစာအုပ်ထဲက စာပိုဒ်လေး တစ်ပိုဒ်က ဖိုတိုဆွဲပြီး ... မင်းအစ်မဆီ ... တိတ်တိတ်ကလေး ရောက်လာတယ် !"





"ဟုတ်တယ် ... စာအိတ်ကလေးနဲ့ ... သူ မရှိတုန်း သူ့စားပွဲထဲ တိတ်တိတ်ရောက်နေတာ ...၊ စားပွဲကဖြင့် သော့ခတ်ထားတာ ...။ ဒီတော့ တစ်ဆိုင်လုံးကို ကြိုက်သလို ပင်တွက်နိုင်ပြီး ..., သော့တူအပိုတွေ သူ့လက်ထဲ ရှိနေနိုင်တဲ့ သူမျိုးဂသာ ..."

"နေဦး ... နေဦး ... အဲဒီ 'သူမျိုး' ဆိုတာ ကိုယ်တော့ မဟုတ်တာ သေချာတယ်"

"မသက်ပိုင်ဆီကလည်း တကယ်ရောက်လာတာ ... ထိန်ထိန့်ကို သူ ပြတယ် ..."

"မင်းအစ်မက သူ့ဘာသာ ... ပြန်ဖိုတိုကူးပြီးတော့မှ စာအိတ်နဲ့ တိတ်တိတ်ရောက်တယ်တွေ ဘာတွေ ထအော်နေတာမျိုးလဲ ဖြစ်နေဦးမယ် ..."

ထိန်ထိန်က ကြောင်အမ်းအမ်းနှင့် တစ်မျိုးကလေးဖြစ်သွားပြီးမှ ..."ဟင် ... ဘာဖြစ်လို့ အဲလိုလုပ်ရမှာလဲ ... အဓိပ္ပာယ်မရှိတာ ..."ဟု ဆိုသည် ...။ "ထိန်ထိန့် အစ်မက ဘယ်တော့မှ မလိမ်မညာတတ်ပါဘူး ..."ဟုလည်း ဆိုလိုက်ချေသေးသည်။ လိမ်တာ ညာတာတော့ မသိ ...။ လက်တစ်လုံးခြား လှည့်ပတ်တတ်တာကတော့ ကိုယ်တွေ့ကြုံရလွန်းပြီမို့ မော်ခန့်က ထိန်ထိန့်ကိုပဲ သနားနေသည် ...။

"မလိမ်ဘူး"ဆိုတာတော့ ဟုတ်ချင် ဟုတ်မှာပေါ့။ သို့သော် ... သူသာ တကယ်ပဲ ကျော်ဇင့် ကောင်မလေးပါဆိုတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ထိန်ထိန်ဟာ ကျော်ဇင် နောက်ဆုံးလာတွေ့သွားခဲ့တဲ့ မိန်းကလေးဖြစ်ပြီး ... ကျော်ဇင့်ထံမှ လက်ဖွဲ့ပ်လေးတစ်ကွင်းကိုပါ ရရှိထားလိုက်တဲ့သူ ဖြစ်ကြောင်း ..."ဆိုတဲ့ စကားမျိုး ... ဘာကြောင့်မော်ခန့်ဆီ သတင်းအရောက် ပို့ရမလဲ ..."

လိမ်တာတော့ တစ်လုံးမှ မပါဘူးပေါ့ ... ဒါပေမဲ့ အဲဒီလို အပြောနဲ့ဆိုရင် ... ကြားရတဲ့ သိရတဲ့ သူတွေက ... ဘယ်လိုထင်ယောင်ထင်မှား ဖြစ်ကုန်ကြတော့မလဲ ... သူသိသင့်တာပေါ့ ...။ သိသိကြီးနဲ့ကို လက်တစ်လုံးခြား လှည့်ပတ်ပြီး ပြောတာမျိုးပဲ မဟုတ်ဘူးလား ...။ ကဲ ...။

"မသက်ပိုင်ဆီမှာ အဲဒီစာအုပ် တကယ်မရှိပါဘူး ...။ သူက အဲဒီစာအုပ်ကို လိုချင်လွန်းလို့ကို သေတော့မှာ ..."

"သဘောကတော့ ... ကိုယ်က အဲဒီ ဘယ်မှာမှန်းမသိ၊ တကယ်ရှိမရှိလည်း မသေချာတဲ့ စာအုပ်ဆိုတာကို ရအောင် လိုက်ရှာလာနိုင်မှသာ ... မင်းနဲ့ ကိုယ်နဲ့ ရှေ့ရေးကပြေလည်စေ ... ဒီလိုလား ..."

"ကိုမော်ခန့် မေမေက ထိန်ထိန့်ကို ကြိုကြားထားရတဲ့ အချက်တွေကြောင့် ကြိုက်ကို မကြိုက်ပါဘူး ...။ ကိုကျော်ဇင့် မိန်းကလေးသာ မဟုတ်ခဲ့ရင် သူ ဘာမှစိတ်ဝင်စားနေစရာ အကြောင်းမရှိဘူး ..."

"ထိန်ထိန်ရယ် ... ထိန်ထိန် အခုပြောလိုက်တာမျိုး ... ထိန်ထိန့်အစ်မကလည်း တွက်မိလို့ ... ထိန်ထိန်မဟုတ်





တော့ပါဘူး ... သူပါပဲလို့ ထပြစ်ပြန်တာရော ... မဖြစ်နိုင်ဘူးလား ...။ သူ့ခေါင်းထဲမှာ ရှိတာက ကိုယ်တို့နှစ်ယောက်ရဲ့ ကိစ္စကို သူ ရအောင်ဖျက်မယ် ... မရ,ရအောင် တစ်ဆင့်ပြီး တစ်ဆင့်၊ တစ်ခုပြီး တစ်ခုနဲ့ဖျက်မယ် ... ဒါပဲလေ ..."

"အဲဒီလို ဖြစ်သွားရတာကိုက ... သူဟာ ... ကိုကျော်ဇင်ရဲ့ မိန်းကလေး ဖြစ်နေလို့ပါ ကိုမော်ခန့်ရယ် ... နို့မို့ သူက အဲလောက်ကြီး ခပ်ဆိုးဆိုးထဲက မဟုတ်ပါဘူး ..."

"နားကို မလည်ဘူး ...။ ဒါပေမဲ့ ကောင်းပါပြီ ... အဲဒီ မသက်ပိုင်ရဲ့ အကြောင်းမှန်ကို ... ကိုယ်ကလည်း စုံစမ်းဖို့ လုပ်နေတာပါပဲ ...။ သူ့အကြောင်းကို စုံစမ်းကြည့်ရင်းနဲ့ ... အဲဒီစာအုပ် ဆိုတာကိုလည်း တစ်ဖက်တစ်လမ်းက စုံစမ်းကြည့်မယ် ..."

"ဒါပေမဲ့ ... စာအုပ်ရလာတိုင်းတော့လည်း ... အားလုံး အဆင်ပြေသွားဖို့က ..."

"ဒီမှာ ကလေးမ ... ကိုယ် အဲဒီစာအုပ်သာ ရလာရင် ... မင်းလက်ထဲကိုပဲ လာထည့်မယ် ... ပြီးရင် ဘာတစ်လုံးမှ မပြောဘူး ... ဘာမှကို ထပ်မပြောတော့ဘူးကွာ ... ဟုတ်ပြီလား ... မင်း ကျေနပ်ပြီလား ..."

ထိန်ထိန့် မျက်နှာလေး ငယ်ကျသွားတာကို ရိပ်မိလိုက်ပေမဲ့ မော်ခန့်က ခါတိုင်းလို ခေါင်းလေး လှမ်းပုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာမျိုး ...။ မေးစေ့လေးတစ်ချက် ဆွဲခါလိုက်တာမျိုး ... "ဖျတ်" ခနဲ လှမ်းမလုပ်လိုက်မိအောင် စိတ်ထိန်းထားလိုက်သည် ...။

သူ့အစ်မ ပြောဖူးတဲ့ "စိတ်ထဲ ထင်ရာ လျှောက်လျှောက်လုပ်တတ်တဲ့ စိတ်သွားတိုင်း ကိုယ်ပါနေတာ ..." ဆိုတဲ့ အချက်ကလည်း လိမ်ခဲ့တာမဟုတ် ... အမှန်ပဲမို့ ... အဲဒီအချက်လေးတော့ ... ကျိုးသွားအောင်ကို ဖျောက်ယူပစ်ရဦးမည်လေ ...။

ဒီကောင်မလေးလား ...။ ကိုယ့်ကို ဖြတ်ချင်လို့တဲ့။ ပြီးပြတ်ကြရအောင်တဲ့ ...။ ဟား ဟား ...။

✤ ✧ ✤

"အဲဒါ ဘယ်သူမှ မဟုတ်ဘူး ... ကျွန်တော်ပဲ ... ဆရာကိုမော်ခန့်ရဲ့ ... တခြား ဘယ်မှလျှောက်စုံစမ်းမနေနဲ့ ... ကျွန်တော့် လက်ချက် ..."

"ဟာ ... ခင်ဗျားကဗျာ ... ဟားဟား ... တော်တော်ဆိုးတဲ့လူ ..."

မော်ခန့်က ... ကိုမောင်မြင့်ရဲ့ လက်မောင်းကို တရင်းတနှီးကြီးနှင့် လုံးလေးငါးချက်လောက် ဆက်တိုက် ... တဖြောင်းဖြောင်း ရိုက်ပုတ်လိုက်မိပါသည် ...။ သိပ်ကြီးမခက်ခဲလိုက်ရသေးဘဲ ချက်ချင်း အဖြေရှာတွေ့သွားနိုင်သလိုမို့ စိတ်ထဲလည်း အတော်ကြီး ပေါ့သွားရသည်။





ညီလေး မရှိတော့ကာတည်းက ဒီဆိုင်မှာ လေးငါးလလောက် ဝင်အုပ်ချုပ်။ နောက်ပိုင်းလည်း အလျဉ်းသင့်သလို ဝင်ထွက်ပြီး မေမေ့ကို ကူညီပေးနေဖြစ်ပေမဲ့ ... ဒီဆိုင်က ဝန်ထမ်းတွေနဲ့ မော်ခန့်နဲ့က ဒီလောက်ကြီး မရင်းနှီးဖြစ်ခဲ့ကြတာပါ ...။

အထူးသဖြင့် ပြောရရင် ... ကိုယ်နဲ့ ရွယ်တူချင်းလိုလည်းဖြစ်၊ ညီလေးရဲ့ လက်စွဲလည်းဖြစ်ခဲ့ပုံရ၊ ဝန်ထမ်းတွေထဲမှာလည်း အခြေခံအရောင်း၊ စတိုး၊ အသယ်အချ လုပ်သားကောင်လေးတွေနဲ့ အဆက်ကွာပြီး တစ်ယောက်တည်း သီးသန့်လို ဖြစ်နေခဲ့တဲ့ ... ဒီ Macketing Manager ကိုမောင်မြင့်လောက်နဲ့ကတော့ ... ရင်းနှီးဖြစ်ခဲ့ကြဖို့ ကောင်းတာပေါ့ ...။ မော်ခန့်ကိုယ်၌က ကိုယ့်ဆိုင်ရဲ့ စီးပွားရေးကလည်း တစ်ဖက်လိုမို့ ... ဒီက ဝန်ထမ်းတွေနဲ့ ဒီလောက်ကြီး တရင်းတနှီး ... လုံးလုံးထွေးထွေးကို မရှိဖြစ်ခဲ့တာ ...။

ကိုမောင်မြင့်က ကိုယ့်ကို စကားပြောချင်၊ လုံးချင်၊ ပေါင်းချင်သလို ပုံမျိုးတွေ ရှိခဲ့တယ်လို့ ထင်မိပေမဲ့ ... မော်ခန့်က သိပ်အာရုံမစိုက်လိုက်မိသလို ဖြစ်သွားခဲ့တာ ...။

ခုကျတော့ ... မသက်ပိုင်နဲ့ ပတ်သက်လို့ ... ဘယ်သူ့စ "ကြောင်း" ကြည့်ရပါ့မလဲ စဉ်းစားလိုက်တော့ ... ဒီလူကြီးကို အရင်ဆုံး မြင်သည် ...။ အဲဒီတော့ နေ့လယ်ဘက် အတူအပြင်ထွက် စားဖြစ်ဖို့ စီစဉ်လိုက်ရင်း ... တခြားညီလေးနဲ့ပတ်သက်တဲ့ ကိစ္စဝိစ္စမှန်သမျှကို လေသံပင်မသလပ်သေးဘဲ



www.burmeseclassic.com

"ဆိုင်မှာ … မိန်းကလေးတွေရဲ့ စားပွဲထဲ … ဘယ်သူလာထားသွားမှန်း မသိတဲ့ စာအိတ်တွေ ဘာတွေ … ရနေကြတယ် … ဆိုပါလားဗျ … ခင်ဗျားရော ကြားမိလိုက်သေးလား …"

တစ်ခွန်းပဲ ပြောရသေး …"တန်း"ခနဲကို အဖြေက ထွက်လာတော့တာပင်။ အားလုံးကို သိမိလိုက်သူနဲ့မှ တန်းတိုးနေသည်။

"ကျွန်တော်က မသက်ပိုင်ကို ခင်ပါတယ် … ဒါပေမဲ့ မကြိုက်နိုင်တော့လို့ပါ"

"ခင်ဗျားတော့ … ကျွန်တော် ကြိုက်ပြီဗျာ … ဒါဖြင့် … ခင်ဗျား သိထားသလောက် … ကျွန်တော့်ကို ပြောတော့ဗျာ … ကိုမောင်မြင့် …။ ကျော်ဇင့်မှာ သူသဘောကျတဲ့ မိန်းကလေးတစ်ယောက် ရှိခဲ့တယ်ဆိုတာ … အဲဒါဘယ်သူလဲ …"

"မသက်ပိုင်ပေါ့ ဆရာရဲ့ …"

"ဟုတ်ပြီ … ကျွန်တော် ခင်ဗျားနဲ့ အရင်ဦးဆုံး စကားပြောမိရမှာ …"

"ပထမတော့ … ကိုကျော်ဇင့်အတွက်လို့ပဲ ရည်စွယ်ပြီး ဘယ်သူ့ကိုမှ မပြောကောဘူးလားလို့ပါ …။ ဒါပေမဲ့ … မသက်ပိုင် ပြန်ရောက်လာပြီးမှ နောက်ပိုင်း … ဆရာကို ကျွန်တော် ပြောပြဖို့ … ချောင်းခဲ့ပါသေးတယ် …"

"ကိုမော်ခန့်ပဲ ခေါ်ပါဗျာ … ကျော်ဇင်က ခင်ဗျားတော့ အတော် ခင်မင်ယုံကြည်တယ်နဲ့ တူတယ် … ဒီလောက်ဒါတိ





အကျ ဖွင့်ပြောခဲ့တာ … ခင်ဗျား တစ်ယောက်ပဲရှိမယ်နဲ့ တူပါရဲ့ …"

"မဟုတ်ရပါဘူး ကိုမော်ခန့်ရာ … ကိုကျော်ဇင်လိုလူက ကျွန်တော့်ကျမှကွက်ပြီး အားလုံးဖွင့်တိုင်ပင်တယ် ဆိုတာမျိုး ဘယ်လိုလုပ်ရှိနိုင်မှာလဲ … အဲဒီနေ့မတိုင်ခင် တစ်ရက်ကမှ … ကျွန်တော်တို့ နှစ်ယောက် "သိလဝါ"သွားကြရင်းနဲ့ … သူ့လက်ထဲ အမြဲမခွာကိုင်,ကိုင်ထားတဲ့ စာအုပ်က ကျွန်တော့်စာရင်းတွေကြားထဲ ညပ်ပါလာပြီး မေ့ကျန်ခဲ့လို့"

"ဟုတ်ပြီ … ဒိုင်ယာရီစာအုပ် …။ ခင်ဗျားဆီမှာ ခုရှိနေတယ်ပေါ့ …"

"ဟုတ်ကဲ့ …"

"အဲဒီစာအုပ်ကို ဖတ်ကြည့်လိုက်ပြီး … ကောင်မလေးဟာ မသက်ပိုင်ပဲဆိုတာ ခင်ဗျား သေချာသိလိုက်တယ်ပေါ့ …"

"အဲ … မဟုတ်ဘူးဗျ … ဘုရားပေးပေး၊ ကျမ်းပေးပေးပါ။ အဲဒီလောက် လျှို့ဝှက်မှုသိပ်ချင်တဲ့ ကိုယ့်ဆရာသမားလေးရဲ့ စာအုပ်မျိုးကို ဘာ့ကြောင့်ရာမှာ အားရပါးရ အိတ်သွန်ဖာမှောက်ပြီး မဖတ်ဝံ့၊ မဖတ်ရက်ပါဘူးဗျာ …

စာအုပ်ကြီး လက်ထဲပါလာတော့ …၊ ငါလျှောက်ဖတ်ကြည့်ပြီး … အကုန်သိကုန်ပြီထင်ပြီး … သူတော့ ကွိုင်တော့မှာပဲလို့ စိတ်ထဲ မသက်မသာကြီးနဲ့ … ဘယ်လိုပြန်ပေးရမလဲပဲ … အကွက်ချောင်းဖို့ စိတ်ဆင်းရဲနေခဲ့ရတာပါ

www.burmeseclassic.com



ဒါပေမဲ့ ဝန်ခံပါတယ် ... လူဆိုတော့လည်းဗျာ ... သူများ ဒိုင်ယာရီဆိုတာ မဖတ်စကောင်းတဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှိမှန်းသိပေမဲ့ ...၊ အထူးသဖြင့်ကတော့ ကိုကျော်ဖင့်လိုလူရဲ့ ဒိုင်ယာရီကို ပိုတောင်မထိမတို့သင့်မှန်း သိပေမဲ့ ... ရှေ့ဆုံးစာမျက်နှာနဲ့ ... နောက်ဆုံး စာမျက်နှာ ... နှစ်နေရာတော့ ... ကြည့်မိအောင် ကြည့်လိုက်မိသဗျ ...

အဲဒါပါပဲဗျာ ... မပိုပါဘူး ... ဟိုတုန်းကကော ... ခုထိ ကော ... အဲဒီနှစ်မျက်နှာထက် ... ပိုကိုမဖတ်မိဖူးသေးတာ ... ဘုရားပေးပေး ... ကျမ်းပေးပေး ..."

"ဘာမှ မပေးပါရစေနဲ့ဗျာ ... ယုံပါတယ် ..."

"ရှေ့ဆုံး စာမျက်နှာက ကျွန်တော် အခု မသက်ပိုင်ဆီ မိတ်ဆွဲပြီး တိတ်တိတ်ပို့လိုက်တဲ့ ... 'မသက်ပိုင်ကို သူ သဘောကျတယ် ... ဒါပေမဲ့ ကြောက်တယ်'ဆိုတဲ့ သဘောမျိုး ...

နောက်ဆုံးစာမျက်နှာကတော့ ဘယ်နေ့၊ ဘယ်အချိန် ညနေရုံးဆင်းချိန်လောက်ကျ ... သူ့ကောင်မလေးနဲ့သူ ... ဆုံဖြစ်ကြရမှာ အသေအချာမို့ ... အဲဒီအချိန်မှာ ပရိုပို့စ်လုပ်တော့မယ်လို့ ရေးထားတာဗျ ... လက်စွပ်လေး တစ်ကွင်းနဲ့တဲ့ ... အဲဒီလက်စွပ်ကို ရလာခဲ့တဲ့ ... ဒိတ်နဲ့ အဲဒါ ရေးထားတာပဲ ...





ကျွန်တော်တောင် ဝင်ပျော်သွားမိပြီး မနေနိုင် မထိုင်နိုင်နဲ့ ... မသက်ပိုင်နဲ့ ဘွဲ့ဖက် မရူပါ ဆိုတဲ့ တစ်ယောက်ကို ... သတင်းအဖြစ် ပြောပြလိုက်မိသေးတယ် ...။ မသက်ပိုင်ပဲလို့တော့ ထည့်မပြောမိဘူးပေါ့ ... ဒါပေမဲ့ အဲဒီလိုကြီး အဆက်အစပ်မရှိ ခေါ်ပြောတော့ ... သူတို့လည်း ရိပ်မိပါတယ် ... နဂိုတည်းက ဂျိတ်ဆက်တွေကိုးဗျ ..."

"နဂိုတည်းက ဂျိတ်ဆက် ... ! "

"ဟုတ်ပါ့ ... ကျွန်တော် ထင်တာ မမှားဘူးဆိုရင် ... ကိုကျော်ဖင့်ကို အရင်စစိတ်ဝင်စားတာက မသက်ပိုင်ပါ ...။ ဒါပေမဲ့ သူက ဣန္ဒြေကြီးပါတယ် ... အတိအလင်းကြီး မသိသာပါဘူး ...။ ကာယကံရှင်ကတော့ ကျွန်တော်တို့ထက် ပိုသတိထားမိမှာပေါ့ ...။ အဲဒီမှာတင် ကိုကျော်ဖင့်လည်း ပြန်စိတ်ဝင်စားသွားတာ ... လို့ ... ကျွန်တော်ထင်မိတယ် ..."

"ဪ ..."

"အဲဒါကြောင့်ပဲလေ ... သူတို့ဗျာ ... နှစ်ယောက်လုံးတိတ်တခိုးတွေအဖြစ်ကနေ နှစ်ဦးနှစ်ဖက် ပွင့်လင်းကြကာနီးမှ ကွဲဖန်လွဲသွားကြရတာ ... ကျွန်တော်က မသက်ပိုင်ကို အင်မတန် သနားပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူ ဒီပြန်ရောက်လာတော့ တမင်လမ်းရှာပြီး အလွမ်းလာ:ဖြေတာပဲ ဆိုတာ သိတော့ ပိုကရုဏာဖြစ်တယ် ... လက်ထဲကျန်နေတဲ့ စာအုပ်ကို ပေးလိုက်ရင် ကောင်းမလား လို့ အကြိမ်ကြိမ် စိတ်ကူးမိသေးတာ ...

ဒါပေမဲ့လည်း ကိုယ်နဲ့ မရင်းလှတဲ့ မိန်းကလေးတစ်ယောက်ကို ... "နင်က ဒီလိုမှတ်လား ..."လို့ သွားဖော်ထုတ်လိုက်ရာ ကျသွားမှာစိုးလို့လည်း စိတ်ကူးမိလိုက်၊ ပြန်ရုပ်သိမ်းလိုက် ...။ မရှိတဲ့သူကလည်း မရှိတော့ဘူးဆိုတော့ သူ့ခမျာ လူသိကျန်ခဲ့တာမျိုးကို ကြိုက်ချင်မှ ကြိုက်မှာဆိုတဲ့ ကိုယ်ချင်းစာစိတ်နဲ့ပါ ..."

"နောက်ပိုင်း ... မကြိုက်နိုင်တော့ဘူး ဆိုတာက ..."

"အန်ဟီနဲ့ သိပ်လုံးပြီး ... ကိုမော်ခန့်နဲ့ သူနဲ့လိုလိုထွက်နေတဲ့ သတင်းတွေကို ... သူကပါ အားတက်သရောရှိချင်နေတာမျိုးကို သတိထားမိလာတော့ အရင်က အင့်မတန်သနားထားမိတာလေးတွေတောင် ပျောက်ချင်တယ်ဗျ ...

ကိုကျော်ဇင့်ကို သူ မသိမသာကလေး ... ဣန္ဒြေကြီးကြီးနဲ့ ချဉ်းကပ်ချင်တာကို သဘောကျခဲ့ပေမဲ့ ...၊ ကိုကျော်ဇင့်အစ်ကို,ကိုပါ အဲဒီလိုစိတ်မျိုးပဲ တစ်သဘောတည်း ထားပြန်တယ်ဆိုရင် ... ဒါကကျတော့ "ဘာလို့လဲ ..."လို့ စဉ်းစားစရာ ဖြစ်သွားပြီ ...။ ကျွန်တော်က လူပျိုကြီးပေမဲ့ ...





"မေတ္တာစစ်"ဆိုတာကို သဘောကျတယ် ... တန်ဖိုးထားတယ်ဗျာ ..."

"ဟုတ်ပြီဗျာ ... ခင်ဗျားက တော်တော်သဘောကျစရာကောင်းတယ် ကိုမောင်မြင့်ရာ ..."

"နောက်ပိုင်းမှာဗျာ ... သူ မဟုတ်တာရှော် လုပ်ကြံချင်တဲ့ကိစ္စတွေ ရှိတယ်ဗျ ... ကိုမော်ခန့် သိမသိ မသေချာလို့ ဂတိကျကျတော့ မပြောချင်တော့ပါဘူး ...။ ကျွန်တော်ကတော့ အမြဲစောင့်ကြည့်နေသူဆိုတော့ သိနေတယ် ...။ အသျှုးသဖြင့်ကတော့ ... ကိုမော်ခန့်နဲ့ ကိုမော်ခန့်ရဲ့မိန်းကလေးတို့နဲ့ ပတ်သက်လာရင်ပေါ့ ...။ အဲဒါ ကိုမော်ခန့် သူ့ညီမဗျ ... ညီမကို လိုက်လုပ်နေတာ ...။ မကြိုက်ဘူးဗျာ ...

နောက်ဆုံး ကိုကျော်ဇင့် ကောင်မလေးဟာ အဲဒီကလေးမလေးယောင်ယောင် ... သူ့နှုတ်ဖျားက ထွက်လာလို့ ... ကျွန်တော်က ... "မဟုတ်တာတွေ လျှောက်ပြောမနေနဲ့ ... အဲဒါ နင်ပဲ"လို့ သတိပေးချင်တဲ့ သဘောနဲ့ ... ဟိုရှေ့ဆုံး စာမျက်နှာလေး ဖိုတိုကူးပြီး သူ့စားပွဲထဲ သွားထည့်ထားလိုက်တာပဲ ...

ဘာလို့များ အဲဒီလို ပြောနိုင်သလဲ ... ပြောဝံ့သလဲ ဆိုတာ စဉ်းစားလို့တောင်မှ မရဘူးဗျာ ...။ သူ အဲဒါကို ရပ်တန်းက မရပ်ရင် ... တစ်ရွက် ပြီးတစ်ရွက် ...၊ တစ်စောင်ပြီး တစ်စောင် ... ပို့သွားဖို့ ရည်ရွယ်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါနဲ့မှ မရပ်သေးရင် ... အန်တီနဲ့ ကိုမော်ခန့်ကို ပါ ဆက်အသိပေးဖို့ပါ ရည်ရွယ်ထားတယ်ဗျ ...။ ခု ကိုမော်ခန့်က ကိုယ်ဘာသာ သိလာလို့ ...၊ နို့မို့လို့က တော့ ... ကျွန်ုပ်ကလည်း ... အပြောပဲ ...”

“ခု ကျွန်တော်လည်း အားလုံးသိသွားပြီးပြီဆိုတော့ ... အဲဒီစာအုပ် ဆိုတာလေးများ ... တစ်ဆိတ်လောက် ... ကျွန်တော်များ ရနိုင်မလားလို့ ... ကျွန်တော့်ကိုပဲ လက် လွှဲပေးလိုက်ဖို့ ... ဖြစ်နိုင်မလား မသိဘူး ...”

“အာ ... ရပါတယ် ...။ ဒါမှန်တာပေါ့ ...။ ကျွန်တော် လည်း ဆက်သာသိမ်းထားပေးရတာ ... ရလိုက်ကတည်း က Guilty ဖြစ်နေရတာပဲ ...။ ကိုမော်ခန့်နဲ့သာ ရင်းနှီးရင် အစောကတည်းက ... သူ့မိသားစုပဲ ပြန်အပ်လိုက်ရင် ကောင်းမလား ... လို့လည်း တွေးမိပါသေးတယ်”

“ကျေးဇူးတင်တယ်ဗျာ ... ကိုမောင်မြင့် ...”

“မလိုပါဘူး ကိုယ့်ဆရာ ...။ ကိုကျော်ဇင့်အတွက် တစ်ခုခု လုပ်ပေးလိုက်နိုင်တယ်လို့ပဲ ... ယူဆပြီး ... ကျေနပ်ပါတယ်”

“ခင်ဗျားလူကလည်း ... ခင်ဗျား သူ့စာအုပ်ကို လျှောက် ဖတ်မကြည့်ခဲ့တဲ့အတွက်ရော ...၊ ခင်ဗျားရဲ့ လုပ်ရပ်တွေ အတွက်ပါ ... ကျေးဇူးလှမ်းတင်နေမဲ့သူပါ ... ခုခင်ဗျား ပြောတဲ့ လက်စွပ်ဆိုတာလည်း ခင်ဗျားလူ ဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း မသက်ပိုင်ပဲ ... ပြန်ရသွားပါပြီ ...”





သူတို့ ညီအစ်မနှစ်ယောက် ... အင်မတန် အရေး ကြီးနေကြပုံရတဲ့ “စာအုပ် ... စာအုပ်”ဆိုတာကတော့ မော်ခန့် လက်ထဲသို့ ... ရောက်လာနိုင်ခဲ့ပြီ ...။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

"နာမည်က 'မသက်ပိုင်'တဲ့ ...။ တိကျပြတ်သားတတ်မဲ့ ရုပ်ရည် ... ဟန်အမူအရာနဲ့ ... မျက်လုံးတွေရှိတယ် ... ပုံစံက ခင်မင်စရာကောင်းမဲ့ပုံလည်း ရပါတယ် ...။ ဒါပေမဲ့ ကြောက်စရာလည်း ကောင်းမယ်နဲ့ တူတယ် ..."

ပထမဆုံး စာမျက်နှာလေးကို ... ဘာရယ်မဟုတ် တစ်ချက်လှန်ပြီး ဖတ်လိုက်မိသော ... ထိန်ထိန့်ကို ... ကျော်ဇင်ရဲ့ အရေးအသားလေးတွေက ဆွဲခေါင်ထားလိုက်နိုင်ပါသည်။ ခုတော့ဖြင့် ထိန်ထိန်သည် ... သူတို့ဆိုင်သို့ ကိုယ်က တက်သွားလေတိုင်း ... "ဖျတ်"ခနဲ မျက်ဝန်းလွဲကာ ... ထပ်မကြည့်မိအောင် ဇက်ကြီးပင် လိမ်မတတ် ..."ပဲပေး"ထားတတ်သည့် ကောင်လေးတစ်ယောက်ရဲ့ ဖြစ်အင်ကို တွေးတောပြီး ကိုယ်ချင်းလည်းစာနိုင်ခဲ့ပြီ ...။

အဲဒါဟာ "ပဲပေး"တာထက်၊ သူ့ရဲ့ဝသီ ...။ သူဟာ ထိန်ထိန့်ကို ... သူ့မသက်ပိုင်ရဲ့ ညီမတော်မှန်းလည်း သိ





နေခဲ့လိမ့်မည်လေ ...။ လျှိုတတ် ရှက်တတ်တဲ့ ကောင်ကလေးဟာ ... သူ့ကောင်မလေးကိုတင်မက ... "တင်နွယ်ငင် တစ်စင်ပါ ..."ဆိုသလို ... ရှိရှိသမျှ အမျိုးအဆွေ၊ အဖော်အပေါင်းမှန်သမျှကိုလည်း လိုက်ရှက်ကြောက်၊ ရင်မဆိုင်ဝံ့ ဖြစ်ချင်ဖြစ်နေရှာမှာ ...။

"ခင်မင်စရာကောင်းမဲ့ပုံလည်း ရတယ် ... ဒါပေမဲ့ ကြောက်စရာလည်း ကောင်းမယ်နဲ့တူတယ်" ဆိုတဲ့ အရေးအသားလေးကို ဖတ်လိုက်ရစဉ်မှာ ... ကျော်ဇင့်ရဲ့ မျက်ဝန်းလွှဲလွှဲ မျက်နှာလေးကို ပြန်မြင်ယောင်လာမိပါသည်။ နောက်ဆုံးအချိန် တွေ့လိုက်ရစဉ်က ဘေးတိုက်၊ စောင်းငန်း၊ ခေါင်းငုံ့ ပုံစံကိုလည်း တစ်ဆက်တည်း မြင်ယောင်သည် ...။

သူ့ပုံစံနဲ့ ... ခုသူ့အရေးအသားတွေဟာ ကွက်တိ ...။ ချောမော ကြည့်ကောင်းလွန်းသလောက် ... အသည်းယားချင်လောက်စရာ ပုံစံကလေးဖြစ်နေတဲ့ ကောင်ကလေးကို မသက်ပိုင်ခမျာ ... ဘယ်လောက်များ ... သည်းတုန်အူတုန် ဖြစ်ရလောက်အောင် ချစ်မြတ်နိုးခဲ့မှာပါလိမ့်။

မသက်ပိုင်ရဲ့ "အချစ်"တွေ အကြောင်း ... အနီးစပ်ဆုံး လိုက်ခန့်မှန်းနေရင်းက ... အဲဒီကောင်ကလေးရဲ့ အချစ်တွေကိုလည်း ထိန်ထိန်က သိချင်လာမိသည်။ ဤစာအုပ်ကို လက်ဝယ် အဆင့်ဆင့် ရရှိလာကြသူတွေကတော့ ... ထိန်ထိန့်လို ... စည်းကမ်းမရှိချင်တဲ့ ဘရုတ်မလေးတစ်ယောက် ... ဟုတ်ချင်မှ ဟုတ်ကြပါမည် ...။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... ထိန်ယိန်ကတော့ ပထမစာမျက်နှာနဲ့ တင် _ လက်ကပြန်မချချင်အောင် ဆွဲဆောင်ထားကြတဲ့ ... အားငယ်ငယ် _ ခပ်လှိုလှို အရေးအသားတွေရဲ့ ဆွဲဆောင်မှုနောက်ကို အောက်ကောက်ပါ ကြည့်ဖို့ပဲ ... ဆုံးဖြတ်လိုက်မိလေသည်။

အမှန်ကတော့ ... ဤစာသားတွေဟာ ခုချိန်မှာ "မသက်ပိုင်"တစ်ဦးတည်းအတွက်သာ ... ဖြစ်သင့်တော့တာပေါ့။ တစ်ဆင့်ခံ လက်ခံရရှိထားတုန်း ... ထိန်ထိန်က ခိုးဖတ်ထားလိုက်သည် ဆိုရင် စည်းကမ်းရှိတတ်တဲ့ (ခုနေမှာ ပိုင်ရှင်အသစ်လည်း ဖြစ်တဲ့) "မသက်ပိုင်"ကတော့ ကြိုက်နိုင်မည်မထင် ...။ သို့သော် ထိန်ထိန်က ... စာမျက်နှာများကို ... ဆက်တိုက်ပင် လှန်ဖတ်မိနေပါချေပြီ ...။

"သူ တက်လာတာကို လှမ်းမြင်လိုက်ရရင် ပျော်မိသွားတယ် ... သူဟာ ကျွန်တော့်ဘဝကို ပျော်အောင်လုပ်ပေးနိုင်မဲ့သူ တစ်ယောက်ဆိုတာ သေချာတယ် ..."

"စေ့စပ်သေချာတတ်တဲ့ မျက်ဝန်းတွေ ... မေးခွန်းတွေကို ကြိုက်တယ် ... သူ မေး,မေးသွားတတ်တဲ့ မေးခွန်းတွေ အောက်မှာ အူလည်လည်နဲ့ ကျန်ရစ်တတ်တဲ့ဆိုင်က, ကလေးမတွေရဲ့ ရုပ်တွေက အင်မတန် ဂယ်စရာကောင်းတယ် ...

သူဟာ ကျွန်တော့်လုပ်ငန်းကို စိတ်ဝင်တစားရှိပြီး ... အလုပ်အကိုင်လည်း တော်မဲ့သူ တစ်ယောက်လို့ သိလာရ





တဲ့အခါ ... The bright lights ရဲ့ အရှင်သခင်မဟာ ... သူ ဖြစ်ခဲ့ရင် ကောင်းမယ် ... ဆိုတဲ့ အတွေးမျိုး အမြဲတွေး,တွေးနေမိပြီ ..."

"မသက်ပိုင်ရဲ့ သူငယ်ချင်း ... ခရုပါက ဘာစ်မျိုးပဲ ...။ လူတွေကို အတွင်းစိတ်ထဲထိ လိုက်သိချင်ဘတ်တဲ့ စိတ်ထားရှိပုံရတယ် ...."

"မသက်ပိုင်နဲ့ စကားပြောရဖို့ ... ခင်မင်ခွင့်ရဖို့ ... ကြိုးစားကြည့်ရင် ကောင်းမလား ...။ 'ဖျတ်'ခနဲ ထွက်လာနိုင်မဲ့ မေးခွန်းမျိုးကိုတော့ ကြောက်တယ် ... ကျွန်တော် _ ကိုယ့်စိတ်ကိုယ် သေချာမနိုင်သေးဘူး ထင်တယ် _"

"စကားပြောပုံက သွက်လက်ပြီး ထက်မြက် နေတယ်၊ သူက ကျွန်တော့်ကို ဦးဆောင် စိုးမိုးသွားနိုင်မယ် ထင်တယ် ..."

"ချစ်တယ် ... ဆိုတာ ဘယ်လိုဟာမျိုးလဲလို့ ... မေးမြန်းစုံစမ်းကြည့်ဖို့ ... လူလိုမလား ..."

"မေမေက ပြောတယ် ... ကျွန်တော့် မိန်းကလေးဟာ သူ့ဘဝအတွက် အချက်အချာပါပဲတဲ့ ...။ သူ့ကိုဆိုရင်တော့ မေမေလည်း သဘောကျမယ် ထင်ပါတယ် ...။ မေမေက မိကောင်းဖခင်၊ လူကြီးလူကောင်းတွေရဲ့ အုပ်ထိန်းမှု အောက်မှာ ... အဆင့်မြင့်မြင့်နဲ့ အလာကျနေတဲ့ ပုံစံလေးတွေဆို သဘောကျတတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်ထက်မြက်ပြီး ဦးဆောင် နိုင်စွမ်းရှိရင် နှစ်သက်တယ်...။ အလုပ်ထဲမှာ စိတ်ဝင်တစားရှိရင် ကျေနပ်တယ် ...။ အထူးသဖြင့်ကတော့ လူပေါင်းဆန့်ပြီး ... စိတ်သဘောထား ဖြောင့်မတ်ကောင်းမွန်မဲ့ သူမျိုးကိုပဲ ရွေးချယ်စေချင်လိမ့်မယ်နဲ့ တူတယ် ..."

"သူကတော့ မေမေ့လို ပုံစံမျိုးပါပဲ ...။ မိန်းကလေးတွေအများကြီးထဲမှာ သူ့တစ်ယောက်တည်း မျက်စိထဲကွက်မြင်မိတာ ... မေမေနဲ့ နေရာတော်တော်များများမှာ တူနေလို့ပဲ ဖြစ်ရမယ် ..."

"ဟိုတစ်ယောက်နဲ့က ညီအစ်မတွေ ... ဆိုတော့ ... ကျွန်တော်ရဲ့ ရည်ရွယ်ချက်တွေကို ... ဂျစ်ကန်ကန်နဲ့ သြဇာပေးပြီး ... ဝင်မရှုပ်ဖို့ကလည်း အရေးကြီးသေးတယ်"

အောင်မာ ...။ ကြည့်စမ်း ... ငါကတော့ သူ့ကို ခင်လိုက်ရတာ ...။ ချောမောကြည့်ကောင်းလွန်းလို့လည်း သဘောကျခဲ့ရ ...။ နောက်ပိုင်းမှာ ဇာတ်လမ်းတွေ အကုန်ရှုပ်ကုန်တာတောင်မှ ..."နှင် လုပ်သွားလို့ဟဲ့ ..."လို့ ဒေါသထွက်ရပေမဲ့ ...။ မရှိရှာတော့တဲ့သူကို အပြစ်မဆိုလိုတော့ဟာနဲ့ပဲ ... သက်မဲ့လက်စွပ်ကိုပဲ ... မဲ ...။

ခုနောက်ပိုင်းကျတော့..."အစ်ကိုကြီးရဲ့ညီ"ဆိုတော့ မရှိ ရှိရှိ ရင်ထဲက အတင်းဆွဲမျိုးလိုက်စပ်ကာ ... ခင်တွယ်နေမိတော့ရင်း... သူက ပိုအသက်ကြီးမယ်ဆိုတာ သိရက်နဲ့ ...."မောင်





ငယ်တစ်ယောက်"လို့လို ဘာလိုလို ... စိတ်ယားနဲ့ ...။ သူဟာ အစ်ကိုကြီးဘက်က စပ်ရင် ထိန်ထိန်ရဲ့"မောင်" ...။ မသက်ပိုင်ဘက်က စပ်ရင်တော့ "အစ်ကို"လေ ...။

ဟယ် ...။ ငါ ဘာတွေ စိတ်ကူးလိုက်ယဉ်နေမိပြန်ပလဲ ...။ "မောင်"တော်ခွင့်ရဖို့က သေကော သေချာသေးရဲ့လား ...။ ဖြစ်နိုင်ဦးမှာမို့လား ...။ ကိုယ်တိုင်ကကော ... ဘာတွေ ဆုံးဖြတ်ထားသလဲ ...။ ကိုယ့်ဘာသာ သိရက်နဲ့ မိထိန်ထိန်ရယ်။

ထိန်ထိန်တို့ နှစ်ယောက် ပျော်ရဖို့ မသက်ပိုင်နဲ့ ... အစ်ကိုကြီးတို့ မေမေနဲ့ နှစ်ယောက်တောင် (အမြဲ)ပြန်စိတ်ဆင်းရဲနေရမယ်ဆိုရင် ... ကိုယ်ပျော်ဖို့ တစ်ခုတည်းကိုသာ ရှေ့တန်းတင်ပြီး ... စွတ်မလုပ်မိစေနဲ့ ... လို့ ... ကိုယ့်စိတ်ကိုယ် ဆုံးမထားပြီးသားလေ ...။

အစ်ကိုကြီးကိုလည်း ဒီအတိုင်းပဲ ဆုံးဖြတ်အသိပေးထားပြီးသားမို့ ...။ အစ်ကိုကြီးဟာ ... ဒီစာအုပ်ကို လာပေးစဉ်က ဘယ်လို ဆက်ဆံသွားခဲ့သလဲ ... နင်လည်း အသိ ...။ အပိုတစ်ခွန်းမှ ဆိုမသွားတဲ့ အစ်ကိုကြီးရဲ့ ရုပ်ရည်ဟာ ... တည်တင်းစိတ်ဆိုးနေတာမျိုး မရှိပါဘဲ ... သာမန် ဆန်နေလိုက်တာမှ ... ဆရာဦးအောင်ကျော်ဆီမှာ စတွေ့တွေ့ကြချင်းနေ့ကလောက်တောင်မှ ခင်မင်ဖော်ရွေဟန် မရှိ ...။ မသိကြရင် ... ဘယ်တုန်းကမှ ... အဆက်ဆံ အပတ်သက် မရှိဘူးကြတဲ့ ... လူသူစိမ်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးရယ် ... ထိန်ထိန်က ပြတ်တယ် ဆိုတာ အပြင်ပန်း ...။ အတွင်းစိတ်ကတော့ တစ်သက်လုံး မပြတ်ပါဘူး။ ပြီးကြပြီ ဆိုတာလည်း ... လွယ်လွယ်နဲ့ ဖြစ်နိုင်ရိုးလား ...။ ပထမဦးဆုံးနဲ့ တစ်ကြိမ်တစ်ခါတည်းသော "ချစ်ခြင်း"လေ ...။ အစ်ကိုကြီးတို့လိုတော့ အဟုတ်တကယ် ... ခပ်မြန်မြန်ကြီး ... မတည်ငြိမ်လိုက်နိုင်ဘူးလေ ...။

ကဲ ... ကဲ ... ပြတ် ... ပြတ် ...။ ပြတ်ပြီဆိုရင် စိတ်ပါပြတ် ...။

ကဲ ... ကိုကျော်ဖြင့်ရယ် ... ကျုပ်ကတော့ ရှင့်ကို နှချိန်ထိ "အစ်ကို"တစ်ယောက်လို သဘောထားမျိုးနဲ့ ... ဆက်ခင်တွယ်နေရသေး ...။ သူ့ကူးတော့ လူကို အပေါ်ယံမြင်သွားတာလောက်နဲ့တင် ..."ဟိုတစ်ယောက်က ငါတို့ကိစ္စတွေထဲ ဂျစ်ကန်ကန်နဲ့ ဩဇာပေးပြီး ဝင်များရှုပ်လေမလား ..."တဲ့ ...။ ဟွန်း ...။ ရိုင်းလိုက်လေတော် ...။ လူကို ...။

"ဟိုတစ်ယောက်က မလွယ်ဘူးထင်တယ် ... သူ့အကြည့်တွေက တစ်မျိုးပဲ ..."

ဘုရားရေ ...။ လာပြန်ပြီ ... တစ်မျိုး ...။ ဒီစာကို မသက်ပိုင်သာ ဖတ်မိလို့ကတော့ ... ထိန်ထိန်ဟာ ... သူတားထားတဲ့ကြားက အပေါ်ထပ်ကို လာ,လာပြီး ... ကိစ္စမပြတ်နိုင်ဖြစ်နေရတာဟာ ... သူ့လူကို တစ်မျိုးသော စိတ်ထားကြီးနဲ့ လာ,လာချောင်းနေတာကိုး ... လို့ ထင်သွားရင် ဘယ့်နှယ်လုပ်ရပါ ...။ ကျွတ် ...။





ငယ်ငယ်ဘုန်းကလို စိတ်မျိုးနဲ့ဆိုရင် ... သူ့စာသားတွေကို ... အောက်ာနေဝင်ပြီး ခဲတံနဲ့ဖြစ်ဖြစ် ... ကွင်းစကွင်းပိတ်နဲ့ ..."ပေါက်ကရတွေ လိုက်ထင်မနေနဲ့ ... မဟုတ်ဘူး ... လုံးဝမဟုတ်ဘူး ... စိတ်ချ"လို့ကို ... ရေးလွှတ်လိုက်မှာ ...။ အဟုတ်။ "မှတ်ချက်"ကို မြင်ပြီး ခိုးဖတ်ထားတာ လူသိသိ မသိသိ ... လုပ်ကိုလုပ်ထည့်မိမှာ ...။ ကျွတ် ...။

"မသက်ပိုင်ရေ ... စကားပြောကြည့်ချင်တယ် ..."

"မသက်ပိုင် ... ကျွန်တော့်ကို အကဲခတ်ကြည့်တော့ ... ဘယ်လို ထင်မြင်သလဲ ..."

"မသက်ပိုင်နဲ့ စကားပြောချင်တယ် ..."

"မသက်ပိုင်က ကျွန်တော့်ကို ခင်ခင်မင်မင်နဲ့ သဘောကျပုံရပါတယ်လို့တော့ ... ကိုမောင်မြင့်က ပြောတယ် ...။ ဟုတ်ပါ့မလား ..."

"မသက်ပိုင်က တစ်ခါတစ်ခါတော့ ကြောက်ဖို့ကောင်းတယ် ..."

စာအုပ်ထဲမှာ အဲဒီတလောကတော့ နေ့စဉ်ရက်ဆက်ဆိုသလို ... "မသက်ပိုင် ... မသက်ပိုင် ..." မသက်ပိုင်ချည်းခွန်းချင်းထပ်ကာ နေရာယူ မင်းမူထားတာမို့ ... ဒီစာမျက်နှာတွေကို ဖတ်နေရခိုက်မှာ မသက်ပိုင်ရဲ့ မျက်နှာကလေး ပြုံးမြနေကာ အလွမ်းတော်တော် ပြေလောက်မည် ... ဟု ထိန်ထိန်က ... ကိုယ်ပါ ဝင်ပျော်နေမိသည် ...။



www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ အဲဒီအဝတ်အစား တစ်စုံပဲ ရှိသလား မသိဘူး ... သော်တော် ရယ်ရတယ် ..."

"သူက တစ်ခါတလေကျတော့ ... အရုပ်မကလေးနဲ့ တူနေတယ် ..."

"အော်ရယ်လိုက်တာများ ... အကျယ်ကြီးပဲ ... ပျော်ဖို့ကောင်းတဲ့ ကောင်မလေး ..."

"ဘာရုတ်မကလေး ... မေမေ သိရင် တော်တော်ချစ်မယ်"

"သူ့ကို အဝတ်အစားပါ ဝယ်ဆင်ရမလို ဖြစ်နေတယ် ... ပြန်မှ လျှော်ရဲ့လား မသိဘူး ...။ တစ်ခါလာဒါ ... တစ်ခါလာဒါ ...။ တွေ့လိုက်တိုင်း ဒါ ... ဒါချည်းပဲ ..."

ထိန်ထိန့် မျက်မှောင်ကလေးတွေ နည်းနည်းကုပ်ကျသွားပါသည် ...။ အဝတ်အစား စည်းကမ်းရှိဘတ်တဲ့ မသက်ပိုင်မှာ ... တစ်ခါပြီးတစ်ခါ ... ဒါပြီးဒါ ... ဝတ်,ဝတ်နေဟတ်တဲ့ ဝတ်စုံက ဘာ,ပါလိမ့် ...။ ထိန်ထိန်တောင်မှ မသိ ...။ ပြီးကျ ထိန်ထိန်တို့နဲ့ကျတော့ ဣန္ဒြေသံပတ်ကြီးနဲ့ အမျိုးသမီးကြီးလိုလို ဘာလိုလို မသက်ပိုင်က ... သူ့လူရှေ့ကျတော့ ...(ဟိုက သတိထားမိအောင်လားတော့ မသိဘူးပေါ့လေ) အော်ရယ်တတ်သတဲ့။ ဟား ဟား ...။ ဒေါ်ဒေါ်သက် သိအောင် ပြေးပြောချင်လိုက်တာ ငါနှယ် ...။

ထိန်ထိန်က ... စာမျက်နှာတွေကို နှစ်ရွက် သုံးရွက်လောက် ကျော်ချ ... လှန်ပစ်လိုက်ပြီးမှ ... ဆက်ဖတ်လိုက်သည်။





"သူ့ကို ကျွန်တော် ချစ်တယ် ... သေချာပြီ ..."

"ရှေ့ဆက်ရမဲ့ ဘဝကြီးတစ်လျှောက်လုံးမှာ သူနဲ့ပဲ အတူရှိချင်တယ် ...။ သူနဲ့အတူဆိုရင် ... ပျော်စရာကောင်းတဲ့ ဘဝမျိုးနဲ့ပဲ ရင်ဆိုင်ရမယ်လို့ ယုံကြည်ဘယ် ...။ သူ့ကို ချစ်တယ် ..."

"ဒီနေ့ သူ ... အဖြူ၊ အနက် အစင်းကျား ဝတ်စုံလေးနဲ့ များ ပေါ်လာခဲ့ရင် ... ရယ်ရလွန်းလို့ ... မထိန်းနိုင်ဘော့ဘဲ လွှတ်ခနဲ ဖွင့်ပြောလိုက်မိမယ် ... လို့တောင် ထင်ထားမိတယ် ...။ ဒါပေမဲ့ ... သူက ... ကလေးတွေဝတ်တဲ့ ဘာဘီပန်းနုရောင်ကလေးနဲ့ ..."

ဟမ် ...။ ဒါ ... ဒါက ... ဘာလဲ ...။ ဘာသဘော ... ...။ ဘာ ... ဘာဖြစ်တာလဲ ...။ "အဖြူ၊ အနက် အစင်းကျား ...ဝတ်စုံကလေး"နဲ့ "ဘာဘီပန်းနုရောင် ..."။ ဟမ် ...။ ဘာတွေ ...ဖြစ်ကုန်ပြီလဲ ...။

ထိန်ထိန်က ... အရူးကစ်ယော်က်လိုပင် ... သတိ ...လက်လွှတ်နှင့် ... စာအုပ်ကလေးရဲ့ စာရွက်တွေကို ... "တဖြန်း ...ဖြန်း"နှင့် ဟိုဒီလျှောက်လှန်နေမိပါသည် ...။

"အဖြူနဲ့ အနက်စင်း ... စပို့ရှပ်လက်တို ခါးတိုအကျပ်၊
သရီးကွာတား ... ဂျင်န်းပင်အနက် ...၊
ဖိနပ်ကြိုး အနက်နဲ့ ... ဝေါကင်းရှူးစ်အဖြူ ...၊
ကြိုးအချောင်း အချောင်းတွေ အများကြီးပါတဲ့ ဇင်ပိတ် အနက်နဲ့ ကျောပိုးအိတ် ...။



www.burmeseclassic.com

www.burmeseclassic.com



အပြုံနဲ့ အနက်ကလေး ကျွန်တော့်ဘဝထဲ ဝင်လာပို့ အခိုန်ဟန်ပြီ ... ဟု ကျွန်တော် ထင်မိသည် ..."

သွားပြီ ...။

ထိန်ထိန်က ... စိတ်ပျက်လက်ပျက်ကြီးပင် အော်ဟစ် လိုက်မိပါတော့သည် ...။ တကယ့်ကို သွားပြီ။ ဒီစာအုပ်လေး လက်ထဲရောက်ရှိလာပြီးရင် ... ရှေ့ဆက် တောက်လျှောက် ဆက် လုပ်ဖို့ ... ဆွဲထား၊ ချမှတ်ထားတဲ့ အစီအစဉ်တွေလည်း ... အားလုံး သွားပြီ ...။

ထိန်ထိန်ကဖြင့် ဒီစာအုပ်ကလေးကို "ငြိမ်းချမ်းရေး ရဲ့သံတမန်လေး"ဟုပင် ... အမည်ပေး ကင်ပွန်းတပ် ထားမိ တာ ...။ ခုတော့ အားလုံးပျက်ပြယ်သွားခဲ့လေပြီ ...။ ယုံကြည်ချက် တို့နဲ့ မျှော်လင့်စောင့်စားနေမဲ့ လူတစ်ယောက်ရဲ့လက်ထဲ ... ဒီ စာအုပ်ကို ဘယ်နည်း ဘယ်ပုံနဲ့ လက်ဆင့်ကမ်း သွားထည့်ပေး လို့ရမတဲ့လဲ ...။

ဘယ်လိုဖြစ်ရတာပါလဲ ... ကျော်ဇင်ရယ် ... စိတ် ညစ်လိုက်တာ ...။ ဘယ့်နှယ့်ကြောင့် ... ဖြစ်သင့်ဖြစ်ထိုက်တဲ့ မသက်ပိုင် မဟုတ်ဘဲ ... ထိန်ထိန်ကြီး ... လာပြန်ဖြစ်နေရတာတဲ့ တုန်း ...။ သေလိုက်ချင်တယ် ...။

ဒီစာအုပ်ကို မူလပထမ လက်ဝယ်ရရှိထားလိုက်သူ တစ်ယောက်ယောက်ဟာ ... ထိန်ထိန့်လိုပဲ စည်းမရှိ ကမ်းမရှိ နီးပုက်၊ စပ်စုတတ်သူတစ်ယောက်များ ဖြစ်နေခဲ့မလား ...။ လက်





ဆင့်ကကော ... ဘယ်နှဆင့်လောက်များ ကမ်း,ကမ်းလာခဲ့ပြီလဲ ...။ ထိန်ထိန့်လက်ထဲ အရောက်လာထည့်ပေးခဲ့တဲ့ အစ်ကိုကြီးကရော။ မရှိရှာတော့သူ ...၊ ဘယ်တော့မှ ထပ်မတွေ့ရတော့မဲ့သူ ... ညီ ငယ်ကလေးရဲ့ အတွင်းစိတ်သဏ္ဌာန်တွေကို နည်းနည်းလေးလောက် ပဲဖြစ်ဖြစ် ... မသိလိုက်ချင်ဘဲ ... ရှိနိုင်ခဲ့ပါ့မလား ...။

အဲဒီလို တစ်ယောက်တစ်လက် ပြန်ပေးလိုက်ပြီဆို ရင် ... "ငါပြန်ပေးလိုက်ပြီ"ဆိုတဲ့ သတင်းစကား အဆင့်ဆင့် တွေနဲ့ ... ဒီစာအုပ်ဟာ ... (သူစွပ်စွဲခဲ့မှုးသလို) နောက်ဆုံး ထိန်ထိန့်လက်ထဲမှာပဲ ရှိနေပြီဖြစ်ကြောင်း ... မသက်ပိုင်ကရော ... (အချိန်တစ်ခုလောက် အကြာမှာ) မသိနိုင်ဘဲ ရှိပါ့မလား ...။

ထိန်ထိန် ဘာလုပ်ရမလဲ ...။

အင်မတန် မြတ်နိုးချစ်ခင်ရတဲ့ "အချစ်ဦး"ကိုပင် "ပြီးပြတ်ကြပါစို့ ..."လို့ ဖွင့်ပြောရဲခဲ့ရခြင်းဟာ ... မပြေလည် ကြတဲ့ ညီအစ်မနှစ်ယောက်ကြားက ပြဿနာအကြီးကြီးကို ... ငြိမ်းချမ်းချောမွေ့စွာ ပြီးဆုံးသွားစေချင်နေပြီမို့ ဖြစ်ပါသည် ...။

နှစ်အိမ်တစ်အိမ်တောင် မဟုတ် ... သုံးအိမ်ပူးကပ် နေထိုင်နေကြတဲ့ ဒီဆွေမျိုးစု လူ့အဖွဲ့အစည်းကြီး တစ်ခုထဲမှာ ... ဒီညီအစ်မနှစ်ယောက်တို့ရဲ့ တအုံနွေးနွေး ပြဿနာက ... လူကြီး တွေထိပါ ဂယက်ရိုက် လှုပ်ခတ်နေစေခဲ့တာ ...။

လူကြီးဆန်ဆန် ပေါင်းသင်း ပြေလည်နေကြတဲ့ အဒေါ်သုံးယောက်ဟာ သမီးတွေရဲ့ ပြဿနာကြောင့် သူတို့လည်း



www.burmeseclassic.com

www.burmeseclassic.com



နေရင်း ထိုင်ရင်း အမ်းကုန်၊ တန်းကုန်ကြသလို ဖြစ်သွားရတာ။ ဂေါက်ရိုက်ဖက်။ ဘီယာအတူသောက်ဖက် အဖေတွေ အထိပါ ဆက်တိုက် ရိုက်ခတ်သွားလေသလား ... ဟုပါ သံသယရှိနေရ တာပါ ...။

ဟိုအိမ်ဝင် သည်အိမ်ထွက်နှင့် ... အားကိုးခံ သားယောက်ျားလေးနှစ်ယောက်တို့ ခမျာလည်း ... တစ်ဖက်ဘက် လိုက်တယ် အထင်ခံရမှာစိုးလို့ ... နှစ်ဖက်စလုံးဆီ အဝင်အထွက်တွေကျဲ ...။ မောင်နှမလေးယောက်များ ... ခါတိုင်းလို စကော့စျေးတို့ ...၊ စတီတ်ရှိုးတို့ ... အတူတူ မွှေနှောက် မဒိုးကြတော့တာ ကြာခဲ့ပြီ ...။

ဒီအခြေအနေတွေကို ရပ်တန်းက ရပ်သွားစေချင်တာ ...။ အရင်လို ပြန်လည်စည်းလုံး ချစ်ခင်နေချင်တာ ...။ မဖြစ်နိုင်တော့ဘူးလား။

ဒီ့နောက်မှာတော့ ထိန်ထိန်ဟာ ... စာအုပ်ကလေးကို ... ဟိုးရှေ့ အစကနေ အဆုံးအထိ ... အတိအကျ ... တစ်ရွက်မကျန်၊ တစ်လုံးမှ မကျော် ... စေ့စေ့စပ်စပ် ပြန်ဖတ်လိုက်။ ကိုယ့်စိတ်ထဲ သိပ်မသက်သာလှသလို ... စာသားပါ စာရွက်တွေ တွေ့ရင် ... သပ်သပ်ရပ်ရပ်ကလေး ... ဆုတ်ဖြဲယူဆောင်ထားလိုက် ...။

အစကနေ ... စာအုပ်တစ်ဝက်လောက်သာ ရှိမဲ့ ... "ဘယ်နေ့ ... ဘယ်အချိန်မှာ ..."ဆိုတဲ့ လက်စွပ်ပေးမဲ့ အစီအစဉ်





လေးထိ ... နှစ်ခေါက် သုံးခေါက်မျှ စေ့စပ်သေချာစွာ လှုပ်ရှားလိုက်ပြီးသောအခါ ... နည်းနည်းတော့ ပါးသွားခဲ့သည့် စာအုပ်ကလေးဟာ ... မသက်ပိုင် လက်ထဲ ... ရဲရဲတင်းတင်း ... ထည့်နိုင်တဲ့ အနေအထားမျိုးနဲ့ ဖြစ်သွားခဲ့ပါပြီ ...။

ထိန်ထိန့်ဆီ ကျန်ရစ်ခဲ့တဲ့ စာရွက်အချို့ကိုတော့ ပြီးအောင် ပြတ်အောင် ...၊ မီးပုံရှို့ ...။ ကျော်ဇင်ရေ ... "ထိန်ထိန် မတရားဘူး"လို့များ ပြောချင်နေဦးမှာလား ...။ ကျူရှင်ချိန်များပြီး ... (သူစုံစမ်းထားသလို ရုံးဆင်းချိန်မျိုးကျမှ မဟုတ်ဘဲ)အစောကြီး ရောက်ချလာခဲ့တဲ့ ထိန်ထိန့်ကို ... မမျှော်လင့်ဘဲ ပြုံးပြုံးပျာပျာနဲ့ ရင်ဆိုင်လိုက်ရစေကတည်းက ... ထိန်ထိန့်ရဲ့ နှမော်နမဲ့နိုင်၊ မေ့တတ်မှုက ကျော်ဇင့် အပေါ် မတရားရာ ကျနေခဲ့ပြီးသားပါလေ ...။ အဲဒီအတွက် ... ကျော်ဇင့်မေမေ စိတ်ချမ်းသာရအောင်လည်း ... ထိန်ထိန် ပြန်ငဲ့ပေးလိုက်ပါတယ် ...။

"မသက်ပိုင် ... ထိန်ထိန် စာအုပ်ရလာခဲ့ပြီ ..." ဆိုရင် ... မသက်ပိုင်ရဲ့ အငြိုးအတေးတွေလည်း ကျေပျက်ပါစေတော့ ...။ သူ့မှာ "ဘာမှ မရလိုက်ပါလား"လို့ ထင်နေမဲ့ မသက်ပိုင်အတွက် ... လက်စွပ်လေးရမယ် ...။ မသက်ပိုင်ချည်း ထပ်နေတဲ့ ...၊ "သူ"လို့ သုံးနှုန်းထားပေမဲ့ ထင်ယောင်ထင်မှားဖြစ်စဖွယ် အရေးအသားတွေနဲ့ စာအုပ်လေးတစ်အုပ် ရမယ် ...၊ ပြီးတော့ ... ကျော်ဇင့်မေမေရဲ့ ... ချစ်မြတ်နိုးမှု အစုစုကိုရမယ်။ ကျေပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



ထိန်ထိန်ကတော့ ... မိသားစုကြီးသုံးစု ... အရင်လို ပြန်လည် စည်းလုံး ချစ်ခင်သွားနိုင်ကြတဲ့အခါ ... ဘာမှကို ထပ်မတွေးတော့ဘဲ ... ပျော်ပါ့မယ်။

✤ ✧ ✤

လပေ့ပ်ဖမ်းထားခံရသလို အချိန်ကာလတွေကနေ ကင်းလွတ်ခဲ့ချေပြီ။

မသက်ပိုင် အဖို့ ကမ္ဘာလောကကြီးပေါ်က အရာရာ မြင်မြင်သမျှဟာ သာယာလှပလို့ချည်းနေသည် ...။ သစ်ရွက်လေးတွေနဲ့ မြက်ခင်းပြင်တို့ကလည်း စိမ်းမြလို့ ...။ ကောင်းကင်ကြီးကလည်းပြာ ...။ မြေဝါဝါလေးတွေကျတော့ တစ်မျိုးကြည့်ကောင်း။ နေရောင်ခြည် ပက်ဖျန်းတဲ့ နေ့ရက်မှန်သမျှတို့ကလည်း ... ရှုလောင်ပြင်းပြတယ် မရှိဘဲ ... ထွန်းလင်းတောက်ပမှုတို့နဲ့သာ တင့်တယ်နေသည်။

"မသက်ပိုင်က ပိုကြည့်လို့ ကောင်းလာတယ်"ဟု လူတွေက ပြောကြသည် ...။ အပြုံးတွေ ကြည်လင်ပြီး အလိုညီနေရင်း ချမ်းမြေ့ကြည်နူးနေသည့် အသွင်သဏ္ဌာန်နှင့် မသက်ပိုင်ကို ... လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများကလည်း ... လေးစားခင်မင် ... ကျွမ်းဝင်ချင်ပုံတွေနှင့် ဖြစ်လာကြသည် ...။





ယခုအခါမှာ မသက်ပိုင်ဟာ ... 'သူ'ပေးထားရစ်ခဲ့တဲ့ လက်ထပ်ခွင့် လက်စွပ်ကို ... တရားဝင် ... ပေါ်ပေါ်လွင်လွင် ဆင်မြန်းရင်း ... ရုံးတက်ရခွင့်ရှိပြီ ...။ မသက်ပိုင်ရဲ့ ဘယ်ဘက် လက်သူကြွယ်ကို မြင်ကြ (တမင်ကြည့်ကြ)တဲ့ လူအပေါင်းက ... ဘလေးတစား အသိအမှတ်ပြု ... လက်ခံကြသည်ချည်းဟု သက်ပိုင်က ထင်သည် ...။

တကယ်တော့ ... လူတစ်ယောက် အတွက် ... "ယုံကြည်ချက်"က အရေးအပါဆုံးဆိုတာ ... သက်ပိုင်က တကယ်-သဘောပေါက်ပြီ ...။ ဘာမှမရလိုက်ဘူး ... ရလိုက်တယ် ပိုင်လိုက်ရတယ် ...၊ ရတယ် ... မရဘူးဆိုတာတွေထက် အရေးကြီးဘာက ... ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိခြင်းပဲ ဖြစ်နေတော့တာကိုး ...။

"အဲဒါ ဘယ်သူမှ မဟုတ်ဘူး ... ငါမှငါ ... ငါ ... ငါ ..."လို့ အော်ဟစ်ကြွေးကြော်နေခဲ့ရတာထက် ...၊ အဲဒီလို"ငါ" တကယ်ဖြစ်ကြောင်းကို သက်သေအထောက်အထားနဲ့တကွ ... ထုတ်ပြဝန်ခံခွင့် ရလိုက်ခြင်းကပဲ သက်ပိုင်ရဲ့ ယုံကြည်ချက်တွေကို ပြည့်ဝစေနိုင်ခဲ့တာ ...။

နို့မို့ရင်တော့ ..."ကိုယ်"ဆိုတာ သေချာရက်က ... မဆော်တဆ ကိုယ်မဟုတ်ဘဲ ... သူများ,များဖြစ် နေလေဦးမလား ... ဆိုတဲ့ သံသယစိတ်က လူကိုထိုးနှက်ဖိစီးလွန်းလို့ ... တစ်ဘဝလုံးကို ဆုတ်ဆုတ်နစ်နစ်ပဲ ပြီးဆုံးသွားရတော့မှာ။



www.burmeseclassic.com

www.burmeseclassic.com



သက်ပိုင်က အန်တီစပယ်ရဲ့ လက်ထဲသို့ ..."သူ့" စာအုပ်ကလေးကို ပြန်အပ်လိုက်ပါသည်။ သူ့မေမေနဲ့ ထပ်တူဖြစ်လိမ့်မယ်လို့ သူထင်ခဲ့တဲ့ မိန်းကလေးဟာ ... မသက်ပိုင်ပဲဖြစ်ကြောင်း အန်တီ သိပါစေ ...။ ထိုနည်းတူ ..."ထပ်တူဖြစ်လိမ့်မယ်"လို့ မျှော်လင့်ခဲ့တဲ့ "သူ"သည်လည်း... ထပ်တူမက တစ်သားတည်း ကျလျက်ရှိကြောင်း ... ရောက်လေရာဘဝက လှမ်းသိနိုင်ပါစေ ...။

အန်တီစပယ်က ... သက်ပိုင်ကို ... သူတို့အိမ်ကြီးသို့ ပြန်လည်ဖိတ်ခေါ်ကာ ..."မိသားစုဝင်အားလုံးနဲ့ တွေ့ဆုံပွဲ ..." သဘောမျိုး ... လုပ်ပေးပြီးပါပြီ ...။ ကလေးငယ်ကလေးတွေက အစ ... သက်ပိုင်ဟာ သူတို့ဦးလေးငယ်အစား ရောက်လာသူ အန်တီငယ်ဖြစ်ကြောင်း လက်ခံကြိုဆိုခဲ့ကြပြီ ...။

သူတို့မိခင်ကြီးအပေါ် ... အင်မတန်ကောင်းနေနိုင်တဲ့ ဝန်ထမ်းမိန်းကလေးတစ်ယောက်အပေါ် ... သံသယစိတ်တွေနဲ့ သို့လော ဤလော ... အဘက်ဘက် တောင့်ပေါင်းစုံက လှည့်တွေးနေခဲ့ကြတဲ့ ..."သူ့"အစ်မ အားလုံးကလည်း ... ဝမ်းပန်းတနည်း (သို့ပေမဲ့ ... သောင်းသောင်းဖြဖြ)သဘောပေါက် ... နားလည်နိုင်ခဲ့ကြပြီ ...။

"သူ့ကို သားငယ်ကိုယ်စား ... အငယ်ဆုံး သမီးတစ်ယောက်အဖြစ် မွေးစားသွားဖို့ မေမေ ဆန္ဒရှိနေတယ် ... သားငယ်ကိုယ်တိုင်က ရည်ရွယ် ... မျှော်မှန်းခဲ့တဲ့ အတိုင်းလည်း ...





The bright lights ကို မေမေ မရှိတော့တဲ့အခါ ... မသက်ပိုင်ရဲ့ လက်ထဲမှာပဲ ချန်ထားခဲ့ချင်တယ် ..."

"သူ့"မေမေရဲ့ ဆန္ဒကို ကန့်ကွက်ဖို့ ဘယ်သူမှ ဆန္ဒမရှိကြပါ။ သူ့ရဲ့ ခုံမြင့်ငယ်ကလေးကို သက်ပိုင်က ဆိုင်ခွင့်၊ ထိုင်ခွင့်တွေသာမက ... အမြဲပိုင်ခွင့်ပါ ... ရရှိနိုင်တော့မှာဖြစ်ပါသည် ...။

"သမီး ... ဒီထက်စောပြောခဲ့ရင် အန်တီတို့ မိသားစု ... ဒီထက် စောစော စိတ်ချမ်းသာရမယ် ..."

"သူ့"မေမေက ညည်းတွားသလို ပြောလျှင်တော့ သက်ပိုင်က မှုရှုရှု အပြုံးလေးနဲ့ ..."သက်ပိုင်လည်း ... ဒီစာအုပ်လေး လက်ထဲရောက်မှ ... ခုမှ တိကျရတာကိုး ..."ဟု ချမ်းမြေ့ပိုင်နိုင်စွာ ပြန်ပြောခွင့် ရှိပါပြီ ...။ သူ့မေမေက အိမ်လာပြီး မိခင်ချင်း တီးတိုးနားချ တောင်းဆိုတဲ့အခါ ... The bright lights ရဲ့ အမွေဆက်ခံရမည့် သူတစ်ယောက်ဘဝ ... ရုတ်ဟရက်ရောက်သွားရတဲ့ သမီးဖြစ်သူကို အံ့သြတကြီး ကရုဏာများနဲ့ ... မသက်ပိုင်ရဲ့ မေမေဟာလည်း ... ခုမှ အားလုံးကို နားလည်ကျေနပ်နိုင်စွာ ...။

မသက်ပိုင်ရဲ့ဘဝမှာ "သူ"အမြဲရှိနေနိုင်မှတော့ ... "အိမ်ထောင်ရေးကို မစဉ်းစားဘူး"ဆိုတဲ့အဖြစ်ကို မေမေလည်း လက်ခံနိုင်သွားလောက်ကာ ဇွတ်စီစဉ်ချင်တဲ့ ကိစ္စတွေကို ... ရှေ့ဆက်ဖို့ ဝန်လေးသွားပေတော့မည် ...။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလက်စွပ်ကလေးဟာ ... သက်ပိုင်နဲ့သာ သက်ဆိုင်တဲ့ ပစ္စည်းပါ"ဆိုခဲ့တုန်းက ပြောမကောင်းလို့သာ ငြိမ်နေကြရ ... စိတ်ထဲက အတော်ကြီး စနောင့်စနင်းနဲ့ ...၊ အထင်မသေးတောင် ... အမြင်တော့ မရှင်းခဲ့ကြတဲ့ ကြီးကြီးနဲ့ အန်တီလေးတို့လည်း ... ခုမှ ပါးစပ်အဟောင်းသားကြီးတွေနှင့် ... ကရုဏာမိုးတွေ သွန်းဖြိုးဝေလို့ ...။

"သက်ပိုင်ဟာ မုဆိုးမ ဖြစ်ကျန်ခဲ့တာ မဟုတ်ဘူး ... သူ့မှာ သူ့ဘဝဆိုတာ ရှိသေးတယ်နော် ... သူတို့ဟာက ချစ်သူတွေတောင် အတိအကျ ဖြစ်လိုက်ကြရတာ မဟုတ်ဘူး ... ကလေးက စိတ်ကူးယဉ်ဆန်နေချင်တာကို ... လူကြီးတွေက ဝိုင်းမြှောက်ပေးသလိုမျိုးတော့ မဖြစ်ကြပါစေနဲ့ ...။ သိပ်ကြီး တခမ်းတနားကြီး စာဖွဲ့ကြီးကျယ်နေကြစရာကော ... လိုလို့လား ... ကြည့်လုပ်ကြဦး ..."

မရှုပါလိုပင် ..."လက်တွေ့ကျ"ဖို့ဘက်က စကားဦးသမ်း ရပ်တည်ချင်နေသော ဖေဖေပင် ... ခုလောလောဆယ်မှာတော့ အမေသုံးယောက်ကို သိပ်တိုးမပေါက်လှပါ ...။ အမေတို့ဟာ ... ခေါင်းချင်းဆိုင် တိုးတိုးကျိတ်ကျိတ်နှင့် ... သက်ပိုင်ကို ... ဖန်အိမ်မှန်အိမ်ထဲက မင်းသမီးလေးသဖွယ် ... အရိပ်ကြည့်ဖေးမ ... နေကြဖို့ အဆင်သင့် ရှိနေကြသည် ...။

သက်ပိုင်ကဖြင့် ပျော်နေတာ ...၊ သူတို့က မနေပျော်မှာ စိုးလို့ ... အကြိုက်ဆောင်ဖို့ချည်း ... တွေးတောတိုင်ပင်နေကြသည် ...။





လပေ့ပ်အချိန်များက ကင်းလွတ်ခဲ့လျှင် ... မသက်ပိုင်ရဲ့ ဦးနှောက်တို့ နှလုံးသားတို့ကလည်း ... တည်ငြိမ်အနည်ထိုင်နိုင်ကာ ... အပုပ်တရားမှန်သမျှကနေ ကင်းစင်လွတ်မြောက်နိုင်ခဲ့ပါပြီ ...။ ကိုယ့်ဖို့ချည်း ဝိုင်းစဉ်းစားပေးနေကြတဲ့ ဝန်းကျင်ကြောင့် ... ကိုယ်ကလည်း သူများတကာတို့အတွက် တစ်ဖက်ကစ်ယှည့် ပြန်စဉ်းစားပေးတော့ဖို့ ခေါင်းထဲ ပြန်ရောက်လာနိုင်ပြီ ...။

အဲဒီအချိန်မှာ ကိုယ်ပျော်နေသလောက် ... လိုက်ပျော်(ချင်ယောင်ဆောင်)ပေးနေသော ညီမငယ် ထိန်ထိန့်ကို သတိထားမိလာသည်။

"ထိန်ထိန် ... ငါ သတိထားမိနေတာ ... နင်ကသင်တန်းလာရင်း ... ငါ့ရုံးပေါ်ကို တစ်ခေါက်တစ်ကျေးတောင်မှ တက်မလာတော့တာတောင် ကြာပြီ ..."

"ထိန်ထိန်က ခု ... မမေ့တတ်တော့အောင် အတော်ကျင့်ထားနိုင်နေပြီ မသက်ပိုင်ရဲ့ ...။ ပိုက်ဆံအိတ်လည်းမမေ့ဘူး၊ အိမ်သာတက်ခဲ့ဖို့လည်း မမေ့ဘူး ...၊ ဟိုဖွင့်ဒီဖွင့်နဲ့ တန်းလန်းကြီးတွေ မေ့ကျန်ခဲ့တာမျိုးလည်း မရှိတော့ဘူး။ မမေ့တတ်လွန်းတော့လို့ မသက်ပိုင်ကို ဒုက္ခပေးဖို့ သိပ်မရှိတော့ဘူး ဆိုတော့လေ ..."

"နင့်ဟာကလည်း ... မေ့တတ်အောင်ပဲ ပြန်လေ့ကျင့်ခိုင်းရဦးမလိုတောင် ဖြစ်နေပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"မေ့တတ်အောင် ...။ ဟုတ်ပါရဲ့ မသက်ပိုင် ...။ ထိန်ထိန် မေ့တတ်အောင်လည်း ... နည်းနည်းပြန်လေ့ကျင့်ရမယ်နဲ့ တူတယ် ... ဟင်း ဟင်း ဟင်း ..."

"ရယ်တာကလည်း ... အပျိုဂိုက်နဲ့ ... "တဟင်းဟင်း"နဲ့ပါလား ... ခါတိုင်းလို "ဟေးဟေးဟားဟား"ဘာလို့မဟုတ်တော့တာလဲ ..."

"အင်း ... အဲဒါလေးလည်း ပြန်လေ့ကျင့်ရမဲ့အထဲ ... မှတ်ထားလိုက်ရမယ် ..."

မိသားစု တွေ့ဆုံပွဲတွေကျ တည်တည်ငြိမ်ငြိမ်၊ ဖော်ဖော်ရွေရွေနဲ့ပဲ သက်ပိုင်ကို ဆီးကြိုတတ်ခဲ့တဲ့ ကိုမော်ခန့်ဟာ ... ဒီလောက် စိတ်လက်ချမ်းသာ၊ ကျန်းမာပျော်ရွှင်နေတဲ့ မသက်ပိုင်ကို ... "နေကောင်းပါသလား ... မသက်ပိုင် ..."ဆိုတဲ့ ပဋိသန္ထာရစကား အမေးမျိုးထက် ... "ထိန်ထိန် တစ်ယောက်များ ... ဘာမှာလိုက်သေးလဲ မသိဘူးနော် ..."ဆိုတဲ့ ... မျှော်လင့်စကား အမေးမျိုး ... ဘာ့ကြောင့် မမေးဖူးရတာပါလိမ့် ...။

"ဘာပဲဖြစ်ဖြစ် ... အဲဒီလမ်းက ဖြတ်သွားရင်တော့ ... ဆိုင်ပေါ် တစ်ချက်တလေ တက်လာခဲ့ဦးလေ ... နင်သိပ်သဘောကျမှာ ... အခု အသစ်ရောက်နေတဲ့ ပန်းဆွဲလိုဟာကြီးတွေက နင့်တစ်ရပ်တောင် ကျော်နိုင်တယ် ... မတရားလှတာပဲ ..."





"မလာချင်ပါဘူး ... အဲဒီဆိုင်က ... ဝင်လိုက်ရင် ... အခန်းထောင့်မှာ ရုပ်အားကိုးနဲ့ 'ပဲပေး'နေတတ်တဲ့ သူမျိုးနဲ့ရည်းတန်း,တန်းတိုးတတ်တာ ... သိပ်စိတ်ကုန်စရာ ကောင်းတယ် ...။ 'ကိုကိုပဲ'အလှည့်ပြီးတော့ 'မမပဲ'အလှည့် ..."

"ဟား ဟား ဟား"

"သူများကျ 'အပျိုဂိုက်'ပေါက်သွားလို့တဲ့ ... သူ့ကျတော့ 'အပျိုကြီးဂိုက်' တန်းပေါက်သွားတာပဲ ... ရယ်သံကြီးကိုက 'ဟားဟားဟား'တဲ့ ..."

"သူ"က ပျော်ဖို့ကောင်းတဲ့ ရယ်သံကို သဘောကျတတ်လေရဲ့ ထိန်ထိန်ရယ် ... လို့ မသက်ပိုင်က ကြွားချင်လိုက်သား ...။ သို့ပေမဲ့ ကိုယ်က ပြေလည်ပေမဲ့ ... ထိန်ထိန့်မှာက ပြေလည်ပုံမရ ...။ ဟန်ဆောင်ထားပေမဲ့ ... ထာဝစဉ်နွမ်းလျနေတတ်တဲ့ ညှိုးလျော်လျော် မျက်နှာထားမျိုးနဲ့ ...။

"နင်တို့ချင်း မပြေလည်ကြဘူးလား ..."

ထိန်ထိန် တစ်ယောက် "တုန်"သွားသလားတောင် ထင်လိုက်ရသည်။

"ငါ့ကြောင့်များလား ..."

"မဆိုင်ပါဘူး ... ပြဿနာတွေကဖြင့် ပြီးသွားကြတာ ကြာပြီပဲဟာ ... မသက်ပိုင်ကြောင့် မဟုတ်ပါဘူး ..."

"ဒါဖြင့် ဘာလို့လဲ ..."

"ဘာလို့ရယ်လည်း မဟုတ်ပါဘူး ...။ နဂိုတည်းကိုက ထိန်ထိန်တို့က ဘယ်လိုခေါ်မလဲ ... ဟို ... အတွဲပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အတွဲ ... ! "

"ဟုတ်တယ်လေ ... မသက်ပိုင်တို့နဲ့ ပြောင်းပြန်ပဲ ..။ မတွဲလိုက်ကြရပေမဲ့ ... သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူတွေဆိုတာ ရှိရင် ... တွဲခဲ့ကြဖူးပေမဲ့ ... ဘာစိတ်မှ သိပ်မရှိကြတဲ့ ရိုးရိုးလူတွေ ဆိုတာမျိုးလည်း ရှိရမှာပေါ့ ..."

"မဟုတ်သေးပါဘူး ..."

"ဟုတ်ပါတယ် ... အဲဒီလိုပါပဲ ... သူကလည်း သူ့ညီ ကောင်မလေးက ဘယ်သူဖြစ်မလဲဆိုတာ သိချင်စိတ်တစ်ခု နဲ့ပဲ လာပတ်သက်ခဲ့တာပါ ... မယုံ သူ့ပဲ မေးကြည့်ပါ လား ..."

အဓိပ္ပာယ်မရှိတာ ...။

ဖြစ်နိုင်ရင် ... ကိုယ့်ရဲ့ လငပုပ်ဖမ်းခဲ့ချိန် ... အချိန် ကာလတွေကို ... ကိုယ့်ဘဝထဲကနေ ... ဖျောက်ဖျက် ကလော် ထုတ်လို့ရရင် ထုတ်ပစ်လိုက်ချင်နေသော မသက်ပိုင်က ...၊ ကိုယ် ဘယ်လိုနည်းသုံးပြီး လိုက်ဖျက်ဖျက် ... ပျက်ကိုမပျက်ခဲ့ကြတဲ့ သူနှစ်ဦးရဲ့ နိုင်မြဲတဲ့ ကံကြမ္မာကို ..."အတွဲ" ဆိုတာလောက်နဲ့ ပြီးသွားခဲ့ကြပါပြီ ... ဆိုတာကြီးနဲ့ လက်ခံကျေနပ်လိုက်ချင်စရာ ...။

"နင် ငါ့ကိုပေးတဲ့ ဟိုစာအုပ်လေးဟာ ... နင့်ဆီမှာ အစောကြီးကတည်းက ရှိနေခဲ့တာ မဟုတ်ဘူးဆိုရင် ဘယ် ကရတာလဲ ! နင့်ကို ဘယ်သူက ပေးတာလဲ ..."





"သူပေါ့ ... ကိုမော်ခန့် ..."

"သူကရော ဘယ်ကရတာတဲ့လဲ ..."

"တစ်ယောက်ယောက်ဆီကပဲ ဖြစ်လိမ့်မယ် ... သူ့ဆီမှာ လည်း အစောတည်းက ရှိခဲ့ရင် သူက အားလုံးကိုကြိုသိ နေမှာပေါ့ ...။ ခုတော့ ထိန်ထိန်က လိုက်ရှာနိုင်းမှ ... သူ လည်း လိုက်စုံစမ်းပြီး ရလာပုံပါ ..."

"နင်ကလည်း မေးမကြည့်ဘူးလား ... သူကရော ... လာ ပေးတုန်းက ပြောမသွားဘူးလား ..."

"ဟင့်အင်း ... ထိန်ထိန် မေးတော့ မေးထားလိုက်ချင်ပါ တယ် ... ဒါပေမဲ့ ထိန်ထိန်တို့က အဲဒီကတည်းက စကား မပြောကြတော့တာ ..."

ထိန်ထိန့်ရဲ့ နှမ်းလျှုညှိုးရော်မှု အတိုင်းအတာကို မသက်ပိုင်က ... ခံစားနားလည်နိုင်သည် ...။

"အတွဲတွေ .. ဘာစိတ်မှ မရှိဘူးတွေ ... ပေါက်ကရ လျှောက်ဆင်မနေစမ်းပါနဲ့ဟာ ... ဘာဖြစ်ကြတာလဲ ... ငါ့ကို အမှန်အတိုင်း ပြောစမ်းပါ"

"ထိန်ထိန်က ဘာမှမဖြစ်ပါဘူး ... သူ မရှိလည်း ရပါ တယ် ... မသက်ပိုင်ရဲ့ ညီမပဲဟာ ... အရှုံးချစ်ခဲ့ဖူးတယ် ဆိုတဲ့ ... မသက်ပိုင်တောင် ... ခုနေနိုင်နေတာပဲ ..."

မသက်ပိုင်က ပြုံးလိုက်သည် ...။



www.burmeseclassic.com

www.burmeseclassic.com



"ငါနေပျော်အောင် နေနိုင်နေတိုင်း ... နင်လည်း အဲဒီလိုပဲ ထပ်တူပုံစံနဲ့ လိုက်နေ,နေပြမှ ... တရားသဖြင့် ဖြစ်လိမ့်မယ်လို့ ထင်နေတာလား ... မိထိန်ထိန်ရယ် ... ဟင် !"

ဆွေးလျနေသော ညီမငယ်ရဲ့ နှုတ်ဖျားမှ ..."မသက်ပိုင်တို့အပေါ် မတရားရာ ကျနေမှာ ... သိပ်ပူတာပဲ ..."ဟု မနေနိုင်စွာ လွှတ်ခနဲ တစ်ခွန်းထွက်လာသည်။

"ငါ ကျေနပ် ပျော်ရွှင်နေချိန်မှာ ... နင်က စိတ်ဆင်းရဲနေရတော့ရော ... ငါက တရားပါ့မလား ထိန်ထိန် ...။ "မသက်ပိုင်တို့"ဆိုတာကကော ဘယ်သူ့ကိုပါ ပြောတာလဲ ... ကျော်ဇင့်ကိုပါ ဆိုလိုတာလား ...။ ကျော်ဇင်ကရော နင်တို့နှစ်ယောက် ပျော်နေတာ မြင်ရရင် ... သူပါလိုက်မပျော်မဲ့သူမျိုးလို့ နင်ထင်ပဲ့သလား ...။ နင်တို့ပျော်ရင် ... သူလည်း ပျော်နိုင်တာ ... ငါ လောင်းရဲပါတယ် ..."

ထိန်ထိန့်ကို ဆက်ပြောနေလို့ကတော့ အလကားပဲ ... ဟု မသက်ပိုင်က သိလိုက်သည်။ သူတို့ဟာတွေက ဘယ်လိုတွေမှန်းကို မသိ ...။ ညီဖြစ်သူက "စကြောက်ကလေး"ဆိုရင် ..., အစ်ကိုလုပ်သူကတော့ "စကြောက်ကြီး"များ ဖြစ်နေလေရောသလား ...။ မလိုလားအပ်တဲ့ စိတ်ထားတွေဟာ မလိုလားအပ်တာတွေကိုပဲ ဆက်တိုက် ဖြစ်ပွားလာစေကြောင်း ...၊ ကျော်ဇင်နဲ့ မသက်ပိုင်ကို သင်ခန်းစာယူပြီး သူတို့သိကြဖို့ ကောင်းပြီ ...။

"အန်တီ ... ဒီထက်ပို ... စိတ်မချမ်းသာချင်ဘူးလားဟင်"



BURMESE CLASSIC .com



မသက်ပိုင်ရဲ့ အမေးကို အန်တီစပယ်က ပြုံးပြီးတော့သာ နားထောင်နေသည် ...။ မသက်ပိုင်ရဲ့ "လငပုပ်ချိန်"အကြောင်းကို ခေါင်းထိုးဖွင့်ဟ ဝန်ခံထားပြီးသားမို့ ... အစစအရာရာ သိနေပြီဖြစ်တဲ့ အန်တီစပယ်ဟာ ... မသက်ပိုင်တော့ ဘာများပြောချင်လာပြန်ပြီလဲ ... ဆိုတာကိုလည်း ... သူ မှန်းယူ သိရှိနိုင်ပါလိမ့်မည် ...။

"သူက သူမှသူ ... အခရာပဲ ဆိုတဲ့ဟာကို ... သမီးက ပြောလို့ရမယ် ... ထင်နေတာလား ..."

"အန်တီသဘောကရောဟင် ..."

"သက်ပိုင်ရယ် ... သမီးလည်း စိတ်ချမ်းသာလာရတဲ့အခါ ဝန်းကျင်က လူတွေအားလုံးကိုပါ လိုက်စိတ်ချမ်းသာစေချင်လာတယ် မဟုတ်လား ...။ လူရယ်လို့ ဖြစ်နေမှတော့ ... လူဆန်ကြ၊ လူပီသကြတာ ... ဓမ္မတာပါပဲကွယ် ..."

ကိုယ့်ဘဝရဲ့ ဇာတ်ဆရာက ကိုယ့်ကို အပြည့်အဝ ရာနှုန်းပြည့်ကြီးတော့ မျက်နှာသာ မပေးခဲ့ပေမဲ့ ... နေပျော်နိုင်ရုံလောက် စေတနာ ထားပြခဲ့တဲ့အခါ ... မသက်ပိုင်ကလည်း ... နေမပျော်ရှာသူ နှစ်ဦးရဲ့ ဇာတ်ဆရာအဖြစ် တစ်ခေါက်တစ်လှည့်တော့ ... ပြန်အစားဝင်ပေးလိုက်ချင်ပါပြီ ...။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



The bright lights ထဲ လှမ်းဝင်,ဝင်လိုက်အပြီးမှာ မျက်ဝန်းတို့က ... အမြဲရောက်နေကျ ... အရှေ့ဘက်ထောင့်လေးက ခုံမြင့်ငယ်ဆီ တန်းခနဲ ကျရောက်မိပြီးသားပင် ...။ ထိန်ထိန့်ဆီက အကြည့်တစ်ချက် လှမ်းရောက်လာတဲ့အခါ ... မျက်လွှာစချကာ ... မျက်ဝန်းလွှဲလိုက်သည့် သူတစ်ဦးနှင့် ဆုံလိုက်ရတာမို့ ထိန်ထိန့်ရင်ထဲမယ် ..."ဒိန်း"ခနဲ ...။

မသက်ပိုင်ကိုသာ မြင်ရမှာပဲဟု ... ပြုံးပြဖို့ အားယူထားပြီးသား ထိန်ထိန့် နှုတ်ခမ်းတို့ဟာလည်း လမ်းတစ်ဝက်မှာတင် အပွင့်အဟကြီးနှင့် ပြန်မပိတ်နိုင် ဖြစ်သွားရလေသည် ...။

သူက ဘယ်လိုလုပ် ... အဲဒီခုံမှာ လာ,ရောက်နေရတာတဲ့လဲ ...။

မော်ခန့်က ထိန်ထိန့်ကို လှမ်းမြင်လိုက်သဖြင့် ထိုင်နေရာမှ ထလာခဲ့ပါသည် ...။ မော်ခန့် ထလာတာကိုမြင်လျှင် ... ထိန်ထိန်က ... ဆိုင်မျက်နှာစာဘက်က မှန်ချပ်ကြီးတွေနား တိုးကပ်သွားလိုက်ကာ ... ရှိုးပြအလှဆင်ထားသော မီးဆိုင်းအကြီးကြီးနှစ်ခုကြားသို့ ဝင်ရပ်လိုက်လေသည် ...။

မော်ခန့်မှာတော့ အဲဒီလောက် ကျဉ်းမြောင်းနီးကပ်လွန်းလှတဲ့ အကွာအဝေး နှစ်ခုကြားထဲ ... ကိုယ်ပါ လိုက်မဝင်





နိုင်သည့်မို့ ခပ်ခွာခွာမှာပဲ ... လက်ပိုက်ရပ်ကြည့်ကာ ... ကျန်ရစ်လျက်သား ...။

စိတ်က စိတ်ကူးလေးတစ်ချက် ယဉ်လိုက်တိုင်း လူကပါ သင့်၏ မသင့်၏ စဉ်းစားမနေတော့ဘဲ ... လိုက်လုပ်လိုက်မိပြီးသား ဖြစ်,ဖြစ်နေတတ်တဲ့ ကောင်မလေးရဲ့ အကျင့်ကို ချိုးဖျောက်နိုင်အောင် ပညာပေးမှ ... ဟု ... အတင်းခွဲတင်;ထားရသော မော်ခန့်ဟာ ... ကလေးကတော့ ပညာရမရမသိ ...။ ကိုယ်တိုင်ကတော့ ... စုတ်ပြတ်သပ် မှုမှုကျဲကာ ..."နောင်ဘယ်တော့မှ ... ဒီနည်းမျိုးကို မသုံးဖြစ်တော့ဖို့ ..." ပညာတွေရပြီးရင်း ရနေခဲ့ရတာ ကြာပြီ ...။

မသက်ပိုင်သာ ပြန်မကယ်ရင် ... ဘယ်လိုပြန်ချဉ်းကပ် တည်ဆောက်ယူရတော့မလဲတောင်မှ စဉ်းစားလို့ မရနိုင်အောင် ..."ဒီကောင်မလေးလား ... ကိုယ့်ကို ဖြတ်ချင်တာ"ဟု ရယ်သွမ်းသွေးခဲ့ဖူးတဲ့ မော်ခန့်ဟာ ... ကလေးက ပြန်ရယ်သွားတာကို ... ခုချိန်ခံရရင်လည်း (ပြန်ပြေလည်ရင်ပြီးရော)ရင်ကော့ခံဝံ့ပြီ။

ဟား ဟား ဟား ...။ သူ့ကျဉ်းကျပ်ကျပ် နေရာလေးထဲ မော်ခန့်ပါ လိုက်မဝင်နိုင်ဘူးဆိုတာ ... သိလိုက်ပုံရတဲ့ ထိန်ထိန်က ... အနိုင်ရသွားတဲ့ ပြုံးစိစိမျက်နှာနဲ့ ... အရုပ်ယောင်ဆောင်လို့ နေပြန်ပြီ ...။

ထိန်ထိန်က ခရစ်စ်တယ်လ်ဘောလုံးလေးတွေကို မော့ကြည့်နေသလိုလိုနဲ့ ... အစ်ကိုကြီးကိုပဲ မျက်စိလေး မှေး

www.burmeseclassic.com



ကာ အကဲခတ်နေသည် ...။ အစ်ကိုကြီးဟာ ... ဟိုစာအုပ်ကို ဖတ်လိုက်သလား ... မဖတ်လိုက်ဘူးလား။

ဟယ် ...။ ဗုဒ္ဓေါ ...။ မတွေးတော၊ မဆင်ခြင်တတ်တဲ့ ဒေါ်ထိန်ထိန် ...။ မသက်ပိုင်က တခုတ်တရ တဖွဖွ ခေါ်လွှန်းလို့ ... "ဒီနေ့လာမယ်"လို့ ပြန်ပြောလိုက်ရပြီးတဲ့အခါ ... ရွေးချယ်ဝတ်ဆင်လာမိတဲ့ ဝတ်စုံကိုလည်း ကြည့်ပါဦး ...။

ဒီ ဖြူ၊ နက်၊ အစင်းကျားဆိုပဲ လက်က သူ့အလိုလို ရောက်,ရောက်သွားတတ်တဲ့ ထိန်ထိန်ဟာ ... ဒီလောက် လပေါင်းများစွာ ခေါင်းမလှည့်ဖြစ်တော့တဲ့ ဆိုင်ကို ပထမဦးဆုံးအကြိမ် အဖြစ် ပြန်လာမိတော့လည်း ဒီဝတ်စုံနှင့်ပင် ...။

ကျွတ် ... ရေရေလည်လည် အသိဉာဏ်ကင်းမဲ့တယ်ကွာ ...။ အစ်ကိုကြီးကို စာအုပ်ပြန်ပေးထားသူဟာ ... ဒီဆိုင်ထဲက တစ်ယောက်ယောက်သာ ဖြစ်နေရင် ...၊ သူကလည်း မဆင်ခြင်ဘဲ ခိုးဝှက်စပ်စုလို့သူ ဖြစ်ခဲ့ရင် ... အရင်က မမှန်းနိုင်သေးရင်တောင် ... ဒီနေ့တော့ ... ဒက်ထိသိပြီ ...။ ထို့အတူ ... အစ်ကိုကြီးသည်လည်း။

ထိန်ထိန့်ရဲ့ မေ့တတ်ခြင်းတို့ဟာ ကြမ္မာဆိုးတွေကို သယ်ဆောင်လာသလိုလိုမို့ ... ထိန်ထိန်က မမေ့တတ်တော့အောင် ကြိုးစားကျင့်နေမိတာ ကြာပြီ ...။ (အစ်ကိုကြီးမှအပ ... ပေါ့နော် ... အစ်ကိုကြီးကိုတော့ မေ့တတ်အောင်၊ မေ့နိုင်အောင် ကြိုးစားခဲ့ရပါတယ်။) အဲဒါကိုပဲ ... ခုတစ်ခါမှာ ..."ဒီဝတ်စုံကို မဝတ်သင့်တော့ဘူး"ဆိုတာကို မေ့ပြီး ဝတ်လာခဲ့မိပြန်ပါပြီ ...။





ထိန်ထိန့်ရဲ့ မျက်နှာကလေးက ပြုံးစိစိများလားဟု အားတွေတက်ကာ ... ကိုယ်ပါ လိုက်ရယ်ချင်သွားရတဲ့ မော်ခန့်ခမျာ ... ထိန်ထိန်က ချက်ချင်း မျက်မှောင်ကုတ်၊ ရုပ်ပါပြန်တည်သွားသောအခါ ... "အာ ... သိပ်မလွယ်နိုင်သေးဘူး"ဟု ... ကိုယ့်ရုပ်ကိုယ်လည်း မျက်နှာပိုးသတ်ကာ တည်လိုက်ရပါသေးသည်။

ဟင် ...။ ဟုတ်ပါပြီ ...။ ထိန်ထိန့်ကိုမှ တည့်တည့်ကြီး လက်ပိုက်စိုက်ကြည့်နေတဲ့ အစ်ကိုကြီးဟာ ... ဝတ်စုံကိုရိပ်မိသွားပြီ ...။

ခုနကတော့ ပြေလည်ချင်သလိုလို ... သူကပဲ စ, ချော့တော့မလိုလိုနဲ့ ... ထိုင်ရာက ထလိုက်လာခဲ့ပြီးမှ ... ခုကျတော့ တည်တည်ကြီး ...။

မော်ခန့်နဲ့ ထိန်ထိန်တို့ တစ်ယောက်အကဲကို တစ်ယောက်က ခတ်မရနိုင်စွာ ... အဲဒီနေရာမှာတင်ပဲ မလှုပ်မယှက်ကြီးတွေ ဆက်ဖြစ်နေကြဆဲ ...၊ အပြင်ခဏ ထွက်သွားရသော မသက်ပိုင် တစ်ယောက် ပြန်ရောက်လာပါသည် ...။

"ဟင် ... ! ဟိုနှစ်ယောက်က အဲဒီနေရာမှာ ဘယ်လိုဖြစ်နေကြတာလဲ"

တစ်ယောက်ကလည်း မီးဆိုင်းကြီး နှစ်ခုကြားထဲ ဘယ်လိုလုပ် တိုးဝင်ရောက်ရှိသွားသည် မသိ ...။ ကြိုကြိုကြားကြားထဲ လျှောက်ဝင်ပြီး၊ ရှိုးပြထားတဲ့ 'အရုပ်မ'နှယ် ... မှုန့်



www.burmeseclassic.com

www.burmeseclassic.com



တောင့်တောင့်ကြီး ...။ နောက်တစ်ယောက်ကလည်း လက်ကြီး ပိုက်ကာ ရပ်တည်နှင့် ...၊ ယောကျ်ားလေး ဖြစ်သူက စချော့ရမဲ့ အရေးကို ... သူကပဲ တစ်ဆိတ် ... ဆက်ကောက်နေရပြန်သေး တာလား ...။

မသက်ပိုင်မှာ ... ကိုယ် ဒီလောက် ဇာတ်ဆရာဝင် လုပ်ပေးရက်နဲ့ လွယ်လွယ် အဆင်ပြန်ပြေဖို့ စိတ်ကူးမရှိကြသေး သူများကို ... လက်မြှောက်ထားလိုက်ကာ ... လက်ဆွဲအိတ်ထဲ ပါလာသော အရာလေးကိုပဲ သူတို့နှစ်ယောက်လုံး မြင်အောင် ဆွဲထုတ်ပြလိုက်သည် ...။

"ကဲ ... အဲဒီကိစ္စက မပြေလည်နိုင်ကြသေးရင်လည်း ခဏထားလိုက်ကြပါတော့ ...။ ဒီမှာ ကြည့်ပေးကြပါဦး ...။ အန်တီစပယ်က သက်ပိုင်ကို "သိမ်းပဲ ပြန်သိမ်းထားလိုက် ပါ"ဆိုလို့ ... ဟိုစာအုပ်လေး သွားပြန်လိုက်ယူလာတာ ... စာရွက်တွေက အနှောင့်ကနေ ချောင်ထွက်ပြီး ပြုတ်လု တည်းကာတွေနဲ့ ... အူထွက်နေပြီ ...၊ တွေ့လား ...

အန်တီကတော့ သူကိုင်တာ မသပ်ရပ်လို့ ထင်တယ် ဆိုပြီး စိတ်မကောင်းတွေ ဖြစ်နေလို့ ... ပြန်ချော့ခဲ့ရသေး တယ် ...။ သေချာကြည့်တော့မှ ... ဒိုင်ယာရီစာအုပ်တွေ ချုပ်ပုံချုပ်နည်းက ရိုးရိုးစာအုပ်နဲ့ မတူဘူးလေ ... သိလား။ စာရွက်တစ်ရွက်နှစ်ရွက် ပြုတ်ရင် ... အားလုံး လိုက်ချောင် ပြီး အူထွက်တတ်တယ် ... သူ့စာအုပ်က စာရွက်တွေကို





သူဖြုတ်,ဖြုတ်ထုတ်ပစ်ခဲ့သေးလား မသိဘူး ...။ ဒါပေမဲ့ ... သက်ပိုင် ကိုင်ဖတ်ရတုန်းကတော့ အကောင်းကြီးပဲဟာ ကို ...။ လက်များသွားလို့လားတော့ မသိဘူးနော် ..."

"စာအုပ်က နည်းနည်းပါးသွားတယ်ကော မထင်ဘူးလား၊ စာရွက်တွေများ ပြုတ်ထွက်ပျောက်ကုန်မလား ..."

"အဲလိုတော့လည်း မပျောက်ဘူး ကိုမော်ခန့်ရဲ့ ... သက်ပိုင် ပြန်စစ်ကြည့်ပြီးပါပြီ ...။ စိတ်ညစ်တယ် ... ဘယ်လိုပြန် ပြုပြင်ပြီး ချုပ်ရမလဲ မသိပါဘူး ...။ သူကလေ ... ကလေး လိုပဲ ...။ ဒီလို စာအုပ်ထဲက စာရွက်တွေဆိုတာ ဖြုတ်ထုတ် လို့ မရတာ ... သူ မသိဘူး ... ခက်တယ် ... အဲဒီတစ် ယောက်ဟာ ..."

မသက်ပိုင်မှာ ... မရှိတော့သော သူကိုပဲ ... သက် ရှိထင်ရှား ရှိသေးသည့် ကလေးတစ်ယောက်နှယ် ... တဖျစ်တောက် တောက်လေးတွေ ပြောဆိုနေရင်း ..."ကဲ ... ဒီနှစ်ယောက်ကလည်း ဘာဆက်လုပ်ကြမှာလဲ"ဟုပါ တစ်ဆက်တည်း လှမ်းပြောရင်း ... သူ့နေရာ စားပွဲသို့ သူ ဆက်လျှောက်သွားပါသည် ...။

မသက်ပိုင်ရဲ့ လက်ထဲက စာအုပ်ရဲ့ အနေအထား၊ အထူအပါးကိုကြည့်ကာ ... စိတ်ထဲ တစ်မျိုးကြီးနှင့် မော်ခန့်က ဟိုးခပ်လှမ်းလှမ်းက ကိုမောင်မြင့်ထံ အကြည့်တစ်ချက် လှမ်း ရောက်မိစဉ် ... ကိုမောင်မြင့်ကလည်း ... မော်ခန့်ကို အဓိပ္ပာယ် ပါပါကြီး ... လှမ်းကြည့်နေသည်နှင့် ဆုံလေသည် ...။



www.burmeseclassic.com

www.burmeseclassic.com



မော်ခန့်က ကိုမောင်မြင့်ထံမှ အကြည့်ကို ပြန်လွှဲလာကာ ... ရွှေပြည်မီးဆိုင်းကြီးနှစ်ခုကြားက ... ကျောက်ရုပ်မကလေးကိုပဲ ပြန်ကြည့်လိုက်ပါသည် ...။

ခုနကတော့ ... သူပဲ မပြေလည်ချင်သလိုလို ...၊ တင်းမာပဲ ထားချင်သလိုလို ...၊ ပြန်ပညာပေးတော့ မလိုလိုနှင့် ... မျက်နှာထား ချီထားဟန်ရှိတဲ့ ထိန်ထိန်က ... ဒီတစ်ကြိမ်မှာတော့ ... အသံတိတ် တောင်းပန်နေသော ... မျက်ရည်မျက်လုံးကြီးများနှင့် မော်ခန့်ကို ပြန်ကြည့်နေလေတော့သည် ...။

ထိန်ထိန်ကလေး ...။ ခုနကတည်းက မျက်နှာပျက်နေခဲ့တာ ... ကိုယ့်ကိုစိတ်လုပ်၊ စိတ်မပြေနိုင်သေးလို့မှ ဟုတ်ပါလေစ ... ဟုပင် တွေးရတော့မလိုလို ...။

"ထိန်ထိန် ..."

"အစ်ကိုကြီး ..."

မော်ခန့်က သက်ပြင်းရှည်တစ်ချက်နှင့် ပြုံးပြလိုက်ကာ ... "ကဲ ... အားလုံးပြီးပြီ ... ဟုတ်လား ..."ဟု မေးခွန်းထုတ်သယောင်နှင့် ... အဆုံးသတ် ... ဆုံးဖြတ်ချက်ချပေးလိုက်လေသည် ...။

✣ ✧ ✣

ပုဏ္ဏမီ

BURMESE CLASSIC .com

www.burmeseclassic.com